# ဘာသာရေးခံယူချက်

(ရွှေဥဒေါင်း)

* စိတ်၏ချမ်းသာမှု ကိုယ်၏ချမ်းသာမှုအလို့ငှာ တရားရှာမှီး အားထုတ်နေသူတို့အတွက်ရင်း

* လမ်းအို-လမ်းမြေ့နှင့် မူဆွေး-မူဟောင်းတို့မှ လျှောက်သွား လျှောက်လာနေကြသူ ဗုဒ္ဓဘာသာတို့အတွက်ရင်း

* တိုးတက်သော၊ ဆန်းသစ်သော၊ တလမ်းခွဲဖြစ်သော နည်းနာ နိသျှနှင့် အတွေးအယူတို့ကို ရင်ဝယ်ပိုက်လိုသူတို့အတွက်ရင်း

ဗုဒ္ဓ၏ တရားဓမ္မတို့အပေါ်တွင် အခြေပြုသည့်

# ရွှေဥဒေါင်း၏

# ဘာသာရေးခံယူချက်

အုပ်ချင်းအဖြစ်

ပုံမနှိပ်ဖူးသေးသော

လောကုတ္တရာရေးရာ

ဆွေးနွေးခန်းများ

## ပုဂံစာအုပ်တိုက်မှ ထွက်ပြီးစာအုပ်များ

## (၁၊၈၊၆၂ မှ ၁၊၂၊၆၅ ထိ)

၁။ တမိုးသောက်သော်　၂။ နယ်လဗ်ဝင်း　၃။ ပထမ ဆရာသိန်း
၄။ ကိုဆေးရိုး ၅။ သူ့အကြောင်း ကိုယ့်အကြောင်း မင်းအကြောင်း
၆။ ဂဠုန်နက်ဂိုဏ်း ၇။ ပျောက်သောသူ ၈။ လှသည်၊ လွယ်သည်၊ သို့သော်
လည်း ည် ၉။ သတ္တိသမီးအလိုရှိသည် ၁၀။ ငြိမ်းတယ် ချမ်းတယ် မိုး
၁၁။ တိမ်လွှာနှင့်မြေကြီး ၁၂။ ကောလိပ်ကျောင်းသား (၁) ၁၃။ ကောလိပ်
ကျောင်းသား (၂) ၁၄။ ချပ်ပုံလွှာ ၁၅။ တကွေ့တော့ တွေ့ကြဦးမည် ၁၆။ ငြိမ်
၁၇။ ခရုစ္စတင်းကီးလား အရှုပ်တော်ပုံ ၁၈။ နန်းဟာဗီး ၁၉။ မချော
၂၀။ မတ်ဝါဒလမ်းညွှန် ၂၁။ မဒူနာ၏ကျိန်စာ ၂၂။ ဆရာ့ဇာတ်လမ်း
ရုံ (၃) ၂၃။ အာဋ္ဌာဝက ၂၄။ ကပ္ပပြသ်နာ ၂၅။ ယနေ့ဆိုရှယ်လစ်၏
မနက်ဖြန် ၂၆။ တိမ်းလွှယ် ညွတ်လွှယ် သည်အရွယ် ၂၇။ ဆိုရှယ်လစ်များ
အတွက် အဘိဓမ္မာ ၂၈။ ကျွန်တော်နှင့်တင်မောင်ဆွေ ၂၉။ ဘုံဘဝမှာဖြင့်
၃၀။ လှိုင် (အစ) ၃၁။ လှိုင် (အဆုံး) ၃၂။ ပါတီနှင့်ပြည်သူ။ ၃၃။ ဝက်နွှ
၃၄။ စာ ၃၅။ ပြည်သူ့ကြားမှာအမှန်ရှာ ၃၆။ အိမ်နံပတ် ၇၉ ၃၇။ ကိုယ့်
တိုင်းပြည် ချစ်ပါသည်ဆိုလေတိုင်း ၃၈။ ခရုအိမ် ၃၉။ မှုံ ၄၀။ ကမ္ဘာကို
ကိုင်လှုပ်သော ထို ၁၀ ရက် ၄၁။ ကျောက်ဘီလူး ၄၂။ မြေကျွန်သား
၄၃။ ချွေးနှင့် သွေးနှင့် ရင်းသည့်မြေ ၄၄။ သိဒ္ဓတ္ထ ... ၄၅။ ကောမကမ္ဘိန်းမ
ပျက် ၄၆။ မြန်မာပြည်နိုင်ငံရေးရာဇဝင် ၄၇။ ပုဂံသ...
စာတန်း ၄၈။ သီးခြားစာဝက်ပါ ၅၀။ ဂဠုန်ဆရာ ၅၁။ အရှေ့တောင်
အာရှမှ စစ်မီးလျှံများ ၅၂။ ဒုံးဒုံးကျွက်ကျွက် ၅၃။ တော်လှန်ရေး
သမား ၅၄။ တယောက်တဘဝတလောက ၅၅။ ဘာသာရေးခံယူချက်
၅၆။ အတွေ့အကြုံနှင့်အတွေးအမြင် ၅၇။ ကမ္ဘာကျော်ဝတ္ထုတိုများရှင်းပြချက်

## ၁၊၃၊၆၅ ထုတ်မည့်စာအုပ်များ

၅၈။ ဆင်ဖြူကျွန်းအောင်သိန်း၏ကိုဆေးရိုး၂
၅၉။ ကျော်အောင်၏တောရိုင်းမြေ
၆၀။ ဟန်ဝင်းအောင်၏ မတ်လ ၂၇
၆၁။ ရဲဘော် ဖြိုးအောင်၏ ဆိုရှယ်လစ်စီးပွားရေး
တည်ဆောက်စဉ်အတွေ့အကြုံများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | တရားဂိုဏ်းများကို ဝေဘန်ထိုက် မထိုက် .... | ၉ |
| ၂။ | ကျမ်းပြုဆရာများနှင့်ကျမ်းစာအုပ်များ (ဝိသုဒ္ဓိ ၇-ပါး၏ ရည်ရွယ်ချက်) .... | ၂၄ |
| ၃။ | စိတ်ကိုငါထင်သူနှင့်ရုပ်ကိုငါထင်သူ(စိတ်သည် ရုပ်ကဲ့သို့ပင် ထင်ရှားပုံ) .... | ၄၀ |
| ၄။ | သမထနှင့်ဝိပဿနာ (သမာဓိနှင့်ပညာအကြောင်း ထပ်၍ရှင်းခြင်း) .... | ၅၆ |
| ၅။ | မေတ္တာနှင့်[illegible]ခြားနားပုံရှင်းလင်းချက် .... | ၇၄ |
| | သွားဖွဖွရှိသူဖြစ်၍ | |
| ၆။ | ဒိဋ္ဌေဒိဋ္ဌမတ္တ[illegible]ကိုရှေးဦးစွာ'မှတ်'ပုံ .... | ၈၈ |
| ၇။ | ဒိဋ္ဌေဒိဋ္ဌမတ္တံ အားထုတ်ပုံအကြောင်း (ဆက်လက် ဆွေးနွေးခြင်း) .... | ၁၀၃ |
| ၈။ | ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ဖြင့်မဂ်ဆိုက်ပုံကို ဖော်ပြခြင်း (လောကဓံကို ခံနိုင်ပုံအမျိုးမျိုး) .... | ၁၁၇ |
| ၉။ | မေတ္တာနှင့်ပညာ၊ သမထနှင့်ဝိပဿနာတို့၏ ခြားနားချက်ကို ရှင်းပြခြင်း .... | ၁၃၂ |
| ၁၀။ | ဓမ္မဝိစယသံဗောဇ္ဈင်အရေးကြီးပုံ .... | ၁၄၈ |
| ၁၁။ | ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်၏အကျိုးတရား .... | ၁၆၂ |
| ၁၂။ | အဝိဇ္ဇာနှင့်တဏှာရှင်းလင်းချက် .... | ၁၇၅ |


---

ပုဂ္ဂိုလ်စာအုပ်တိုက်

# (၁)

# တရားဂိုဏ်းများကို ဝေဘန်ထိုက် မထိုက်

တန်ခူးလဆုတ် ၁၃-ရက် (၁၂-၄-၆၁) နေ့က ကျွန်ုပ်၏ ဓမ္မမိတ်ဆွေ တယောက်ဖြစ်သော မဟာစည်ဆရာတော်၏ တပည့်ရင်းတဦးသည် သတင်းစာ တစောင်ကိုကိုင်လျက် ကျွန်ုပ်၏နေအိမ်သို့ ရောက်လာ၏။ မိတ်ဆွေသည် အသားဖြူဖြူရှိသူဖြစ်၍ မခံချင်စိတ်ကြောင့် မျက်နှာနီမြန်းလျက်ရှိရာ၊ သတင်းစာကို ကျွန်ုပ်၏မျက်နှာအနီးသို့ ထိုးပြလျက် "ဆရာကြီး ဒီဝေဖန်ချက်ကို ဖတ်ရပြီလား" ဟု မေး၏။ ကျွန်ုပ်သည် သူပြသောသတင်းစာကို လှမ်းကြည့်လိုက်သဖြင့် ကြေးမုံသတင်းစာဖြစ်ခြင်းကို သိရသည်နှင့် တပြိုင်နက် မိတ်ဆွေ၏မျက်နှာ နီခြင်းအကြောင်းကို ရိပ်မိလေပြီ။ အကြောင်းမူကား ကြေးမုံသတင်းစာ 'စာကြေးမုံ' အခန်းတွင် မဟာစည်ဆရာတော်၏ အဖောင်းအပိန်နည်းနှင့် ကျွန်ုပ်၏ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ စာအုပ်အကြောင်းကို ဦးဓမ္မဝါဒီ ရေးသည့် အရိယာဘုံသွား-ဉာဏ်လှေခါးကျမ်းခေါ် စာအုပ်တွင် ဖြစ်တင်ရေးသားထားခြင်းအကြောင်းနှင့် ပတ်သက်၍ဖိုးကြီးမောင်၏ ဝေဘန်ချက်ကို ကျွန်ုပ်ဖတ်ထားပြီး ဖြစ်ပေသောကြောင့်တည်း။ ကျွန်ုပ်သည် ဦးဓမ္မဝါဒီ၏ ကျမ်းစာအုပ်ကို မဖတ်ရဘူးသေးသော်လည်း၊ ၎င်းက မဟာစည်ဆရာတော်၏ အဖောင်းအပိန်နည်းသည် ဗုဒ္ဓဝါဒကို အနုနည်းဖြင့် အမှည့်ချေ ချေခြင်း ဖြစ်သည်ဟူ၍၎င်း၊ မိစ္ဆာဝါဒ မိစ္ဆာဒိဋ္ဌိ ဓမ္မရန်သူ၊ ဓမ္မအန္တရာယ် ဖြစ်သည်ဟူ၍

ရင်း၊ စွပ်စွဲထားသည်ဟု ဖိုးကြီးမောင်က ကောက်နုတ် ဖော်ပြခြင်းကိုကား ဖတ်ချပြီးပါပြီ။ ထိုကတည်းက ရေးပုံကြမ်းလှချေတကားဟု စိတ်ကအောက်မေ့၏။ ဤမိတ်ဆွေမှာမူ၊ မဟာစည်ဆရာတော်၏ တပည့်ရင်းဖြစ်ရုံသာမက ဆရာတော်အား ကြည်ညိုသောနေရာတွင် မည်သည့် အခြားတပည့်များနှင့်မျှ မနိုင်းယှဉ်နိုင်အောင် ကဲလွန်ပိုမောက်သူ ဖြစ်ပေရကား၊ သူ၏မျက်နှာ နီခြင်းကို ကျွန်ုပ်မအံ့ဩချေ။ သူ၏ဆရာတော်အား ကဲ့ရဲ့ရှုံ့ချဝံ့သူသည် လူပုဂ္ဂိုလ်တယောက်ဖြစ်၍ မျက်နှာချင်းဆိုင် တွေ့ရသည်ဆိုပါက၊ ထိုလူအား ကိုယ်ထိလက်ရောက် မပြုလုပ်ဟူ၍ ကျွန်ုပ်အာမမခံဝံ့ပါ။ ဤမျှအထိ ဆရာတော်အပေါ်၌ ယုံကြည်မှုသဒ္ဓါ ထက်သန်သူတယောက် ဖြစ်ပါသည်။ ဖိုးကြီးမောင်၏ ထုတ်နုတ်ဖော်ပြချက်တွင် ဦးဓမ္မဝါဒီက ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တ စာအုပ်အကြောင်းနှင့် ပတ်သက်၍မူ ပြင်းပြင်းထန်ထန်ကြီး မဟုတ်လှဘဲ၊ ဤကျင့်စဉ်သည် အခြားလူများအတွက်မဟုတ်၊ ဗာဟိယနှင့် မာလုကျပုတ္တတို့နှစ်ပါးအတွက် သက်သက်ဟောခြင်း ဖြစ်သည့်နှယ် ရေးထားသည်ဟုဆိုလေသည်။

နုပ်။ ။"ကျွန်တော်လဲဖတ်ပြီးပါပြီဗျ၊ ရေးပုံက တော်တော်ကြမ်းတာဘဲ"

မိတ်။ ။"ခင်ဗျားအကြောင်းတော့ ဘယ်လိုရေးရေးဗျ။ ဆရာတော်အကြောင်းရေးပုံတော့ ကျွန်တော် မခံနိုင်ဘူးဗျ"

နုပ်။ ။"ဘယ့်နှယ်လဲဗျ၊ ကျွန်တော့်အကြောင်းတော့ ဘာကြောင့်ဘယ်လိုရေးရေး ရေးရမှာလဲဗျ"

မိတ်။ ။"ခင်ဗျားက လူပုဂ္ဂိုလ်တယောက်ဘဲဗျ"

နုပ်။ ။"ဩော် လူကိုတော့ရေးစေ၊ ရဟန်းကိုတော့ မရေးစေနဲ့လား။ ဒီလိုတော့ မခွဲခြားပါနဲ့လေ။ လူပုဂ္ဂိုလ်ပေမင့် တရားနဲ့ပတ်သက်လို့ ရေးသားရာမှာ ကိုယ်တိုင် အားထုတ်လို့ အတွေ့သဘောနဲ့ ရေးတယ်ဆိုရင်တော့ မဟာစည်ဆရာတော်ကို ဝေဘန်ထားသလို ပစ္စလက္ခတ် မရေးထိုက်ဘူးဗျ။ ဆရာတော်ကိုရေးပုံဟာ ကျွန်တော်လဲ နာတတ်ပါတယ်။ နို့ပေမယ့် ခင်ဗျားက လူတခြား ရဟန်းတခြား လုပ်လာလေတော့ ခင်ဗျားဘက်သားတောင် တယ်မလုပ်ချင်တော့ဘူး"

မိတ်။　　။"ခင်ဗျားက ဆရာတော့်ဘက်သားလဲ မဟုတ်ဘူးလား"

နှပ်။　　။"ဆရာတော့် ဘက်သား ဟုတ်ပါတယ်။ ခင်ဗျားဘက်သား မဟုတ်ချင်ဘူး။ ဆရာတော်ကို ခင်ဗျာကြည်ညိုချင်တိုင်း ကြည်ညိုပါ။ လူဆိုတိုင်းတော့ အထင်မသေးပါနှင့်"

မိတ်။　　။"ကိုင်း ရပ်သိမ်းပါတယ်ဗျာ။ ကြည့်ပါအုံးတော့၊ ဓမ္မန္တရာယ်တဲ့ဗျာ။ မဂ်ပေါက်ဖိုလ်ရောက် လမ်းညွှန်ပြတဲ့ ကျွန်တော့် ဆရာတော်ကို ဓမ္မန္တရာယ်တဲ့ဗျ။ကောင်းရဲ့လား။သူကျမ်းပြုချင်ရင် သူ့ဘာသာသူ ပြုရောပေါ့။ဆရာတော်ကို ဘာကြောင့်ပုတ်ခတ်ရမှာလဲ"

နှပ်။　　။"ဆရာတော့်နည်းကိုဝေဘန်တာ မခံနိုင်ဘူးပေါ့ဟုတ်သား"

မိတ်။　　။"ဘယ်ကလာ ခံနိုင်လိမ့်မှာလဲခင်ဗျ"

နှပ်။　　။"သူတထူ စာကို ဝေဘန်ခြင်းနဲ့ ပတ်သက်လို့ ကျွန်တော့် အယူအဆတခုကို တင်ပြပါရစေဗျ။ နားထောင်မလား"

မိတ်။　　။"ကျွန်တော်က အင်မတန်မခံချင်ပြီး စိတ်ဆိုးနေဗျတာ။ ကိုင်း ပြောပါဗျာ၊ နားထောင်ပါ့မယ်"

နှပ်။　　။"ကိုယ့်စာကိုယ်ရေးပါ သူတပါးစာကို မဝေဘန်ချင်ပါနဲ့ဆိုတဲ့ အယူအဆဟာ စဉ်းစားဆင်ခြင်တတ်တဲ့ အလေ့အထနည်းသေးတဲ့ တိုင်းပြည်သားများရဲ့ အယူအဆတခုဘဲဗျ"

မိတ်။　　။"သူတပါးစာကိုဝေဘန်လို့ ဘာအကျိုးရှိသလဲဗျ"

နှပ်။　　။"မယ်ဘွဲ့မောင်ဘွဲ့ ဟိုအကြောင်းဒီအကြောင်း ရေးသားထားတဲ့ စာမျိုးတွေကိုတော့ ဝေဘန်လို့ အပိုဘဲ ထားပါတော့။ မှန်မှန်မှားမှား အရေးမကြီးဘူးပေါ့။ သို့သော် မဂ်ရောက်ဖိုပေါက်ဆိုပြီး လမ်းညွှန်ပြနေကြတဲ့ နည်းတွေနဲ့ ပတ်သက်လို့တော့ ဝေဘန်ထိုက်တယ်ထင်ရင် ဝေဘန်တာကို ကျွန်တော်သဘောတူတယ်"

မိတ်။　　။"နေမြင်လမြင် ခေါ်လောက်တဲ့ ဆရာတော်တပါးရဲ့နည်းကို အနုညာတ တယောက်က ဝေဘန်လို့ တော်နိုင်ပါ့မလားဗျ"

နှပ်။　　။"သူတင်ပြချင်တာ တင်ပြပေစေလေ။ ဖတ်တဲ့လူက ကြည့်ဖတ်ပေါ့။ ကြိုက်တဲ့လူကြိုက် မကြိုက်တဲ့လူနေ။ ဖတ်တဲ့လူမရှိရင် သူ့စာအုပ် မြုပ်သွားမှာပေါ့ဗျ"



ပ၆၉၇၂

မိတ်။ ။"လူတွေ နားယောင်မကုန်ပေဘူးလား"

နုပ်။ ။"နားယောင်တဲ့လူယောင်တာကိုတော့ မတတ်နိုင်ဘူး။ဒီစာအုပ်ကမှန်တယ်၊ ဒီစာအုပ်ကတော့မှားနေလို့ လူတွေကို နားယောင်စေတတ်လို့ မထုတ်သင့်ဘူးလို့ ကြည့်ပြီးဆုံးဖြတ်နိုင်တဲ့ ရွှေဥာဏ်တော်ရှင် ဘယ်မှာရှိသလဲ"

မိတ်။ ။"ဒီလိုဆို ခက်နေရောပေါ့ဗျ"

နုပ်။ ။"မခက်နဲ့လေ။ ညစ်ညမ်းတဲ့စာပေမျိုးမဟုတ်လျှင် သူ့အယူအဆကို သူထုတ်ပြနိုင်ခွင့်ရှိသင့်တာဘဲ"

မိတ်။ ။"ဒါဖြင့် ဆရာကြီးက ဦးဓမ္မဝါဒီရဲ့ကျမ်းကို ထောက်ခံတယ်ပေါ့လေ"

နုပ်။ ။"သူ့စာအုပ်ကို ထောက်ခံတယ်လို့ ဆိုလိုခြင်းမဟုတ်ပါဘူး။ မဂ်ရောက်ဖိုလ်ပေါက်ဆိုတဲ့ ကျင့်စဉ်တခုကို ဝေဘန်ချင်တဲ့လူရှိလျှင် ဝေဘန်နိုင်ခွင့်ရှိသင့်တယ်လို့ ဆိုလိုခြင်းသာဖြစ်ပါတယ်။ သို့သော် ဦးဓမ္မဝါဒီရဲ့ ဝေဘန်ပုံဝေဘန်နည်းကတော့ တဆိတ် ကြမ်းလွန်းတယ်လို့ဆိုရမယ်"

မိတ်။ ။"ကြမ်းဆို လွန်နေတာဘဲဗျ။ ဓမ္မန္တရာယ်တဲ့။ မိစ္ဆာဝါဒတဲ့။ မိစ္ဆာဒိဋ္ဌိတဲ့။ အမှည့်ချွေချွေတယ်တဲ့။ ကောင်းနိုင်သေးရဲ့လားဗျ"

နုပ်။ ။"စကားလုံးတွေကြမ်းတာကတော့ အမှန်ဘဲ။သူ့ကျမ်းစာအုပ်ကိုတော့ မဖတ်ရသေးလို့မို့ ဒီလိုဆိုရလောက်အောင် အကြောင်းပြ ဘယ်လောက်များကောင်းတယ်လို့တော့ မပြောတတ်ဘူး။ အဖျားဆွတ်သုံးထားတဲ့စကားလုံးတွေကတော့ ဆိုးရွားလိုက်တာဗျာ"

မိတ်။ ။"မဟာစည်ဆရာတော်ကို အသာထားပြီး ဒီဘုန်းကြီးနဲ့ ကျွန်တော်နဲ့ ပြိုင်စမ်းချင်ပါတယ်ဗျာ"

နုပ်။ ။"ခင်ဗျားက ကိုယ့်ဆရာတော်ကိုထိလို့ မခံချင်လို့ ပြောနေတာကိုးဗျ။ တကယ့်တကယ်ဆိုတော့ အကြောင်းယုတ္တိ ခိုင်လုံအောင်ပြပြီး ခင်ဗျား ငြင်းနိုင်ပါမလား"

မိတ်။ ။"ငြင်းနိုင်ပါတယ်ဗျာ"

နုပ်။ ။"ခင်ဗျားက သူ့စာအုပ်ကို ဖတ်ပြီးပြီလား"

မိတ်။ ။"မဖတ်ဖူးပါဘူးဗျာ။ဖတ်လဲမဖတ်ချင်ပါဘူး"

နုပ်။ ။“ဒီလို ဘယ့်နှယ်ဖြစ်နိုင်မလဲဗျ။ သူ့ကို ငြင်းမယ်ဆိုရင် သူ့ကျမ်းကို ဖတ်ဦးမှပေါ့”

မိတ်။ ။“သူ့ဘာသာတွေရေးရေး ကျွန်တော် ငြင်းနိုင်တယ်ဗျာ”

နုပ်။ ။“ဒီလိုလဲ မဟုတ်သေးဘူးလေ။ သို့သော် ဦးဓမ္မဝါဒီရဲ့ စာအုပ်နဲ့ ပတ်သက်လို့ ကျွန်တော် မြင်ထားတဲ့ အပြစ်တခုတော့ ရှိတယ်ဗျ”

မိတ်။ ။“ခင်ဗျားက တခုထဲ မြင်တယ်။ ကျွန်တော်က အားလုံးကုန် အပြစ်ချည်း မြင်တာဘဲ”

နုပ်။ ။“မဖတ်ရဘဲနဲ့ မြင်တယ်လား”

မိတ်။ ။“အလကားစာအုပ် နေမှာပေါ့ဗျာ”

နုပ်။ ။“ခင်ဗျားကတော့ ဆရာတော်ကိုဝေဖန်တဲ့ စာအုပ်ဆိုရင် အလကား စာအုပ်။ ဝေဖန်တဲ့ လူဆိုလျှင် အလကားလူ။ ဒီလိုမဟုတ်လား”

မိတ်။ ။“ဟုတ်တာပေါ့ဗျ။ ကျွန်တော့်ဆရာတော်လိုဟာမျိုး”

နုပ်။ ။“ခင်ဗျားက ပုဂ္ဂိုလ်စွဲ သိပ်အားကြီးတာကိုး”

မိတ်။ ။“ဆိုချင်လဲဆိုတော့ဗျာ။ ကျွန်တော့်အဖို့မှာတော့ မဟာစည်မှ မဟာစည်ဘဲဗျို့။ ဒါထက် ဦးဓမ္မဝါဒီရဲ့ စာအုပ်မှာ ဆရာကြီးမြင်တဲ့ အပြစ်တခုဆိုတာ ကြားပါရစေဗျာ”

နုပ်။ ။“ကျွန်တော်မြင်တဲ့အပြစ်ကတော့ ဝေဘန်စရာရှိလို့ ဝေဘန်ပေမင့် စကားလုံး ကြမ်းကြမ်းကြီးတွေကို ရှောင်သင့်တယ်။ ဥပမာ မိစ္ဆာဒိဋ္ဌိလို့ သူက ဆိုထားတယ် မဟုတ်လား။ ဒီလိုစကားလုံးကြမ်းကြီးနဲ့ ဖွင့်ဆိုမယ့်အစား မဟာစည် ဆရာတော်ရဲ့ အဖောင်းအပိန် ကျင့်စဉ်ဟာ ဗုဒ္ဓဝါဒနဲ့ ဘယ်ပုံ မကိုက်ညီလို့မို့ အမြင်မှားဖြစ်နေပုံ၊ အယူမှားဖြစ်နေပုံ၊ ဗုဒ္ဓဝါဒနဲ့ ဘယ်ပုံ ဘယ်နည်း ဆန့်ကျင်နေပုံ စသည်တို့ကို ထောက်ပြနိုင်တယ်ဆိုရင် ပြသင့်ပါတယ်။ မိစ္ဆာဒိဋ္ဌိဘဲ၊ မိစ္ဆာဝါဒဘဲ၊ ဓမ္မန္တရာယ်ဘဲလို့ အမည်ကြမ်းကြီးတွေ ဖော်ထုတ်ပြီး ရေးတာမျိုးကတော့ တဖက်သား နာကြည်းအောင် ကလော်တုတ်တာမျိုးနဲ့ တူနေတာပေါ့။ ကျွန်တော်တို့ဗမာပြည်မှာစာကိုဖြစ်စေ၊ ပညာရပ် တခုကို ဖြစ်စေ၊ တရားကို ဖြစ်စေ၊ စစ်ဆေးဝေဖန်တယ်ဆိုတာ ကောင်းကောင်း သဘောမပေါက်ကြသေးဘူးဗျ။ တခုခုကို ဆန်းစစ် ဝေဘန်တယ်ဆို

ရင် နာကြည်းအောင် ကလော်တုတ်လိုက်ချင်ကြတာဘဲ။ဝေဘန်သူတွေ ကိုယ်တိုင်က သဘောထား အင်မတန်နုသေးတယ်”

မိတ်။ ။“ပညာရှိကို ပညာမဲ့က ဝေဘန်ထိုက်သလား ဆရာကြီးရယ်”

နုပ်။ ။“ပညာရှိတယ် ပညာမဲ့တယ်ဆိုတာ ပုဂ္ဂိုလ်ကို မကြည့်သင့်ဘူး။ ဝေဘန်ပုံ ဝေဘန်နည်းကိုကြည့်ရမယ်။ဗမာပြည်မှာတော့ ခင်ဗျားလိုဘဲပုဂ္ဂိုလ် ကြည့်တဲ့ လူတွေက များတယ်။သာဓကတခု တင်ပြမယ်။ သီဟိုဠ်က ရှင်သုမင်္ဂလာသာမိ ရေးတဲ့ ဋီကာကျော်ကျမ်းနဲ့ ယှဉ်ပြီး၊ လယ်တီဆရာတော်က ဋီကာ မော်ဆိုဝ့်ကျမ်းကို ပြုခဲ့ဘူးသတဲ့။ဒီအခါမှာ သီဟိုဠ်သားတွေကို အထင်ကြီး ပြီး ဦးညွှတ်နေကြတဲ့ အချို့ဆရာတော်ကြီးများက ရှင်သုမင်္ဂလာသာမိရဲ့ ဋီကာကျော်ကို ယှဉ်ပြိုင်ဝံ့ရပါမို့လားလို့ လယ်တီဆရာတော်ကို အပြစ်ဆိုခဲ့ကြ ဘူးသတဲ့။ကျွန်တော်သိရသလောက်မှာတော့ လယ်တီဆရာတော်က မိစ္ဆာဝါဒ တို့ ဓမ္မန္တရာယ်တို့ဆိုတဲ့ အလုံးမျိုးတွေ မသုံးရှာဘဲ၊ရှင်သုမင်္ဂလာသာမိနဲ့ အယူ အဆ ကွဲလွဲချက်တွေကို တင်ပြပြီး မိမိတို့ ကြိုက်နှစ်သက်ရာကို ယူကြဘို့လောက် ရေးတော်မူတာဆိုကာဘဲ။ကျွန်တော်တို့ဗမာပြည်ကအတွေးအခေါ် တော်တော် နုသေးတယ်ဗျ။ ဘုရားဟောကျမ်းနဲ့ မကိုက်ညီလို့ အပြစ်ဆိုရင် ဆိုပါတော့ လယ်တီဆရာတော်ကိစ္စမှာလို သီဟိုဠ်သား ရဟန်းတပါးနဲ့ အယူအဆကွဲတာ လောက်နဲ့ ဝိုင်းပြီး အပြစ်ဆိုကြတာမျိုးတော့ နုံလွန်းတယ် ထင်တယ်ဗျ”

မိတ်။ ။“ဆရာကြီးက ဝေဘန်တာကို ထောက်ခံတဲ့ဘက်ကကိုး”

နုပ်။ ။“ဝေဘန်တာကိုမကန့်ကွက်ဘူး။သို့သော်နည်းနာကျကျဝေဘန် တတ်ရမယ်။ကလော်တုတ်သလို အမည်ကြမ်းကြမ်းတွေ မသုံးသင့်ဘူး။ ဒါ လောက်ဆို မတော်သေးဘူးလားဗျာ”

မိတ်။ ။“ထားပါတော့ဆရာကြီးရယ်။ ကျွန်တော့် သဘောကတော့ လူချင်းဆိုလျှင် ဘောက်ဆင်ထိုးချင်တော့တာဘဲ”

နုပ်။ ။“ခင်ဗျားပြောတာမျိုးကတော့ လူတွေကို ပညာမပေးဘဲ၊သက် ဝေ့ပွဲကြည့်ရတဲ့ အလုပ်မျိုးကိုးဗျ”

မိတ်။ ။“ဆရာကြီးရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်အကြောင်းကို ရေးပုံက ကော ခင်ဗျား။ဘယ်လိုသဘောရပါသလဲ”

နုပ်။ ။"ဒီအကြောင်းကိုလဲ ကျွန်တော် နဲနဲရှင်းပြချင်တယ်။ကျွန်တော့်ကို နာနာကြည်းကြည်းဆိုလို့တော့ မဟုတ်ပါဘူး။ သို့သော်ရှင်းလင်းတော့ပြချင်တယ်။ဦးဓမ္မဝါဒီရဲ့ ကျမ်းကိုတော့ကျွန်တော် မဖတ်ရပါဘူး။သို့သော် ဖိုးကြီးမောင်အဆိုကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းဟာ မှားတယ်လို့ ဆိုတယ်တဲ့။ ဖိုးကြီးမောင်က စာရေးရာမှာ ဘယ်လောက် သေချာသလဲတော့ မပြောတတ်ဘူး။'မှားတယ်'လို့တော့ ဆိုလိမ့်မယ် မထင်ဘူး၊ ဒီနည်းဟာ ဗာဟိယနဲ့ မာလုကျပုတ္တတို့နှစ်ပါးအတွက်သာဖြစ်တယ်။ သူတို့နှစ်ပါးသာကျွတ်နိုင်တယ်။ ဒိပြင်ပုဂ္ဂိုလ်တွေအဘို့ ကျွတ်နိုင်ဘို့ မရှိဘူးလို့ ဆိုတယ်ဆိုသင့်ပါရဲ့။ဒီတချက်တော့ ကျွန်တော် နဲနဲ ရှင်းပြချင်တယ်"

မိတ်။ ။"ရှင်းစမ်းပါဗျာ"

နုပ်။ ။"ဒီနည်းဟာ ဗာဟိယနဲ့ မာလုကျပုတ္တတို့ နှစ်ပါးအတွက်သာဖြစ်တယ်။ သူတို့နှစ်ပါးသာကျွတ်တယ်လို့ ဦးဓမ္မဝါဒီက ဆိုရာမှာ ဘယ်လိုအထောက်အထားများရှိလို့ ဒီလိုဆိုနိုင်ပါသလဲလို့ ကျွန်တော်စဉ်းစားကြည့်တော့ ဗုဒ္ဓက ဒီနည်းဟာ သူတို့နှစ်ပါးအတွက်သာ ဖြစ်တယ်။၊ အခြားပုဂ္ဂိုလ်များအတွက် ငါမရည်ရွယ်ဘူး။ အခြားပုဂ္ဂိုလ်များ အားမထုတ်ကြနဲ့ဆိုတဲ့ သဘောနဲ့ ဟောတော်မူခဲ့တဲ့ ကျမ်းတစောင်တဖွဲ့ကိုတော့ ဦးဓမ္မဝါဒီ တွေ့ဘူးတယ် မထင်ဘူး။တွေ့ဘူးပါတယ်လို့ ကျမ်းကိုးပြနိုင်ရင်လဲ ကျွန်တော် အရှုံးပေးပါတယ်"

မိတ်။ ။"ဒီလိုတော့ ရှိမထင်ပေါင်ဗျာ"

နုပ်။ ။"ကျွန်တော် တွေးဆပုံကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းအရ အားထုတ်လို့ကျွတ်သွားတဲ့ အခြားပုဂ္ဂိုလ်များကို ကျမ်းဂန်ထဲမှာ သူမတွေ့ရဘူးတဲ့ အတွက် ဒီနည်းဟာ တခြားလူတွေအတွက် မဟုတ်ဘူးလို့ သူ့ဟာသူ ယူဆခြင်း ဖြစ်ဟန်တူပါတယ်"

မိတ်။ ။"ဟုတ်ပုံရပါတယ်"

နုပ်။ ။"ဗုဒ္ဓဟာ လွတ်မြောက်ရေးနဲ့ပတ်သက်လို့နည်းပေါင်းမြောက်မြားစွာ ဟောတော်မူခဲ့တယ်။ နည်းတမျိုးနဲ့ တချို့ကျွတ်၊ ဒိပြင်တနည်းနဲ့ တချို့ကျွတ်။နည်းအမျိုးမျိုးရှိသလို ကျွတ်သူ အမျိုးမျိုးရှိကြပေမှာပေါ့။ ဒီနည်းနဲ့ကျွတ်သူက ဘယ်နှစ်ယောက် ဘယ်သူဘယ်ဝါ၊ဟိုနည်းနဲ့ကျွတ်သူက

ဘယ်နှစ်ယောက်၊ ဘယ်သူဘယ်ဝါရယ်လို့ စာရင်းအင်းနဲ့တကွ ဖော်ပြခြင်း ရယ်လို့တော့ မရှိပါဘူး။ ကျမ်းဂန်ထဲမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်းအရ ဗာဟိယနဲ့ မာလုကျပုတ္တနှစ်ပါး ကျွတ်ခြင်းကို ဖော်ပြခြင်းကြောင့် ဒီနည်းနဲ့ကျွတ်တဲ့ အခြားလူများ မရှိဘူးလို့ ယူဆထိုက်တယ် မထင်ပါဘူး။ ဘယ်သူဘယ်ဝါ ဟာ ဘယ်နည်းနဲ့ကျွတ်တယ်လို့ ဟောတော်မူခြင်းဟာ စကားစပ်မိတဲ့အခါ ဟောတော်မူခြင်း ဖြစ်ရမှာဘဲ။ရှိပင် ရှိသော်လဲ စကားမစပ်မိလို့ ဟောတော် မမူခြင်းလဲ ဖြစ်နိုင်ပါတယ်”

မိတ်။ ။“ဖြစ်နိုင်လောက်ပါတယ် ဆရာကြီး”

နုပ်။ ။“ဦးဓမ္မဝါဒီက ကိုယ်ရေးခဲ့တဲ့စာကို ကိုယ့်ဟာကိုယ် မှတ်မိတယ် မထင်ဘူးဗျ”

မိတ်။ ။“ဘာ့ကြောင့်လဲဆရာကြီး”

နုပ်။ ။“၎င်းပုဂ္ဂိုလ်ရေးပြီး ၁၃၁၁-ခုနှစ် တော်သလင်းလမှာ ထုတ်တဲ့ ‘ဝိပဿနာ ဘုံသွား ဉာဏ်လှေခါး’ ဆိုတဲ့ စာအုပ်စာမျက်နှာ ၂၇-နဲ့ ၃၃-တို့မှာ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကို ထောက်ခံရေးသားထားတဲ့ စာကြောင်း များ ပါရှိတယ်။ခုတလောထုတ်တဲ့ ‘အရိယာဘုံသွား ဉာဏ်လှေခါး’ ဆိုတဲ့ စာ အုပ်ကျတော့မှ ဒီနည်းဟာ မှားသလိုလို၊ ဟိုပုဂ္ဂိုလ် ၂-ပါးအတွက် သက်သက် ဖြစ်သလိုလို ရေးထားတယ်ဆိုတယ်။ ‘မှားတယ်’ လို့တော့ ဆိုမထင်ပါဘူး။ဝေ ဘန်သူ ဖိုးကြီးမောင်ရဲ့ ချွတ်ယွင်းချက်ဖြစ်ခဲ့လို့ ရှိရင်လဲ တရားစာအုပ်များ ကို ဝေဘန်တဲ့အခါမှာ ကချော်ကချွတ် မလုပ်ဖို့ ဖိုးကြီးမောင်ကို သတိပေး ချင်တယ်”

မိတ်။ ။“ဘယ့်နှယ် ဆရာကြီးရဲ့၊ ဒီပုဂ္ဂိုလ်က ဟို ၁၂- နှစ်လောက်က ထောက်ခံခဲ့တဲ့ နည်းတခုကို ခုမှပြန်ပြီးကန့်ကွက်နေတာဟာ ဘယ်လိုအဓိပ္ပာယ် လဲဗျ”

နုပ်။ ။“ကျွန်တော့် စာအုပ်ဟာ လူပြောများလေတော့ စိတ်တမျိုး ပြောင်းလဲ သွားသလားလို့တော့မတွေးချင်ပါဘူး။မေ့တတ်လို့ဘဲလို့ သာယူ ဆလိုက်ကြပါစို့ဗျာ”

မိတ်။ ။“ဆရာကြီးရဲ့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံနည်းကတော့ မဟာစည်ဆရာတော် ဘုရားရဲ့ အဖောင်းအပိန်နည်းလို အသစ်အဆန်းမှ မဟုတ်ဘဲ ခင်ဗျာ။မမ္ဗကထိ

က ပုဂ္ဂိုလ်တိုင်းလိုလို ဟောပြောနေကြတာဘဲ။ မဟာစည် ဆရာတော်ဘုရား တောင်တခါခါ ထည့်ဟောသေးတာကဘဲ”

နုပ်။ ။“မှန်ပါတယ်။ တရားဟောဆရာတိုင်း ဟောကြတဲ့နည်းပါဗျာ။ ကျွန်တော် တီထွင်ရတဲ့ နည်းသစ်တခုလဲ မဟုတ်ရပါဘူး။ ဘုရားဟောဆိုပေမင့် တိမ်မြုပ်နေလို့ မို့ ကျွန်တော်တယောက်က ထုတ်ဖော်ရခြင်းလဲမဟုတ်ပါဘူး။ ဓမ္မကထိကတိုင်း လက်စွဲပြုပြီး ဟောလာခဲ့ကြတဲ့ ကျင့်စဉ်တခုဖြစ်ပါတယ်။ သို့သော်ကျွန်တော်ရေးပုံမှာ ထူးခြားချက်တခုတော့ရှိပါတယ်”

မိတ်။ ။“ရေးပုံရှင်းတယ်လို့ ဆိုချင်သလား”

နုပ်။ ။“ဒီလိုလဲ ကိုယ့်ဟာကိုယ် မဆိုဝံ့ပါဘူးဗျာ။ ဖတ်သူများက ပြောချင်ပြောကြပါစေ။ ကျွန်တော်ပြောချင်တာကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်း အကြောင်းကို အခြားပုဂ္ဂိုလ်များ ဟောပြပုံကတော့ ဗုဒ္ဓကဟောတော်မူပုံနဲ့ မာလုကျပုတ္တက ပြန်လျှောက်ပုံစသည်တို့ကိုတရားနာပရိသတ်နားလည်အောင် ရှင်းလင်းဟောပြောချက်လောက်သာ ပါရှိပါတယ်”

မိတ်။ ။“ဆရာကြီးကတော့ ဘာများထူးသလဲ ခင်ဗျာ”

နုပ်။ ။“ကျွန်တော်ကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ ကျွန်တော်ကိုယ်တိုင် ကျင့်ကြံအားထုတ်ရာမှာ စိတ္တာနုပဿနာ သဘောတွေဝင်လာပြီး၊ စိတ်နဲ့ ပတ်သက်လို့ အထင်မှား အမြင်မှားကလေးတွေ တဖြေးဖြေး လျော့လျော့ လာပုံ၊ ဒိဋ္ဌိအထုံးအဖွဲ့ကလေးတွေ တဖြေးဖြေးပြေလာပုံ စသည်များကို လက်တွေ့သဘောနဲ့ ကိုယ့်အမြင်အတိုင်း တင်ပြချက်ကလေးတွေပါတယ်”

မိတ်။ ။“ဒါကလေးတွေဟာ ဆရာကြီးရဲ့အမြင်တွေလား”

နုပ်။ ။“စာထဲကဟာတွေ ကူးချထားတယ်ဆိုရင် လူတိုင်းကူးချပြီး ဆင်တူရိုးမှားတွေဖြစ်ကုန်ကြမှာပေါ့ဗျ။ ကျွန်တော့်စာအုပ်က ဒီတချက်မှာ တခြားကျမ်းများနဲ့ ထူးခြားပါတယ်”

မိတ်။ ။“သူတပါးစာတွေနဲ့ ကွဲလွဲနေလို့ရှိရင် ဆရာကြီးဟာက မှန် နိုင်ပါ့မလား”

နုပ်။ ။“ကွဲလွဲတယ်ဆိုပေမယ့် တင်ပြပုံကွဲလွဲခြင်းကို ဆိုလိုပါတယ်။ မှန် တယ် မှားတယ်ဆိုတာကတော့ ဘုရားဟောကျမ်းဂန်နဲ့ တိုက်ကြည့်ပေါ့ဗျာ။

အဌကထာတွေ၊ ဋီကာတွေကိုစည်းမျဉ်းတားခြင်းထက် ဘုရားဟော ကျမ်းဂန်ကိုစည်းမျဉ်းတားခြင်းက ပိုပြီးစိတ်ချရပါတယ်”

မိတ်။ ။“ဆရာကြီးက အဌကထာတွေ ဋီကာတွေကို စည်းမျဉ်းမတားနိုင်ရအောင် ဘယ်လောက်များစာတတ်လို့လဲ”

နုပ်။ ။“စာတတ်တာကတော့ ကကြီး ခကွေးသောက်ပါဘဲဗျာ။ သို့သော် ဒိဌေ ဒိဌမတ္တံကျင့်စဉ်ကို လက်တွေ့ စမ်းသပ်ထားခြင်းနဲ့ ဘဝဘဝက ပညာ ‘ဉာဏ်’ပါရမီပါခဲ့တဲ့နေရာမှာတော့ နာမည်ကြီးတယ်ဆိုရုံနဲ့ အလျှော့မပေးနိုင်ဘူးဗျ”

မိတ်။ ။“မဟာစည် ဆရာတော်တောင် မကြောက်ဘူးလား”

နုပ်။ ။“ဒီလိုတော့ မမေးပါနဲ့လေ။ ဆရာတော်ဟာ ကျွန်တော်ႇအကြည်ညိုဆုံး ပုဂ္ဂိုလ်တပါးအပါအဝင်ဖြစ်တဲ့ပြင် သူ့တရားကိုလဲ ကျွန်တော်အားထုတ်ဖူးတယ် မဟုတ်လား။ မကြောက်ဖူးကြောက်တယ်ဆိုတာကတော့ ကိုယ်ကျွမ်းကျင်တဲ့ ဒိဌေဒိဌမတ္တံ တရားအမြင်နဲ့ပတ်သက်လို့ ဘယ်သူ့မှ မကြောက်ဖူးဗျ”

မိတ်၊ ။“အာဂလူကြီးဘဲကိုး”

နုပ်။ ။“အာဂဆို ကျွန်တော့်တရားသက်ကလဲ မနဲတော့ဘူးဗျ။ ဒါကိုထားပါတော့။ ဒိဌေဒိဌမတ္တံနည်းဟာ ဟိုလူ ဒီလူများအဖို့ မဟုတ်ဖူးဆိုတဲ့ အချက်ကို ကျွန်တော်ထပ်ပြီး နဲနဲရှင်းပြချင်သေးတယ်ဗျာ”

မိတ်။ ။“ကြားပါရစေ ခင်ဗျာ”

နုပ်။ ။“ဂေါတမဗုဒ္ဓက သံသရာမှ ထွက်မြောက်ကြောင်း တရားအနေနှင့် ရွှေဉာဏ်တော် ကျယ်ပြန့်သလောက် နည်းပေါင်း မြောက်မြားစွာ ဟောတော်မူခဲ့တယ် မဟုတ်လားဗျာ”

မိတ်။ ။“မှန်ပါတယ် ခင်ဗျာ”

နုပ်။ ။“လွတ်မြောက်ကြောင်းဆိုတဲ့ နည်းဟူသမျှဟာ ဝိပဿနာအလုပ်ထဲမှာ အကျုံးဝင်ရမှာချည်းဘဲ မဟုတ်လား”

မိတ်။ ။“ဟုတ်ပါတယ် ခင်ဗျာ”

နုပ်။ ။“သမထကို မဆိုလိုဘူးနော်”

---

မိတ်။ ။"သမထက လွတ်မြောက်ရေးလမ်းမဟုတ်ပါဘူး။ ဈာန်လမ်းသာဖြစ်ပါတယ်ခင်ဗျာ"

နုပ်။ ။"အလုပ်တခုဟာ သမထလား၊ ဝိပဿနာလားဆိုတာကိုဘယ်လိုသိနိုင်သလဲဗျာ"

မိတ်။ ။"ပြောသာပြောပါခင်ဗျာ"

နုပ်။ ။"ဗောဇ္ဈင် ၇-ပါးနဲ့ဖြစ်စေ၊ မဂ္ဂင် ၈-ပါးနဲ့ဖြစ်စေ တိုက်ကြည့်ဗျာ"

မိတ်။ ။"ဘယ်လိုတိုက်ရမှာလဲ ဆရာကြီး"

နုပ်။ ။"ဥပမာ ကမ္မဋ္ဌာန်းလေးဆယ်ထဲက ပထဝီကသိုဏ်းအလုပ်တို့၊ ရိုးရိုးအာနာပါနအလုပ်တို့ ဆိုပါတော့ဗျာ။ဗောဇ္ဈင် ၇-ပါးနဲ့ညီရဲ့လားလို့ စမ်းကြည့်လိုက်စမ်း။ ရှေးဦးစွာ သတိသမ္ဗောဇ္ဈင်တဲ့၊ ဘယ်မှာလဲ။ ပထဝီကသိုဏ်းဝန်းပေါ်မှာ စိုက်ထားတာကိုဖြစ်စေ၊ ထွက်သက် ဝင်သက်ပေါ်မှာဖြစ်စေ၊ စိတ်စိုက်ထားခြင်းကို တချို့က သတိလို့ ထင်နေကြတယ်။ စင်စစ်ကတော့ အာရုံတခုခုအပေါ်မှာ စူးစိုက်ထားခြင်းဟာ သမာဓိဘဲဗျ။ သတိမခေါ်ဘူး။ ကိုင်း ဒါကိုထားပါဦးတော့။ ဝီရိယသမ္ဗောဇ္ဈင်ဆိုတာလဲ ထားပါဦးတော့။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာကျတော့ သူတို့ခက်ပြီ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က သဘာဝကို စူးစမ်းခြင်းလို့ ဆိုလိုတယ်။ ပထဝီကသိုဏ်းသမားက ဘာကိုစူးစမ်းဘို့အလုပ်ရှိသလဲ။ အာနာပါန သမားကကော ဘာကိုစူးစမ်းကြသလဲ။ဘာကိုစူးစမ်းစရာရှိသလဲ။ သူ့အလုပ်သဘောကိုယ်နှိုက်က သမထအလုပ်ဖြစ်နေလေတော့ စူးစမ်းစရာလဲမရှိဘူး။စူးစမ်းဘို့လဲ မလိုဘူး။ မျက်စိမှိတ်ပြီး စိုက်လုပ်နေရုံရှိတာဘဲ။ ဝိပဿနာ အလုပ်ကျတော့ ဒီလိုမဟုတ်ဘူး။ အလုပ်သဘောကိုယ်နှိုက်ကလဲ စူးစမ်းဘို့လိုတယ်။ စူးစမ်းစရာ အလုပ်လဲရှိတယ်။ သမထအလုပ်သဘောနဲ့ ဝိပဿနာ အလုပ်သဘောဟာ ဒီအချက်ကြီးမှာ ခြားနားတာဘဲ"

မိတ်။ ။"ပေါက်ပေါက်လှော်သလို မြင်လာတာတို့၊ သဲတွေပွိုသလိုထင်မြင်လာလာတာတို့ဟာ ဉာဏ်အမြင်မဟုတ်ဖူးဆို"

နုပ်။ ။"ဘယ်က ဟုတ်မှာလဲ။ ဉာဏ်နဲ့ မြင်တာမဟုတ်ဘူး။ တခုခုမှာ စူးစိုက်လွန်းအားကြီးလေတော့ တောက်တီးတောက်တဲ့ မြင်လာတာဘဲ။ ကမ္မ

ဌာန်းသမားအခေါ်တော့ နိမိတ်လို့ဆိုတယ်။လောကခေတ် အခေါ်ကတော့ (Hallucination)ကရောင်ကတမ်း ယောင်ယမ်းတဲ့သဘောပါဘဲ”

မိတ်။ ။‘ ဒီဟာ တန်ဘိုးမရှိဘူးလားဆရာကြီး”

နိုပ်။ ။“စူးစမ်းဘို့အလေ့အကျင့်ပြုလုပ်နေတဲ့ လူအဖို့မှာတော့ တော်တော်စူးစိုက်လာပြီဆိုတဲ့ နိမိတ်လက္ခဏာပါဘဲ။ ဒီဟာမျိုးဟာ တချို့လူမှာ ရှူးတောင် ရှူးတတ်တယ်။ဝိပဿနာအလုပ်စစ်မှန်ရင် ရှူးတယ်လို့ မရှိကောင်းဘူး။ ရှူးလဲမရှူးနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ စပြီး လေ့ကျင့်ကတည်းက ‘သတိ’ကစပြီး လေ့ကျင့်ခြင်း ဖြစ်လေတော့ ရှူးတယ်ဆိုတာ အနားတောင် မသီနိုင်ဘူး။ ကျွန်တော့်သဘောကို ရှင်းရှင်းပြောရမှာဖြင့် လူငါးယောက် နည်းတနည်းအရ အတူတကွအားထုတ်ကြလို့ လေးယောက်က ပေါက်ရောက်တယ်ဆိုပြီး ကျန်တယောက် ရှူးသွားတယ်ဆိုရင် ပေါက်ရောက်တယ်ဆိုတဲ့ လေးယောက်ကို ကျွန်တော် မယုံကြဘူး”

မိတ်။ ။“တယောက်တလေ မချော်နိုင်ဘူးလားဗျာ”

နိုပ်။ ။“ပါရမီနုတဲ့အတွက်မပေါက်ရောက်ဘဲ နေချင်နေမယ်။ ဗုဒ္ဓရဲ့ ဝိပဿနာအလုပ်စစ်မှန်ရင် ရှူးတယ်ဆိုတာ မရှိထိုက်ဘူးထင်တယ်။ ဘယ့်နှယ် ဗျာ၊စစ်မှန်တဲ့တရားအားထုတ်ရာမှာ ရှူးသွားတယ်ဆိုခက်ရောပေါ့ဗျာ”

မိတ်။ ။“ကိုင်းပါဆရာကြီးရယ်၊ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ဟာ ဝိပဿနာအလုပ်စစ်မှန်ကြောင်းကြားနာပါရစေခင်ဗျာ”

နိုပ်။ ။“ဒီကျင့်စဉ်ဟာ ဘာကြောင့် ဝိပဿနာ အလုပ်စစ်မှန်သလဲဆိုတော့ ဗောဇ္ဈင် ၇-ပါးနဲ့ကိုက်ညီတယ်။ မဂ္ဂင် ၈-ပါးနဲ့လဲ ကိုက်ညီတယ်။ ကျွန်တော့်အဖို့ရာကတော့ ဗောဇ္ဈင်ကိုပိုပြီး နှစ်သက်လို့မို့ ကိုယ့်အလုပ်ကို ဗောဇ္ဈင်နဲ့ ခဏခဏ တိုက်ကြည့်တယ်။ အခါခပ်သိမ်း ဗောင်းဝင်အန်ကျ ဖြစ်တာကို တွေ့ရတာချည်းဘဲ။ မဂ္ဂင် ၈-ပါးနဲ့ ကိုက်ကြည့်ရင်လဲ အတူတူပါဘဲ။ ကိုယ်ကြိုက်ရာ ကိုယ်သန်ရာ ကိုယ်တိုက်ကြတာပေါ့”

မိတ်။ ။“ဒီလိုဆိုရင် ဒီကျင့်စဉ်ကို ဗောဇ္ဈင် ၇-ပါးနှင့် ကိုက်အောင် ညှိပြစမ်းပါခင်ဗျာ”

နိုပ်။ ။“အာရုံတခုခုမှာ စူးစိုက်ထားဘို့မလို၊ တိုက်ခတ်လာသမျှ အာရုံ ၆-ပါး ဒွာယခြောက်ပေါက်နဲ့ ထိတွေ့ရာမှာ ဖြစ်ပေါ်လာတဲ့ အသိစိတ်

ကလေးတွေကို သတိနဲ့ စောင့်ကြည့်။ မှတ်ဖို့မလို။ အရှည်ကြီးတွေးတောကြံစည်မှုမပြုဘဲ၊ မြင်ကာမတ္တ ကြားကာ မတ္တ ဆိုတဲ့အတိုင်း သတိ ထိန်းထားခြင်းကို သတိသမ္ဗောဇ္ဈင်လို့ ခေါ်တယ်။ သို့သော် သတိက တချက်တချက် လွတ်လွတ်ပြီး အရှည်ကြီး လိုက်ချင်တယ်။ အဲဒီလို မလိုက်စေ ရအောင် သို့မဟုတ် ခပ်ကြာကြာ ထိန်းထားနိုင်အောင် ကြိုးစားရခြင်းကို ဝီရိယ သမ္ဗောဇ္ဈင်လို့ ခေါ်တယ်"

မိတ်။ ။"ဟုတ်ပါပြီ။ ရှေ့ကောဗျ"

နုပ်။ ။"ဝီရိယကောင်းကောင်းနဲ့ အလုပ်လုပ်လို့ တော်တော်သတိမြဲလာတဲ့အခါကျတော့ မြင်မှု၊ကြားမှု၊နံမှု၊အစရှိတဲ့အခြင်းအရာကလေးတွေဟာ တခုပြီးတခုပြောင်းလဲနေကြတာပါလားလို့ ကြာလေသဘောကျလေ ဖြစ်လာတယ်။ အခုကြားတယ်၊ အခုမြင်တယ်၊ အခုနံတယ် အစရှိသဖြင့် ခဏခဏ ပြောင်းလဲ နေတဲ့ သဘာဝ ကလေးတွေဟာ မြဲတယ်လို့ ဆိုနိုင်ပါ့ မလား။ တကယ့်ဟာကလေးတွေလို့ ဆိုနိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကို မေးကြည့်ခြင်းဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ်တယ်။ စိတ်ထဲကကိုယ့်ဟာကိုယ်မေးတဲ့အခါမှာ မမြဲပါဘူး၊ တကယ်မဟုတ်ပါဘူးလို့ အဖြေပေးဖို့ မလိုဘူး။ ခုနင်က အာရုံ့ အပြောင်းအလဲ ကလေးတွေကိုသာ တစောင့်တည်း စောင့်ကြည့် နေရမယ်။ စောင့်ကြည့်လိုက်။မေးလိုက်။ အထပ်ထပ် လုပ်ဖန်များတော့ တကြိမ်ဘခါမှာ ဘွားကနဲ သဘောကျတာတခု ပေါ်လာလိမ့်မယ်။ ဒါကိုထပ်ပြီး ပွားရာမှာ ပီတိသမ္ဗောဇ္ဈင်(ဝမ်းသာခြင်း)၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် (ကြည်လင်ခြင်း) တို့ဖြစ်ပေါ်လာလိမ့်မယ်။ခုနင်က တကြိမ်မိထားတဲ့အမြင်။ သို့မဟုတ် သဘော ကျတဲ့ အချက်ကလေးကို ဆက်လက်ပြီး ထပ်ခါထပ်ခါ နှလုံးသွင်းချည်တခါ၊မြင်ကာမတ္တ၊ ကြားကာမတ္တစတဲ့ အခြင်းအရာကလေးတွေကို စောင့်ကြည့်ချည်တလှည့် လုပ်ဖန်များတော့ ဉာဏ်ကလဲရင့်ကျက်၊ သမာဓိကလဲ အားကောင်း လာပါတယ်။ အဲဒါကို သမာဓိသမ္ဗောဇ္ဈင်လို့ ခေါ်ပါတယ်။ ဗောဇ္ဈင် ၇-ပါးမှာ သမာဓိဟာ နံပတ် ၆ ကျမှ လိုက်လာတယ်ဗျ။ သမထ အလုပ်လို စရင်စချင်း သမာဓိလှမ်းဖို့မဟုတ်ဘူး။ ဒီနောက်မှ ဥပေက္ခာ သမ္ဗောဇ္ဈင် ဆိုတဲ့ နံပတ် ၇ ကိုရောက်ပါရောဗျား"

မိတ်။ ။"ဘယ်လိုဥပေက္ခာမျိုးလဲ ဆရာကြီး"



၁၄၂၆

နုပ်။ ။"တခြားမေဗျိုလ်ထု ပေက္ခာတွေ့ဗျ။ ဥပေက္ခာအမျိုးမျိုးထဲမှာအမြတ်ဆုံး အမြင့်ဆုံးပေါ့လေဗျာ"

မိတ်။ ။"ဆရာကြီးက စာတွေပေတွေနဲ့ပါကလား"

နုပ်။ ။"ဒီလိုဟာမျိုး ကျတော့ ဗမာစကား မရှိဘူးဗျ။ ပါဠိအခေါ် အတိုင်း သုံးနှုန်းခြင်းဟာ အမှန်ဆုံးဘဲ"

မိတ်။ ။"ဆရာကြီးရဲ့ စာကို ဖတ်ပြီး အားထုတ်ကြတဲ့ လူတွေထဲက ဥပေက္ခာအဆင့်ရောက်အောင် ပေါက်တဲ့လူများကော ရှိပြီလား"

နုပ်။ ။"ဒီလောက်ထိအောင် မရောက်စေကာမူ စိတ်ရဲ့လှည့်စားမှုနဲ့ ပတ်သက်လို့ တော်တော်အလိမ်ပြေပြီး၊ အထိုက်အလျောက်ငြိမ်းချမ်းမှုတွေ့ရတဲ့ လူတွေဆီက စာများတော့ရပါတယ်။ တရားအားထုတ်တယ်ဆိုတာ ကမ္မဋ္ဌာန်း ကျောင်းထဲမှာတင်မကဘဲ၊ လူတွေနဲ့ ရောနှောဆက်စပ်နေတဲ့ အခါမှာလဲ လောကဓံနဲ့ တိုက်ခိုက်ရင် သူ့အဆင့်ကလေးနဲ့ သူ ခံနိုင်ရည်ကလေး အထိုက် အလျောက်ရှိရမယ်ဗျ။ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းက စိတ္တာနုပဿနာ နည်းလိုပါဘဲ။ ကြိုးစားသလောက် သတိကောင်းသလောက် ငြိမ်းချမ်းမှုရတဲ့ နည်းပါဗျာ"

မိတ်။ ။"ဦးဓမ္မဝါဒီကတော့ ဗာဟိယနဲ့ မာလုကျပုတ္တတို့ နှစ်ပါး အတွက် သက်သက်ဟောတာဆို"

နုပ်။ ။"အလကားပြောတာပါဗျ။ ဒီပုဂ္ဂိုလ်က ကျမ်းနှစ်ကျမ်းပြုရာမှာ တကျမ်းမှာ တမျိုးစီ။ သူ့ကျမ်းသူ ဆန့်ကျင်ဘက်ရေးရာ ကျနေပါတယ်"

မိတ်။ ။"ဘာကြောင့် ဒီလိုဖြစ်ရတယ် ထင်သလဲဆရာကြီး'

နုပ်။ ။"ဒိဋ္ဌေဒိဋ္ဌ မတ္တံနည်းကို ထောက်ခံတုန်းကရော ကန့်ကွက်တုန်း ကရော လက်တွေ့ကျင့်သုံးတဲ့လက္ခဏာမရှိပါဘူး။ စိတ်ကူးနဲ့ရေးပုံရပါတယ်။ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အတိုင်း အားထုတ်လို့ ကျွန်တော်တို့တွေသလို စိတ်နဲ့ ပတ်သက်လို့ အထင်မှားတွေ တဖြေးဖြေး ပျောက်ပြီး ဒိဋ္ဌိအထုံး အဖွဲ့တွေ ပြေကုန်တာတွေ့ရရင်တော့ ဘုရားဟောတော်မူခဲ့တဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းကို ဒီလိုပစ်ပစ်ခါခါရေးလိမ့်မယ် မထင်ပါဘူး။ အချုပ် တခုသတိပေးချင်တာ ကတော့ သူတပါးညွှန်ပြတဲ့ကျင့်စဉ်ကို ဝေဘန်တဲ့အခါမှာ မဟာစည် ဆရာ တော်ရဲ့နည်းကို အပြစ်ဆိုတာမျိုးလို မမှန်တရာယ်တို့ မိစ္ဆာဒိဋ္ဌိတို့ ဆိုတဲ့ နင့်

သည်းတဲ့စကားမျိုးတွေ မသုံးနှုန်းရင် အားလုံးအတွက် ကောင်းလိမ့်မယ်လို့ ပြောချင်တာပါဘဲဗျာ"

မိတ်။　။"ဒီကိုယ်တော် ကျွန်တော်နဲ့ တွေ့စမ်းချင်တယ်ဗျာ"

နုပ်။　။"တွေ့တော့ ဘာလုပ်မှာလဲဗျ"

မိတ်။　။"ဦးနုအစိုးရလို သူပုတ် ကိုယ်ပြုတ်တိုက်စမ်းချင်တယ်ဗျာ"

နုပ်။　။"တရားဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ်၊ မိတ်ဆွေရေးရာဘဲဖြစ်ဖြစ်၊ သူပုတ်ကိုယ်ပြုတ်နည်းဟာ တယ်မဟုတ်လှဘူး။ နံဘေးကလူတွေပါ နာကုန်တတ်တယ်ဗျနော်"

## (၂)

# ကျမ်းပြုဆရာများနှင့် ကျမ်းစာအုပ်များ
## (ဝိသုဒ္ဓိ ၇- ပါး၏ ရည်ရွယ်ချက်)

ကြေးမုံသတင်းစာတွင် စာကြေးမုံခန်း၌ 'အရိယာဘုံသွား ဉာဏ်လှေခါး' ဟူသော စာအုပ်ကို ဝေဘန်ဘူးသည့် ဖိုးကြီးမောင်သည် ကျွန်ုပ်၏ သတိပေးချက်ကြောင့် မခံချင်သည့် လက္ခဏာနှင့် ၎င်းစာအုပ်ကို ကျွန်ုပ်ထံသို့ ပို့လိုက်၏။ ကျွန်ုပ်က 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' ကျင့်စဉ်ကို ဦးဓမ္မဝါဒီက မှားသည်ဟု ဆိုမည်မထင်ကြောင်း၊ သေချာစွာ ဘတ်ပြီးမှ ဝေဘန်ထိုက်ကြောင်း သတိပေးလိုက်ဘူးရာ၊ ဖိုးကြီးမောင်က သူရေးသည့်အတိုင်း ဆိုထားပါသည် ဆိုကာ စာအုပ်ကြီးကို တင်ပို့လိုက်ခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် သူညွှန်ပြသော စာမျက်နှာကို လှန်၍ ဘတ်ကြည့်သောအခါ၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကို မှားသည် ဟူ၍မဆို၊ ကျွန်ုပ်၏ ကျမ်းနာမည် ပေးပုံ မှားသည်ဟု ဆိုထားခြင်းကိုသာတွေ့ရ၏။ ဦးဓမ္မဝါဒီကလည်း ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်းသည် စိတ္တာနုပဿနာနည်း မဟုတ်သောကြောင့် နာမည်တပ် မှားသည်ဟု ဆိုခြင်း ဖြစ်ဟန်တူ၏။ ၎င်းအကြောင်းကို အောက်တွင် ရှင်းလင်း ဖော်ပြပါဦးမည်။

ကျွန်ုပ်သည် 'အရိယာဘုံသွား ဉာဏ်လှေခါး' စာအုပ်ကို ဆက်လက်ဘတ်ရှုပြန်ရာ၊ ကျွန်ုပ်နှင့် သဘောကွဲလွဲသော အချက်အလက် များကို

တွေ့ရပြန်သောကြောင့် ဓမ္မမိတ်ဆွေ တယောက်ယောက်နှင့် ဆွေးနွေးလို သောဆန္ဒ ပြင်းထန်လာသည်နှင့် ယခင်တပတ်က ဆွေးနွေးခဲ့သည့် မဟာစည် ဆရာတော်၏ တပည့်အကြောင်းကို စုံစမ်းပါသည်။ ထိုပုဂ္ဂိုလ်သည် ရပ်ဝေး၌ နေထိုင်သူဖြစ်လေရာ၊ ယမန်နေ့ကပင် မန္တလေးသို့ ဆိုက်ရောက်လာကြောင်း သိရှိရ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ၎င်းတည်းခိုသောအိမ်ကို သိသည်နှင့် ချက်ခြင်းထသွားရာတွင် သူနှင့်အတူ အခြားသော မိတ်ဆွေ တယောက်လည်း ရောက်နေသည်ကို တွေ့ရ၏။ ထိုသူမှာကား မဟာစည် ဆရာတော်၏ တပည့်မဟုတ်၊ သာမန်တရားသမား (စာတတ်ပေတတ်) တယောက်ဖြစ်သည်ကို တွေ့ရ၏။ ၎င်းတို့ နှစ်ယောက်နှင့် ဆွေးနွေးစကားကို ရေးသားဖော်ပြရာတွင်၊ မဟာစည်ဆရာတော်၏ တပည့်ကို (ပ) ဟူ၍၎င်း၊ စာပေသမားကို (ဒ) ဟူ၍၎င်း ရေးသားပါမည်။ (ပ) သည် (ဒ) အား ကျွန်ုပ်နှင့် မိတ်ဆက်ပေးပြီးနောက်

ပ။ ။"ဘယ့်နှယ်လဲဆရာကြီး 'ဥာဏ်လျှော်ပါး'ဆိုတဲ့ စာအုပ်ကို ဖတ်ပြီး ပြီလား"

နုပ်။ ။"တပည့် တယောက်က ပို့လိုက်လို့ နည်းနည်း ပါးပါး ဖတ်ရပါပြီ။စာအုပ်ကြီးက ထူကထူသနဲ့ဗျာ။ဟိုလှန်ဒီလှန် ကြည့်ရုံကြည့်နိုင်ပါသေးတယ်။လုံးစေ့ပတ်စေ့ မဖတ်နိုင်သေးပါဘူး။ခင်ဗျားကော ဖတ်ပြီးပြီလား"

ပ။ ။"မဖတ်အားသေးပါဘူး ခင်ဗျာ။ ဖတ်ချင်စိတ်လဲ တယ်မရှိပါဘူး။ ဆရာကြီးဖတ်ကြည့်တော့ ဘာတွေများတွေ့သလဲ ခင်ဗျာ"

နုပ်။ ။"ဒီကျမ်းပြု ဆရာက ဟိုလူဒီလူတွေကို တော်တော်ကလော်ချင်တဲ့ ပုဂ္ဂိုလ်နဲ့တူတယ်။ သူ့စာတွေမဖတ်ခင် ကျွန်တော်ကသူ့စာအုပ် စာမျက်နှာ နံပတ်ကို ရှေးဦးစွာ လှန်လှောကြည့်လိုက်တယ်။ စာမျက်နှာ ၇၄၀-ရှိတာကို တွေ့ရတယ်"

ဒ။ ။"ကြော်ငြာထဲမှာတော့ စာမျက်နှာ ၉၀၀-ခန့် ဆိုပါကလား ဆရာကြီး"

နုပ်။ ။"ဒါကြောင့် ပြောတာပေါ့။ ၇၄၀-ရှိလျှင် ၇၄၀-လို့ မကြော်ငြာဘဲနဲ့၊ မျက်နှာ ၆၀-ဖြည့်ပြီး ဘာကြောင့် ၉၀၀-ခန့်လို့ ကြော်ငြာရသလဲဗျာ"

ဒု။ ။" 'ခန့်'ဆိုတဲ့စကားတော့ ပါပေတယ်ဆရာကြီးရဲ့"

နုပ်။ ။"စာမျက်နှာ ၇၅၀-ကျော်ပြီး ၉၀၀-နီးပါးရှိလျှင်တော့ လုပ်ပါတော့။ ခုတော့ သူ့စာအုပ်က စာမျက်နှာ ၇၀၀-နဲ့ ၉၀၀-မှာ ၇၀၀ ဘက်နီးနေပါလျက် ဘာကြောင့် ၉၀၀-ခန့်လို့ ကြော်ငြာရသလဲဗျာ"

ဒု။ ။"အပိုကလေး ဖြည့်စွက်ပြီး ကြွားလိုက်ချင်တာပေါ့ ဆရာကြီးရယ်"

နုပ်။ ။"ဒီဟာ မရိုးသားတဲ့ သဘောဘဲ။ သူများစာအုပ်တွေ ထွက်တော့ အမြတ်ထုတ်ချင်သလေး ဘာလေးနဲ့ အပြစ်ဆိုချင်ပြီး၊ ကိုယ့်ဟာကျတော့ တွင်ကျယ်စေချင်လို့ စာမျက်နှာ ၆၀-ဖြည့်ပေးရသတဲ့ဗျာ"

ပ။ ။"ကျွန်တော်သာ ဒီစာအုပ်ဝယ်မိရင်တော့ မျက်နှာ ၆၀-အတွက် ပိုက်ဆံပြန်တောင်းမှာဘဲခင်ဗျ"

နုပ်။ ။"လုပ်မှာပေါ့လေ။ ခင်ဗျားကတော့ ကိုယ့်ဆရာတော်ရဲ့နည်းကို ပုတ်ခတ် ရေးသားတယ် ဆိုကထဲက ဘယ်နည်း တွယ်ရပါ့မယ်ဆိုတာ စိတ်ကူးနေဟန်ရှိတယ်"

ပ။ ။"စိတ်ကူးတယ်လေ ခင်ဗျာ၊ ရိုးရိုးဘဲ။ ဒါထက် သူ့စာအုပ်ထဲမှာ ဘာတွေများ တွေ့သလဲဆရာကြီး"

နုပ်။ ။"များများကြီးမဖတ်ရသေးလို့ နှစ်ချက်ဘဲ ကျွန်တော် တွေ့ရသေးတယ်"

ပ။ ။"ကြားပါရစေ ဆရာကြီး"

နုပ်။ ။"နှစ်ချက်တွေ့တယ် ဆိုတာကလဲ ဒီလိုပါ။ သူ့အာဘော်တွေကို ကျွန်တော် ဖတ်မကြည့်ရသေးပါဘူး။ ကျွန်တော့်စာအုပ်နဲ့ အခြားတရားဂိုဏ်းဆရာတွေကို သူက ဝေဘန်ထားတဲ့ အချက်နှစ်ချက်ကို ကျွန်တော်က ဖြေရှင်းပြချင်လို့ပါဘဲ"

ပ။ ။"ဆရာကြီးရဲ့ စာအုပ်အကြောင်းကို ထားပါဦး။ ကျွန်တော့် ဆရာတော်ကို ဘယ်လိုများ ဝေဘန်ပါသလဲခင်ဗျာ"

နုပ်။ ။"ဒါကတော့ မဟာစည်ဆရာတော် တပါးထဲ မဟုတ်ဘူးဗျ၊ အားလုံး တရားဂိုဏ်းတွေနဲ့ သက်ဆိုင်ပါတယ်"

---

## ပုဂံစာအုပ်တိုက်

ဒု။ ။"မင်းကွန်းတို့၊စွန်းလွန်းတို့၊ဆရာသက်တို့၊ မိုးညှင်းတို့၊ ကြောင်ပန်းတို့ အားလုံးပါရောလား ခင်ဗျာ"

နုပ်။ ။"ဟုတ်ပါတယ်၊ သူ့အဆိုက ဒီလိုဗျ။ ဒီခေတ်မှာ တရားပြကြတဲ့ ဆရာတွေဟာ၊ နည်းကလေးတနည်းဘဲ ပြတတ်ကြတယ်တဲ့။ သူ့နည်းတခုမှတပါး ဒိပြင်နည်းကို မပြတတ်ကြဘူးတဲ့။ ပေါက်ချင်ပေါက် မပေါက်ချင်ချင်နေ ဒီတနည်းဘဲ ပြတတ်ကြတယ်တဲ့။ ဖြစ်သင့်တာကတော့ ဘယ်ယောဂီဟာ ဘယ်နည်းနဲ့ သင့်တော်တယ် ဆိုတာကို ဆရာလုပ်တဲ့လူက ချင့်ချိန်ပြီး သင့်တော်တဲ့နည်းကို ရွေးချယ်ပြသထိုက်တယ်တဲ့ခင်ဗျ"

ဒု။ ။"ပြတတ်ရင် ကောင်းသားပေါ့ဆရာကြီး"

နုပ်။ ။"ပြတတ်လှချေပေါ့ခင်ဗျာ။ သူကဖြင့်စာအုပ်ထဲမှာနည်းပေါင်း ဘယ်လောက် ပြသွားတယ်မဆိုနိုင်ဘူး။ တော်တော်များများဟန်တူတယ်"

ဒု။ ။"နည်းပေါင်းလေးဆယ်ဘဲ ပြလို့ထားထားခင်ဗျာ၊ ဘယ်သူဟာ ဘယ်နည်းနဲ့ သင့်တော်တယ်ဆိုတာ ဘယ်သူက ဆုံးဖြတ်နိုင်သတုန်း။ ပုဂ္ဂိုလ်၏ စရိုက်နဲ့တကွ သိမြင်ပြီး သင့်တော်တဲ့ ကမ္မဋ္ဌာန်းကို ရွေးပေးနိုင်တယ် ဆိုတာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့ရဲ့ အရာပါကလား ဆရာကြီး။ ရှင်သာရိပုတ္တရာတောင် တတ်နိုင်တဲ့အလုပ်မဟုတ်ပါဘူးခင်ဗျာ"

နုပ်။ ။"သူဆိုချင်တဲ့သဘောကတော့ သူ့စာအုပ်ထဲမှာနည်းအမျိုးမျိုး ပြထားတယ်။ ယောဂီက ကိုယ့်ဟာကိုယ် ကြည့်ရွေးဘို့ ဆိုလိုဟန်တူပါတယ်"

ဒု။ ။"ဒီလိုဆိုလဲ ဟုတ်ပါစေတော့ခင်ဗျာ"

နုပ်။ ။"ဘာ့ကြောင့် ဟုတ်ပါစေရမှာလဲခင်ဗျ။ ကျွန်တော်က ဒီအချက်ကိုဘဲ အလေးပေးပြီး ဝေဘန်ချင်တယ်"

ဒု။ ။"ကြားပါရစေဆရာကြီးရယ်"

နုပ်။ ။"ကျွန်တော်တို့ဗမာပြည်မှာ အစဉ်အလာတခု ဖြစ်နေတာက ကျမ်းပြုဆရာတွေဟာ ဟိုပါဠိတော်တွေဖတ်၊ ဒီအဋ္ဌကထာဖတ်၊ ဟိုဋီကာဖတ်၊ ပြီးတော့မှ မိမိက တမျိုးတမည် ဟိုလိုဒီလိုချဲ့ပြီး ကျမ်းတစောင်တဖွဲ့ ပြုကြတာကများတယ်"

ဒု။ ။"ဒီတော့မှ လူတွေနားလည်ကြမယ် မဟုတ်ဘူးလား ဆရာကြီးရယ်"

နုပ်။ ။"နားလည်ကြတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် သာမန် နားလည်ကြရုံကလေးလောက်နဲ့ ပြီးနေခဲ့ကြတာဘဲ"

ဒု။ ။"သုတမယဉာဏ်ပေါ့ဆရာကြီးရယ်"

နုပ်။ ။"မင်္ဂအခြေ ဖိုလ်အခြေ မဖြစ်စေနိုင်ဘူးခင်ဗျာ"

ဒု။ ။"သုတမယဉာဏ်ပေါ် အခြေတည်ပြီး အထက်ကို တက်လှမ်းရတယ်မဟုတ်ဘူးလားခင်ဗျာ"

နုပ်။ ။"ဗမာပြည်မှာ ဟိုတုန်းက ဆရာတော် ဘယ်နှစ်ပါး၊ လူဘယ်နှစ်ယောက်များ တက်လှမ်းသွားခဲ့ဘူးတယ်လို့ ကြားရဘူးသလဲခင်ဗျာ"

ဒု။ ။"ဟိုတပါး ဒီတပါးလောက် ကြားဘူးတာပါဘဲ။ ဒီဟာ ဘာ့ကြောင့်လို့ ဆိုချင်ပါသလဲခင်ဗျာ"

နုပ်။ ။"မိမိကိုယ်တိုင် အားထုတ်ပြီးမှ ကိုယ်တွေ့တဲ့တရားကို တင်ပြတာမဟုတ်ဘဲနဲ့ ကျမ်းစာထဲကဟာတွေ ကူးချပြီး ရိုက်ထုတ်နေခဲ့ကြလို့ပေါ့ခင်ဗျ"

ပ။ ။"မဟာစည် ဆရာတော်ကကော့ သူကိုယ်တိုင် အားထုတ်ပြီးမှ သူ့အမြင်ကို တင်ပြတာမဟုတ်လား ဆရာကြီး"

နုပ်။ ။"မဟာစည် ဆရာတော်ကတော့ ဟုတ်ပါပေတယ်။ စာအုပ် ဒုတိယတွဲ အခန်း ၅-ကို ကျွန်တော်ဖတ်ရလို့ မင်းဝံတောင်ရိုးသွားပြီး ကျွန်တော်အားထုတ် စမ်းကြည့်ခဲ့တယ်မဟုတ်လား"

ဒု။ ။"စာကိုဖတ်ကြည့်ရင် လက်တွေ့ရေးတာလား စာတွေ့ရေးတာလားလို့ ဆရာကြီးက သိနိုင်သလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်တို့ဗမာပြည်မှာ ဒါလောက်ကိုတောင် သိဘတ်တဲ့လူ တော်တော်ရှားတယ်ဗျ။ စာတတ်တဲ့ နာမည်ကျော် ဆရာတော်ကြီးတပါးက ဉာဏ်ကောင်းကောင်းနဲ့၊ ကျမ်းဂန်တွေထဲက ဆွဲထုတ်တင်ပြ လိုက်တယ်ဆိုရင် ဒီဆရာတော်ကြီးဟာ အရိယာပုဂ္ဂိုလ်ကြီးဘဲ၊ လက်တွေ့ရေးတာဘဲလို့ ဝိုင်းပြီး ထင်ကုန်ကြတော့တာဘဲ"

ဒု။ ။"ဆရာကြီးကတော့ လက်တွေ့ဟုတ်မဟုတ် သိနိုင်တယ်ပေါ့လေ"

နုပ်။ ။"သိနိုင်တဲ့နည်းတွေ အများကြီးရှိပါတယ်ဗျာ"

ဒု။ ။ "တခုလောက်ပြောပြပါဆရာကြီး"

---

နုပ်။   ။"အရိယာဘုံသွား ဥာဏ်လှေခါး ကျမ်းပြုဆရာက အခြား ဆရာများဟာ နည်းတခုသာပြတတ်တယ်၊ သူကတော့ နည်းမျိုးစုံအောင် ပြတတ်တယ်လို့ ဆိုထားတယ်မဟုတ်လား။ ဒီစကားဘလုံးထဲနဲ့ လက်တွေ့ မဟုတ်နိုင်ဘူးလို့ ကျွန်တော်သိလိုက်ရပြီ"

ဒုံ။   ။"ဘယ်လိုလဲဆရာကြီး"

နုပ်။   ။"ခင်ဗျားတို့ စဉ်းစားကြည့်လေ။ သူ့နည်းတွေနဲ့ သူ့ဟာသူ အားထုတ်လို့ ပေါက်ရောက်ပြီဆိုရင် အရိယာ ဘယ်နှစ်ထပ်ဖြစ်နေပြီလဲ။ မဂ်က ၄ မဂ်ရှိတယ်။ သည်ပုဂ္ဂိုလ်ဟာ အရဟတ္တဖိုလ်ထက် ဘယ်နှစ်ပြန် လွန်နေပြီလဲ မဆိုနိုင်ဘူး"

ဒုံ။   ။"ဒီတော့ ဘယ်လိုယူဆရမှာလဲ ဆရာကြီး"

နုပ်။   ။"သူ့နည်းတွေဟာ သူကိုယ်တိုင် အားထုတ်လို့ ပေါက်ရောက်ဖူးတဲ့နည်းတွေ မဟုတ်နိုင်ဘူး။ ကျမ်းဂန်တွေထဲကကူးချပြီး တဆိတ်တပေါက် အကျယ်ချဲ့ထားခြင်း ဖြစ်ရမှာပေါ့"

ဒုံ။   ။"ဆရာကြီးကော ကျမ်းဂန်ထဲကနည်းဘဲ မဟုတ်လားခင်ဗျာ"

နုပ်။   ။"ခက်ရပလေဗျာ၊ ဗုဒ္ဓရဲ့နည်းပေါ့ဗျ။ ကျွန်တော် ဘယ်က ထွင်နိုင်ပါမလဲ။သို့သော် ကိုယ်အားထုတ်လို့ ကိုယ့်အမြင်ကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အဖြစ်ဟာလဲ ကျမ်းဂန်နဲ့တိုက်ကြည့်လို့ မကိုက်ဘူးဆိုရင် ကျွန်တော်မှားတာပေါ့ ခင်ဗျ"

ဒုံ။   ။"ရှေးက ဆရာတော်ကြီးတွေ ပြုစုခဲ့တဲ့ ကျမ်းကြီးတွေထဲမှာကော လက်တွေ့သဘောမပါဘူးလား ဆရာကြီး"

နုပ်။   ။"ပေါက်ရောက်ဘူးတဲ့ ပုဂ္ဂိုလ်များ မရှိတော့ဘူးလို့တော့ ကျွန်တော်မဆိုလိုပါဘူး။သို့သော် အင်မတန် ကျမ်းဂန်တတ်ပြီး ဉာဏ်သွားတဲ့ အဋ္ဌကထာဆရာကြီး ရှင်ဗုဒ္ဓဃောသ အရှင်သူမြတ်ရဲ့ အဋ္ဌကထာမှာတောင် ကိုယ်တိုင်အားထုတ်လို့ သူ့အမြင်ကိုတင်ပြတဲ့ သဘောမျိုး မတွေ့ရဘူး ခင်ဗျ"

ဒုံ။   ။"ဆရာကြီး ဘာကြောင့် သိနိုင်သလဲ"

နုပ်။   ။ကျွန်တော် ကိုယ်တိုင်အားထုတ်ဖူးလို့ သိနိုင်တာပေါ့ ခင်ဗျာ"

ဒုံ။   ။"အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တိုင်းကော သိနိုင်သလား ဆရာကြီး"

---

ပုဂံစာအုပ်တိုက်

နုပ်။ ။"ဒါကတော့ အရိယာဖြစ်စေဦးတော့၊ တယောက်နဲ့တယောက် ဘဝဘဝက ပညာပါရမီချင်း၊ စဉ်းစားဉာဏ်ချင်း၊ အတွေးအခေါ်ချင်း၊ အယူအဆချင်း မတူကြပေဘူး ခင်ဗျ။ ကျွန်တော့် ကိုယ် ကျွန်တော် အရိယာဘဲလို့ ပြောသေးတာ မဟုတ်ဖူးနော်"

ပ။ ။"ကျွန်တော့် ဆရာတော်ကို ဓမ္မန္တရာယ်တို့ ဘာတို့ စွပ်စွဲထား တာတွေကော သူ့စာအုပ်ထဲမှာ ဘာများ အကြောင်း ပြထား သေးသလဲ ဆရာကြီး"

နုပ်။ ။"အဲဒီအကြောင်းတွေကို ကျွန်တော် စေ့စုံအောင် မဖတ်ရသေး ဘူးဗျ"

ပ။ ။"ဆရာကြီးရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်အကြောင်းကော၊ ဘယ်လို ရေးထားတာတွေသေးသလဲ ခင်ဗျာ"

နုပ်။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းဟာ စိတ္တာနုပဿာမဟုတ်ဘူးတဲ့ ခင်ဗျ။ ဒါ ကြောင့် နာမည်ပေးပုံ မှားတယ်တဲ့ ခင်ဗျ"

ပ။ ။"နို့ ဟုတ်သလား ခင်ဗျာ"

နုပ်။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ဟာ စိတ္တာနုပဿနာနည်း ပါဘဲလို့ ကျွန်တော်မရေးခဲ့ပါဘူးဗျာ"

ပ။ ။"ဘယ်လိုရေးဘူးသလဲ ဆရာကြီး"

နုပ်။ ။"ကျွန်တော်က ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်းအရ အားထုတ်ရင်း ကျွန် တော်ရဲ့ အမြင်အတွေ့ကို တင်ပြခဲ့ပါတယ်။ ဥပမာ မြင်ကာမတ္တ၊ ကြားကာ မတ္တဖြစ်စေရအောင် သတိစောင့်ပြီး ပစ္စုပ္ပန် တည့်တည့်အပေါ်မှာ ထားလိုက် တဲ့ အခါကျတော့၊ မြင်ရတဲ့ အဆင်းအပေါ်မှာဖြစ်စေ ကြားရတဲ့ အသံပေါ် မှာဖြစ်စေ ရောက်သွားနိုင်တယ်။ ဒီလိုဆိုရင် ရုပ် (ဝတ္ထု) ကို အာရုံပြုရာ ရောက်တဲ့အကြောင်း၊ သို့တည်းမဟုတ် မြင်နေတဲ့ စက္ခုဝိညာဏ် စိတ်ကို ဖြစ်စေ၊ကြားနေတဲ့ သောတဝိညာဏ် စိတ်ကိုဖြစ်စေ၊ အာရုံလျက် ဖြစ်နိုင်တဲ့ အကြောင်း၊ ကျွန်တော့်မှာတော့ စိတ်ကို အလေးပေးပြီး အလုပ်လုပ်တဲ့ အလေ့အကျင့်ရှိလေတော့ အဆင်းတို့ အသံတို့ ဆိုတာတွေကို အာရုံမပြုမိဘဲ မြင်စိတ်ဖြစ်နေပုံ၊ကြားစိတ်ဖြစ်နေပုံ အစရှိသည်တို့ကို အာရုံပြုမိတတ်ကြောင်း၊ မြင်စိတ်ဖြစ်လိုက် ကြားစိတ်ဖြစ်လိုက် နံစိတ်ဖြစ်လိုက် တလှည့်စီ ဖြစ်ချည်

ပျောက်ချည် အပြောင်းအလဲတွေကို ဉာဏ်ထဲမှာပေါ်လာတတ်ကြောင်း၊ စိတ်ကိုအလေးပေးပြီး အာရုံပြုတတ်၊ စောင့်ကြည့်တတ်ဘဲ့ အလေ့အကျင့်ရှိလေတော့ ကျွန်တော့်အဘို့မှာတော့ စိတ္တာနုပဿနာ အလုပ်မျိုး ဖြစ်နေကြောင်းကို ကိုယ်တွေ့အနေနဲ့ တင်ပြဘူးခြင်းဖြစ်ပါတယ်။ ဒီဟာမှားသလား ခင်ဗျာ”

ဒု။ ။“ကိုယ်တွေ့ဘာ ကိုယ်ရေးတာ ဘယ်ကလာ မှားမလဲဆရာကြီး”

နုပ်။ ။“လုပ်ပုံလုပ်နည်းကိုယ်နိုက်က မှားနေတယ်ဆိုရင်လဲ ဘယ်လိုပြောမလဲလို့ ကြားချင်ပါတယ်”

ဒု။ ။“သူပြောတာကြားရရင် ဆရာကြီးက ပြင်ပြီး လုပ်မလို့လား”

နုပ်။ ။“ဒီလိုတော့ ဘယ်ဟုတ်မလဲခင်ဗျာ။ သူ့လုပ်နည်း အရတော့ ဘယ်လိုဘယ်လိုဉာဏ်အမြင်တွေများ တိုးတက်လာတယ်ဆိုတာ သိချင်လို့ပေါ့ခင်ဗျာ”

ပ။ ။“ဒီပုဂ္ဂိုလ်ကသူ့ကိုယ်တိုင် ဘယ်လိုလုပ်လို့ ဘယ်လိုဖြစ်တယ်ဆိုတာ ဘာမှပြစရာရှိမှာမဟုတ်ပါဘူး။ စာတွေကြည့်ပြီး ကြံဖန်ရေးနေတာနဲ့ တူပါတယ်”

နုပ်။ ။“ခင်ဗျားကတော့ မဟာစည်ဆရာတော်ကို ဝေဘန်ထားတာနဲ့ အထင်မကြီးတော့ဘူးပေါ့”

ပ။ ။“အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ကို ဝေဘန်ရက်ထာများတော့ နစ်နာတယ် ခင်ဗျာ”

နုပ်။ ။“လိုရင်းတခု ကျွန်တော် ပြောချင်ပါတယ်။ ဘယ်နည်းနဲ့ဘဲ အားထုတ်အားထုတ် ဘယ်ဉာဏ်ဆိုက်တယ် ဘယ်မဂ်ဆိုက်တယ်လို့ ဆိုချင်ဆို၊ လောကဓံနဲ့ တိုက်ခိုက်တဲ့အခါမှာကိုယ့်မှာ နှလုံးသွင်း တရားလက်ကိုင်ရှိမရှိ၊ လက်ကိုင်ရှိတယ်ဆိုတဲ့ နှလုံးသွင်းတရားကို ဆင်ခြင်လိုက်တဲ့ အခါမှာ သက်သာရာရမရ၊ အဲဒါအရေးကြီးတယ်ခင်ဗျ”

ဒု။ ။“မတုန်မလှုပ်ဆိုတာမျိုးလားခင်ဗျာ”

နု။ ။“အဲဒါမျိုးကတော့၊ အာသဝေါကင်းပြီးတဲ့ ပုဂ္ဂိုလ်မျိုးအတွက် ကိုးခင်ဗျ။ ဒီအောက်မှာလဲ ကိုယ့်အဆင့်ကလေးနဲ့ ကိုယ်၊ ခံနိုင်ရည်ရှိရပေလိမ့်မယ်။ ဘယ်လောက်ကြာကြာမေ့ပြီး၊ လစ်နေနိုင်တယ်ဆိုပေမင့်၊ လောကဓံ

နဲ့တွေ့တဲ့အခါကျတော့ မျက်လုံးပြူးပြီးရင်ထဲက ပူလောင်နေရင် ဟန်မကျသေးဘူးလို့ ကျွန်တော်ဆိုချင်တယ်။ ဒါမှသန္နိဋ္ဌာနကောကိုးခင်ဗျ။ ဝိပဿနာအလုပ်စစ်မှန်ရင် မင်္ဂဆိုက် ဖိုလ်ဆိုက် မဆိုထားနဲ့ ဥဒယဗ္ဗယဉာဏ်စစ်စစ်လောက်ရတယ်ဆိုရင်ဘဲ တော်တော်ခံနိုင်ရည်ကလေးရှိသင့်တယ်ခင်ဗျ"

ဒု။ ။"ဆရာကြီး စာတွေကိုဖတ်ပြီး အလုပ်လုပ်ကဲ့လူတွေထဲက၊ တော်တော်ခံနိုင်ရည် ရှိကုန်ကြပြီတဲ့လား"

နုပ်။ ။"အလုပ်လုပ်တဲ့လူ မဆိုထားနဲ့ အကြိမ်ကြိမ် အထပ်ထပ်ဖတ်ပြီး သဘောပေါက်အောင် ဆင်ခြင်သုံးသပ် တာလောက်နဲ့တောင်၊ တော်တော်ခံနိုင်ရည်ရှိတဲ့လူတွေ ပေါ်ထွက်ကုန်ပါပြီခင်ဗျာ"

ပ။ ။"ဆရာကြီး စာတွေကိုဖတ်တော့ ဘာတွေသဘောပေါက်သတဲ့လဲခင်ဗျာ"

နုပ်။ ။'စိတ်အကြောင်း သဘောပေါက်ကြတာပေါ့ခင်ဗျာ။ စိတ်အကြောင်းကို ယထာဘူတကျကျသိ၊ တိုး၍တိုး၍သိ၊ အဆုံးတိုင်သိတဲ့အဖြစ်ရောက်တော့ အထွတ်အထိပ်ဆိုတဲ့ သန္တိသုခကြီးနဲ့တွေ့ရမှာပေါ့ခင်ဗျာ"

ပ။ ။"စဉ်းစားရုံနဲ့ရသလားဆရာကြီး"

နုပ်။ ။"အလွတ်စဉ်းစားလို့တော့ မရဘူးဗျ။ အနောက်တိုင်း ဆိုက်ကော်လိုဂျီ ဖြစ်သွားလိမ့်မယ်။ ပစ္စုပ္ပန်တည့်တည့် စောင့်ကြည့်ပြီး ဆင်ခြင်သုံးသပ်ရမယ်။ အနိစ္စ၊ အနိစ္စလို့ ရွတ်နေဘို့ ပုတီးစိပ်နေဘို့မလိုဘူး။ သဘောကိုမြင်ပြီး ဉာဏ်ပေါ်လာရမယ်"

ဒု။ ။"ဒါဖြင့် 'ဉာဏ်လှေခါး' စာအုပ်က ဆိုထားတဲ့ နာမည်ပေးမှားတယ်ဆိုတာကော ဘယ်လိုလဲ ခင်ဗျာ"

နုပ်။ ။"မှားတယ်လို့တော့ ကျွန်တော် မထင်ပါဘူး။ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အတိုင်း အားထုတ်ရင်း စိတ်အကြောင်း ကျွန်တော်လိုက်သွားပြီးကျွန်တော့်အမြင်ကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒီနည်းဟာအတော်အတန်လူ မဖြစ်နိုင်ဘူး။ အင်မတန် ဉာဏ်ထက်မြင်မှ ပါရမီရင့်ကျက်မှ ဖြစ်နိုင်တယ် ဆိုတာကတော့ သူ့ကိုယ်တိုင်စမ်းကြည့်လို့ မဖြစ်နိုင်ကြောင်း တွေ့တဲ့အတွက် ရေးတယ်ဆိုရင်တော့ ရေးပါတော့ ခင်ဗျာ။ သူ့ကိုယ်သူ ပါရမီ

နေကြောင်း ဝန်ခံထားရာ ရောက်တာပေါ့။ စမ်းသပ်လဲ မကြည့်ဘဲနဲ့ ရေးရင်တော့ ဖျက်လိုဖျက်ဆီး ရေးခြင်းဖြစ်တယ်လို့ စွပ်စွဲရုံ ရှိတာဘဲ ခင်ဗျာ"

ဒု။ ။"ကျွန်တော် တခု မေးပါစေ ဆရာကြီးရယ်"

နုပ်။ ။"မေးပါ ခင်ဗျာ"

ဒု။ ။ "ရှင်ဗုဒ္ဓဃောသရဲ့ ဝိသုဒ္ဓိ ၇- ပါးကို ဆရာကြီးက ဝေဘန်ဘူးတယ်ဆို"

နုပ်။ ။"ကျွန်တော်က ဝိသုဒ္ဓိ ၇-ပါးကို ဝေဘန်ခြင်း မဟုတ်ပါဘူး။ အချို့ပုဂ္ဂိုလ်များ အဓိပ္ပာယ် ကောက်ယူပုံကို မကျေနပ်ကြောင်း ရေးဘူးခြင်းဖြစ်ပါတယ်"

ဒု။ ။"ဘယ်လိုလဲ ဆရာကြီး"

နုပ်။ ။"ဝိသုဒ္ဓိ ၇-ပါးမှာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသဖြင့် ဖော်ပြထားတယ် မဟုတ်လား"

ဒု။ ။"ဟုတ်ပါတယ် ခင်ဗျာ"

နုပ်။ ။"မြန်မာပြည်မှာ ဆရာတော် အစဉ်အဆက် ယူဆ လာကြတာကတော့ မဂ်ဖိုလ်နိဗ္ဗာန် အတွက် အားထုတ်တော့မယ်ဆိုတဲ့ ယောဂီ တယောက်သည် ရှေးဦးစွာ သီလကို စင်ကြယ်အောင် ပြုလုပ်ရမယ်။ သီလမစင်ကြယ်ဘဲနဲ့ ဝိပဿနာအလုပ်မျိုး မတက်လှမ်းသင့်ဘူး။ သီလစင်ကြယ်ပြီ ဆိုတော့မှ ရှေ့ကိုတဆင့် စိတ္တဝိသုဒ္ဓိခေါ်တဲ့ သမာဓိအလုပ်မျိုးကို တက်လှမ်းရယ်။ ပြီးတော့မှ ဒိဋ္ဌိဝိသုဒ္ဓိ ဘာဘာ ညာညာ အစရှိတဲ့ ဝိသုဒ္ဓိတွေကို တက်လှမ်းရမယ်။ အဲဒီလို ယူဆကြတယ်"

ဒု။ ။"ဒါဟုတ်တာပေါ့ ဆရာကြီး"

နုပ်။ ။"သီလစင်ကြယ်ပြီဆိုးတော့မှ ဝိပဿနာအလုပ်မျိုးကိုလုပ်ရမယ်ဆိုရင် လူတယောက်ဟာ သီလစင်ကြယ်တယ်၊ မစင်ကြယ်ဘူး ဆိုတာကိုဘယ်လိုလုပ်ပြီး သိနိုင်သလဲ။ တောထဲမှာ တယောက်ထဲ သွားပြီး တနှစ်လောက်နေလိုက်တယ်ဆိုရင် သီလ ဖောက်ဖျက်စရာ လူသတ္တဝါမရှိလို့ မို့ဒီတနှစ်အတွက်တော့ သီလ လုံခြုံတယ်လို့ ဆိုရမှာဘဲ။ ဒါဖြင့် ဒီလူဟာ တယောက်ထဲနေလို့ သီလရှိတဲ့လူတယောက်လို့ခေါ်ဆိုနိုင်ပြီထားဦး။ လူတွေ

ထဲပြန်ရောက်လို့ အမှုနဲ့ ရင်ဆိုင်ရတဲ့အခါကျတော့ သီလ လုံခြုံလိမ့်မယ်လို့ ဘယ်သူကတာဝန်ယူနိုင်သလဲ"

ဒု။ ။"ဆရာကြီးက သီလဟာ အရေးမကြီး ဘူးလို့ ဆိုချင် သလား ခင်ဗျာ"

နုပ်။ ။"ကျွန်တော်က ဒီလို မဆိုချင်ပါဘူး။သို့သော် ခင်ဗျားတို့ အယူအဆမှားနေပုံကိုရှင်းပြချင်လို့ပါ။ သီလလုံခြုံမှ တရားအားထုတ်ရမယ်ဆိုရင် ဘယ်လိုကိစ္စမျိုးနဲ့ ရင်ဆိုင်ရသည်ဖြစ်စေ တသက်ပတ်လုံး သီလလုံခြုံတယ်ဆိုတဲ့ ပုထုဇဉ်ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိသလဲ"

ဒု။ ။"ရှိချင်ရှိမှာပေါ့။ ဆရာကြီးသိနိုင်သလား"

နုပ်။ ။"ဒါဖြင့်ဒီပုဂ္ဂိုလ်ဟာ အလောင်းတော်ထက် သာပေတာပေါ့။ အလောင်းတော်ကိုယ်တိုင် ဗျာဒိတ်ခံပြီးလို့ ပါရမီ ဖြည့်တော်မူတဲ့ အချိန်အတောအတွင်းမှာ အပါယ်လေးပါးကို ဘယ်နှစ်ကြိမ်ကျခဲ့သလဲ။ အပါယ်ကျတယ်ဆိုတာ သီလဖောက်ဖျက်လို့ဘဲ မဟုတ်ဘူးလား။ အလောင်းတော်ရင့်မကြီးတောင်မှ မတတ်နိုင်တဲ့ကိစ္စမျိုးကို တရားအားထုတ်မယ်လို့ ကြံစည်ခါရှိသေးတဲ့ လူတယောက်က ဘယ့်နှယ်လုပ်ပြီး တတ်နိုင်ပါမလဲဗျ။ ခင်ဗျားတို့စဉ်းစားကြည့်ပါ။ ဒီလောကသီလကို စိတ်ချလက်ချ လုံခြုံပြီးတဲ့ နောက်မှ၊ တရားအားထုတ်သင့်တယ်၊ ဝိပဿနာအလုပ်ကို လုပ်သင့်တယ်ဆိုရင် တရားအားမထုတ်ကြနဲ့လို့ ဆိုတာနဲ့ အတူတူဘဲပေါ့ ခင်ဗျာ"

ဒု။ ။"ဒါဖြင့် သီလလုံတဲ့လူမရှိနိုင်တော့ဘူးလားခင်ဗျာ"

နုပ်။ ။"ပုထုဇဉ်အနေနဲ့ စိတ်ချလက်ချလုံတဲ့လူရှိနိုင်တယ်လို့ ကျွန်တော်မယုံကြည်ဘူး။ ဒီကနေ့လုံပေမင့် နက်ဖြန်ကာ လုံချင်မှလုံမယ်။ စိတ်ချလက်ချ ဆိုတာကတော့ ပုထုဇဉ်မဆိုထားနဲ့ သောတာပန်ပုဂ္ဂိုလ်တောင် စိတ်ချရတာ မဟုတ်သေးဘူး။ ဒါကြောင့် 'ကိဥ္စာပိသော ကမ္မံ ကရောတိ'လို့ ဗုဒ္ဓဟောတော်မူခဲ့တယ်မဟုတ်လားခင်ဗျာ။ ဒါတင်မကပါဘူး။ နိကာယ်ကျမ်းကြီးတွေထဲမှာ လေးငါးနေရာတောင် ကျွန်တော် ထုတ်ပြခဲ့ဘူးပါပြီ။ သို့သော် ယခုပြောချင်တာက သောတာပန်အကြောင်း မဟုတ်ပါဘူး။ ထားလိုက်ကြပါစို့"

ဒု။ ။"ဆရာကြီးက သီလလုံခြုံမှ ဝိပဿနာအလုပ် လုပ်ထိုက်တယ်ဆိုတဲ့ အယူဟာ မှားတယ်လို့ ဆိုရင် ဝိသုဒ္ဓိ ၇-ပါးကို ဘယ်လိုအဓိပ္ပာယ် ကောက်ယူရမှာလဲဆရာကြီး"

နုပ်။ ။"ဝိသုဒ္ဓိ ၇-ပါးက ဝိပဿနာအလုပ်ကို နည်းနာကျကျအားထုတ်တဲ့ ယောဂီရဲ့စိတ်ဖြစ်စဉ်ကို ဖော်ပြခြင်းဖြစ်တယ်လို့ ယူဆမှ ယထာဘူတကျမယ်ခင်ဗျ"

ဒု။ ။"ရှင်းပါဦးဆရာကြီးခင်ဗျာ"

နုပ်။ ။"ဝိပဿနာ အလုပ်ဆိုတာ သတိပဋ္ဌာန် အလုပ်ဘဲလို့ ဆိုရင် ခင်ဗျားလက်ခံတယ်မဟုတ်လား"

ဒု။ ။"လက်ခံပါတယ်ခင်ဗျာ"

နုပ်။ ။"ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာဗောဇ္ဈင် ၇-ပါးလို့ရှိတယ် မဟုတ်လား"

ဒု။ ။"ရှိပါတယ်ခင်ဗျာ"

နုပ်။ ။"သတိပဋ္ဌာန် လေးပါးအနက်မှ တပါးပါးကိုအားထုတ်တဲ့အခါမှာ ဗောဇ္ဈင် (၇)ပါးနဲ့ ညီစေရမယ်ဆိုတာကော လက်ခံတယ် မဟုတ်လား ခင်ဗျာ"

ဒု။ ။"လက်မခံလို့ ဘယ့်နှယ်ဖြစ်မလဲခင်ဗျာ။ ဘုရားဟောဘဲ"

နုပ်။ ။"ဘုရားဟောဆိုပေမယ့် ခင်ဗျားတို့လိုစာသမားတွေက တရားအားထုတ်ရေးနဲ့ပတ်သက်ပြီး ပြောကြတဲ့အခါကျတော့ ဘုရားဟောတော်မူခဲ့တဲ့ဗောဇ္ဈင်တရားထက် ရှင်ဗုဒ္ဓဃောသဟောတဲ့ အဋ္ဌကထာထဲက ဝိသုဒ္ဓိ ၇-ပါးကိုပိုပြီးအလေးပေးတတ်ကြလွန်းလို့ မေးရခြင်းဖြစ်ပါတယ် ခင်ဗျာ"

ဒု။ ။"ဝန်ခံပါတယ် ဆရာကြီး။ ဝိသုဒ္ဓိ ၇-ပါးကို ပိုပြီးအလေးပေးပြောလဲ့ပုဂ္ဂိုလ်ကများပါပေတယ်"

နုပ်။ ။"ဒီကယဲက ခင်ဗျားတို့ လူစုတွေဟာ လက်တွေ့ လုပ်မစမ်းဘဲနဲ့ စာစကားသက်သက်ပြောပြခြင်းဖြစ်ကြောင်း ထင်ရှားတာဘဲ"

ဒု။ ။"ဘာ့ကြောင့် ထင်ရှားပါသလဲ ဆရာကြီး"

နုပ်။ ။"ခင်ဗျားတို့ကရှေးဦးစွာ သီလဝိသုဒ္ဓိဖြစ်အောင် လုပ်ရဦးမယ်ဆို ပြီး သီလအကြောင်းတွေ ချဲ့ထွင်ပြောဟောနေကြတာနဲ့ ဝိပဿနာအလုပ်လုပ် ရတဲ့ဆီကိုမရောက်ကြတော့ဘူး"

ဒု။ ။"ထားပါတော့ ခင်ဗျာ။ ဗောဇ္ဈင် ၇-ပါးအကြောင်းကို အမိန့် ရှိပါဦး"

နုပ်။ ။"သတိပဋ္ဌာန်လေးပါးအနက်မှ ဂိတ္တာနုပဿနာကိုဖြစ်စေ၊ ကျွန် တော်သဘောကျလှတဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကိုဖြစ်စေ၊ ဗောဇ္ဈင် ၇-ပါးနဲ့ အညီ အားထုတ်တယ်ဆိုပါတော့။ ရှေးဦးစွာ နံပတ် ၁-ဖြစ်တဲ့သတိသမ္ဗောဇ္ဈင် ဆိုတာနဲ့အညီ သတိနဲ့ပြည့်စုံစေရမယ်တဲ့ ခင်ဗျ။ ဟုတ်လား ခင်ဗျာ"

ဒု။ ။"ဟုတ်ပါပြီ ဆရာကြီး"

နုပ်။ ။"မြင်ကာမတ္တာ၊ ကြားကာမတ္တာ၊ နံကာမတ္တ စသည်ဖြင့် ပစ္စုပ္ပန် တဲ့တဲ့အပေါ်မှာချည်း စိတ်ထားနိုင်အောင် သတိကိုမွေးပြီး သတိယှဉ်တဲ့စိတ် မျိုးရှိအောင် လေ့ကျင့်ခြင်းဟာ သတိသမ္ဗောဇ္ဈင်ဘဲ မဟုတ်လားခင်ဗျာ"

ဒု။ ။"မှန်ပါတယ် ဆရာကြီး"

နုပ်။ ။"သတိအကြောင်းကို ဗုဒ္ဓကဘယ်လိုဟောတော်မူသလဲ ဆိုတော့ မကောင်းတဲ့စိတ် မဝင်စေရအောင်ဖြစ်စေ၊ ကောင်းတဲ့စိတ်ကိုသာ လက်ခံဘို့ အတွက်ဖြစ်စေ၊ သတိတရားကဲ့သို့ အရေးပါ အရာရောက်တဲ့ အခြားသော အချင်းအရာတခုကို ငါဘုရားမြင်တော်မမူဘူးတဲ့ ခင်ဗျ"

ဒု။ ။"သဘောကျပါတယ် ဆရာကြီး"

နုပ်။ ။"ကောင်းပြီ။ ဒီတော့ကာ 'သတိ'နဲ့ အစတည်ပြီး လေ့ကျင့်တဲ့ ယောဂီတယောက်အဖို့မှာ သီလဆိုတာ အပျော့ပေါ့ခင်ဗျ။ သီလဆိုတာက ကာယကံမှုနဲ့ ဝစီကံမှုလောက်သာ ဆိုင်ပါတယ်။ သတိသမ္ဗောဇ္ဈင်နဲ့ပြည့်စုံ တဲ့ ယောဂီတယောက်ဟာကတော့ မကောင်းမှုဆိုရင် မနောကံတောင်လုံနိုင် ပါတယ်လို့ ဗုဒ္ဓဟောတော်မူတယ် မဟုတ်ဘူးလား ခင်ဗျာ"

ဒု။ ။"ဒါဖြင့် သီလ လုံအောင် တခြား လုပ်နေဘို့ မလိုဘူး ပေါ့ ဆရာကြီး"

နုိ်ပ်။ ။"ဘယ်ကလိုမှာလဲခင်ဗျ။ အသီးတရာ အညွာတခုဆိုတဲ့စကားလိုပေါ့။ သတိဆိုတဲ့အညွာက ကိုင်ဖမ်းထားလိုက်ရင် မကောင်းတဲ့ အကုသိုလ်စိတ်တွေ မဝင်နိုင်ဘူးခင်ဗျ။ ဝင်ရင်လဲ ချက်ချင်း သိတော့တာဘဲ"

ဒု။ ။"လစ်သွားတဲ့အခါမှာ သီလ မဖောက် ဖျက်တတ် ပေဘူးလားဆရာကြီး"

နုပ်။ ။"ဒါကတော့ သတိလစ်တဲ့အပြစ်ကိုခင်ဗျ။သီလကို တသီးတခြားလုံအောင် လုပ်နေဘို့ မလိုတဲ့အကြောင်း ကျွန်တော် ပြောပြခြင်း ဖြစ်ပါတယ်"

ဒု။ ။"ဒါဖြင့်ရင် ရှင်ဗုဒ္ဓဃောသရဲ့ ဝိသုဒ္ဓိ ၇-ပါးဆိုတာ အပိုဘဲလားခင်ဗျာ"

နုပ်။ ။"အပိုဘဲလို့တော့ မဆိုလိုဘူး။ စာပေသမားတွေ အဓိပ္ပာယ်အကောက်အယူ ချွတ်ချော်နေတယ်လို့တော့ ဆိုလိုပါတယ်"

ဒု။ ။"ဘယ်လိုချွတ်ချော်သလဲ ဆရာကြီး"

နုပ်။ ။"ရှင်ဗုဒ္ဓဃောသက တရား အားမထုတ်မီ သီလဖြူစင်အောင် အကြာကြီး လုပ်နေရမယ် ဆိုလိုဟန် မတူဘူး။စစ်မှန်တဲ့ သတိပဋ္ဌာန်အလုပ်ကို လုပ်တယ်ဆိုရင် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ အစရှိတဲ့ စင်ကြယ်ခြင်း အမျိုးမျိုးတွေဟာ တခုပြီးတခု ဆင့်ကဲဆင့်ကဲ လိုက်လာကြလိမ့်မယ်လို့ ဆိုလိုခြင်း ဖြစ်ရမယ်"

ဒု။ ။"ဒီလိုဆို ကျွန်တော်တို့တတွေ ယူထားကြတာက ရှေ့နောက်မှားနေတာပေါ့ ဆရာကြီး"

နုပ်။ ။"ဟုတ်ကဲ့ အကြောင်းအကျိုး မှားနေပါတယ်။ သီလကစပြီး အခြေတည်၊ နောက်ပြီးမှ သမထတက်၊ ဒီလို မယူသင့်ပါဘူး။သတိ သမ္မောဇ္ဈင်နဲ့ စပြီး အခြေတည်လိုက်ရင် သီလတို့ သမာဓိတို့ဆိုတာတွေဟာက အကျိုးတရားအဖြစ်နဲ့ နောက်က လိုက်ရမှာပါခင်ဗျ"

ဒု။ ။"ကျွန်တော် တခု စောဒကတက်ခွင့်ပြုပါ ဆရာကြီး။ အကယ်၍ ရှင်ဗုဒ္ဓဃောသကိုယ်၌က ဆရာကြီးယူဆတဲ့ သဘောမျိုး မရည်ရွယ်ဘဲ ကျွန်တော်တို့ ယူဆသလို အဓိပ္ပာယ်မျိုး ရည်ရွယ်တယ်ဆိုရင်ကော ဆရာကြီး" •

---

နုပ်။ ။"ဒီလိုဆိုရင်တော့ ရှင်ဗုဒ္ဓရဲ့ ကျင့်စဉ်နဲ့ မညီညွတ်တဲ့အတွက် မဂ်အခြေ ဖိုလ်အခြေ ဖြစ်နိုင်ဘို့ ခဲယဉ်းတယ်။ သို့မဟုတ် မဂ်ဆိုက်ဘို့ ခဲယဉ်းတယ်လို့ ဆိုရလိမ့်မယ်"

ဒု။ ။"ရဲလှချေတကား ဆရာကြီး"

နုပ်။ ။"ဗုဒ္ဓရဲ့ ပိဋကတ်တော်နဲ့ စံချိန်ထိုးပြီး ပြောခြင်းဘဲခင်ဗျ"

ဒု။ ။"ဘယ်လိုစံချိန်ထိုးသလဲ ခင်ဗျာ"

နုပ်။ ။"ဗုဒ္ဓဟောတော်မူခဲ့တဲ့ ဗောဓိပက္ခိယတရား ၇-ပါးထဲမှာ ကျင့်စဉ်အဖြစ် စည်းမျဉ်းအဖြစ်နဲ့ အရေး အကြီးဆုံးကတော့ မဂ္ဂင်ရှစ်ပါးနဲ့ ဗောဇ္ဈင် ၇-ပါးဘဲ ခင်ဗျ။ ဘယ်နည်းကို အားထုတ် အားထုတ် သူတို့နဲ့ ကိုက်ညီရဲ့လားလို့ စစ်တမ်းထုတ်ကြည့်တတ်ရမယ်။ရှင်ဗုဒ္ဓဃောသရဲ့ ဝိသုဒ္ဓိ ၇-ပါးထဲမှာ သမ္မာသင်္ကပ္ပမဂ္ဂင် အဘယ်မှာလဲ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဘယ်မှာလဲ၊ ရှာကြည့်စမ်းပါ။ဒီနှစ်ခုက ဉာဏ်အလုပ်ခင်ဗျ။ဝိပဿနာအလုပ်ဆိုတာ သမထအလုပ်မျိုးလို မျက်စိမှိတ်ပြီး နှင်းကန်ထိုင်နေဘို့ မလိုဘူး။ဉာဏ်မျက်စိဖွင့်ပြီး လုပ်ရတဲ့အလုပ်မျိုးဖြစ်ပါတယ်။ ဝိသုဒ္ဓိ ၇-ပါးဘဲဖြစ်ဖြစ်၊ ခုတလော ဟိုဂိုဏ်းဒီဂိုဏ်းတွေမှာ အားထုတ်ကြတဲ့နည်းတွေဘဲဖြစ်ဖြစ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ သော်ရင်း၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်နဲ့ သော်ရင်း၊ ကိုက်ညီရဲ့လားလို့ ကိုယ့်ဟာကိုယ် ညှိနှိုင်းကြည့်ကြဘို့ သတိပေးခဲ့လှပါပြီ။ကျွန်တော် ပြောချင်တာက တရားအားထုတ်တဲ့ယောဂီဟာ နာမ်ရုပ်နဲ့ ပတ်သက်လို့ (သုတေသန) စူးစမ်းတဲ့ သဘောမျိုး မပါဘဲ ဒုံးတိတိ အားထုတ်ကြမယ်ဆိုရင် ပညာစခန်းသို့ မရောက်ဘဲ သတိလစ်လစ်ပြီး မေ့သွားတယ်ဆိုတဲ့ သမာဓိစခန်းမျှလောက်နဲ့ ဇာတ်သိမ်းကြရဘို့ မြင်မိပါတယ်"

ပ။ ။"ဆရာကြီး အခုပြောတာတွေကို နည်းပေါင်း ၄၀-ကျော် ပြနိုင်တယ်ဆိုတဲ့'ဉာဏ်လေ့ခါး'ဆရာတော်ကြားရရင် ဘယ်လိုများ ပြောမယ် မဆိုနိုင်ဘူး"

နုပ်။ ။"မိတ်ဆွေကတော့ ကိုယ့်ဆရာတော်နည်းကို ပုတ်ခတ်ထားသူဖြစ်လေတော့ အခဲမကျေနိုင် ရှိပေမှာပေါ့။ ကျွန်တော့်အဖို့ကတော့ ကိုယ်တိုင် အားထုတ်ထားတဲ့ အမြင်မျိုး အရိပ်နိမိတ် မတွေ့ရဘဲ စာတွေသင်ပြီး

စာထဲက ဟာတွေကို စိတ်ကူးနဲ့ ရေးပြတတ်တဲ့ ပုဂ္ဂိုလ်မျိုးတော့ ပြောချင်ရာ ပြောပေစေပေါ့။ ဖက်ပြိုင်ဘို့ အလိုမရှိပါဘူးခင်ဗျာ။ ကျွန်တော်တို့ ဗမာပြည်ကတော့ ရွှေထားလို့၊ ကြေးတောင်ဖြစ်အောင် လုပ်တတ်ပါတယ်လို့ တာဝန်မခံရဲတဲ့ လူတွေက ရေးထုတ်တဲ့ အဂ္ဂိရတ် စာအုပ်မျိုးတောင် ရောင်းလို့ မလောက်နိုင်ဘူးဆိုပါကလားခင်ဗျာ”

မက်နေတယ်ဆိုတာကို ကိုယ့်ဟာကိုယ် စစ်ဆေးကြည့်ဘို့ မကောင်းဘူးလား ခင်ဗျာ”

ကာ။ ။“ဘယ်သူမှ ဒီလိုစစ်ဆေးတာကို မကြားဘူးပါဘူး ဆရာကြီး”

နုပ်။ ။“ရမ်းပြီး အားထုတ်ကြတာဘဲလား”

ကာ။ ။“ဆိုရင်လဲ ခံရမှာဘဲခင်ဗျာ။ကျွန်တော်တို့ကတော့ လိုအပ်တယ် မထင်လို့ပါဘဲ”

နုပ်။ ။“ဗုဒ္ဓက ဟောခဲ့တယ်ဗျ။ ရုပ်ကိုစွဲလမ်းတော့ဘယ်လို၊ နာမ်ကို စွဲလမ်းတော့ဘယ်လို၊ကျွန်တော်ဖတ်ဖူးပါတယ်။သို့သော် ဒါကိုထားပါတော့။ တပ်မက်စွဲလမ်းမှုကို ဖြတ်ချင်ပါတယ်ဆိုရင် မိမိရဲ့ အဓိကစွဲလမ်းချက်ကို ဖြတ်ဖို့ ကြိုးစား အားထုတ်ခြင်းက ပိုပြီး အရာရောက်လိမ့်မယ် ဆိုတာတော့ သာမန် စဉ်းစားဉာဏ်နဲ့ဘဲ မှီလောက်ပါတယ်ခင်ဗျာ”

ကာ။ ။“ဟုတ်တော့ ဟုတ်လောက်ပါရဲ့။ နို့ပေမယ့် ဒါမျိုးကို ပြော ပြတာ ဆရာကြီးတယောက်ပဲ ကြားဘူးဒါပါဘဲ”

နုပ်။ ။“ပညာရှိ သတိဖြစ်ခဲဆိုတာလိုပေါ့ခင်ဗျာ။ သို့သော် ကျွန်တော် ယခုပြောပြတာကိုတော့ သဘောပေါက်ရဲ့မဟုတ်လား”

ကာ။ ။“နောက်ထပ် မစဉ်းစားရသေးခင်တော့ ကြိုက်ပါပြီလို့ ဆိုနိုင် ပါတယ်။သို့သော် စောဒက တက်ပါရစေဦးခင်ဗျ၊ ရုပ်ဖက်က ပေါက်ပေါက်၊ နာမ်ဘက်က ပေါက်ပေါက်၊ အတူတူ ကိစ္စပြီးနိုင်တယ်လို့ ဗုဒ္ဓဟောခဲ့တယ် မဟုတ်ဖူးလား ခင်ဗျာ”

နုပ်။ ။“မှန်ပါတယ်။ဘယ်ဘက်ကပေါက်ပေါက် အတူတူဘဲလို့ ဟော ခဲ့ပါတယ်။သို့သော် အစွဲနာဘဲဘက်ကဖြေပေးရရင် မြင်လွယ်ဘို့ ရှိတယ်မဟုတ် ပါလား ခင်ဗျာ”

ကာ။ ။“ဘာကို မြင်တာလဲခင်ဗျာ”

နုပ်။ ။“ကိုယ့်အမှားကို မြင်ဘို့ ဆိုလိုပါတယ်”

ကာ။ ။“ဘာမှားတာလဲ ဆရာကြီး”

နုပ်။ ။“ငါ့ကိုယ်လို့ ထင်နေတာ။ငါ့စိတ်လို့ ထင်နေတာ။ အထင်မှား နေကြတာ မဟုတ်ပါလား ခင်ဗျာ။ဒီလို အထင်မှား အမြင်မှား ဖြစ်နေကြလို့ မို့ ပုထုဇဉ်လို့ ခေါ်တယ်မဟုတ်လား။ ရုပ်ပေါ်မှာ အထင်မှားခြင်းဖြစ်ရင်

ရုပ်ပေါ်မှာ အလိမ်ပြေဘို့ ကြိုးစားသင့်တယ်။ စိတ်ပေါ်မှာ အထင်မှားခြင်း ဖြစ်ရင် စိတ်ပေါ်မှာ အလိမ်ပြေဘို့ ကြိုးစားသင့်တယ်။ တခုပြေရင်တော့ နှစ်ခုစလုံးပြေတာ မှန်ပါတယ်။ သို့သော် တစ်တစ်ခွခွ မှားနေတဲ့ဘက်က အလိမ်ပြေအောင်လုပ်သင့်ကြတယ်လို့ ကျွန်တော်ပြောလိုခြင်းဖြစ်ပါတယ်"

ကာ။ ။"ဒါကတော့ ဟုတ်ပါပြီထားပါတော့ဆရာကြီး။ သို့သော် ဘယ်အပေါ်မှာ သာပြီးတပ်မက်တယ် ဆိုတာကို ဘယ်လို စစ်ကြည့်မလဲခင်ဗျာ"

နုပ်။ ။"ရုပ်ကြီးကို ငါ့ပစ္စည်းလို့ အထင်မှားတတ်သလား။ စိတ်ကလေးကို ငါ့ပစ္စည်းလို့ အထင်မှားတတ်သလား။ ကိုယ့်ဟာကိုယ် စစ်ကြည့်ရင် ရုပ်ကို ငါ့ပစ္စည်းထင်သူများထက် စိတ်ကလေးကို ငါ့ပစ္စည်းလို့ ထင်ကြသူတွေက များပါလိမ့်မယ် ထင်တယ်"

ကာ။ ။"ဟုတ်ပါလိမ့်ထင်ပါရဲ့ခင်ဗျာ"

နုပ်။ "ဗုဒ္ဓကဟောတော်မူခဲ့တယ်။ ရုပ်ကြီးကို ငါ့ပစ္စည်း ထင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးက အကုံးလိုက်အတစ်လိုက် မှားတာဘဲတဲ့။ ဒီလိုမှားတဲ့အမှားမျိုးကိုမြင်ဘို့က လွယ်ကူတယ်တဲ့။ ဒီအမှားမျိုးက လူပြိန်းများ မှားတတ်တဲ့အမှားဘဲလို့ ဆိုလိုတော်မူဟန်တူတယ်။ အတော်အတန်ဉာဏ်လေး ဗဟုသုတရှိနေကြတဲ့ ဒီခေတ်မှာတော့ (အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ လူမျိုးအဖို့မှာ) ရုပ်ကြီးကိုငါ့ပစ္စည်း၊ သို့မဟုတ်ငါဘဲလို့ စွဲလမ်းသူများထက် စိတ်ကလေးကို ငါ့ပစ္စည်း သို့မဟုတ် ငါဘဲလို့ စွဲလမ်းတတ်တဲ့လူတွေက ပိုပြီးများလိမ့်မယ်ထင်ပါတယ်။ လူသေပြီးတဲ့နောက် ရုပ်ကြီးကိုတော့ မြှုပ်လိုက်ကြတယ်။ စိတ်ဆိုတဲ့ ငါကောင်ကလေးကတော့ တဘဝမှ တဘဝသို့ ကူးပြောင်းသွားတယ်လို့ အထင်မှားတတ်ကြတဲ့လူက များပါလိမ့်မယ်"

ကာ။ ။"ငါကောင်ဆိုတာရှိမှမရှိဘဲဆရာကြီးရယ်"

နုပ်။ ။အထင်မှားသူများရဲ့အမြင်ကို ပြောတာပါ။ ပုထုဇဉ်တိုင်းဟာ စိတ်ကလေးကို ငါထင်နေကြတဲ့လူက များပါတယ်။ ယုတ်စွာအဆုံး စိတ်ကလေးဟာ ငါပိုင်တဲ့ပစ္စည်းဘဲလို့ ထင်မှတ်တတ်ကြတယ်။ အဲဒါဟာသက္ကာယဒိဋ္ဌိဘဲ မဟုတ်ဘူးလားဗျ။ ကျွန်တော်ဆိုလိုတာက စိတ်ပေါ်မှာ အထင်မှားခြင်းဖြစ်ရင် စိတ်ပေါ်မှာ အထင်မှားပျောက်အောင် စိတ်ပေါ်မှာအလုပ်လုပ်ရမယ်လို့ ဆိုလိုပါတယ်"

ပုဂံစာအုပ်တိုက်

ကာ။ ။"စိတ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောခြင်းလဲ ဆရာကြီး"

နုပ်။ ။"ကျဉ်းကျဉ်း ပြောရရင် စိတ်ဆိုတာသိတတ်တဲ့တရားဘဲ။ တစုံတခုကို သိလိုက်တာနဲ့ တပြိုင်နက် ငါသိတယ်လို့ ထင်လိုက်တတ်တယ်။ အမှန်ကတော့ ငါသိတာမဟုတ်ဘူးဗျ။ စိတ်ကသိတာဘဲ"

ကာ။ ။"ငါ့စိတ်က သိတယ်လို့ကော ထင်တတ်တယ် မဟုတ်ဖူးလားဆရာကြီး"

နုပ်။ ။"ဒါကလဲ အထင်မှားခြင်းဘဲ။ ငါဆိုတာ တကယ်မရှိသောကြောင့် သိခြင်းဟူသမျှဟာ ငါကသိခြင်းမဟုတ်။ စိတ်ကသိခြင်း၊ သညာကြောင့်သိခြင်း၊ ပညာကသိခြင်းလို့ သာရှုရမယ်"

ကာ။ ။"ဒါကတော့ အမှန်အတိုင်းဘဲဆရာကြီး"

နုပ်။ ။"အဲဒီလိုအမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ သိအောင် လုပ်ကြရမယ်။ လုပ်တော့ ဘယ်လိုလုပ်ရမလဲ။ စိတ်နဲ့ ပတ်သက်လို့ အထင်မှားကို ပျောက်အောင်ဟာ စိတ်ပေါ်မှာဘဲ အလုပ်လုပ်ယူကြရမယ်"

ကာ။ ။"ဝိပဿနာအလုပ်ဆိုတာစိတ်နဲ့ အလုပ်လုပ်ရတာဘဲဆရာကြီး"

နုပ်။ ။"ဒါကတော့ ဟုတ်ပါတယ်။ ကျွန်တော်ပြောချင်တာက စိတ်ပေါ်မှာအထင်မှားနေလို့ ၎င်းအထင်မှားကို ပျောက်စေချင်ရင် ရုပ်ပေါ်မှာအလုပ်လုပ်ခြင်းထက် စိတ်ပေါ်မှာ စိတ်နဲ့အလုပ်လုပ်ခြင်းက ပိုပြီးအရာရောက်နိုင်တယ်လို့ ပြောလိုခြင်း ဖြစ်ပါတယ်"

ကာ။ ။"ဆရာကြီးက စိတ္တာနုပဿနာ အလုပ်ကိုပြောနေတာဘဲ။ စိတ်ပေါ်မှာအလုပ်လုပ်ရခြင်းထက် ရုပ်ပေါ်မှာ အလုပ်လုပ်ရခြင်းက ပိုပြီးလွယ်ကူတယ်လို့ ကျွန်တော်တို့ကနားလည်ထားတယ်ဆရာကြီး"

နုပ်။ ။"မြန်မာပြည်ကိုသာသနာရောက်ကတည်းက ဆရာတော်အစဉ်အဆက် ဒီအတိုင်းဘဲ လက်ခံနားလည် ထားကြလေတော့၊ မဂ်ပေါက်ဖိုလ်ပေါက် ပုဂ္ဂိုလ်နည်းခဲ့တာဘဲဗျ။ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်' ဆိုတဲ့စကားပုံအတိုင်းပါဘဲ။ ရှေ့ကကောက်ကောက် သွားတော့ နောက်နွားတွေလဲ ကောက်ကောက် လိုက်ကုန်တော့တာပဗျာ"

---

ကာ။ ။"နေပါဦး ဆရာကြီးရဲ့။ဗုဒ္ဓကိုယ်တော်တိုင်က ရုပ်တရားပေါ်မှာ အလုပ် လုပ်ခြင်းက ပိုပြီး လွယ်ကူတယ်လို့ ဟောတော်မူကြောင်း၊ ခုနက ဆရာကြီးဘဲ ပြောခဲ့တယ် မဟုတ်ဖူးလား"

နုပ်။ ။"ဒါက ရုပ်ပေါ်မှာ စွဲလမ်းတဲ့လူများအတွက် ဟောခြင်းဖြစ်တယ် ခင်ဗျ။ဗုဒ္ဓရဲ့ ကျမ်းဂန်ကို သေသေချာချာ ပြန်ကြည့်ကြပါဦးခင်ဗျာ။ လူတိုင်းအဖို့ ရုပ်တရားက လွယ်တယ်လို့ ဟောတော်မူခြင်း မဟုတ်ပါဘူး။ သူ့နေရာနဲ့သူ ဟောခြင်း ဖြစ်ပါတယ်"

ကာ။ ။"နေပါဦးခင်ဗျာ။ရူပရတာကောရုပ်က မလွယ်ဘူးလားခင်ဗျာ"

နုပ်။ ။"ဒီအထင်ဟာ ဘယ်သူက စပြီး လွဲတားခဲ့တယ် မပြောတတ်ပါဘူး။ရုပ်ဆိုတာကတော့ ကြမ်းကြမ်းကြီးဖြစ်လို့ ရူပရတာ လွယ်ကူတယ်လို့ မှတ်ထင်နေကြတယ်။ ဘယ်ဒင်းကမှ ပိုမလွယ်ဘူး။ဘယ်ဒင်းကမှ ပိုမခက်ဘူး။ သင်ပြတဲ့ဆရာရယ်၊ သတိရယ်၊ဒါဘဲ ခက်တယ်ခင်ဗျ"

ကာ။ ။"ကျွန်တော်တို့ အသူကတော့ ရုပ်ကလွယ်နေပါတယ်ဆရာကြီး။ ရှင်းပြပါဦး"

နုပ်။ ။"ကျွန်တော်ပြောတာ စဉ်းစဉ်းစားစား နားထောင်ဗျနော်။ဘိုးဘေး ဘီဘင်က လက်ခံလာခဲ့တဲ့ အယူအဆတွေကို ခဏလောက် ဖယ်ထားလိုက်ပါဦး"

ကာ။ ။"နှိုင်းယှဉ်လို့တောင်မကြည့်ရတော့ဘူးလားခင်ဗျာ"

နုပ်။ ။"ပြီးတော့ နှိုင်းယှဉ်ကြည့်ရပါတယ်။အဟောင်းတွေက ခုခံနေပြီး ကျွန်တော်ပြောတာကို မစဉ်းစားဘဲ ဖယ်ထားမှာစိုးလို့ပါခင်ဗျာ"

ကာ။ ။"စဉ်းစားကြည့်ပါ့မယ် ဆရာကြီး"

နုပ်။ ။"ပဌမအချက်က မဂ်ဖိုလ် နိဗ္ဗာန် အတွက် (ခင်ဗျားပြောတဲ့အတိုင်း)အားထုတ်တဲ့အခါမှာ လွယ်တဲ့လမ်းကို ရွေးမလား၊ ကိုယ်နဲ့သင့်တော်တာကို ရွေးမလား"

ကာ။ ။"နှစ်ခုစလုံး အရေးကြီးပါတယ် ဆရာကြီး"

နုပ်။ ။"အရေးကြီးတာမှန်ပါတယ်။ ဘယ်ဒင်းကိုရှေ့ကထားမလဲ"

ကာ။ ။"ကိုယ်နဲ့ သင့်တော်တာကတော့ ရွေးတတ်ဦးမှကိုး ဆရာကြီးရဲ့"

နှိပ်။ ။"ဒါမှန်ပါတယ်။ သို့သော် ခုနကပြောခဲ့တဲ့ အတိုင်း၊ တတ်နိုင်ရင်ရှေးချယ်သင့်တယ်ဆိုတာကိုတော့ ဝန်ခံတယ်မဟုတ်လား"

ကာ။ ။"ဝန်ခံပါတယ်ခင်ဗျာ"

နှိပ်။ ။"ကောင်းပြီ။ ဗုဒ္ဓက ရုပ်အပေါ်မှာ ရှုခြင်းနဲ့ စိတ်အပေါ်မှာ ရှုခြင်းအကြောင်းကို ယှဉ်ပြခဲ့တယ်ဟုတ်လား"

ကာ။ ။"ပြခဲ့ပါတယ်ဆရာကြီး"

နှိပ်။ "စိတ်ပေါ်မှာ စွဲရင် စိတ်ကိုရှု။ ရုပ်ပေါ်မှာစွဲရင် ရုပ်ကိုရှု။ ဒီလိုမဟုတ်လား"

ကာ။ ။"ဒီသဘောရောက်ပါတယ်ခင်ဗျာ"

နှိပ်။ ။ကောင်းပြီ။ခင်ဗျားဟာ မိမိကိုယ်ကို စစ်ကြည့်လိုက်တော့ ဘယ်အပေါ်မှာပိုစွဲတယ်ထင်သလဲ"

ကာ။ ။"စိတ်ကလေးကို ငါထင်မိခြင်း၊ ငါ့ဥစ္စာထင်မိခြင်းဘက်က ပိုပါတယ်ဆရာကြီး"

ဤနေရာတွင် မော့ကွ(စ်) အဘိဓမ္မာ သမားက "ကျွန်တော် တို့ကတော့ တမျိုးပါဆရာကြီး"ဟု ဝင်ပြောလေရာ ကျွန်ုပ်က "သည်းခံပါ။နောက်တော့ မှခင်ဗျားနဲ့ဆက်ပါမယ်"ဟု ပိတ်ထားလိုက်ရသည်။

နှိပ်။ ။"ခုနက ခင်ဗျားပြောလိုက်တယ်၊ စိတ်ကလေးကိုငါထင်မိခြင်း၊ ငါ့ဥစ္စာထင်မိခြင်းကပိုတယ် ဟုတ်စ"

ကာ။ ။"ဟုတ်ပါတယ်ခင်ဗျာ"

နှိပ်။ ။"တွဲတွဲပြောရင် စိတ်နဲ့ပတ်သက်တဲ့ အထင်မှားမှုက ပိုတယ်ဟုတ်စ"

ကာ။ ။"မှန်ပါတယ်"

နှိပ်။ ။"စိတ်နဲ့ပတ်သက်တဲ့ အထင်မှားမှုက ပိုနေတယ်ဆိုရင် ဒီအထင်မှားမှု ပျောက်ဘို့ဟာ စိတ်ကိုဘဲရှုရမယ်မဟုတ်ဖူးလား ခင်ဗျာ"

ကာ။ ။"ဟုတ်တော့ ဟုတ်ပါတယ်။ သို့သော် စိတ်ကိုရှုဘို့က ခက်တယ်ဆရာကြီး"

နှိပ်။ ။"ဘာကြောင့်လဲခင်ဗျာ"

---

ကာ။ ။"စိတ်ကရုပ်ထက်သိမ်မွေ့တဲ့အတွက်၊ အရှုရခက်တယ်လို့ ကျွန်တော်တို့နားလည်ပါတယ်"

နုပ်။ ။"သိမ်မွေ့တာကတော့မှန်ပါတယ်။ သို့သော် ရှုလို့ဖြစ်လောက်အောင်ထင်ရှားတဲ့ သဘာဝတခုဖြစ်ပါတယ်"

ကာ။ ။"ကျွန်တော်တို့အဖို့တော့ မထင်ရှားဘူး ဆရာကြီး"

နုပ်။ ။"ဒါကတော့ ရှုပုံနေရာမကျလို့ ဖြစ်ပါလိမ့်မယ်"

ကာ။ ။"ထင်ရှားအောင်လုပ်ပြပါ ဆရာကြီး"

နုပ်။ ။"ခင်ဗျားတို့လူစုက စိတ်ကိုဘယ်လိုထားပြီး ရှုသလဲဗျာ"

ကာ။ ။"ကျွန်တော်တို့နားလည်တာကတော့ 'နဒီသောတော' မြစ်ရေအလျင်လိုစီးနေတဲ့ သဘောရှိတယ်ဆိုလို့၊ အဲသလိုမြင်အောင်ရှုရမယ်ထင်တာဘဲ ဆရာကြီး"

နုပ်။ ။"အဲဒါကြောင့် ခက်တာဘဲ။ စ စချင်း နဒီသောတော ဆိုတဲ့အတိုင်း မြင်အောင် ရှုရမယ်ဆိုရင်တော့ ခက်တာပေါ့ဗျာ"

ကာ။ ။"နို့ ဒီလိုမြင်မှ ယထာဘူတ ကျမှာမဟုတ်လား ခင်ဗျာ"

နုပ်။ ။"ဒါကတော့ မှန်ပါတယ်၊ သို့သော် နဒီသောတော ဆိုတာက ချက်ခြင်း ထင်ရှားအောင် လုပ်ယူလို့ရနိုင်တဲ့ အာရုံမျိုး မဟုတ်ဘူး ခင်ဗျ။ ရင့်ကျက်လာတော့မှ ဉာဏ်အမြင်ပေါ်လာခြင်းဖြစ်တယ်"

ကာ။ ။"ဒါဖြင့် မ တည်တော့ ဘယ်လိုတည် ရှုရမလဲ ဆရာကြီးရယ်"

နုပ်။ ။"စိတ်အကြောင်းကို ကျွန်တော်နဲ့နဲ ရှင်းပြောဦးမယ်။ သတ္တဝါအသီး အသီးမှာ 'မနော'ဆိုတဲ့ သဘာဝရှိတယ်။ ဒါကလေးက သိတတ်တဲ့သဘာဝကလေးသက်သက်မျှဖြစ်တယ်။သိရသေးတာမဟုတ်ဘူး။ဓမ္မာရုံဆိုတာနဲ့ တိုက်ခတ်လိုက်တဲ့အခါကျတော့မှ မနောဝိညာဏ်ဆိုတဲ့အသိတရားကလေးဖြစ်ပေါ်လာတယ်။ အကြမ်းအားဖြင့်တော့ မနောကိုလဲ ဗမာလိုတော့ စိတ်လို့ခေါ်ကြတာဘဲ။အမှန်ကတော့ မနောအဖြစ်နဲ့က ဘာကိုမှ သိရသေးတာမဟုတ်ဘူး။ ဓမ္မာရုံနဲ့ တိုက်ခတ်လိုက်ပြီ ဆိုတော့မှ 'မနောဝိညာဏ်' ဆိုတဲ့အသိတရား သို့မဟုတ် သိတဲ့သဘာဝကလေး ပေါ်လာတယ်။ ကျွန်တော်တို့ရှုရမှာက 'မနော'ကိုရှုရမှာမဟုတ်ဖူးခင်ဗျ။ မနော ဝိညာဏ်ဆိုတဲ့အသိသဘာဝကလေးကို ရှုရမှာဘဲ"

ကာ။ ။"တိုက်ရိုက် ဥဒါဟရဏ် ဆောင်ပါဦး ဆရာကြီး"

နုပ်။ ။"ကိုင်း ဒီမှာ ခင်ဗျားအိမ်ကို ကြည့်လိုက်စမ်း။ မြင်ရဲ့လား"

ကာ။ ။"မြင်ပါပြီ ဆရာကြီး"

နုပ်။ ။"ခုနင်ကကော မြင်သလား"

ကာ။ ။"မမြင်ပါဘူး ဆရာကြီး။ ခုမှမြင်လာတာပါ"

နုပ်။ ။"အခုမြင်တယ်ဆိုတာ ခင်ဗျားအိမ်ကို စင်စစ်က ခင်ဗျားအိမ်ရဲ့ အဆင်းကိုသိတဲ့ သဘာဝကလေးဖြစ်ပေါ်လာခြင်းဘဲ မဟုတ်ဖူးလား"

ကာ။ ။"ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။"အာရုံပြုလိုက်တဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့အိမ်ကို သိတဲ့စိတ်၊ သို့မဟုတ် အိမ်စိတ်ဟာ ထင်ရှားတယ် မဟုတ်ဖူးလား"

ကာ။ ။"ထင်ရှားပါတယ်ဆရာကြီး"

နုပ်။ ။"ဒီအသိစိတ်ဟာ ခုနင်ကတော့ မရှိဘူး။ အာရုံပြုလိုက် တော့မှ လာရှိတယ်ဆိုတာကို ကောင်းကောင်းနားလည်တယ် မဟုတ်ဖူးလား"

ကာ။ ။"နားလည်ပါတယ် ဆရာကြီး"

နုပ်။ ။"ခင်ဗျားမှာ ဖြစ်ပေါ်လာတဲ့ (အိမ်ကိုသိတဲ့)သဘာဝ ကလေး ဟာ ရှုတတ်လောက်အောင် ထင်ရှားရဲ့ မဟုတ်လား"

ကာ။ ။"ထင်ရှားပါတယ် ဆရာကြီး"

နုပ်။ ။"အိမ်ကိုသိတဲ့ သဘာဝကလေးဟာ ခြေထောက်တို့ လက်တို့လို ကိုင်တွယ်လို့မရသော်လဲ ရှုဘို့ရာအတွက်မှာတော့ ခြေထောက်တို့လက်တို့လိုဘဲ ထင်ရှားရဲ့မဟုတ်လား"

ကာ။ ။"ထင်ရှားပါတယ် ဆရာကြီး"

နုပ်။ ။"ဝိပဿနာအလုပ်ဆိုတာ ကိုင်တွယ်ကြည့်ဘို့ လိုသည်မဟုတ်။ ရှုဘို့သာလိုတာ မဟုတ်ဖူးလား"

ကာ။ ။"ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။"ဒီလိုဆိုရင် ရုပ်ကိုရှုရတာက ထင်ရှားတယ်။ စိတ်ကိုရှုရတာက သိမ်မွေ့တဲ့အတွက် ခဲယဉ်းတယ် မထင်ရှားဘူးဆိုတဲ့ စကားဟာ ဘယ့်နှယ် နေသလဲ"

---

ပုဂံစာအုပ်တိုက်

ကာ။ ။"လက်တွေ့ စမ်းမကြည့်ဘဲနဲ့ ဖြစ်စေ၊ ရှုပုံရှုနည်း နေရာမကျ သောကြောင့်ဖြစ်စေ၊ ပြောကြတဲ့စကားနဲ့ တူပါတယ်ဆရာကြီး"

နုပ်။ ။"ဘယ်နည်းမှ ခက်တယ် လွယ်တယ်လို့ မရှိပါဘူးဗျ။ တကယ့် တကယ်တော့ 'သတိ' မွေးဘို့ကခက်တာပါဘဲ။ သတိကို မမွေးဘဲနဲ့ သမာဓိ ချည်း အားကိုးနေရင် ပြောတော့ ဝိပဿနာ၊ လုပ်တော့သမထချည်း ဖြစ် နေမှာဘဲ"

ကာ။ ။"သဘောကျပါတယ် ဆရာကြီး။ ခုပြောသလို စိတ်လို့ ခေါ် တဲ့ သိတတ်သောသဘာဝကလေးကိုချည်း ရှုနေတော့ ဘယ်လို ဖြစ်လာ သလဲ ဆရာကြီး"

နုပ်။ ။"သတိကောင်းကောင်းနဲ့ ရှုလာတဲ့ အခါကျတော့ ခဏခဏ ပြောင်းလဲနေတဲ့ စိတ်ကလေးကို မြင်လာ တတ်တာပေါ့ ခင်ဗျာ။ သူ့ငါက စပြီးမှတ်တင်လာကြတာက မွေးကထဲက ပါလာတဲ့စိတ်ကလေးတခုဟာခုထက် တိုင်လဲ ဒီစိတ်ကလေးဘဲလို့ အထင်ရောက်နေကြတယ် မဟုတ်လား။ ရှုပါများ လာတော့ ဒီလိုမဟုတ် ခဏခဏ ပြောင်းလဲနေခြင်းပါလားလို့ ဉာဏ်အမြင် ပေါ်လာတတ်တယ်"

ကာ။ ။"အာရုံနဲ့ အာရမဏိက တိုက်ခတ်တဲ့အခါမှာ အသိစိတ် ပေါ် လာခြင်းဖြစ်တယ်လို့တော့ ကျွန်တော်တို့လဲ နားလည်သားဘဲ ဆရာကြီး"

နုပ်။ ။"အဲဒါက စာထဲမှာဆိုထားတာ။ ကြားဘူးနားဝနဲ့ ပြောကြတဲ့ သုတမယာဉာဏ်ကိုး ခင်ဗျ။ အလုပ် လုပ်ယူတော့မှ ဘာဝနာမယာဉာဏ် ပေါ် လာပြီး ဒီအတိုင်း မှန်ပါကလားလို့ ထပ်ပြီးသဘောကျရဦးမှာကိုး ခင်ဗျ"

ကာ။ ။"ရုပ်ကိုရှုရင်း စိတ်အကြောင်းကို မသိနိုင်ဘူးလား ဆရာကြီး"

နုပ်။ ။"ဒီစကားလဲ အင်မတန်ပြောကြတယ်။ ရုပ်ကိုရှုရင်း ရုပ်အနိစ္စကို မြင်ပြီး မဂ်ဆိုက်တဲ့ အခါကျတော့စိတ်အနိစ္စကိုလဲ သဘောကျတတ်ပါတယ် ဆိုရင် ကျွန်တော်လက်ခံပါတယ်။ ဒီလိုမဟုတ်ဘဲ ရုပ်ကိုရှုရာကနေပြီး ရုပ်ကို ကျော်လွှားလို့ စိတ်အနိစ္စကို ထိုးထွင်းမြင်ပါတယ်ဆိုတာကတော့ သဘာဝ မကျလို့ ကျွန်တော်မယုံကြည်ဘူးဗျ"

ကာ။ ။"မဖြစ်နိုင်ဖူးလို့ ဆိုမှာလား ဆရာကြီး"

---

ဆစ်။ ။"ပြောပါတယ် ဆရာကြီး"

နုပ်။ ။"ဗုဒ္ဓဝါဒ အရကတော့ ရုပ်တရားရော နာမ်တရားရော တကယ် ရှိတာ မဟုတ်ဖူးဗျ"

ဆစ်။ ။"ဘယ့်နှယ်လဲ ဆရာကြီး။ ဗုဒ္ဓဘာသာအရ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါးရှိတယ်ဆို မဟုတ်လား။ ပရမတ်ဆိုတာ တကယ်ရှိတာဆို"

နုပ်။ ။"စင်စစ်ကတော့ လူတွေ မြင်နေကြရတဲ့ စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ တရားသုံးပါးဟာက အဟုတ်တကယ်ရှိတာ မဟုတ်ဘူးဗျ။ နိဗ္ဗာန် တရား တခုတည်းသာ တကယ်ရှိ အဟုတ်ရှိကဲ့ သဘာဝဘဲ"

ဆစ်။ ။"ဘယ့်နှယ်ကြောင့် ပရမတ္ထတရားလေးပါးလို့ ဆိုထားသလဲ ဆရာကြီး"

နုပ်။ ။"လူတွေရဲ့ စိတ်ထဲမှာ မြင်ကြရတဲ့ ရုပ်တွေ နာမ်တွေ ဆိုတာက၊ တကယ်ပရမတ် မဟုတ်သေးဘူးဗျ။ ပေါင်းစပ် ဖွဲ့စည်း ထားတာကို မြင်ကြ ရတာဘဲ။ ရုပ်ပရမတ်၊ နာမ်ပရမတ်ဆိုတာ ရှိပေမယ့် လူတွေက မမြင်ကြပါ ဘူး။ သူတို့မြင်တာတွေဟာလဲ ပရမတ် မဟုတ်ပါဘူး။ သူကောင် ငါကောင် တွေနဲ့ မြင်နေတဲ့အမြင်ဟာ ပရမတ် အမြင် မဟုတ်သေးပါဘူး"

ဆစ်။ ။"ပရမတ်အမြင်က ဘယ်သူမှ မြင်သလဲ ဆရာကြီး"

နုပ်။ ။"အရိယာဖြစ်မှ မြင်နိုင်တယ်"

ဆစ်။ ။"ဆရာကြီးတို့ ပြောနေကြတဲ့ အရိယာဆိုတာလဲ ကျွန်တော် တို့ မယုံဘူး ဆရာကြီး"

နုပ်။ ။"ဒါကတော့ ထားပါတော့လေ။ယုံကြည်အောင်လဲ ကျွန်တော် က ဟောမပြတတ်ပါဘူး။ သို့သော် စဉ်းစားစရာ ကလေးတွေတော့ တင်ပြ စရာ ရှိပါတယ်"

ဆစ်။ ။"ကိုက်ပါတယ်။စဉ်းစားကြည့်လို့ သဘောကျရင်ယုံကြည်မှာ ပေါ့ဆရာကြီး"

နုပ်။ ။"သို့သော် ယုံကြည်လက်ခံထားခဲ့တဲ့ အဟောင်းတွေကို ခေတ္တ ဖယ်ထားပြီး လွတ်လွတ်လပ်လပ်စဉ်းစားပါနော်"

---

ဆစ်။ ။"စိတ်ချပါဆရာကြီး"

နုပ်။ ။"ခင်ဗျားတို့ဆရာကြီး ကားလ်မာ့က်စ်ဟာ စဉ်းစားဉာဏ် နဲ့ မတန်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတဦးဘဲဆိုဘာကို ကျွန်တော်ယုံကြည်တယ်။ သူရဲ့ အတွေးအခေါ်များဟာလဲ အင်မတန် မှန်ကန် နက်နဲပါတယ်။ သို့သော် သူ့ဟာက စဉ်းစားခြင်းသက်သက်ဘဲဗျ။ ဗုဒ္ဓရဲ့နည်းကတော့ စဉ်းစားခြင်း သက်သက်မဟုတ်။ လက်တွေ့စူးစမ်းယူရတဲ့နည်းဘဲ။ ဥပမာ စိတ်အကြောင်း ကိုသိနိုင်တယ်ဆိုရင် စိတ်အကြောင်းကို စဉ်းစားရုံသက်သက်မဟုတ်ဘူး။ မိမိ စိတ်ကို အချိန်အကြာကြီး စောင့်ကြည့်ပြီး သေ့လာယူရတဲ့ အလုပ်မျိုးဘဲဗျ"

ဆစ်။ ။"ဘယ်လိုခြားနားသလဲ ဆရာကြီး"

နုပ်။ ။"လူဘယောက်အကြောင်းကို သိချင်ရင် ဘယ်လိုလူပါလိမ့်မလဲ ဆိုပြီးစဉ်းစားခြင်းနဲ့ သူ့ကိုနေ့ညမပြတ် စောင့်ကြည့်ခြင်းဟာ ဘယ်ဒင်းက ပိုပြီးအရာရောက်သလဲဗျ"

ဆစ်။ ။"စောင့်ကြည့်ခြင်းက အရာရောက်တာပေါ့ ဆရာကြီး။ကားလ် မာ့က်စ်ဟာ စိတ်ကိုစောင့်ကြည့်တယ်မထင်ဘူးလား ဆရာကြီး"

နုပ်။ ။"စောင့်ကြည့်တဲ့ အထိမ်းအမှယ်လက္ခဏာမတွေ့ရဘူး။ စဉ်းစား ယူခြင်းဖြစ်တယ်လို့ ကျွန်တော်ပြောရဲတယ်"

ဆစ်။ ။"ဘာ့ကြောင့်ပြောနိုင်သလဲ ဆရာကြီး"

နုပ်။ ။"သူကပြောတယ်ဆို မဟုတ်လား။ စိတ်ဟာဘာကယ်ရှိတဲ့ အရာ မဟုတ်ဖူး။ အရေးကြီးတဲ့အရာလဲ မဟုတ်ဖူးဆို"

ဆစ်။ ။"ရုပ်လို တကယ်ရှိတာမျိုးမဟုတ်ဖူးပေါ့ ဆရာကြီး"

နုပ်။ ။"အရေးမကြီးဘူးလို့လဲ ဆိုတယ်ဟုတ်စ"

ဆစ်။ ။"ဟုတ်ကဲ့ ရုပ်သာလိုရင်းလို့ ဆိုလိုပါတယ်"

နုပ်။ ။"သူ့အယူဟာ တပိုင်းမှန်တယ်လို့ ကျွန်တော်ဆိုတယ်"

ဆစ်။ ။"ရှင်းပါဦးဆရာကြီး"

နုပ်။ ။"စင်စစ်အားဖြင့် စိတ်ဟာ အရေးလဲမကြီးဘူး၊ အရေးအကြီး ဆုံးလဲဖြစ်တယ်။အရေးမကြီးတဲ့အပိုင်းကို သူစဉ်းစားမိတယ်။အရေးအကြီးဆုံး

ဖြစ်တဲ့အပိုင်းကို သူမမြင်ဘူး။ ဗုဒ္ဓကတော့ စိတ်၏အရေးမကြီးပုံလဲမြင်တယ်။ အရေးကြီးပုံကိုလဲ မြင်တယ်”

ဆစ်။ ။“ဘယ်ပုံအရေးကြီးသလဲဆရာကြီး”

နုပ်။ ။“စိတ် ချမ်းသာမှု ရဘို့အတွက် စိတ် လွတ်လပ်ခြင်း ရဘို့အတွက် ရှာခြင်း ဖြစ်လေတော့ စိတ်ချမ်းသာလိုရင်၊ စိတ်ငြိမ်းချမ်းလိုရင် စိတ် ကို ပြုပြင်ဘို့ အရေးကြီးဆုံးဖြစ်တယ်လို့ မြင်တော်မူတယ်”

ဆစ်။ ။“စားစရာမရှိရင် စိတ်ချမ်းသာ နိုင်ပါ့မလား ဆရာကြီး”

နုပ်။ ။“ဒါကတော့ မှန်ပါတယ်။ သို့သော် တဖက်ကမေးစရာက စား စရာတင်မက တိုက်ကြီးတွေ၊မော်တော်ကားကြီးတွေရှိနေတဲ့ လူတွေဟာကော စိတ်ငြိမ်းချမ်းမှု စိတ်လွတ်လပ်မှုရကြရဲ့လား”

ဆစ်။ ။“ဒါကတော့ ဟုတ်ပါတယ် ဆရာကြီး”

နုပ်။ ။“သတ္တဝါလို့ဖြစ်လာရင်တော့ စားဝတ်နေရေးအတွက် ဖူလုံမှု ရှိရမယ်ပေါ့ဗျာ။ ဒီထက်မက ကဲတက်လာတဲ့ လောဘတွေ၊ ဂုဏ်ပြိုင်မှုတွေကို ချိုးနှိမ်မှုအတွက် ဗုဒ္ဓကနည်းလမ်းညွှန်ပြခြင်းဖြစ်ပါတယ်။ဗုဒ္ဓရဲ့နည်းလမ်းက တော့ စိတ်အကြောင်းကို ယထာဘူတကျကျ သိအောင်လုပ်၊ စိတ်အကြောင်း ကို သိရင် လောကကြီးအကြောင်း (အရေးကြီးတာ ဟူသမျှကို)သိတယ်လို့ ဆိုလိုပါတယ်”

ဆစ်။ ။“စိတ်ဟာ အဟုတ်တကယ်ရှိတဲ့အရာမဟုတ်ဘူးဆိုတာကို ဆရာ ကြီးက ဘယ်လိုသဘောကျပါသလဲ ဆရာကြီး”

နုပ်။ ။“စိတ်ဟာ(လူတွေထင်တဲ့အတိုင်း)အဟုတ်တကယ်ကြီးရှိနေတာ မဟုတ်ပါဘူး။ အဟုတ်တကယ်ရှိတယ်ဆိုရင် နိဗ္ဗာန်ဝင်လို့တောင်မဖြစ်နိုင် ပါဘူး”

ဆစ်။ ။“ဘယ်ပုံရှိတာလဲ ဆရာကြီး”

နုပ်။ ။“တကယ်ရှိတာကတော့ တစိတ်၊ နှစ်စိတ်၊ သုံးစိတ် မဟုတ်။ လောကကြီးမှာ စုစုပေါင်းမှ စိတ်တခုထဲသာ ရှိတယ် ခင်ဗျ။ အဲဒါက ပရမတ်စိတ်ဘဲ”

ဆစ်။ ။“သူ့မှာ တစိတ်၊ ငါ့မှာတစိတ်မဟုတ်ဘူးလား ဆရာကြီး”

နုပ်။ ။"အဲဒါက ပညတ်အမြင်တွေဘဲဗျ။ ပရမတ်အနေနဲ့တော့ သိတတ်တဲ့ သဘောကလေးတခုထဲဘဲ ရှိတယ်။ သို့သော် ဒီဟာကတော့ နက်နဲလွန်းပါတယ်လေ။ကျွန်တော်ဖြေခဲ့သလို ကိုယ့်စိတ်ကိုစောင့်ကြည့်ပြီး ပေါက်ရောက်တဲ့အခါကျတော့မှမြင်ကောင်းတဲ့သဘာဝပါဗျာ။ခင်ဗျားက အရိယာဆိုတာကို မယုံဘူးလို့ပြောခဲ့တယ် ဟုတ်လား။ ကိုယ့်စိတ်ကို နည်းနာကျကျကိုယ့်ဟာကိုယ် စောင့်ကြည့်လို့ ဉာဏ်တွေပေါ်လာတဲ့အခါကျတော့ ဘာဖြစ်လာသလဲလို့ ကိုယ့်ဟာကိုယ် တွေ့ပါလိမ့်မယ်ဗျာ"

# (၄)

## သမထနှင့်ဝိပဿနာ
## (သမာဓိနှင့် ပညာအကြောင်းထပ်၍ရှင်းခြင်း)

ယခင်တပတ်ကကာယာနုပဿနာသတိပဋ္ဌာန်နည်းအရတရားအားထုတ်၍၊ကာယာနုပဿနာအလုပ်နှင့် စိတ္တာနုပဿနာ အလုပ်အကြောင်းကို ဆွေးနွေးခဲ့ဘူးသော ဓမ္မမိတ်ဆွေသည် ကျွန်ုပ်၏အိမ်သို့ တခေါက်လာပြန်၍ မရှင်းလင်းသော အချက်အလက်များကို ဆက်လက် ဆွေးနွေးကြပြန်ပါသည်။

မိတ်။ ။"သတိပဋ္ဌာန် အလုပ် လုပ်ရာမှာ ရုပ်ကို ရှုပုံနဲ့ စိတ်ကိုရှုပုံ ခြားနားခြင်း အကြောင်းကို ဆရာကြီး ပြောပြလိုက်တဲ့အတိုင်း ကျွန်တော် စဉ်းစား ဆင်ခြင်ကြည့်တော့ ထပ်ပြီး ကျေနပ်သွားပါတယ်ဆရာကြီး။ သို့သော် ဆရာကြီးပြောတဲ့ စကားတွေထဲမှာရော၊ ဆရာကြီးရေးတဲ့ စာတွေထဲမှာရော သမထအလုပ်နဲ့ ဝိပဿနာအလုပ် ခြားနားပုံအကြောင်းကို ကျွန်တော် ကြားရ ဖတ်ရလို့ အထပ်ထပ် ဆင်ခြင်သုံးသပ်ရာမှာ ကျွန်တော့်စိတ်ထဲ သံသယ မရှင်းတရှင်း ဖြစ်နေပါတယ်ခင်ဗျာ"

နုပ်။ ။"မရှင်းတဲ့အချက်တွေ မေးပေါ့ဗျာ။ ကျွန်တော် နားလည်သလောက်တော့ ကြိုးစားပြီး ဖြေရှင်းပြရတာပေါ့"

---

**မိတ်။** ။"ဆရာကြီးရဲ့ စဉ်းစားဉာဏ်ကိုတော့ ကျွန်တော် သံသယမရှိပါဘူး။သို့သော် စဉ်းစားဉာဏ်သက်သက်နဲ့ ပြောခြင်းလား၊ ကိုယ်တိုင်လက်တွေ့အလုပ် လုပ်ပြီး ပြောခြင်းလား ဆရာကြီး"

နုပ်။ ။"သမထအကြောင်း၊ ဝိပဿနာအကြောင်းများကို ပြောရ ရေးရခြင်းဟာ ကိစ္စကိုယ်နှိုက်က အလွန်တရာအရေးကြီးတဲ့အပြင် ဒီခေတ်မှာ ဝိပဿနာအလုပ်ကို သင်ပြကြတဲ့ ဂိုဏ်းဆရာ အမြောက်အမြားရှိကြတဲ့အနက် နေမြင် လမြင် ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများလဲ ပါဝင်လေတော့ လူပုဂ္ဂိုလ်တယောက်လို့ မြင်ကြတဲ့ ကျွန်တော်လို လူတယောက်က နုငယ် အမြီးရှည်ပေးတဲ့ သဘောမျိုးနဲ့ ဝင်စွက်တယ်လို့ စွပ်စွဲကြမှာကို စိုးရိမ်တဲ့အတွက် အင်မတန် ချိန်ချိန်ဆဆ စဉ်းစဉ်း စားစား ပြောရရေးရပါတယ်။ ကျွန်တော်ပြောခြင်း ရေးခြင်းများဟာလဲ စိတ်အထင်သက်သက်မဟုတ်။ထိုထိုသော နည်းနာများကို ကိုယ်တိုင် စမ်းသပ်ကြည့်ပြီးမှ ရေးသားတင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ၃၆-နှစ်လောက်ကထဲက ကိုယ့်ဆရာတော်ရဲ့ နည်းနာအရ အားထုတ်ခဲ့ဘူးလို့မို့ ဓမ္မသဘာဝတွေကို အထိုက်အလျောက် ရိပ်မိထားသဖြင့် နည်းရှာဘို့မလိုသော်လဲ နာမည်ကြီးတဲ့ နည်းကောင်း နည်းသစ်ပေါ်ပေါက်တယ်ဆိုရင် အသင့်အတင့်လေ့လာကြည့်လို့ သဘာဝကျတယ်ထင်ရင် ၎င်းနည်းအရ ကိုယ်တိုင်ထွက်ပြီး အားထုတ်ကြည့်ခဲ့ပါတယ်"

မိတ်။ ။"တဆိတ်ကလေးခင်ဗျာ ကျွန်တော်တခုမေးပါရစေ ဆရာကြီးရယ်။ ကိုယ့်ဆရာတော်ရဲ့နည်းနဲ့ ကိုယ်အားထုတ်လို့ ကျေနပ်ထားတယ်ဆိုရင် သူတပါးရဲ့နည်းကို စမ်းကြည့်ဘို့ လိုသေးသလား ဆရာကြီးရယ်"

နုပ်။ ။"ကျွန်တော်ဟာ အာသဝေါကုန်ခမ်းတဲ့အဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး ကျေနပ်လောက်တယ်ထင်တဲ့ နည်းကောင်းတခု တွေ့ရင် အားထုတ်ဖို့လိုအပ်တယ်လို့ ယူဆပါတယ်။ အကြောင်းမှာလဲ ကျွန်တော်က စူးစမ်းချင်တတ်တဲ့ဝါသနာရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်ဟာ သောတာပန်တယောက်ဖြစ်စေဦးတော့။ အခြားသော နည်းကောင်းလမ်းမှန်တခုကို အားထုတ်ခြင်းအားဖြင့် အထက်မဂ်များကို တက်လှမ်းနိုင်ခဲ့ရင် ၎င်းနည်းကိုလည်း ကျွန်တော်က လိုက်လှဲစွာထောက်ခံဘို့ရည်ရွယ်ချက်ရှိပါတယ်။ ပေါက်ရောက်ထာချင်း တူခဲ့ရင် ကျွန်တော့်နည်းထက် နေမြင် လမြင်ဆိုတဲ့

ဆရာတော်ဘုရားကြီးများရဲ့ နည်းကို လူသာမန် တွေက ပိုပြီးသဘောကျ လွယ်မယ်မဟုတ်ဖူးလားခင်ဗျာ”

မိတ်။ ။“လူသာမန်လို့ ဆိုလိုက်ခြင်းဟာ ဘယ်လို အဓိပ္ပာယ်ပါလဲ ဆရာကြီးရယ်”

နုပ်။ ။“လူ ၁၀၀-မှာ ၉၉-ယောက်လောက်ဟာက ပုဂ္ဂိုလ်စွဲရှိတတ်တယ်ခင်ဗျ။ ပြောလိုက်တဲ့စကား၏ သဘာဝကျမကျကို မစဉ်းစားချင်ဘဲ ဘယ်သူကပြောတာလဲ၊ လူလား ဘုန်းကြီးလား၊ ပဋ္ဌမကျော်လား၊ ဓမ္မာစရိယလားဆိုတာတွေကို သိရပြီးမှ ယုံချင်တတ်တဲ့လူတွေက များတယ်ခင်ဗျ”

မိတ်။ ။“ရာခိုင်နှုန်း ၉၉-ယောက် ဆိုတော့ မများလွန်း ဘူးလား ဆရာကြီး”

နုပ်။ ။“ကျွန်တော်က ခပ်ရှော့ရှော့ ပြောသေးတာဘဲ။ ကျွန်တော်အသက် ၇၀ ကျော်ပြီမို့တွေ့ဘူးတဲ့လူပေါင်း တထောင်ကျော်ရှော့မယ်။ ဒီအထဲမှာဓမ္မဒိဋ္ဌာန်ဆုံးဖြတ်ရဲတဲ့လူ နှစ်ယောက် သုံးယောက်လောက်ဘဲ တွေ့ဘူးပါတယ်။ လူဆိုတဲ့သတ္တဝါဟာဘာလောက်မှ စဉ်းစားဉာဏ် ကြီးတာမဟုတ်ဖူးခင်ဗျ။ ငယ်ငယ်ကထဲက သင်ပေးထားရင် ဘာမဆို လက်ခံယုံကြည်တတ်ကြတာဘဲ”

မိတ်။ ။“ဒီစကားဟာ ဟုတ်ပုံတော့ရတယ် ဆရာကြီးရေ့။ ဒါ့ထက် သမထအလုပ်နဲ့ ဝိပဿနာအလုပ် ခြားနားပုံကလေး ပြောပြပါဦး ဆရာကြီးရယ်”

နုပ်။ ။“ခြားနားပုံကလေးလို့ မဆိုပါနဲ့၊ ခြားနားပုံကြီးလို့ ဆိုစမ်းပါ။ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အားထုတ်တယ်ဆိုတဲ့ ယောဂီများအဖို့မှာ ဒီကိစ္စဟာ အင်မတိ အင်မတန် အရေးကြီးလွန်းလို့ပါဗျာ”

မိတ်။ ။“မှန်ပါတယ်ဆရာကြီး။ ကိုင်းဆရာကြီးရယ် ကျွန်တော် အားထုတ်နေတဲ့ စင်္ကြံအလုပ်ဟာ သမထလား ဝိပဿနာလားခင်ဗျာ”

နုပ်။ ။“စိတ်ကဘယ်လိုထားသလဲ”

မိတ်။ ။“ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဆိုတဲ့ သဘောကို ရှုမှတ်ခြင်းပေါ့ခင်ဗျာ”

နုပ်။ ။"တရားဓမ္မနဲ့ ပတ်သက်လာရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ ကျွန်တော် တွေ့တဲ့အတိုင်း ကျွန်တော် ပြောမယ်နော်"

မိတ်။ ။"ဒီလိုမှ ကြိုက်ပါတယ်ဆရာကြီး"

နုပ်။ ။"ဘယ်ပုဂ္ဂိုလ်အပေါ်မှ ဓမ္မစ္ဆရိယစိတ် မရှိဘူး ဆိုတာကို ယုံကြည်ရဲ့လား"

မိတ်။ ။"အမှန်ကြိုက်တဲ့ ပုဂ္ဂိုလ်တဦးလို့ ယုံကြည်ပါတယ် ဆရာကြီး"

နုပ်။ ။"ကြွတယ်၊လှမ်းတယ်၊ ချတယ်ဆိုတဲ့ အလုပ်များကို ရှုမှတ်ပြီး စင်္ကြံလျှောက်ခြင်းဟာ စိတ်တည်ငြိမ်စေမှု (သမာဓိ)အတွက် လုပ်ခြင်းဖြစ်တယ်ဆိုရင်တော့ ပြောစရာမရှိပါပေဘူး။သို့သော် ဒီအလုပ်သည်ပင် ဝိပဿနာ အလုပ် ဖြစ်တယ်ဆိုရင်တော့ အများကြီး ပြောစရာရှိတယ်"

မိတ်။ ။"ကျွန်တော်ကိုယ်တိုင်ကတော့ ဒီအလုပ်ဟာ ဝိပဿနာ အလုပ်ဘဲလို့ ထင်မိတာဘဲ ဆရာကြီး"

နုပ်။ ။"ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ်စမ်းခဲ့ဘူးပါတယ်။ကြွတယ်ဆိုတာကို လှမ်းတယ်လို့ အမှတ်မမှားစေရဘူး။ လှမ်းတယ်ဆိုတာကို ချတယ်လို့ အမှတ်မမှားစေရဘူး။ ချတယ်ဆိုတာကို ကြွတယ်လို့ အမှတ်မမှားစေရဘူး။ ဟုတ်ကဲ့လား"

မိတ်။ ။"ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။"စိတ်က တောင်ရောက် မြောက်ရောက် ပျံ့လွင့်နေသည်ဖြစ်စေ၊ တခုခုကို တွေးတောနေသည် ဖြစ်စေ၊ မမှတ်သော်လည်း နေမိမယ်၊ အလွဲလွဲ အချော်ချော်သော်လည်း မှတ်မိမယ် မဟုတ်ဖူးလား"

မိတ်။ ။"ဟုတ်ပါတယ်ခင်ဗျာ"

နုပ်။ ။"ဒီတော့ စိတ်မပျံ့လွင့်ဘို့အဘွက် ကြွခြင်း၊ လှမ်းခြင်း၊ ချခြင်းတို့ကို အမှတ်ပြုနေရတယ် မဟုတ်ဖူးလား"

မိတ်။ ။"ဟုတ်ပါတယ်ဆရာကြီး။ နို့ပေမယ့် စိတ်မပျံ့လွင့်အောင် လုပ်ဖို့လဲ အရေးကြီးတယ် မဟုတ်ဖူးလားခင်ဗျာ"

နုပ်။ ။"ဟုတ်တော့ ဟုတ်ပါတယ်။ဒါပေမယ့် ဝိပဿနာအလုပ်ဆိုတာက မပျံ့လွင့်ရုံတင် မကသေးဘူး။ ဉာဏ်ပေါ်ဘို့ကလဲ လိုသေးတယ်ဗျ"

မိတ်။ ။"မပျံ့လွင့်ရင် ဉာဏ်ပေါ်လာရမည် မဟုတ်လားခင်ဗျာ"

နုပ်။ ။"မပျံ့လွင့်တိုင်း ဉာဏ်ပေါ်လာတာ မဟုတ်သေးဘူးဗျ။ ဥပမာ ပထဝီ ကသိုဏ်းအလုပ်လုပ်ရင် စိတ်ကတော့ မပျံ့လွင့်ဘူး။ သို့သော် ဉာဏ်ပေါ် မလာနိုင်ဘူးဗျ"

မိတ်။ ။"စင်္ကြံအလုပ်ဟာက ကသိုဏ်းအလုပ်မှ မဟုတ်ဘဲ ဆရာကြီး ရယ်"

နုပ်။ ။"ကသိုဏ်းအလုပ်တော့ မဟုတ်ပါဘူး။ သို့သော် ခင်ဗျားစဉ်းစား ကြည့်လေ။ 'အကြွ' 'အလှမ်း' 'အချ' တို့ကို အမှတ်အသားမှန်အောင် ဂရုစိုက် နေရတယ် မဟုတ်ဖူးလား"

မိတ်။ ။"ဂရုစိုက်ရတာပေါ့ခင်ဗျာ"

နုပ်။ ။"ဒီဟာသုံးခုကို မှန်ကန်အောင် ဂရုစိုက်နေရတဲ့ ယောဂီ တယောက်ဟာ ဒီသုံးခုမှအပ ဉာဏ်တမျိုးပေါ်နိုင်ခွင့်ရှိပါဦးမလား"

မိတ်။ ။"ပေါ်ချင် ပေါ်နိုင်မှာပေါ့ ဆရာကြီး"

နုပ်။ ။"ကျွန်တော်က လက်တွေ့လုပ်ကြည့်ပြီးမှ ပြောနေတာနော်။ ဉာဏ်ပေါ်ခွင့်ကို မရနိုင်ဘူး။ ကိုင်းဗျာ အကြွ၊ အလှမ်း၊ အချကို မှတ်နေတုန်း မှာ ခင်ဗျားအဖို့ ဘယ်လိုဉာဏ်မျိုးပေါ်ဘူးပါသလဲဗျာ"

မိတ်။ ။"ကျွန်တော့်မှာမပေါ်ဘူးပေမယ့် ဒီ့ပြင်လူများမှာ ပေါ်ချင် ပေါ်မှာပေါ့ခင်ဗျာ"

နုပ်။ ။"ဒီလိုမဟုတ်ဖူး မိတ်ဆွေ။ ကျွန်တော်က စိတ်အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ကိုယ်တိုင်စမ်းသပ်လေ့လာခဲ့တဲ့ လူတယောက်ဗျ။ ဒီလို ရမ်းပြောလို့ မဖြစ်ဖူး။ အမှတ်မှားမှာစိုးလို့ ဂရုစိုက်ပြီး အကြွ အလှမ်း အချကို အာရုံပြုနေရတဲ့ ယောဂီတယောက်အဖို့မှာ အကြွ အလှမ်း အချကိုဘဲ သူသိ နိုင်မယ်။ အဖြစ်အပျက်ကိုမြင်တဲ့ ဥဒယဗ္ဗယဉာဏ် မဆိုထားနဲ့ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်တောင် ပေါ်ဘို့ခက်တယ်ဗျ"

မိတ်။ ။"ဘာကြောင့်လဲ ဆရာကြီးရယ်"

နုပ်။ ။"မှန်အောင် မှတ်ရတဲ့ အလုပ်တာဝန်ကြီးတခုက သူ့ရှေ့မှာ ဆီးစားနေပြီး ဉာဏ်ပေါ်ဘို့ လမ်းပိတ်နေတယ်ဗျ"

မိတ်။ ။“ဘယ်လိုဉာဏ်မျိုး ပေါ်ရမှာလဲ ဆရာကြီးရယ်”

နုပ်။ ။“အဖြစ်အပျက်ကိုမြင်တဲ့ ဥဒယဗ္ဗယဉာဏ်မပေါ်မီ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိမြင်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ်ရမယ်ဗျ”

မိတ်။ ။“ဘယ်လိုလဲခင်ဗျာ”

နုပ်။ ။“အကြွ၊ အလှမ်း၊ အချတွေကို အမှတ်အသားမထားဘဲ၊ စင်္ကြံ လျှောက်ယင်း နာမ်နဲ့ရုပ် အလုပ်လုပ်ပုံကို သတိနဲ့စောင့်ကြည့်ရင် နာမ်က ရှေ့က ရုပ်ကနောက်က စုံတွဲအလုပ်လုပ်နေကြတယ်ဆိုတဲ့အကြောင်းသဘော ကျတဲ့ ဉာဏ်တခုဟာ စိတ်ထဲမှာ ရှင်းရှင်းကြီး ပေါ်လာတတ်တယ် ခင်ဗျ။ အဲဒီဉာဏ်ဟာ ရှေးဦးစွာ အရေးကြီးတယ်။ ဝိပဿနာအလုပ်ဆိုတာ ဉာဏ် ပေါ်အောင် လုပ်ရတဲ့ အလုပ်ခင်ဗျ”

မိတ်။ ။“အမှတ်နဲ့လုပ်တော့ကောခင်ဗျာ ဉာဏ်မပေါ်နိုင် ဘူးလား”

နုပ်။ ။“အမှတ်ကတားဆီးနေတဲ့အတွက် ဉာဏ်ပေါ်ဖို့ခက်တယ်။ သို့ သော် တခုတော့ရှိပါတယ်။စိတ်မပျံ့လွင့်ရအောင်၊ သို့မဟုတ် သမာဓိကောင်း လာအောင်လုပ်ခြင်း ဖြစ်တယ်ဆိုရင်တော့ လုပ်ပေါ့ခင်ဗျာ”

မိတ်။ ။“အမှတ်နဲ့လုပ်ရင်တော့ ဘာခေါ်မလဲခင်ဗျာ”

နုပ်။ ။“သမထဘဲဖြစ်နိုင်တယ်။ ဉာဏ်ပေါ်စေဖို့ လမ်းမပွင့်တဲ့အတွက် ဝိပဿနာမဟုတ်သေးဘူးလို့ ကျွန်တော်ဆိုချင်တယ်”

မိတ်။ ။“ဆရာကြီး ဘယ့်နှယ်သိသလဲ”

နုပ်။ ။“ကျွန်တော်ကိုယ်တိုင်လဲ စမ်းကြည့်ပါတယ်။ အကြိမ်ကြိမ်လဲ ဆင်ခြင်သုံးသပ်ကြည့်ပါတယ်”

မိတ်။ ။“ခြောက်ဒွာရ ခြောက်အာရုံ အလုပ်ကော၊ ဘယ်လိုပြော မလဲ ဆရာကြီး”

နုပ်။ ။“ဝိပဿနာ အလုပ်ပါပေဘဲ။ သို့သော် မှတ်တယ်ဆိုတဲ့အလုပ် ကိုတော့ ကျွန်တော်မကြိုက်ဖူးဗျာ”

မိတ်။ ။“ဘာကြောင့်လဲ ဆရာကြီး”

နုပ်။ ။“မှတ်ရတယ်ဆိုတော့ မှတ်တဲ့အလုပ်ဟာက တာဝန်ကြီးတခု အနေနဲ့ ရှေ့ကခံနေတာကို ကျွန်တော်တွေ့ရတယ်”

မိတ်။ ။“ဘယ်ပုံခံနေတာလဲ ခင်ဗျာ”

နုပ်။ ။"ထိုင်ခြင်း၊ ထခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း တို့ဆိုတာ တွေက ဝေါဟာရ အသုံးအနှုန်းတွေ အခေါ်အဝေါ် အမည်ပညတ်တွေ မဟုတ်လားဗျာ"

မိတ်။ ။"မှန်ပါတယ် ခင်ဗျာ"

နုပ်။ ။"ဒီအခေါ်အဝေါ်တွေကို မှန်ကန်အောင် လိုက်မှတ်နေရခြင်းဟာ အလုပ်တခုဖြစ်မနေပေဘူးသလားဗျာ"

မိတ်။ ။"ဒါဟာ ကောင်းတဲ့ လိုအပ်တဲ့ အလုပ်မဟုတ်ဖူးလားခင်ဗျာ"

နုပ်။ ။"ဒီအမှတ်ကို ဒါလောက် အရေးပေးထားရင် ဒီ့ထက် အရေးကြီးတဲ့သဘာဝကို ထိုးထွင်းမြင်ဖို့ အနှောင့်အယှက် အတားအဆီး ဖြစ်တတ်တယ်လို့ ကျွန်တော်နားလည်နေပါတယ်"

မိတ်။ ။"မြင်ရမည့် သဘာဝက ဘာသဲဆရာကြီး"

နုပ်။ ။"နာမ်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ပါဘဲဗျာ။ အခေါ် အဝေါ် ပညတ်တွေကိုမှန်အောင် မှတ်နေရတဲ့အတွက် လက္ခဏာဆိုကိုမရောက်ဘဲ ဖြစ်တတ်တယ်လို့ ကျွန်တော် နားလည်တယ်။ စမ်းကြည့်တော့လဲ ဒီလိုဘဲ တွေ့ရတယ်"

မိတ်။ ။ "ဗုဒ္ဓဟောင်တော်မူခဲ့တဲ့ သတိပဋ္ဌာန်မှာလဲ 'ပဇာနာတိ'လို့ပါတယ်မဟုတ်ဖူးလား ခင်ဗျာ"

နုပ်။ ။"ပဇာနာတိ-သိ၏လို့ အဓိပ္ပာယ် ပြန်ကြပါတယ်။ သို့သော် သိခြင်းဆိုတာနဲ့ မှတ်တာနဲ့တော့ ခြားနားခြင်းရှိတယ် ထင်ပါတယ်။ဥပမာ ဦးခေါင်းကိုစောင်းရင် သိပါစေလို့ဆိုခြင်းအားဖြင့် ပညတ်အခေါ်အဝေါ်ကြီးနဲ့တကွ'စောင်းတယ် စောင်းဘယ်'လို့ အမှတ်အသားပြုနေဖို့မဆိုလို။လှုပ်ရှားပုံ ပြောင်းလဲပုံ အခြင်းအရာအပြုအမူကို အမှတ်တမဲ့မပြုလုပ်ဘဲ လှုပ်ရှားတိုင်း၊ပြောင်းလဲတိုင်း၊သိပါစေလို့ဆိုလိုတော်မူခြင်းဖြစ်ပါတယ်။'မှတ်ရတယ်' ဆိုတော့ အပြုအမူ အပြောင်းအလဲကို သိရုံမျှမက အခေါ်အဝေါ်ပညတ်နှင့်တကွ သိရမည်ဆိုတဲ့ သဘောရောက်ပါတယ်။ ဒီနှစ်ခု ခြားနားပုံကို တရက်လောက်တလှည့်စီလုပ်ကြည့်ရင် ရိပ်မိနိုင်လောက်ပါတယ်။ အရေးကြီးနေတာကတခြားကြောင့် မဟုတ်ဖူးဗျ။ အခေါ်ပညတ်ကို ဂရုစိုက်ရတဲ့အတွက် ဉာဏ်ပေါ်ဘို့အတွက်မှာ အနှောင့်အယှက်ဖြစ်တာကို ကျွန်တော်ကိုယ်တိုင် တွေ့ရ

ပါတယ်။ဘာဘဲပြောပြော အနည်းဆုံးတော့ နှောင့်နှေးခြင်း ဖြစ်စေတတ်တယ်လို့ ပြောချင်ပါတယ်”

မိတ်။ ။“ခြောက်ဒွာရနဲ့ ခြောက်အာရုံ တိုက်ခိုက်တဲ့အကြောင်းကော ဆရာကြီးရယ်”

နုပ်။ ။“မြင်တယ်၊ ကြားတယ်၊ နံတယ်လို့ မှတ်တယ်လား”

မိတ်။ ။“ဟုတ်ကဲ့ ဆရာကြီး”

နုပ်။ ။“ကျွန်တော့် လက်တွေ့ကတော့ ပညတ်အခေါ်တခုခုနဲ့ မှတ်ရတယ်ဆိုတဲ့အလုပ်ကို တယ်မကြိုက်ဖူးဗျာ။ ဝိပဿနာအလုပ်မှာ ရည်ရွယ်ချက်က ဘာလဲဆိုတော့ ရုပ်နာမ်တို့၏လက္ခဏာသဘောကိုမြင်စေဘို့မဟုတ်ဖူးလား။ မြင်တဲ့အခိုက်မှာ မြင်တဲ့သဘောကလေးကို(စမ္မဝိစယသမ္ဗောဇ္ဈင်အရ) စူးစမ်းတဲ့သဘောထည့်ပြီး စောင့်ကြည့်လိုက်တဲ့အခါကျတော့ မြင်တယ်ဆိုတာ အဆင်းရူပါရုံနဲ့ မျက်စိနဲ့ကိုက်ပြီးဖြစ်ပေါ်လာတဲ့ အဆင်းကိုသိသော စိတ်ကလေးလို့ စာကဆိုခြင်းဟာ ဟုတ်ပါပေတကားလို့ သဘောကျတတ်လာတယ်။အကြိမ်ကြိမ်အထပ်ထပ် စောင့်ကြည့်ဖန်များလာတော့ အဆင်းကိုသိတဲ့ မြင်စိတ်၊ အသံကိုသိတဲ့ကြားစိတ် အစရှိတဲ့ စိတ်အမျိုးမျိုး ကလေးတွေဟာ တခုပျက်ပြီးမှ တခုဖြစ်လာခြင်းပါတကားလို့ ဉာဏ်ထဲမှာ ရှင်းလာတတ်ပါတယ်”

မိတ်။ ။“မြင်ရင် မြင်တယ်လို့မှတ်၊ ကြားရင် ကြားတယ်လို့ မှတ်တော့ကော ဆရာကြီးရယ်”

နုပ်။ ။“အဲဒီလိုဆိုတော့ စိတ်မပျံ့လွင့်စေတတ်တဲ့ သမာဓိသဘောဘဲဖြစ်နေတတ်ပါတယ်။ကျွန်တော်ပြောတဲ့အသိဉာဏ်သဘော(ပညာ)မျိုးပေါ်မလာတတ်ပါဘူး။ ကျွန်တော်က ကိုယ်တိုင်လုပ်စမ်းပြီးမှ လက်တွေ့သဘောတင်ပြတာနော်။ ဒီနှစ်နည်းကို ရက်သတ္တတပတ်စီလောက် ကိုယ်တိုင်စမ်းလုပ်ကြည့်ရင် ခြားနားပုံကို တွေ့ရတတ်ပါတယ်”

မိတ်။ ။“ဆရာကြီးက မှတ်တယ်ဆိုတာကို မကြိုက်ဘဲကိုး”

နုပ်။ ။“ကျွန်တော်ကိုယ်တိုင် စမ်းကြည့်တဲ့ အခါမှာ မှတ်တာထက်၊ စောင့်ကြည့်ခြင်းက ဉာဏ်ပေါ်လွယ်ခြင်းကို တွေ့ရပါတယ်”

---

မိတ်။ ။"ဆရာကြီးအဖို့ ဒီလိုမှတ်ပေမယ့် ဒိပြင်လူ တယောက်အဖို့က တမျိုးဖြစ်ချင် ဖြစ်မှာပေါ့ ဆရာကြီးရယ်"

နုပ်။ ။"ကျွန်တော်က စိတ်သဘောကို လက်တွေ့ တင်ပြခြင်းဖြစ်ပါတယ်။ဗုဒ္ဓသုန်ပြတဲ့ သတိပဋ္ဌာန်နည်းအရ ပဇာနာတိဆိုတဲ့ စကားနဲ့လည်း ကိုက်ညီတယ်လို့ယုံကြည်ပါတယ်။ဘာဘဲဖြစ်ဖြစ် မှတ်တဲ့အလုပ်နဲ့ဉာဏ်ပေါ် တတ်တယ်ဆိုရင်လဲ ဟုတ်ပေတာပေါ့ဗျာ။ကျွန်တော်စုံစမ်းကြည့်လို့ ကြားသိရသလောက်တော့ အဖောင်းအပိန်အလုပ်လုပ်တုန်းမှာ ဉာဏ်ပေါ်တယ်လို့ ပြောကြတယ်။ ခြောက်ဒွါရအလုပ်က အဖြည့်အစွက်သဘောနဲ့ လုပ်ကြတာကိုဘဲတွေ့ရတယ်။ကျွန်တော်ကိုယ်တိုင် နည်းနှာခံပြီး လုပ်တုန်းကလဲဆရာလုပ်သူက ဒီလိုဘဲ သင်ပြခြင်းကို ကြုံခဲ့ရပါတယ်"

မိတ်။ ။"အဖောင်းအပိန်အလုပ်ကိုတော့ ဆရာကြီးဘာများပြောစရာရှိပါသလဲ ခင်ဗျာ"

နုပ်။ ။"ကျွန်တော်က စာတတ်ပေတတ် တယောက် မဟုတ်ပါဘူး။ လက်တွေ့လောက်သာ လိုက်ခဲ့တဲ့လူဖြစ်ပါတယ်။ ကျွန်တော့် လက်တွေ့ဟာ စာပေနဲ့မကိုက်ညီဘူးဆိုရင်လဲ ဝေဘန်ခံရပါတယ်။ အဖောင်းအပိန်အလုပ်နဲ့ပတ်သက်လို့တော့ 'အရိယာဘုံသွား ဉာဏ်လှေခါး'စာအုပ်ကို ရေးသားတဲ့ပုဂ္ဂိုလ်က ကျမ်းဂန်အကိုးအကားနဲ့ ဝေဘန်ထားပြီးကောဗျ။ရင်းပုဂ္ဂိုလ်ရဲ့ အရေး အသားဟာက အစွန်းထွက်တဲ့ အသုံး အနှုန်းတွေ ပါရှိသော်လဲ သူ့စာတွေက ကျမ်းဂန်အထောက်အထားတွေပါလို့မို့ တနည်းနည်းနဲ့ ပြေဆိုချေပဦးမှ သင့်တော်မယ်ထင်တယ်။ ကိုယ့်ဆရာတော်ရဲ့ နည်းကို ဝေဘန်ရမလားဆိုပြီး မကျေမနပ်ဖြစ်တဲ့ ကျွန်တော့်မိတ်ဆွေ ပြောသလို ဘောက်ဆင်ထိုးချင်တယ်ဆိုရုံနဲ့ မပြီးဘူးထင်တယ်။ ကိုယ့်ဂိုဏ်းသားချင်းက ကျေနပ်ပေမယ့် တိုင်းပြည်အဖို့ကတော့ ဒီလိုနဲ့မပြီးပေဘူးဗျ။ ဆရာတော်ကိုယ်တိုင်က မဟုတ်တောင် တပည့်တပန်းထဲကဖြစ်စေ၊ ရှင်းလင်းတင်ပြဘို့ ဝတ္တရားရှိတယ်လို့ ကျွန်တော်ယူဆတယ်"

မိတ်။ ။"သမထအလုပ်နဲ့ ဝိပဿနာအလုပ်ကို နဲနဲလောက် ထပ်ပြီး ရှင်းပါဦး ဆရာကြီးခင်ဗျား"

နုပ်။ ။"ကျွန်တော်လဲ တော်တော်ရေးခဲ့လှပါပြီဗျာ"

မိတ်။ ။"ကျွန်တော်လဲ ဖတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ကောင်းကောင်းကြီး မရှင်းသေးဘူး ဆရာကြီးရဲ့။ ဘယ်လိုဘဲ ရှင်းအောင်ရေးတတ်ပေမယ့် ဆွေးနွေးရတော့ သာကောင်းပါတယ်ခင်ဗျာ"

နုပ်။ ။"ကျွန်တော့် ရှင်းလင်းချက်ကိုဖတ်ပြီး သဘောပေါက်ပြီဆိုတဲ့ လူများဆီက ပေးစာတွေကို ကျွန်တော် လက်ခံရရှိပါတယ်။ သို့သော် အခက်အခဲတခုရှိတယ်ဗျ"

မိတ်။ ။"ဘယ်လိုလဲ ဆရာကြီး"

နုပ်။ ။"ဘယ်သူကဟောဟော၊ ဘယ်သူကရေးရေး၊ စဉ်းစားဆင်ခြင်ကြည့်ပြီး သဘာဝလဲကျတယ်၊ ကျမ်းဂန်နဲ့လဲ ကိုက်ညီတယ်ဆိုရင် လက်ခံသင့်တယ်ဆိုတဲ့ အယူအဆမျိုးရှိတဲ့လူက အင်မတန်နဲတယ်ဗျ။ ကျွန်တော်လဲ ခုနကပြောခဲ့တယ်မဟုတ်လား။ ကိုယ့်မှာ ဆရာရှိနေပြီး ကိုယ့်ဆရာပြောထားတာနဲ့ မကိုက်ညီဘူးဆိုရုံနဲ့ စဉ်းစားလို့တောင် မကြည့်ချင်တော့ဘဲ တခါတည်း ပယ်ချလိုက်ချင်တဲ့ လူတွေက များနေတယ်ဗျ"

မိတ်။ ။"ကျွန်တော်က အဲဒီအထဲက မဟုတ်ပါဘူးဆရာကြီး"

နုပ်။ ။"ပါးစပ်ကတော့ ပြောကြတာဘဲ။ တကယ့်တကယ်ကျတော့ ကိုယ့်ဆရာပြောတာကို ပထမ။ ဒီနောက် ကျမ်းဂန်တတ် ဆရာတော်ကြီးများ၊ ဓမ္မကထိကများ၊ စိတ်ပုတီးနဲ့ ပိတ်ပြူဝတ်တဲ့ ပုဂ္ဂိုလ်များစသည်ဖြင့် တဆင့်တဆင့်လျှော့ပြီး ယုံကြည်လက်ခံကြတဲ့လူက များတယ်ဗျ။ ဒီလိုလူတွေအတွက် ကျွန်တော် ရည်ရွယ်ရေးသားခြင်းမဟုတ်ဖူး။ ဘုရားဟော ဒေသနာနဲ့ ဖြစ်စေ၊ သဘာဝနဲ့ဖြစ်စေ ညှိနှိုင်းတိုက်ဆိုင်ကြည့်လို့ ကိုက်ညီရင် လက်ခံမယ်ဆိုတဲ့ ပရိသတ်မျိုးအတွက် ကျွန်တော်ရေးသားခြင်း ဖြစ်ပါတယ်။ ဟိုဆရာ ဒီဆရာရဲ့ တပည့်များဆိုတာတော့ ဖတ်ကြည့်ကြဘို့တောင် ကျွန်တော် မမြှော်လင့်ပါဘူး"

မိတ်။ ။"နို့ ခင်ဗျာ။ ဘုရားဟောဒေသနာနဲ့ ပတ်သက်လို့ အဓိပ္ပာယ် အယူအဆ ကွဲလွဲကြရင်ကော ဆရာကြီးရယ်"

နုပ်။ ။"အဲဒီလိုကိစ္စမျိုးကျတော့ သဘာဝနဲ့ကိုက်ကြည့်ဗျာ။ သဘာဝဟာ (ဉာဏ်ရှိသူများအဖို့) စံချိန်ကြီးပါဘဲ"

မိတ်။ ။"ဘုရားဟောနဲ့ သဘာဝနဲ့ မကိုက်ရင်ကောဆရာကြီး"

နုပ်။ ။"ဒီလိုမဖြစ်ရဘူးလေ။ ကျွန်တော်တို့ဗုဒ္ဓဟာ သဘာဝဆရာကြီးဗျ။ သဘာဝကို ယထာဘူတကျကျ မြင်တော်မူတယ်လို့ ကျွန်တော်ယုံကြည်တယ်။ မကိုက်ညီဘူးဆိုရင် မိမိက အဓိပ္ပာယ် အကောက်အယူ လွဲနေလို့ဆိုပြီး တမျိုးတမည် ပြင်ဆင်ပြောင်းလဲ ယူရလိမ့်မယ်။ သဗ္ဗညုတ ဉာဏ်တော်ရှင်မှန်ရင် သဘာဝကို အကြွင်းမဲ့ သိမြင်တော်မူခြင်း ဖြစ်ရမယ်"

မိတ်။ ။"သဘာဝ ကျမကျကို လူတိုင်းနားလည်သလား ဆရာကြီး"

နုပ်။ ။"လူတိုင်းနားမလည်ဘူးဗျ။ ဒါကြောင့် ဉာဏ်ရှိသူများအဖို့လို့ ကျွန်တော် ချွင်းချက်ထားခဲ့တယ် မဟုတ်ဖူးလား"

မိတ်။ ။"ကိုင်းပါ ဆရာကြီးရယ်။ သမထနဲ့ ဝိပဿနာအကြောင်း ရှင်းပါဦးခင်ဗျာ"

နုပ်။ ။"သမထ အလုပ်ဆိုတာက သမာဓိကို အသားပေးတဲ့ အလုပ်ခင်ဗျ။ ဒီအလုပ်မျိုးဟာက ဗုဒ္ဓ ပွင့်တော်မမူမီကတည်းက အိန္ဒိယပြည်မှာ ဖကီရ်များ၊ ဆာဒူးများ၊ ပရိဗိုဇ်များ၊ သူတော်သူမြတ်ဆိုတဲ့ ပုဂ္ဂိုလ်များ လုပ်ခဲ့ကြတဲ့ အလုပ်ဘဲ။ ဗုဒ္ဓရဲ့ ဝိပဿနာအလုပ် ကွယ်ပျောက်သွားတဲ့ ယခုအချိန်တွင် အိန္ဒိယပြည်မှာဒီအလုပ်ဘဲ ကျန်ရစ်ခဲ့လေတော့ ဒါကိုဘဲ ဆက်ပြီး သူတို့လုပ်နေကြတယ်"

မိတ်။ ။"ဒီအလုပ်မျိုးရဲ့ လက္ခဏာက ဘယ်လိုလဲဆရာကြီး"

နုပ်။ ။"သစ်တပင် ဝါးတပင်အောက်မှာ၊ သို့မဟုတ် ဂူထဲမှာ၊ တောထဲမှာ၊ ဆိတ်ငြိမ်တဲ့နေရာတခုခုမှာထိုင်ပြီး တခုခုကိုစိုက်ရှုရတဲ့အလုပ်မျိုးဘဲဗျ။ တခုခုကိုစိုက်ပြီး ရှုနေတယ်ဆိုရင် လူပြိန်းတွေက အထင်ကြီးတော့ တာဘဲ။ အထင်ကြီးစရာ တန်ခိုးသတ္တိထူးကလေးတွေကလဲ ပေါ်လာတတ်သကိုးဗျ"

မိတ်။ ။"ဘယ်လိုတန်ခိုးသတ္တိမျိုးလဲ ဆရာကြီး"

နုပ်။ ။"အမြင်တို့၊ အကြားတို့၊ မအိပ်ဘဲနေနိုင်တာတို့၊ ခေါင်းထဲမှာ ပိတ်ထားခြင်းခံနိုင်တာတို့၊ အသက်မရှူဘဲ နေနိုင်တာတို့၊ သူတပါးစိတ်အကြံကိုသိနိုင်တာတို့ပေါ့လေဗျာ"

မိတ်။ ။"သူတပါးရဲ့ စိတ်အကြံကို သိနိုင်တယ်ဆိုခြင်းဟာ ရဟန္တာများမှဖြစ်နိုင်တယ်ဆို မဟုတ်ဘူးလားဆရာကြီး"

နုပ်။　။"ရဟန္တာတိုင်းလဲ မဖြစ်ဘူးဗျ။ဒီလိုဖြစ်တိုင်းလဲ ရဟန္တာ မဟုတ်သေးဘူးဗျ။အိန္ဒိယပြည်က ဖကီရ်များ၊ ဆာဓူးများ ဖြစ်နိုင်တယ်လို့ ကျွန်တော်ဖတ်ရဘူးတယ်"

မိတ်။　။"ဒီလိုဆိုရင် သူတို့ကော ရဟန္တာဖြစ်နေလို့များလား ဆရာကြီးရယ်"

နုပ်။　။"ဘယ်ကလာဖြစ်ရမှာလဲဗျ။ လောကီ အသိဥာဏ်ဘဲ ဖြစ်ရမှာပေါ့။အိန္ဒိယပြည်က စာအုပ်ထဲမှာကျွန်တော်ဖတ်ရဘူးတယ်။ဖကီရ်တယောက်ဟာ မှန်ခေါင်းထဲသွင်းထားပြီး ထမင်းလဲမစား၊ ရေလဲမသောက်၊အသက်လဲမရှူ၊၇-ရက်တိတိနေပြတယ်တဲ့ဗျ။ ဒီလိုဆိုရင် ကျွန်တော်တို့ဗမာပြည်ကလူတွေက နိရောဓသမာပတ်ဝင်စားတယ်လို့ ဆိုကောင်းဆိုကြလိမ့်မယ်။ ၇-ရက်စေ့တဲ့နေ့ကျတော့ ဘာတောင်းတယ်ထင်သလဲ၊ သူ့အတွက် မြင်းတစီးပေးရတယ်တဲ့ဗျ။ မြင်းစီးပြီးထွက်သွားရောတဲ့။ နိရောဓသမာပတ်နဲ့ မြင်းတစီးတောင်းတာနဲ့ တော်နိုင်ရော့လားဗျာ"

မိတ်။　။"တော်တော်ဆန်းကြယ်တဲ့အတတ်ဘဲနော် ဆရာကြီး"

နုပ်။　။"စိတ်ဟာ အလွန်ဆန်းကြယ်တယ်ဗျ။ သမာဓိဘက်ကလေ့ကျင့်ထားပြီဆိုမှဖြင့် မျက်လှည့်ပြသလို အံ့သြဘွယ်အလုပ်မျိုးတွေကို အများကြီးလုပ်ပြနိုင်တယ်ဆိုဘဲ။ လူပြိန်းတွေကတော့ ဒါကိုသိပ်ပြီး အဟုတ်ကြီး ထင်ကြတာပေါ့လေဗျာ"

မိတ်။　။"တန်ခိုးကြီးတာလဲ ကောင်းတာပေါ့ ဆရာကြီးရယ်"

နုပ်။　။"လူပြိန်းရဲ့အကြိုက်မှာတော့ ဟုတ်တာပေါ့လေဗျာ။ ကြည်ညိုစရာကြီးတခုလို ထင်ကြတာပေါ့"

မိတ်။　။"ဆရာကြီးကော မကြည်ညိုဘူးလား"

နုပ်။　။"၇-ရက် အသက်မရှူဘဲ နေနိုင်ခြင်းအတွက်တော့ မျက်လှည့်ဆရာတယောက်ကို အံ့သြသလို အံ့သြရုံရှိတာပေါ့ဗျာ။ ကြည်ညိုစရာလို့တော့ မထင်ပါဘူး။ ကျွန်တော်က လောကဝံအောင်တဲ့ ပညာမျိုးကိုမှ ကြည်ညိုတတ်တဲ့လူဗျ"

မိတ်။　။"ခုနကပြောတဲ့ ဖကီရ်ဟာ လောကဝံ အောင်ချင်အောင်မှာပေါ့ဆရာကြီး"

---

နှုပ်။ ။"လောကဓံ အောင်တဲ့လူကလေးဗျာ၊ မြင်းတစီးအတွက် မျက်လှည့်ပြမှာ။ ဝေးသေးဗျာ။ လောကဓံအောင်နိုင်တဲ့ အကျင့်မျိုးက သူတို့ရဲ့ သမထ အကျင့်မျိုး မဟုတ်ဘူးဗျ။ ဝိပဿနာအလုပ်ဖြစ်ရမယ်"

မိတ်။ ။"သူတို့အလုပ်မှာ ဘယ်ဟာလိုနေသလဲ ဆရာကြီး"

နှုပ်။ ။"လောကဓံကိုအောင်နိုင်တဲ့အကျင့်ကတော့ ဗုဒ္ဓဟောတော်မူတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးမှတပါး မရှိဘူးဗျ။ ရှိတယ်ဆိုရင် ဗုဒ္ဓဟောတော်မူတာတွေလဲမှားပြီး သမ္မာသမ္ဗုဒ္ဓဆိုတာလဲ မရှိဘူး။မဂ်တရား၊ဖိုလ်တရားတို့ဆိုတာတွေလဲ စိတ်ကူးယဉ်ခြင်းသက်သက် ဖြစ်ကုန်တော့မှာဘဲ"

မိတ်။ ။"လောကဓံအောင်တဲ့တရားကို သူတို့နည်းနဲ့ သူတို့ကော မတွေ့နိုင်ပေဘူးလားဆရာကြီး။ရှေးတုန်းကအနောက်တိုင်းမှာ(Stoicism)ဥပေက္ခာတရားလေ့ကျင့်တဲ့ ပညာရှိကြီးတွေရှိတယ်ဆိုဘဲ"

နှုပ်။ ။"ရှိဘူးပါတယ်။ သို့သော် သူတို့အလုပ်က'အောင့်ခံ'တဲ့အလေ့အကျင့်လုပ်ထားခြင်းဘဲ။ အမြစ်ပြတ်တာမဟုတ်ဘူး။ ဗုဒ္ဓရဲ့နည်းကမှ အမြစ်ပြတ်တဲ့နည်းဗျ"

မိတ်။ ။"ဘာကြောင့် အမြစ်ပြတ်နိုင်သလဲ ဆရာကြီးရယ်"

နှုပ်။ ။"ဝိဇ္ဇာနည်းကိုဗျ"

မိတ်။ ။"ရှင်းပါဦး ဆရာကြီး"

နှုပ်။ ။"ဒီလိုလေ။ ဟိုတုန်းက ပညာရှိကြီးတွေက လောဘ ဒေါသဆိုတာ မကောင်းဘူးလို့ သူတို့နားလည်တယ်။ လောဘအလျောက် ဒေါသအလျောက်ပြုမိရင် မကောင်းဘူးလို့ သူတို့နားလည်တယ်။ ဒီတော့ကာ လောဘစိတ်ဖြစ်လာရင် လောဘအလျောက်မပြုဘူး။ လောဘအလို သူတို့မလိုက်ဘူး။ ဒေါသကိုလဲ ဒီအတိုင်းဘဲ အလုပ်လုပ်တယ်။ အလိုမလိုက်ဘူး။ ချုပ်တည်းထားတယ်။ အောင့်ထားတယ်။ လေ့ကျင့်ဖန်များတော့ သူတို့စိတ်ကို သူတို့ တော်တော်ကြီး နိုင်နင်းနေတာပေါ့ဗျာ"

မိတ်။ ။"ဒါဆိုရင် လုံလောက်နေပြီကော ဆရာကြီး"

နှုပ်။ ။"အပြစ်မပြုရုံဘဲရှိတယ်ဗျ။ အမြစ်မပြတ်ဘူး"

မိတ်။ ။"ဘယ်လိုမှပြတ်သလဲ ဆရာကြီးရယ်"

နုပ်။ ။"ဗုဒ္ဓရဲ့နည်းကတော့ လောကကြီးမှာ လိုချင်စရာ၊ တပ်မက်စရာ ဘာတခုမှမရှိဘူးလို့ သိမြင်တဲ့ ဝိဇ္ဇာဉာဏ်ပေါ်လာအောင် လုပ်ယူရတဲ့ နည်းဗျ။ ရဟန္တာပုဂ္ဂိုလ်များဟာ လောကမံကို အောင်တယ်ဆိုတာ သူတို့လို 'အောင့်ထားခြင်း မဟုတ်ဘူးဗျ။ တပ်မက်စရာ မဟုတ်တဲ့အဖြစ်ကို ရှင်းရှင်းကြီး မြင်တော်မူကြခြင်းဖြစ်တယ်"

မိတ်။ ။"ဒီဉာဏ်အမြင် ရဘို့အတွက် ဗောဓိပက္ခိယတရား ၃၇-ပါး အရ အားထုတ်ယူရတယ်ဆိုပါတော့"

နုပ်။ ။"ဟုတ်ပါတယ်"

မိတ်။ ။အလုပ်လုပ်တဲ့ အခါကျတော့ ၃၇-ပါးလုံးနဲ့ ကိုက်ညီအောင် ညှိနှိုင်းရမယ်လား ဆရာကြီး"

နုပ်။ ။"တချို့ဟာတွေကတော့ တကြိမ်နားလည်လို့ သဘောပေါက်ထားရင် လုံလောက်ပါတယ်။ အရေးကြီးတဲ့ဟာ တချို့ကတော့ အားထုတ်တဲ့ယောဂီတိုင်း ခဏခဏ တိုက်ကြည့်ဘို့ လိုတယ်ဗျ"

မိတ်။ ။"အရေးကြီးတာတွေ အမိန့်ရှိပါဆရာကြီး"

နုပ်။ ။"မဂ္ဂင်ရှစ်ပါးနဲ့ ဗောဇ္ဈင် ခုနစ်ပါးတို့ကတော့ အလွန် အရေးကြီးတယ်ဗျာ"

မိတ်။ ။"ဒီ ၁၅-ပါးလုံး အရေးကြီးသလား ဆရာကြီး"

နုပ်။ ။"အထူးသဖြင့် အရေးကြီးတာကတော့ သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဘဲခင်ဗျ"

မိတ်။ ။"ဒီအကြောင်းကို ဆရာကြီးရေးထားတာ ဖတ်တော့ ဖတ်ဘူးပါပြီ။ သို့သော် အရေးကြီးပုံကို တဆိတ်လောက် ထပ်ရှင်းပါဦးခင်ဗျာ"

နုပ်။ ။"တချို့ သမထအလုပ်တွေမှာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ အစရှိတဲ့ မဂ္ဂင်တွေ၊ ဗောဇ္ဈင် ခုနစ်ပါးထဲက ပီတိ၊ ပဿဒ္ဓိ၊ သမာဓိအစရှိတဲ့ ဗောဇ္ဈင်တွေ၊ ဗောဓိပက္ခိယတရား ၃၇-ပါး ထဲက အဓိပတိလေးပါးတို့ ဣဒ္ဓိပါဒ်လေးပါးတို့ ဆိုတာမျိုးတွေ ပါဝင်ခြင်းကို တွေ့ရနိုင်ပါတယ်။ သို့သော် သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာမျိုးကိုတော့ မတွေ့နိုင်ဘူးဗျ။ ဒီဟာက ဝိပဿနာအလုပ်အတွက် သက်သက် ဗုဒ္ဓကိုယ်တော်မြတ်တဆူတည်း ညွှန်ပြတော်မူခဲ့တဲ့ လုပ်နည်းဘဲခင်ဗျ"

မိတ်။ ။"သမ္မာဒိဋ္ဌိမဂ္ဂင်ကော ဆရာကြီးရယ်၊ အရေးမကြီးဘူးလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်က ယောဂီတို့ လုပ်ရမည့် 'အလုပ်'ကို ပြောနေခြင်းဖြစ်တယ်။ သမ္မာဒိဋ္ဌိဆိုတာက အလုပ်မဟုတ်ဘူးခင်ဗျ။ ဉာဏ်အမြင် (ပညာ) ဖြစ်တယ်။ နည်းနာကျကျ အလုပ်လုပ်ပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ ဉာဏ်အမြင်ကိုဆိုလိုတယ်။ ဉာဏ်အမြင်ဆိုတာမျိုးက မြင်လိုက်မဟဲ့ဆိုလို့ မြင်တာမဟုတ်ဘူး။ အလုပ်လုပ်တော့မှ အလိုအလျောက် သူ့သဘောအတိုင်း ပေါ်ပေါက်လာရတဲ့ သဘောတရားတခုဘဲ"

မိတ်။ ။"အိန္ဒိယပြည်မှာ အာဠာရ၊ ဥဒကတို့ကစပြီး အားထုတ်ကြတဲ့ နည်းတွေမှာ ဒီဟာနှစ်ခု မပါဘူးပေါ့ဆရာကြီး"

နုပ်။ ။"အိန္ဒိယပြည်မှသာမကဘူး။ ကျွန်တော်တို့ မြန်မာပြည်မှာလဲ ဝိပဿနာအလုပ်ဆိုပြီး အားထုတ်ကြတဲ့နည်းတွေမှာ ဒီဟာနှစ်ခု ပါရမယ်လို့ အလေးပေးဘို့ သတိရတဲ့ဂိုဏ်းက ခပ်ရှားရှားဘဲ ဖြစ်နေတယ်။ ဒီနှစ်ခု မပါရင် ဝိပဿနာအလုပ်လိုလိုနဲ့ သမထဖြစ်နေတတ်တာဘဲ"

မိတ်။ ။"ဒီနှစ်ခုဟာ ဘာ့ကြောင့် ဒီလောက် အရေးကြီးရ တာလဲ ဆရာကြီး"

နုပ်။ ။"ဝိပဿနာ အလုပ်ဆိုတာက ဉာဏ်ပေါ်အောင် လုပ်ယူရတဲ့ အလုပ်မျိုးဗျ။ ဒီမဂ္ဂင်နဲ့ ဒီဗောဇ္ဈင်ဟာက ယောဂီရဲ့ သန္တာန်မှာ ပါရမီအလျောက် ကိန်းအောင်းနေတဲ့ 'ဉာဏ်'ကို ဖွင့်ပေးခြင်းဖြစ်တယ်။ ဉာဏ်ကို ဖွင့်မပေးဘဲ မျက်စိမှိတ်ပြီး နင်းကန်အလုပ်လုပ်တဲ့ယောဂီများအဖို့မှာ သမာဓိသာကောင်းပြီး ဥဒယဗ္ဗယဉာဏ် စစ်စစ်တောင် မပေါ်လာဘဲ ဖြစ်တတ်တယ်ဗျ"

မိတ်။ ။"တဖွဲဖွဲနဲ့ သဲပြိုသလို မြင်ရတာဟာ ဥဒယဗ္ဗယဉာဏ် မဟုတ်ဘူးလား ဆရာကြီး"

နုပ်။ ။"တယ်ခက်တယ်ဗျာ။ ဒါလောက်ကို ဉာဏ်ထင်နေတဲ့ ပုဂ္ဂိုလ်တွေက တော်တော် များနေတယ်။ ဒါက ဉာဏ်အမြင် မဟုတ်သေးဘူးဗျ။ သမာဓိအစွမ်းကြောင့် စိတ်ထဲမှာထင်လာခြင်းဖြစ်တယ်။ ဒီအထင်မျိုးဟာက ဂယောင်ချောက်ချားဖြစ်ပြီး ရှုးချင်ရှူးသွားနိုင်တယ်"

မိတ်။  ။“ကျွန်တော်တို့နည်းပြဆရာကတော့ သမ္မာသက်ပ္ပတို့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တို့ဆိုတာတွေကို ယောဂီရဲ့ အလုပ်တခုအနေနဲ့ အရေးကြီးတယ်လို့ ရှင်းလင်းပြီး မပြောဘူးပါဘူးခင်ဗျာ”

နုပ်။  ။“ကိုင်း ကျွန်တော် ပြောလိုက်မယ်ဗျာ။ဒီနှစ်ခုမပါဘဲဝိပဿနာအလုပ် လုပ်လို့ဖြစ်နိုင်ပါတယ်လို့ ပြောဝံ့တဲ့ပုဂ္ဂိုလ် ထွက်စမ်းပါစေ။ ဒီဟာနှစ်ခုမပါရင် သမထသာဖြစ်နိုင်တယ်လို့ ကျွန်တော်ပြောလိုက်တယ်။ မိုးပျံချင် ပျံနိုင်မယ်။ မဂ်တော့ မဆိုက်နိုင်ဘူး”

မိတ်။  ။“လူတွေကတော့ ဆရာကြီးရယ်၊ မိုးသာပျံပြလိုက်ရင် သောက်သောက်လဲ ကြည်ညိုပစ်လိုက်ကြမှာဘဲ ခင်ဗျာ”

နုပ်။  ။“လူတွေကတော့ တော်တော်ပြိန်းပါတယ်ဗျာ။ မိုးပျံတာ မဆိုထားနဲ့ မအိပ်ဘဲနေနိုင်တယ် ဆိုတာနဲ့တောင် ကြည်ညိုစရာကြီးတခုထင်နေကြတာဘဲ”

မိတ်။  ။“သူများမလုပ်နိုင်တာကို လုပ်ပြနိုင်ရင် ကြည်ညိုချင်ကြတာဘဲ ဆရာကြီး”

နုပ်။  ။“မျက်လှည့်ဆရာတွေ၊ လောကဓာတ်ဆရာကြီးတွေ၊အနုမြူဆရာကြီးတွေကိုလဲ ကြည်ညိုကြပေဦးဗျာ”

မိတ်။  ။“ဆရာကြီးကတော့ ဘယ်လိုဟာမှ ကြည်ညိုသလဲခင်ဗျာ”

နုပ်။  ။“ခေါင်းပါးတဲ့ အကျင့်ကို ကျွန်တော်ကြည်ညိုပါတယ်။ နိုင်ငံခြားက ရဟန်းတပါးဟာ မအိပ်တဲ့အကျင့်ကို ကျင့်တယ်လို့ နာမည်ကြီးပေမယ့် ဓာတ်ပုံတွေနဲ့ အလှူငွေခံပြီး သူ့တပည့်ကို ဘယ်လောက် ရသဲဟေ့လို့ လူထဲမှာမေးတာမျိုးတော့ ခေါင်းပါးတဲ့အကျင့်လို့ ကျွန်တော် မယူဆပါဘူး။ သို့သော် သမထအလုပ်ကြောင့်၊သမာဓိကောင်းလာပြီဆိုမှဖြင့်လူပုဂ္ဂိုလ်ပင်ဖြစ်စေ၊လူပြိန်းများ ကြည်ညိုဘွယ် ဖြစ်လာတတ်ခြင်းကိုတော့ ကျွန်တော် ဝန်ခံပါတယ်”

မိတ်။  ။“ဘယ်လိုကြုံဘူးလို့လဲ ဆရာကြီး”

နုပ်။  ။“အာနာပါနဘဲလုပ်လုပ်၊ ကသိုဏ်းဝန်းဘဲလုပ်လုပ် တော်တော်ကြီး သမာဓိ ကောင်းလာပြီဆိုမှဖြင့် စိတ်က တောင်ရောက် မြောက်ရောက်မရောက်တော့ဘဲ ငြိမ်သက်ပြီး ဣန္ဒြေရတဲ့ မျက်နှာထားမျိုး ဖြစ်လာ

တော့တာဘဲ။ဒါဟာလဲကြည်ညိုစရာပါဘဲ။သို့သော် ဘာများထူးထူးခြားခြား သိတဲ့ဉာဏ်ပေါ်သလဲဆိုတော့ ဘာဉာဏ်မှ ပေါ်လို့မဟုတ်ဘူး။ သမာဓိကို ကျွန်တော်က အလကားဟာလို့ မဆိုလိုပါဘူး။တန်ခိုးသတ္တိတမျိုးတော့ရှိပါပေတယ်။အမှန်ကတော့ လူပြိန်းကြိုက်တတ်တဲ့ အမူအရာမျိုးပါဘဲ”

မိတ်။ ။“ပညာနဲ့တော့ လူ့အမြင်မှာ ဘယ်လိုခြားနားသလဲ ဆရာကြီး”

နှိပ်။ ။“ကျွန်တော်တခုတင်ပြမယ်။ဝိသာခါဟာ သောတာပန်ဆိုသောကြောင့် ပညာအလုပ် မဟုတ်ဖူးလား”

မိတ်။ ။“ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်တယ်ဆိုတော့ ပညာနဲ့ ပယ်ရမှာပေါ့ ခင်ဗျာ”

နှိပ်။ ။“နို့ပေမယ့် နံ့သာရေချိုးလို့ မလ္လိကာ တန်ဆာကြီးဆင်လို့ လှတော့လှရဲ့။ ကြည်ညိုဘွယ် မဖြစ်ဘူးနော်”

မိတ်။ ။“ဟုတ်မှာပေါ့ဆရာကြီး”

နှိပ်။ ။“သမထအလုပ်နဲ့ သမာဓိ ထူထောင်ထားတဲ့ ပုဂ္ဂိုလ်ကတော့ ဝတ်ဖြူစင်ကြယ်နဲ့ တောင်ကြည့် မြောက်ကြည့် မကြည့်ဘဲ မျက်လွှာချလို့ နှုတ်ခပ်ဆိတ်ဆိတ်ဆိုတော့ ကြည်ညိုဘွယ် မကောင်းဘူးလားခင်ဗျာ”

မိတ်။ ။“ဟုတ်ကဲ့၊ ကြည်ညိုစရာပါဘဲဆရာကြီး”

နှိပ်။ ။“ဝိသာခါနဲ့ ဘယ်သူက ကြည်ညိုဘွယ်ဆောင်သလဲ။ ဘယ်သူ့ကို အထင်ကြီးမလဲ”

မိတ်။ ။“မှန်ပါဆယ်ဆရာကြီး။ ဝိသာခါဟာ သောတာပန်တည်ပြီးလို့ ဗုဒ္ဓက ဖွင့်ပြောထားလို့သာကိုး။ နို့မဟုတ်ရင် သမာဓိသမားက သာတယ်လို့ ထင်ကြမှာဘဲ”

နှိပ်။ ။“သာတော့လဲ သာတဲ့အချက်မှာ သာပါတယ်။ သာမန် သောတာပန်ထက် သမထ တော်တော်ပေါက်နေတဲ့ ပုဂ္ဂိုလ်က လူ့အမြင်မှာ သာတတ်ပါတယ်။ သို့သော် အောက်တန်း အရိယာများအဖို့မှာတော့ လူ့အမြင် တခုတည်းနဲ့ကြည့်ပြီး ဆုံးဖြတ်လို့ မရဘူးဗျ။ ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်တယ် ဆိုရုံနဲ့ အခါခပ်သိမ်း ဣန္ဒြေကြီးနဲ့ နေတယ်လို့ မယူဆထိုက်ဘူးဗျ။ သောတာပန် ပုဂ္ဂိုလ်ရဲ့ ဉာဏ်အမြင်ဟာက ဆွေးနွေးကြည့်မှ သိနိုင်တယ်။ ဒါလဲ ဆွေး

နွေးတဲ့လူက သိတတ်တဲ့ဉာဏ်မျိုးရှိဦးမှဗျ။ သမထအလုပ်နဲ့ သမာဓိ ကောင်းထားတဲ့ ပုဂ္ဂိုလ်မျိုးကတော့ လူပြိန်းတောင် ကြည်ညိုနိုင်လောက် အောင် ထူးခြားပေတယ်ဗျ။ ဒီခေတ်မှာတော့ ဒါလောက်သိတတ်တဲ့လူ ခပ် ရှားရှားဘဲဗျ”

မိတ်။ ။“ဆရာကြီးရဲ့ စာတွေကို လူတွေက ဘယ်လို လက်ခံကြသလဲ ဆရာကြီး”

နုပ်။ ။“စာအုပ်တော့ တော်တော်တွင်ပါတယ်။ ကျွန်တော့် အထင်ကို ဖွင့်ပြောရရင်တော့ မြန်မာပြည်မှာ ဗုဒ္ဓ သာသနာတော်ဟာ ထွန်းကားစ ပြုလာရုံဘဲ ရှိသေးတယ်။ ဒီခေတ်လူများ ဉာဏ်မမှီရင် နောင်ခေတ် နောင် ခေတ်များအတွက် မြော်လင့်တယ်ဗျာ”

# (၅)

## ဓမ္မတာနှင့်သဘာဝ ခြားနားပုံရှင်းလင်းချက်

လောကုတ္တရာရေးရာဆွေးနွေးခန်းများအကြောင်း ရေးသားသောအချိန်မှစ၍ တရားအားထုတ်ဖူးသော ပုဂ္ဂိုလ်များ၊ တရားဝါသနာပါသော လူများနှင့် ဧလောကုတ္တရာဘက်ဆိုင်ရာ ဗဟုသုတရှာမှီး သူများသည် ကျွန်ုပ်၏နေအိမ်သို့ တရက်ခြား နှစ်ရက်ခြားလာရောက်ကာ ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း၊ မေးမြန်းခြင်းများပြုလုပ်ကြ၏။ ငြင်းခုံရန်လာသောသူများကိုမူ စကားစလိုက် ကတည်းက ကျွန်ုပ်သိသည်ဖြစ်၍ ကျွန်ုပ်ကအငြင်းအခုံလက်လျှော့ထားသည်မှာ ကြာပြီ ဖြစ်ကြောင်း၊ ကျွန်ုပ်၏ ဆောင်းပါးများကိုဖတ်၍ သဘောကျသော်လည်း မရှင်းလင်းသောအချက်များရှိ၍ ဆွေးနွေးမေးမြန်းလိုသော ပုဂ္ဂိုလ်များနှင့်သာ တွေ့လိုကြောင်း၊ ကျွန်ုပ်ကို'ချွတ်'မည်ဆိုသော ရည်ရွယ်ချက်နှင့်လာသော လူများအားမူ အချိန်နှင့် လဘက်ရည်အကုန်ခံပြီး ဧည့်မခံ နိုင်ကြောင်းနှင့် ပြတ်ပြတ်ပြောကာ စကားဖြတ်လိုက်ရဘူးပါသည်။ ဤတလော၌မူ ယခင် တပတ်ကလာသောလူသည် မကြာမကြာ ရောက်လာတတ်ပေရာ ဤတခေါက် တွင် လူနှစ်ယောက်ခေါ်လာ၏။ သို့ရာတွင် ထိုနှစ်ယောက်မှာ တခွန်းတလေမျှသာ ထောက်ဖော်ရကြ၍ နားထောင်သူများသာ ဖြစ်လေသည်။

---

ပုဂံစာအုပ်တိုက်

မိတ်။ ။"ဟိုတခေါက်က ဆရာကြီးနဲ့ ဆွေးနွေးလို့ ဆရာကြီး ပြောလိုက်တဲ့စကားတွေကို အိမ်ရောက်တော့ ပြန်ပြီးသုံးသပ်ရမှာကောင်းကောင်း မကျေနပ်နိုင်သလိုလို ဖြစ်တဲ့ အချက်ကလေးတွေ ရှိနေပါတယ် ဆရာကြီး ခင်ဗျား"

နုပ်။ ။"ဟိုတုန်းကတော့ ခင်ဗျားကျေနပ်တယ်ဆို"

မိတ်။ ။"အမှန်ပြောရရင် ဆရာကြီးရဲ့အရှိန်ကို လန့်လေတော့ ချက်ချင်းပြန်ပြီး မေးတတ်လောက်အောင် ဉာဏ်မပေါ်ဘူးခင်ဗျ။ အိမ်ကိုရောက်တော့မှဘဲ အပြန်ပြန် အလှန်လှန် ဆင်ခြင် သုံးသပ်ကြည့်လို့ ဉာဏ်ပေါ်တယ်ခင်ဗျ"

နုပ်။ ။"မေးစရာ ပေါ်လာတယ် ဆိုပါတော့။ ဟုတ်ပေမှာပေါ့ဗျာ။ ကျွန်တော့်ဝါသနာကလဲ ခပ်ဆတ်ဆတ် ပြောတတ်လေတော့ အတော့်လူတော့ တွန့်သွားကြမှာဘဲ။ ဒါက ကျွန်တော့်ချွတ်ယွင်းချက်တခုပေဘဲ။ သာယာညှင်းပျောင်း မပြောတတ်ဘဲနဲ့ ဒိုးဒိုးဒေါက်ဒေါက်ပြောချင်တတ်တဲ့ ဝါသနာ ရှိပေတာကိုး"

မိတ်။ ။"ဒိုးဒိုးဒေါက်ဒေါက်ပြောခြင်းကိုတော့ ကျွန်တော် သဘောကျပါတယ်။ကျွန်တော်တို့က ဆရာကြီးရဲ့ စာတွေကိုဖတ်ထားလို့ အရှိန်ကို လန့်နေလို့ပါဆရာကြီး"

နုပ်။ ။"ကိုင်း မေးစရာရှိ မေးပါဗျာ"

မိတ်။ ။"ကျွန်တော်တို့အထင်က အရိယာ ပုဂ္ဂိုလ်ဆိုရင် ဠာန်ပွဲသမ္ဘတ်တို့နဲ့ပြည့်စုံလိမ့်မယ်လို့ ထင်မိပါတယ်ဆရာကြီး"

နုပ်။ ။"ကျွန်တော်က ဟမင်္ဂတဖိုလ်ပုဂ္ဂိုလ်နဲ့ သမထတော်တော်ပေါက်ထားပြီး သမာဓိကောင်းနေတဲ့ ပုဂ္ဂိုလ်နဲ့ နှိုင်းယှဉ်ပြောခြင်း ဖြစ်ပါတယ်။ တမင်္ဂဘဖိုလ် ပုဂ္ဂိုလ်ဟာလဲ နောက်တီးနောက်တောက်တော့ မဖြစ်နိုင်ပါဘူး။ သမထသမားကို မမှီချင်မမှီဘဲရှိနိုင်တယ်လို့ ပြောခြင်းဖြစ်ပါတယ်"

မိတ်။ ။"သောတာပန်ဆိုတာ ပညာအရာ မဟုတ်ဖူးလား ဆရာကြီး"

နုပ်။ ။"ဟုတ်တာပေါ့"

မိတ်။ ။"ပညာဆိုတာဟာ ရင့်ကျက်တဲ့ ဠာန်ပွဲဖြစ်စေနိုင်တယ် မဟုတ်ဖူးလား ဆရာကြီး"

---

နုပ်။ ။"ရှင်သာရိပုတ္တရာ အလောင်းက ရှင်အဿဇိကိုမြင်တော့ဒီပုဂ္ဂိုလ်ဟာ ရင့်ကျက်တဲ့ဣန္ဒြေနဲ့ပြည့်စုံတယ်။ သူ့မှာတရားထူး ရှိတန်လောက်တယ်လို့ အကဲခတ်တယ်ဆိုတာကို ခင်ဗျား ကြားဘူးထားဟန် တူတယ်"

မိတ်။ ။"ဒီဟာကို သာဓကတင်ပြမလို့ဟာ ဆရာကြီးက ယူပြောနေနှင့်တာကိုး"

နုပ်။ ။"ရှင်အဿဇိက အာသဝေါ ကင်းထားတဲ့ ရဟန္တာ ပုဂ္ဂိုလ်ဗျ။ သူတို့အဖို့မှာတော့ ဣန္ဒြေပါ ပါပြီးသားပေါ့"

မိတ်။ ။"ဒါဖြင့် ဘယ်လိုနားလည်ရမှာလဲ ဆရာကြီး"

နုပ်။ ။"ရိုးရိုးသောတာပန်ပုဂ္ဂိုလ်သည် သမာဓိအထိုက်အလျောက်ရှိရမည်ဖြစ်သော်လဲ သမထအလုပ်သက်သက်ဖြင့် သမာဓိထူထောင်ထားတဲ့ပုဂ္ဂိုလ်ရဲ့ သမာဓိကို မမှီဘူး ဖြစ်ချင်ဖြစ်နိုင်တယ်။ သို့သော် သမာဓိလို့ကျွန်တော်တို့ သုံးနှုန်းနေတဲ့နေရာမှာ အရပ်သုံး သမာဓိကို ဆိုလိုခြင်း မဟုတ်ဖူးနော်။ ဒီလူဟာ သိက္ခာသမာဓိနဲ့ ပြည့်စုံတယ်ဆိုတဲ့ အသုံးအနှုန်းမျိုးတော့သောတာပန်ပုဂ္ဂိုလ်ဟာလဲ ပြည့်စုံရမှာပေါ့။ ကျွန်တော်တို့ ပြောနေကြတဲ့ သမာဓိက ဈာန်သမာဓိမျိုးကို ပြောနေခြင်းဖြစ်ပါတယ်"

မိတ်။ ။"ကျွန်တော် နားလည်ပါတယ် ခင်ဗျာ။ ရိုးသား ဖြောင့်မတ်ပါတယ်ဆိုတဲ့ အရပ်သုံး သမာဓိမျိုးတော့ သောတာပန်မှာလဲ ရှိရမှာပေါ့"

နုပ်။ ။"ဟုတ်ပြီ။ဈာန်သမာဓိမျိုးကျတော့ အောက်နှစ်ဆင့် အရိယာများမှာ ဒါလောက်မပြည့်စုံဘူးဗျ။ အနည်းဆုံး အနာဂါမ် ပုဂ္ဂိုလ်မျိုးမှသာပြည့်စုံနိုင်တယ်"

မိတ်။ ။"ဆရာကြီးက သင်္ဂြိုဟ်တတ်လို့ ပြောနေတာလား"

နုပ်။ ။"သင်္ဂြိုဟ်ကိုတော့ ငယ်ငယ်တုန်းက နှစ်ပိုင်းလောက်ဘဲ သင်ဘူးပါတယ်။ ကျွန်တော်က သဘာဝအတွေးအခေါ်အရ ပြောခြင်းဖြစ်ပါတယ်။ သို့သော် ကျွန်တော့်စကားဟာ ကျမ်းဂန်နဲ့ ကိုက်ညီလိမ့်မယ်လို့ ယုံကြည်ပါတယ်"

မိတ်။ ။"သောတာပန်ရိုးရိုးက မမှီနိုင်ဘူးဆိုတော့ ဘယ်လိုသောတာပန်မျိုးက မှီနိုင်သလဲဆရာကြီး"

နုပ်။ ။"ဈာနလာဘီ သောတာပန်လို့ ရှိသေးတယ်ဗျ"

---

မိတ်။ ။"သောတာပန်အနေနဲ့ ချွန်ရနိုင်စကောင်းသလားဆရာကြီး"
နုပ်။ ။"အရှုပ်ဘုံမှာ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်များရှိတယ်လို့ စာက ဆိုပါတယ်"
မိတ်။ ။"ဟင် ဆရာကြီးက သင်္ဂြိုဟ်မတတ်ဖူးဆိုပြီး ဒါတွေကို သိထား သကိုး"
နုပ်။ ။"ဒီလိုပါဗျာ။ ကျွန်တော် အသက် ၃၅-နှစ်လောက်က တရား အားထုတ်ရာမှာ ချွန်သမာဓိမျိုး ဖြစ်နေလေတော့ အားထုတ်တာက ဝိ ပဿနာ။ ဖြစ်နေတာက ချွန်သမာဓိဆန်ဆန်။(ဆန်ဆန်လို့ ကျွန်တော်ပြော တယ်နော်။ တထစ်ချပြောခြင်းမဟုတ်ဖူး။) ဒီတော့ ဖခင်ထံ ကျွန်တော် စုံစမ်း တယ်။ ကျွန်တော့်ဖခင်က စာ အသင့်အတင့်တတ်တယ်ဗျ။ ဒီတော့ ဖခင်က ဘာပြောသလဲဆိုတော့ ဝိပဿနာအလုပ် အားထုတ်သူဖြစ်ပေမင့် ဘဝ အ ဆက်ဆက်က သမထအလုပ် အားထုတ်ဖူးတဲ့ ပါရမီခံပါရင် ဝိပဿနာ အ လုပ်မှာ ပေါက်ရောက်တဲ့ အချိန်ကျတော့ ဟိုတုန်းက ထူထောင်ခဲ့ဘူးတဲ့ သမာဓိ အကျိုးဆက်ပါ 'အဆစ်'အဖြစ်နဲ့ ရတတ်တယ်လို့ ပြောတယ်ဗျ"
မိတ်။ ။"ဘယ့်နှယ်လဲဆရာကြီး 'အဆစ်' ရတယ်လို့ ဖြစ်နိုင်သလား ခင်ဗျာ"
နုပ်။ ။"ထင်ရှားတဲ့ သာဓကတခု ပြောမယ်ဗျာ။ သန္တတိ အမတ်ကို ကြည့်ပါ။ တနေ့လုံး အရက်တွေမူးပြီး ဗုဒ္ဓနဲ့ တွေ့တဲ့အချိန်မှာ တရားတချီ နာလိုက်ရရုံနဲ့ အရဟတ္တဖိုလ် ဆိုက်ရုံသာမက ဈာနလာဘီအဖြစ်နဲ့ တေ ဇောကသိုဏ်းဝင်စားပြီး ကောင်းကင်မှာ ပရိနိဗ္ဗာန်ပြုတယ်ဆို မဟုတ်လား"
မိတ်။ ။"ဒီအကြောင်းတော့ ကြားဘူးပါတယ်"
နုပ်။ ။"သန္တတိ အမတ်ကြီးရတဲ့ သမာဓိက ချွန်သမာဓိတင်မကဘူး။ အဘိဉာဏ်တောင် ရသွားတာဗျ။ ကျွန်တော်တို့ဆီက အရပ်သား ရိုးရိုးတွေက တော့ ချွန်စိတ်ဆိုလိုက်ရင် မြေလျှိုးမိုးပျံနိုင်တဲ့ တန်ခိုးသတ္တိမျိုး ရှိတယ်လို့ ထင်ကြတယ်။သမထအလုပ်နဲ့ ချွန်စိတ်လောက်ဖြစ်တတ်ရုံနဲ့ မိုးပျံနိုင်တာ မဟုတ်ဘူးဗျ။ ချွန်ရပြီးတဲ့နောက် တဆင့်တက်ပြီး အဘိဉာဏ် အတွက်ရယ် လို့ အားထုတ်ယူရသေးတယ်။ အဘိဉာဏ်အလုပ်ဟာက နည်းပြဆရာလိုသေး တယ်ဆိုတော့ ကျွန်တော်တို့ဗမာပြည်မှာ အဘိဉာဏ်ရတဲ့ဆီအထိ ပေါက်

ရောက်တဲ့ပုဂ္ဂိုလ်ရှိတယ်လို့ မကြားဘူးလေတော့ ဈာန်သမာဓိ ရိုးရိုးလောက်နဲ့ဘဲ နေကြရဟန် တူပါတယ်”

မိတ်။ ။“ဆရာကြီးရဲ့ စာတွေထဲမှာ ဟိုတုန်းက ဆရာကြီးမှာ သတ္တိအထူးအဆန်း ကလေးတွေ ဖြစ်ပေါ်လာဘူးတယ်လို့ ဖတ်ရဘူးပါတယ်။ နောက်တော့ကော ဆရာကြီး”

နုပ်။ ။“သမာဓိဆိုတာ အတက်အကျရှိနိုင်တယ်။ ပညာဆိုတာမျိုးကမှ ခိုင်မြဲတယ်ဗျ။ ဟိုတုန်းက အားထုတ်လို့ရဘူးတဲ့ အသိဉာဏ် (ပညာ) ဆိုတာကတော့ ပျောက်ပျက်မသွားဘူး။ အားထုတ်နိုင်သလောက် တိုးတက်လာပါသေးတယ်။ သမာဓိကတော့ ဟိုတုန်းက အဆင့်ကို မရောက်တော့လို့မို့ သတ္တိ အထူးအဆန်းကလေးတွေဟာလဲ ပျောက်သလောက် ဖြစ်ကုန်ပါပြီဗျာ”

မိတ်။ ။“ဟိုတုန်းက သမာဓိအဆင့်အတန်းကို ဆရာကြီး ဘယ်တော့မှ မရောက်နိုင်တော့ဘူးလားခင်ဗျာ”

နုပ်။ ။“ဝမ်းစာအတွက် အလုပ်မလုပ်ရဘဲ သဲသဲမဲမဲ ကြိတ်လိုက်ရရင်တော့ ဟိုတုန်းကသမာဓိမျိုး ပြန်ရနိုင်စကောင်းတယ်လို့ မြော်လင့်တာဘဲ။ သို့သော်လဲ အရွယ်က နိန့်ရင့်လာတော့ ဟုတ်ချင်မှဘဲဟုတ်မယ်ဗျ။ ဟိုသမာဓိမျိုး ပြန်မရတောင် ပညာဘက်က တိုးဘို့ကတော့ အားမလျော့သေးပါဘူးဗျာ”

မိတ်။ ။“အရွယ် ကြီးရင့်လာရင် သမာဓိအား လျော့တတ်သလားဆရာကြီး”

နုပ်။ ။“လျော့တတ်တာပေါ့ဗျ။ သာဓကတခု တင်ပြမယ်။ နာမည်တွေကိုတော့ ကျွန်တော် မမှတ်မိတော့ဘူး။ ရဟန္တာကြီးတွေနဲ့ ဈာနလာဘီသာမဏေကလေးတပါး ခရီးသွားကြရာမှာ ဂဠုန်က နဂါးကို လိုက်နေတာတွေ့ရတယ်တဲ့။ဒီတော့ ရဟန္တာကြီးတွေက သာမဏေကလေးအား ‘လုပ်ပါဦးငါ့ရှင်။ငါတို့က အသက်ကြီးလို့ ထိုင်းမှိုင်းကုန်ပါပြီ။ ဈာန်ဝင်စားဘို့ မလွယ်တော့ပါဘူး။ နွေးကွေးကုန်ပါပြီ။ ငါ့ရှင်က သွက်သွက်လက်လက်နဲ့ ဝင်စားပြီး နဂါးကို ဂဠုန့်အန္တရာယ်မှ ကယ်ဆယ်လိုက်ပါဦး’လို့ ခိုင်းကြသတဲ့။ ဒီတော့ သာမဏေက ချက်ချင်းဈာန်ဝင်စားပြီး၊ သူ့ကိုယ်သူ ဟိုဂဠုန်ထက်

ကြီးတဲ့ ဂဠုန်ကြီးယောင်ဖန်ဆင်းပြီး ဂဠုန်ကို လိုက်ချောက် ပေးလိုက်လို့ နဂါးမှာ ချမ်းသာရရတယ်တဲ့”

မိတ်။ ။“အသက်ကြီးလာတော့ ဘာကြောင့်တန်ခိုးသတ္တိလျော့တာလဲ ဆရာကြီး”

နုပ်။ ။“တန်ခိုးဆိုတာမျိုးဟာက သမာဓိကရတဲ့ စိတ်ဓာတ်အင်အားဘဲ ဗျ။ ရုပ်ကအိုလာတော့ စိတ်ကလဲ အိုလိုက်ရတာပေါ့။ စိတ်အိုလို့ ခွန်အား နဲလာပြီဆိုမှဖြင့် စိတ်ခွန်အားကြောင့်ဖြစ်ရတဲ့ တန်ခိုးဆိုတာမျိုးဟာလဲ လျော့ ဆင်းကုန်ရတော့တာပေါ့”

မိတ်။ ။“ပညာကတော့ ဒီလိုမဟုတ်ဘူးနော် ဆရာကြီး”

နုပ်။ ။“ပညာကျဆင်းမှဖြင့် ခက်ရချေရဲ့ဗျာ။ အသက် ၁၆၀-နေရ တယ်ဆိုတဲ့ ရှင်မဟာကဿပထေရ်ကြီးဟာ ရဟန္တာကနေပြီး သောတာပန်ပြန် ဆင်းသွားရင်မခက်ရပေဘူးလားဗျ”

မိတ်။ ။“လောကီပညာမျိုးကကော ဆရာကြီး”

နုပ်။ ။“လောကီ အတတ်ပညာမျိုးတွေက အဘိဓမ္မာ အခေါ်နဲ့ တော့ သညာဘဲဗျ။ ဒါမျိုးတွေကတော့ အသက်ကြီးလာတဲ့အခါမှာ လျော့ တတ်လေတော့ လျော့ဆင်းကုန်တတ်တာပေါ့”

မိတ်။ ။“ရဟန္တာပေမင့် အလွန်အသက်ကြီးလို့ သူငယ်ပြန်တဲ့ အခါ ကျတော့ သူ့ပညာကော လျော့ဆင်းမကုန်ဘူးလား ဆရာကြီး”

နုပ်။ ။“စာတွေတော့ မဟုတ်ဘူးဗျ။ သဘာဝအတွေးအခေါ်နဲ့ ကျွန် တော်ပြောမယ်။ ရဟန္တာဆိုတာမျိုးဟာ ဘယ်လောက်ဘဲ အသက်ကြီးကြီး၊ သူ ငယ်ပြန်တယ်လို့ မဖြစ်စကောင်းဘူးထင်တယ်။ ရဟန္တာမဆိုထားနဲ့ အောက် တန်းအရိယာများတောင် သူငယ်မပြန်စကောင်းဘူး ထင်တယ်ဗျာ။ကျမ်းဂန် မန္တလို့ တိုက်ရိုက်တော့မတွေ့ဘူးဘူး။သို့သော် သဘာဝအနေနဲ့ စဉ်းစားကြည့် ရင် ဒီလိုဘဲဖြစ်သင့်တယ်ထင်တယ်”

မိတ်။ ။“ရူးသွပ်ခြင်းလဲမဖြစ်နိုင်ဘူးပေါ့ ဆရာကြီး”

နုပ်။ ။“ဒါလဲအတူတူဖြစ်ရမှာဘဲ။ ရူးနေတဲ့အရိယာလို့ မရှိစကောင်း ဘူးဗျ။ ရူးတယ်ဆိုကတည်းက ကတိမမှန်နိုင်တော့ဘူးပေါ့။ အရိယာဆိုတာ လားရာကတိမြဲတယ်လို့ ဆိုတယ်ဗျ”

မိတ်။ ။"ဆရာကြီးရဲ့ စကားတွေကို ပြန်ပြီး အကျဉ်းချုပ်လိုက်ပါဦး ဆရာကြီး"

နုပ်။ ။"စကားပြောကြရင်းနဲ့ နဲနဲကျယ်ပြန့်ထွက်သွားတယ်ဗျာ။ အချုပ်ကတော့ ဈာန်သမာဓိလောက်ထိအောင် ပေါက်ရောက်တဲ့သမထယောဂီတယောက်သည် သမာဓိအစွမ်းကြောင့် အနာဂါမ်ပုဂ္ဂိုလ်၏ဉာဏ်မျိုးနဲ့တူညီနိုင်ပြီး ရိုးရိုး သောတာပန် သကဒါဂါမ်ထက် ရင့်ကျက်သောဉာဏ်ရှိနိုင်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ဘယ့်နှယ်လဲ လက်ခံနိုင်ရဲ့လား"

မိတ်။ ။"သဘာဝကျပါတယ် ဆရာကြီး။ လက်ခံနိုင်ပါတယ်။ ကိုင်း တခုမေးပါရစေဦး ဆရာကြီး"

နုပ်။ ။"မေးပါဗျာ"

မိတ်။ ။"ဆရာကြီးက ဖြေဆိုလိုက်တယ်။ လူဆိုတဲ့သတ္တဝါဟာစဉ်းစားဉာဏ်ဘယ်လောက်မှ မကြီးကျယ်ဘူး။ ငယ်ငယ်ကလေးက သင်ပေးထားရင် ဘာမဆိုလက်ခံယုံကြည်နိုင်တယ်လို့ ပြောလိုက်ပါတယ်။ ဒီဟာကို သာဓကတင်ပြပါဆရာကြီး"

နုပ်။ ။"ကျွန်တော်တို့ ဗမာတွေနဲ့ဥရောပတိုက်က မျက်နှာဖြူတွေဟာ ယောဘုယျအားဖြင့် စဉ်းစားဉာဏ်အရာမှာ ဘယ်သူက သာတယ်လို့ထင်သလဲ"

မိတ်။ ။"သူတို့က သာလိမ့်မယ်လို့ ထင်ပါတယ် ဆရာကြီး"

နုပ်။ ။"ဒီလိုမေးတော့ ကျွန်တော်တို့ ဗမာတွေက နာချင်နာကြလိမ့်မယ်။ကျွန်တော် ပြင်မေးဦးမယ်။သူတို့ဆီကနဲ့ကျွန်တော်တို့ဆီကလို့ စဉ်းစားဉာဏ် ထူးချွန်တဲ့လူ ဘယ်ကအထွက်များသလဲ"

မိတ်။ ။"သူတို့ဆီကများတာပေါ့ခင်ဗျာ။ ကျွန်တော်တို့ဆီမှာ ယနေ့ထက်ထိ ကမ္ဘာကျော်ကြားလောက်အောင် စဉ်းစားဉာဏ်ကြီးတဲ့ လူရယ်လို့ တယောက်မှ မထွက်သေးဘူးခင်ဗျ။ ဝါးလုံးခေါင်းထဲမှာ လသာနေတဲ့လူ လောက်ရှိတာဘဲ"

နုပ်။ ။"လယ်တီဆရာတော်ဘုရား တပါးတော့ အနောက်က မစ္စစ်ရီးစ်ဒေးဗစ်တို့ မေးတဲ့ ပဋ္ဌာန်းကျမ်းကြီးနဲ့ပတ်သက်တဲ့ မေးခွန်းပုစ္ဆာများကို ဖြေဆိုနိုင်တယ်ဆိုလို့ ဗမာတယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်။သို့သော် ဒီဟာက ဘာသာရေးနဲ့ပတ်သက်တဲ့မေးခွန်းပုစ္ဆာတွေကိုးဗျ။ဘာသာရေးမှာတော့

ကျွန်တော်တို့ ရဟန်းတော်များက ဂေါတမဗုဒ္ဓရဲ့ ဒေသနာတွေကို လေ့လာသင်ကြားထားလို့ မို့ ရွှေဉာဏ်တော်ကိုအမှီပြုပြီး ဖြေဆိုနိုင်ကြခြင်း ဖြစ်ပေလိမ့်မယ်။တကယ့် ပင်ကိုယ်ဉာဏ်မှာတော့ ကျွန်တော်တို့ဆီက ‘ဒိပ်’ ဆိုတဲ့ပုဂ္ဂိုလ်ဟာ သူတို့ဆီက ‘ဒိပ်’ ဆိုဘဲ့ ပုဂ္ဂိုလ်တွေကို မမှီနိုင်သေးဘူးဗျ။ဒီအချက်မှာတော့ဗုဒ္ဓပွင့်တော်မူတဲ့ မဇ္ဈိမဒေသမှ လူများက ကျွန်တော်တို့ဗမာထက်(ယနေ့အထိမှာတော့)သာလျက်ရှိတယ်။သူတို့ဆီက ကမ္ဘာကျော် ပုဂ္ဂိုလ်တွေထွက်ခဲ့လှပြီ။ကျွန်တော်တို့ဆီက မယ်မယ်ရရ မထွက်သေးဘူး”

မိတ်။ ။“ဒီတော့ ဘာဖြစ်သလဲဆရာကြီး”

နုပ်။ ။“စဉ်းစားဉာဏ်အရာမှာ အတော်အဆင့်အတန်းမြင့်တယ်ဆိုတဲ့ အနောက်တိုင်းသားတွေထဲမှာတောင် ငယ်စဉ်ကသင်ပေးထားတဲ့ အယူဝါဒ တခုခုကို ထိုးဖောက်ပြီး မှားရင် မှားတယ်လို့ မြင်နိုင်တဲ့လူ အလွန်ရှားတယ်ဗျ”

မိတ်။ ။“ဘယ်ဒင်းကိုပြောတာလဲ ဆရာကြီး”

နုပ်။ ။“အနောက်တိုင်းကို ခရစ်ယန်ဘာသာက အရင်ရောက်သွားတယ်ဗျ။လောကကြီးကို ထာဝရ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒပေါ့လေဗျာ။ ဒီအယူဝါဒကို ငယ်ငယ်ကလေးထဲက သင်ပေးထားလိုက်ရာမှာအဟုတ်ကြီးမှတ်ပြီး ကြီးပြင်းလာသည်တိုင်အောင် လက်ခံယုံကြည်ကြတော့တာဘဲ။စင်စစ်မှာတော့ ကျွန်တော်တို့သိကြတဲ့ နိယာမတရား ဆိုတာလောကတော့ ဘယ်မှာသဘာဝကျမှာလဲဗျာ။နို့ပေမယ့် သူတို့ဆီမှာ တော်တော်စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကြီးကို တဦးတယောက်သော ပုဂ္ဂိုလ်ကြီးက ဖန်ဆင်းတယ်ဆိုတာကို ယနေ့ထက်တိုင်လက်ခံယုံကြည်ရက်ဘဲရှိတယ်ဗျ”

မိတ်။ ။“တချို့ လောကဓာတ်ဆရာကြီးတွေကတော့ ဖန်ဆင်းတယ်ဆိုခြင်းကို မယုံဘူးဆိုဆရာကြီး”

နုပ်။ ။“ဒါက အင်မတန်နဲပါတယ်ဗျ။ လောကဓာတ်ဆရာကြီးများဖိလော်ဆိုဖီဆရာကြီးများဆိုတဲ့ အထဲမှာတောင် အားလုံးမဟုတ်သေးပါဘူး။သူတို့က လွဲရင်တော့ ‘ဒိပ်’ ဆိုတဲ့ စာရေးဆရာကြီးတွေထဲကတောင် လက်ခံတဲ့လူ တော်တော်များပါသေးတယ်။ ကျောင်းဆရာတို့၊ ပရော်ဖက်ဆာတို့ ဆို့တာမျိုးတွေကတော့၊ဒီဝါဒကို လွန်မြောက်နိုင်တဲ့လူ အင်မတန် ရှားပါတယ်”

မိတ်။ ။"သူတို့ဆီက လူထုကကော ဆရာကြီး။ ဘာသာရေးမှာ တော်တော်ကြီး ပေါ့ကုန်ကြပြီဆို"

နုပ်။ ။"ဒါကတော့ တကမ္ဘာလုံးလိုလို ဘာသာရေးဘက်မှာ ပေါ့ကုန်ကြလို့ ဖြစ်ပါတယ်။ ဖန်ဆင်းတယ်ဆိုတာကို ပစ်ပယ်ဝံ့လို့ မဟုတ်ပါဘူး"

မိတ်။ ။"သူတို့ဆီကလူတွေ စဉ်းစားဉာဏ်ကြီးတယ်ဆို ဆရာကြီး။ ကျွန်တော်တို့ ဉာဏ်အမြင်အရ အလွန်ရှင်းနေတဲ့ ကိစ္စတခုမှာ သူတို့က မှားတုန်းဘဲ ကိုး ဆရာကြီး"

နုပ်။ ။"ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်မကြီးနဲ့ အုံးဗျ။ ခင်ဗျားရဲ့ ဉာဏ်အမြင် မဟုတ်ဖူး။ မိဘများက ငယ်ကထဲက သင်ကြားထားလို့ ခင်ဗျား လက်ခံထားခြင်း ဖြစ်တယ်။ ခင်ဗျားကော ခရစ်ယန်ဝမ်းထဲမှာ ဝင်စားရင် ခရစ်ယန်ဘဲ ဖြစ်မနေဘူးလို့ ပြောဝံ့ရဲ့လား"

မိတ်။ ။"ဟုတ်မှာဘဲ ထင်ပါရဲ့ ဆရာကြီးရယ်"

နုပ်။ ။"ဒါကြောင့် ကျွန်တော် ပြောတယ်မဟုတ်လား။ လူဆိုတဲ့သတ္တဝါဟာ စဉ်းစားဉာဏ် သိပ်ကြီးတာမဟုတ်ဖူး။ ငယ်ငယ်က သင်ပေးထားရင် အမှားပင်ဖြစ်စေ၊ ထိုးဖောက်ပြီးထွက်ဖို့ ခဲယဉ်းတယ်လို့။ တချို့ကျတော့လဲ ဉာဏ်စွမ်းဉာဏ်စကလေး ပေါ်ရှာပါရဲ့။ သို့သော် သတ္တိမရှိလေတော့၊ လူအုပ်ထဲမှာဘဲ မှိတ်ပြီး လိုက်ရှာကြရတယ်"

မိတ်။ ။"သနားစရာဘဲနော်"

နုပ်။ ။"ဒါကြောင့် ဗုဒ္ဓက ကာလာမသုတ်ဟောတော်မူတာဘဲ။ စဉ်းစားဉာဏ်အရာမှာ ထိပ်တန်းကဆိုတဲ့ လူတွေတောင် (တင်ပြခဲ့တဲ့ အတိုင်း) မိရိုးဖလာ အစဉ်အလာကို မထိုးဖောက်နိုင်ကြဘူးဆိုရင် ကျွန်တော်တို့ဆီက ဉာဏ်နုံ့သေးတဲ့ လူတွေအဖို့မှာ ကျွန်တော့်စာတွေကို အထင်သေးသူများရှိတယ် ဆိုတာ အံ့သြစရာ မရှိပေဘူးဗျ"

မိတ်။ ။"ဆရာကြီးစာတွေကို ဘယ်သူများ အထင်သေးလို့လဲ ဆရာကြီးရယ်"

နုပ်။ ။"မနေ့တနေ့က ရွာသစ်ကြီးကဆိုလား၊ လူငယ်တယောက် ကျွန်တော့်ဆီ ရောက်လာတယ်။ သူကကျွန်တော်ရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်ကိုသဘောကျလေတော့ ဟိုလူကိုပြ။ ဒီလူကိုပြ။ ဖတ်ဖို့တိုက်တွန်း။ တိုက်တွန်းလို့ မရ

တော့ သူကိုယ်တိုင် ဖတ်ပြတယ်ဗျ။ဒီတော့ သူတို့က 'ဝတ္ထုရေးနေတဲ့ မင်းရွှေဥဒေါင်းက တရားအကြောင်း ဘယ်လောက်များ ရေးတတ်မှာလဲတဲ့။ဟိုဆရာတော် ဒီဆရာတော်ကြီးတွေ ရေးတဲ့ စာအုပ်ကောင်းတွေ အပုံကြီးဘဲကွာ'လို့ ပြောကြသတဲ့"

မိတ်။ ။"ဆရာကြီးက နာသလားခင်ဗျာ"

နိုပ်။ ။"ကျွန်တော်က သူတို့ပြောမယ့်ဟာတွေ သိပြီးသားဘဲ။ ဘာနာမှာလဲ ခင်ဗျာ။ ကျွန်တော်ရေးကထဲက ဟိုဂိုဏ်း သည်ဂိုဏ်း၊ ဟိုဆရာ သည်ဆရာတွေရဲ့ တပည့်တပန်းများအတွက် မရည်ရွယ်ပါဘူး။ ဓမ္မဓိဋ္ဌာန် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတတ်တဲ့ ခေတ်လူငယ်များနဲ့ နောင်လာနောက်သား တိုးတက်တဲ့ လူငယ်များအတွက် ရည်ရွယ် ရေးသားခြင်း ဖြစ်ပါတယ်"

မိတ်။ ။"ဆရာကြီးသာရဟန်းပြုရင် ဒီ့ထက်ယုံကြည်သူ ပေါမယ်ခင်ဗျ"

နိုပ်။ ။"သိပ်မထူးပါဘူး မိတ်ဆွေ။ ဓမ္မဓိဋ္ဌာန်မစဉ်းစားတတ်တဲ့ လူတွေကတော့ ငယ်ဖြူလဲမဟုတ်ဖူး။ခုမှဝတ်တဲ့ ရဟန်းဘဲ၊ စာများဘယ်လောက်တတ်လို့လဲနဲ့ လုပ်ကြအုံးမှာပါဘဲ၊ လူသာမန်တွေရဲ့ အမြင်မှာတော့ ထေရ်ကြီးဝါကြီး၊ စာတတ်ပေတတ် ဆိုခြင်းလောက်ကိုသာ နားလယ်ကြတယ်။ သဘာဝတ္ထနဲ့ပတ်သက်လို့ ရှင်းရှင်းလင်းလင်းပြတ်ပြတ်သတ်သတ် ဆင်ခြင်သုံးသပ်တဲ့ ပညာ ပါရမီခံ (ClearThinking) ရှိမရှိကို နားလယ်တဲ့ လူမျိုးက အလွန်ရှားပါတယ်"

မိတ်။ ။"ဆရာကြီးပြောတဲ့ ပါရမီခံမျိုးရှိတဲ့ ပုဂ္ဂိုလ်က ဘယ်လောက်ရှားသလဲ ဆရာကြီးရယ်"

နိုပ်။ ။"ကျွန်တော်တို့ဗမာပြည်မှာမဆိုထားနဲ့ ကမ္ဘာ့ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာတောင် ထွေးလုံးရစ်ပတ် စဉ်းစားတတ်တဲ့လူတွေက များနေတယ်ဗျ"

မိတ်။ ။"ကျွန်တော် တခုမေးချင်သေးတယ်ဆရာကြီး။ဗုဒ္ဓဟာသဘာဝဆရာကြီးလို့ ပြောခဲ့ပါတယ်။ ဗုဒ္ဓရဲ့တရားတော်များဟာ သဘာဝနဲ့ ကိုက်ညီတာချည်းဘဲလား ဆရာကြီး"

နိုပ်။ ။"ကျွန်တော်တော့ ဒီလိုဘဲ ရဲရဲကြီး ယုံကြည်ထားတယ်"

တယောက်။ ။"မျိုးရိုးတည်တံ့ရေးအတွက် လူတွေ အိမ်ထောင်ပြုခြင်းဟာဓမ္မတာ သဘာဝမဟုတ်လား ဆရာကြီးရယ်။ဒီလိုဆိုရင် ရဟန်းပြုခြင်းဟာ သဘာဝကို ဆန့်ကျင်ရာ မရောက်ပေဘူးလား။ ဒီအတိုင်းဆိုရင် လူမျိုး ပြုတ်မသွားပေဘူးလားခင်ဗျာ"

နုပ်။ ။"ဒီနေရာမှာ ဓမ္မတာဆိုတဲ့စကားနဲ့ သဘာဝ ဆိုတဲ့ စကား ရောထွေးမကုန်ရအောင် ရှင်းပြဘို့လိုတယ်။ ဓမ္မတာဆိုတာက သတ္တဝါတွေ ပြုနေကျ အစဉ်အလာလို့ အဓိပ္ပါယ်ရှိတယ်။ သဘာဝဆိုတာကတော့ နိယာမတရား၊ သို့မဟုတ်အမြဲတည်ရှိနေတဲ့ စည်းကမ်းဥပဒေများကို ဆိုလိုတယ်။ သဘာဝကျခြင်းဆိုတာကတော့ အမြဲတည်ရှိတဲ့နိယာမ စည်းကမ်းဥပဒေများနဲ့ ကိုက်ညီခြင်းလို့ အဓိပ္ပါယ်ရှိတယ်။ ဒါကိုရှင်းရဲ့လားဗျ"

တယောက်။ ။"ရှင်းပါပြီ ဆရာကြီး"

နုပ်။ ။"သတ္တဝါတွေ အဖိုနဲ့အမ ဖက်စပ်ခြင်း၊ သို့မဟုတ် ဖက်စပ်လိုတဲ့ရာဂစိတ်ရှိခြင်းဆိုတာ ဓမ္မတာသဘောလို့ နားလယ်ရမယ်"

တယောက်။ ။"နားလယ်ပါတယ်ခင်ဗျာ"

နုပ်။ ။"သတ္တဝါတွေဟာ မိမိကိုယ်ကို အချစ်ဆုံးဆိုတာ ဓမ္မတာလို့ နားလယ်ရမယ်"

တယောက်။ ။"ဟုတ်ကဲ့ဆရာကြီး"

နုပ်။ ။"ဒါကြောင့်တကိုယ်ကောင်းကြံခြင်းဆိုတာလဲ ဓမ္မတာလို့ နားလယ်ရမယ်"

တယောက်။ ။"နားလယ်ပါတယ် ဆရာကြီး"

နုပ်။ ။"အဲဒီလိုဓမ္မတာသဘောတွေ အများကြီးရှိတယ်နော်"

တယောက်။ ။"မှန်ပါတယ်ခင်ဗျာ"

နုပ်။ ။"အဲဒီ ဓမ္မတာ သဘောတွေဟာ လွန်ဆန်လို့ မရစကောင်းဘူးလို့ ဆိုမလားဗျာ"

တယောက်။ ။"ခဲယဉ်းတော့ ခဲယဉ်းပါတယ်။ သို့သော် မလွန်ဆန်နိုင်ဘူးလို့တော့မဆိုနိုင်ပါဘူးခင်ဗျာ"

နုပ်။ ။"လွန်ဆန်လို့ ဖြစ်နိုင်ရုံတင်မကဘူးဗျ။ လွန်ဆန်ခြင်းအားဖြင့် အကျိုးရှိတယ် ဆိုတဲ့သဘာဝဥပဒေကြီးရှိတယ်"

---

တယောက်။ ။“ရှင်းပါဦးဆရာကြီး”

နုပ်။ ။“ဥပမာ တကိုယ်ကောင်းကြံတတ်ခြင်းဆိုဘာဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတဲ့ ဓမ္မတာသဘောက ပေါက်ဖွားလာတယ် မဟုတ်လား”

တယောက်။ ။“ဟုတ်တာပေါ့ဆရာကြီး”

နုပ်။ ။“ကိုယ့်ကိုယ်ကိုအချစ်ဆုံးဆိုတဲ့ ဓမ္မဘာသဘောကိုတော့ ပြုပြင်ဘို့ ခဲယဉ်းတယ်။ သို့သော် တကိုယ်ကောင်းကြံတတ်တဲ့ သဘောကိုတော့ ချုပ်တည်းနိုင်တယ်။ ချုပ်တည်းသင့်တယ်။ ချုပ်တည်းရင် ကောင်းတယ်။ ချုပ်တည်းရင် အကျိုးကျေးဇူး ရှိတယ်။ အဲဒါက သဘာဝ ဥပဒေဗျ”

တယောက်။ ။“ထပ်ပြီး ရှင်းပါအုံးဆရာကြီး”

နုပ်။ ။“သတ္တဝါတွေမှာ လောဘ ဒေါသဆိုတာမျိုးတွေ ရှိနေတတ်တယ်။ ဒါကြောင့် သူတပါးပစ္စည်းကို လိုချင်တယ်။ ကိုယ့်ပစ္စည်းကို မပေးချင်တတ်ဖူး။ အဲဒါက ဓမ္မတာဗျ။ တကိုယ်ကောင်းကြံခြင်းဘဲဖြစ်တယ်။ သို့သော် ငါချည်းမစားပါနဲ့ သူ့ကိုပေးလိုက်ပါဦးဆိုပြီး ဖဲ့ပေးခြင်းဟာ ဓမ္မတာကို ဆန့်ကျင်ဘက် ပြုခြင်းဖြစ်တယ်။ အဲဒီလိုဆန့်ကျင်ဘက် ပြုခြင်းဟာကတော့ ပြုသင့်ပြုထိုက်တဲ့အလုပ်ဘဲ။ အဲဒီလိုဆန့်ကျင်ဘက်ပြုခြင်းအတွက်ကောင်းကျိုးပေးတယ် ဆိုခြင်းဟာက သဘာဝဥပဒေဖြစ်တယ်”

မိဘ်။ ။“တူသော အကျိုးပေးတယ်ဆိုတာမျိုးလား ခင်ဗျာ”

နုပ်။ ။“ဟုတ်ကဲ့။ တူသောအကျိုးပေးခြင်း ဆိုတာဟာ နိယာမစည်းကမ်းဥပဒေဘဲဗျ။ ဒါကိုယုံကြည်လက်ခံရင် ကမ္မသကတာသမ္မာဒိဋ္ဌိလို့ခေါ်တယ်ဗျ”

မိတ်။ ။“ဒါကိုတော့ ကြိုက်ပါပြီဆရာကြီး။ ရဟန်းပြုခြင်းအကြောင်း ပြောပါဦး”

နုပ် ။“လာပါလိမ့်မယ်လေ။ သတ္တဝါတွေရဲ့ ဓမ္မတာသဘောအတိုင်းက ဖြစ်လေရာဘဝကိုနှစ်သက် တာတွယ်နေတတ်တယ်မဟုတ်ဖူးလားဗျာ”

မိတ်။ ။“မှန်ပါတယ်ဆရာကြီး။ သို့သော် နတ်ပြည်တို့ ဗြဟ္မာပြည်တို့ ကိုတာတွယ်တဲ့လူများကော မရှိဘူးလားခင်ဗျာ”

နုပ်။ ။"ဒါက စိတ်ကူးယဉ်သမားတွေရဲ့ တွေးလုံးပါဗျာ။ အဟုတ်တကယ် တာတွယ်တာကတော့ ကိုယ့်ဘဝမှာ တွေ့ကြုံတဲ့ အာရုံတွေကိုသာ တာတွယ်တတ်ကြတာပါဘဲ"

မိတ်။ ။"ဒါဖြင့် လူသေလူဖြစ်ဆိုတာမျိုးလားဆရာကြီး"

နုပ်။ ။"ကျွန်တော်ကတော့ ဒီလိုမယူဆပါဘူး။ နတ်ဘုံတို့ပြဟ္မာဘုံတို့ ဆိုတာရှိစကောင်းတယ်လို့ ယုံကြည်ပါတယ်"

မိတ်။ ။"တာတွယ်တာကကိုယ့်ဘဝ။ ဖြစ်တော့ နတ်ဘုံလို့ ဟုတ်နိုင်ပါ့မလားဆရာကြီး"

နုပ်။ ။"တာတွယ်ရင်းအစစ်ကတော့ ဘုံကိုတာတွယ်တာ မဟုတ်ဖူး။ အာရုံကိုတာတွယ်ခြင်းဖြစ်တယ်။ လူတယောက်ဟာ ကာမဂုဏ်ငါးပါးအနက်က အာရုံတွေကိုတာတွယ်ပြီး ခုတော့ စိတ်ကျသွားတယ် ဆိုပါတော့။ကုသိုလ်ဘက်ကများလို့ ကုသိုလ်ကံထောက်ပံ့လျှင် ကာမသုဂတိ ခုနစ်ဘုံမှာဖြစ်တယ်။ အကုသိုလ်မှုများလို့အကျိုးပေးရင် အပါယ်လေးဘုံမှာ ဖြစ်တယ်။ ဒါကကျွန်တော့်ယုံကြည်ချက်ဘဲ"

မိတ်။ ။"လူသေလူဖြစ် ဆိုတာကကော ဆရာကြီး"

နုပ်။ ။"အဲဒါက သူ့ယုံကြည်ချက်လေဗျာ"

မိတ်။ ။"ဆက်ပါဦး ဆရာကြီး။ ရဟန်းပြုတာ မရောက်သေးပါဘူး"

နုပ်။ ။"ဖြစ်ရာဘဝမှာ တာတွယ်ခြင်းဟာက ဓမ္မတာ။ အဲဒီတာတွယ်မှုကို လွန်မြောက်အောင် နည်းညွှန်ပြသူက ဗုဒ္ဓ။ ၎င်းနည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ခြင်းကြောင့် တာတွယ်မှုပြတ်စဲခြင်းဆိုတာကသဘာဝဥပဒေဗျ"

မိတ်။ ။"ရှင်းပါဦး ဆရာကြီး"

နုပ်။ ။"ဗုဒ္ဓက တာတွယ်မှု ပြတ်စဲပြီး နိဗ္ဗာန်ရောက်တဲ့လမ်းကို ဟောတော်မူခဲ့တယ် မဟုတ်လား။ တာတွယ်မှုပြတ်စဲရင် သံသရာမှ ထွက်မြောက်တယ် ဆိုတာဟာ နိယာမသဘာဝ ဥပဒေကြီးပေါ့ဗျ။ နို့မဟုတ်ရင် တာတွယ်မှု ဘယ်လိုဘဲ ပြတ်စဲပြတ်စဲ သံသရာဝဲထဲမှာ လည်နေရမှာပေါ့ဗျ။ ဗုဒ္ဓက ဒီသဘာဝဥပဒေကြီးကို မြင်တော်မူလို့ မဂ္ဂင်ရှစ်ပါးတည်းဟူသော နည်းလမ်းကိုပြတော်မူခဲ့ခြင်းဖြစ်တယ်"

---

တယောက်။ ။"ထွက်မြောက်ရေးအတွက် ကျင့်လိုသောကြောင့်ရဟန်းပြုကြတယ်။ ကျင့်လို့ပေါက်ရောက်တော့ နိဗ္ဗာန်ရောက်ကုန်ကြတယ် ဆိုရင် လူ့လောကကြီးမှာ လူတွေကုန်မသွားပေဘူးလား ဆရာကြီးရယ်။ လူ့ဘုံမှာလူရှိရမယ်ဆိုတာဟာ သဘာဝဥပဒေမဟုတ်ဖူးလား။ လူမျိုးပြုတ်အောင် လုပ်ခြင်းဟာ သဘာဝကို ဆန့်ကျင်ရာ မကျဘူးလား။ ဓမ္မတာကိုဆန့်ကျင် စကောင်းသော်လဲ သဘာဝကိုဆန့်ကျင်လို့ မဖြစ်နိုင်ဘူးဆို"

နုပ်။ ။"ခင်ဗျားဟာက မေးခွန်းတွေ တဆက်ကြီး မေးတာကိုးဗျ။ သံသရာမှ လွတ်မြောက်ရေး အတွက် ရဟန်းပြုပါတယ်လို့ သိမ်တဲ့နှုတ်က ဆိုကြသော်လဲ၊ အဟုတ်တကယ် အားထုတ်တဲ့ ပုဂ္ဂိုလ်မျိုးက ဘယ်နှစ်ပါးရှိလို့လဲဗျ။ ရဟန်းတွေ နိဗ္ဗာန်ရောက်ကုန်ပြီး လူ့ပြည်မှာ လူတွေလျော့နဲ သွားမှာကိုတော့ စိုးရိမ်စရာမရှိဘူးထင်ပါတယ်။ လူ့ဘုံမှာလူရှိရမယ်ဆိုတာ ဟာ သဘာဝဥပဒေတခုဘဲဆိုတာကို ကျုန်တော် လက်ခံပါတယ်။ သို့သော် နိဗ္ဗာန်ဆိုတာမျိုးက အလွန့်အလွန်ခဲယဉ်းတဲ့ သဘာဝဖြစ်ပါတယ်။ လူတိုင်းလဲ တကယ်လိုချင်တတ်တာ မဟုတ်ပါဘူး။ လိုချင်လို့ အားထုတ်ပြန်တော့လဲ သာသနာတော်အတွင်းမှာမှဖြစ်နိုင်တယ်။ သာသနာတော်အတွင်း ဖြစ်စေဦး တော့ နည်းမှန်လမ်းမှန်ပြသနိုင်တဲ့ သပ္ပုရိသဆရာကောင်း ရှိရဦးမယ်။ ပြသပြန်တော့လဲ သမ္မပဌာန်လုံ့လဝီရိယမျိုးနဲ့ အားထုတ်နိုင်ဘို့ လိုသေးတယ်။ ဒါကြောင့်မို့လို့ လူ့ပြည်မှာ လူသတ္တဝါတွေ ကုန်ခန်း မသွားနိုင်ပါဘူး။ ယောကျ်ားတွေအားလုံးသင်္ကန်းဝတ် မိန်းမတွေအားလုံး သီလရှင်ဝတ်ကုန်ကြပြီး လူမျိုးပြုတ်သွားမှာကိုလဲ ပူပန်ဘို့မရှိပါဘူး။ ခင်ဗျားပြောတဲ့ အတိုင်း လူ့ဘုံမှာလူရှိရမယ်ဆိုတဲ့ သဘာဝစည်းကမ်းအတိုင်းဖြစ်ရမှာပါဘဲဗျ"

မိတ်။ ။"သံဃာတော် အရှင်မြတ်များဟာ နည်းလမ်းညွှန်ပြနိုင်တဲ့ သပ္ပုရိသဆရာကောင်းတွေဘဲ မဟုတ်ဖူးလား ဆရာကြီးရယ်"

နုပ်။ ။"အများအားဖြင့်ကတော့ နည်းလမ်းညွှန်ပြနိုင်တဲ့ပရမတ္ထသံဃာ မဟုတ်ကြပေဘူးဗျ။ 'သုနာတုမေ ဘန္တေသံဃော' ဆိုတဲ့သံဃာမျိုးက များပေသကိုး"

## (၆)

# ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းကိုရှေးဦးစွာ 'မှတည်'ပုံ

ဤ၀ါတွင်း သီတင်းနေ့တနေ့ မွန်းလွဲချိန်လောက်တွင် ကျွန်ုပ်၏ နေအိမ်သို့ ညှိသည့် နှစ်ယောက် ရောက်လာကြလေရာ၊ တယောက်မှာ တရားဂိုဏ်း တဂိုဏ်း၏နည်းဖြင့်အားထုတ်ဘူးသည့် ယောဂီတယောက်ဖြစ်၍ ဒုတိယလူမှာ ကျမ်းဂန် အတော်နှံ့စပ်သည့် 'လူပုံ့တော်'တယောက် ဖြစ်လေသည်။

နှစ်ယောက်လုံးသည် ကျွန်ုပ်ရေးသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်ကို ဖတ်ဖူးသူများ ဖြစ်လေရာ ယောဂီက သူ့ဆရာ၏နည်းဖြင့် ချိန်ထိုးချင်သည့်လက္ခဏာ ရှိ၍၊ လူပုံ့တော်ကမူ တရားအားထုတ်ကြသောနည်းများ အားလုံးအပေါ်၌ သံသယ မကင်းတကင်း ဖြစ်သည်နှင့် တီးခေါက် စုံစမ်းလျက်ရှိသော ပုဂ္ဂိုလ် တဦး ဖြစ်လေသည်။ကျွန်ုပ်သည် ၎င်းတို့နှစ်ယောက်၏ တရားအယူအဆနှင့် သဘောတရားကို အတော်အတန် ရိပ်မိထားသည်ဖြစ်၍ သူတို့လာကြခြင်း အတွက် ၀မ်းမြောက်ဝမ်းသာ မဖြစ်နိုင်အောင် ရှိပါသည်။

စကားအနည်းငယ်ပြောကြပြီးနောက် ယောဂီက တရားစကား စလိုက်ရာတွင်

နုပ်။ ။"ခင်ဗျားတို့က ကျွန်တော့်ကို 'ချွတ်'ချင်လို့ လှာကြတာ များလားဗျာ"

---

ပုဂံစာအုပ်တိုက်

ဂိ။ ။"မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့က ဆရာကြီး ခေါင်းမာတယ် ဆိုတာကို သိပြီး ဖြစ်ပါတယ်"

ကျွန်ုပ် နှင့်ကနဲဖြစ်သွားခြင်းကို ဝန်ခံပါသည်။ သို့သော် သတိမလွှတ်ပါ။

နုပ်။ ။"ခေါင်းမာတယ် ဆိုတာတော့ နဲနဲမျှားတယ် ထင်တယ်ဗျာ။ အကျိုးနဲ့အကြောင်းနဲ့ ပြပြီး သဘာဝကျကျ ဆွေးနွေးခြင်းမျိုးကိုတော့ကျွန်တော် ဝမ်းမြောက်စွာ လက်ခံပါတယ်။ ဘုရားဟော မဟုတ်ဘဲနဲ့ ဘယ်ဆရာတော်က၊ ဘယ်အဋ္ဌကထာက ဘယ်လိုဆိုပါတယ်ဆိုတဲ့ အကိုးအကားမျိုးနဲ့ ကျွန်တော့်ကို ချုတ်ဖို့ကြံစည်ကြရင်တော့၊ မှန်မှန်ဝန်ခံရရင် ကျွန်တော်က စိတ်တို တတ်တယ်ဗျ"

ပုံ။ ။"ကျွန်တော်တို့က ချုတ်ဖို့ မဟုတ်ပါဘူး ဆရာကြီး။ စစ်ဆေးချင်လို့ပါဘဲ"

နုပ်။ ။"ဘာကို စစ်ဆေးကြမှာလဲဗျ"

ပုံ။ ။"ဆရာကြီးရဲ့ တရားအမြင်နဲ့ ပတ်သက်လို့ စစ်ဆေးကြည့်ချင်ပါတယ်။ ခံနိုင်ပါ့မလား။ ဆရာကြီးက စိတ်ဆိုးမှာလား"

နုပ်။ ။"စစ်ဆေးခြင်းကိုတော့ ခံနိုင်ပါတယ်။ သို့သော် မှန်တယ် မှားတယ်ကိုတော့ ဆုံးဖြတ်ချက်ချမသွားကြပါနဲ့။ ကျွန်တော့်လိုဆန္ဒပြင်းပြင်းနဲ့ အားထုတ်ထားသူ မဟုတ်ဘဲနဲ့ ကျွန်တော့်အပေါ် လာပြီး ဆရာလုပ်ချင်ရင်တော့ ကျွန်တော် နားထောင်မှာ မဟုတ်ဖူးဗျ"

ပုံ။ ။"ကန့်ကွက်ခြင်းကို ဆရာကြီးက လုံးဝ လက်မခံဘူးလား"

နုပ်။ ။"ဒီလိုလေဗျာ။ ခင်ဗျားတို့အိမ်ကို ကျွန်တော်ကလာပြီး ဆရာလုပ်သည်ဖြစ်စေ၊ တရားဟောသည်ဖြစ်စေ၊ သဘောမတူတာရှိရင် ကန့်ကွက်ပေါ့။ မကြိုက်ရင် မောင်းထုတ်ပေါ့။ ကျွန်တော့်အိမ်ကိုလာပြီး ချုတ်ချင်တာမျိုးတော့ ကျွန်တော် နားမထောင်ပါရစေနဲ့ဗျာ"

ပုံ။ ။"ဆရာကြီးက ကျမ်းပြုဆရာတယောက်ဆိုတော့ မှားတယ်ထင်ရင် ကန့်ကွက်ကောင်းတယ် မဟုတ်ဖူးလားခင်ဗျာ။ ဆရာကြီး မှားတာကို လူတွေက ယုံကြည်ကုန်ကြရင် လူတွေနစ်နာမယ်မဟုတ်ဖူးလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်က စာနဲ့ရေးတယ်မဟုတ်ဖူးလား။ ကျွန်တော့်မှားတယ်ဆိုရင် ခင်ဗျားတို့ကသတ္တိရှိရှိနဲ့ စာနဲ့ကန့်ကွက်ကြပေါ့။ ကျွန်တော့်

အိမ်ကိုလာပြီး ချွတ်ခြင်းမျိုးကိုတော့ ကျွန်တော် ကန့်ကွက်တယ်ဗျာ။ ကျွန်တော့်မှာအချိန်ကုန်တယ်လို့ အောက်မေ့ပါတယ်''

ပုံ။ ။''ကျွန်တော်တို့ ကန့်ကွက်ရင် မဂ္ဂဇင်းတွေက ထည့်မပေးတော့ ဘယ့်နှယ်လုပ်မလဲခင်ဗျာ''

နုပ်။ ။''ဒါကတော့ ခင်ဗျားတို့ကစာဖတ်ပရိသတ် စိတ်ဝင်စားအောင်၊ နားလယ်အောင် အကြောင်းပြကောင်းကောင်းနဲ့ ရှင်းရှင်းလင်းလင်းတင်ပြတတ်ရင်တော့ မဂ္ဂဇင်းတွေက ထည့်ချင်မှာပါဘဲ။ ဒီလိုမဟုတ်ဘဲနဲ့ ကျမ်းဂန်မတတ်တဲ့ ရွှေဥဒေါင်းက လူစွာလုပ်ပြီး လောကုတ္တရာရေးရာတွေ ရေးရမလားဆိုတဲ့သဘောမျိုးနဲ့ ကန့်ကွက်ရင်တော့ ခင်ဗျားတို့အရှုံးဖြစ်မှာဘဲ''

ပုံ။ ။''ကျွန်တော်တို့ကကန့်ကွက်ရင် ကျမ်းဂန်အထောက် အထားနဲ့ ကန့်ကွက်မှာပါဆရာကြီး''

နုပ်။ ။''ဘုရားဟောကျမ်းဂန်ဆိုပေမယ့် အဓိပ္ပါယ်အကောက်အယူက လိုသေးတယ်။ ဒုစရိုက်နဲ့ သီလကိုတောင် ပိုင်းပိုင်းခြားခြား နားမလယ်ဘဲ ဒီကဟာ ဟိုပြောင်းထည့်၊ ဟိုကဟာ ဒီပြောင်းသွင်း လုပ်နေကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်ဗျ''

ပုံ။ ။''သူရာမေရိယ အကြောင်းကို ဆရာကြီးပြောတာပါ။ ကျွန်တော် ရိပ်မိပါတယ်။ ဒါကတော့ လူတွေကို မမိုက်အောင် စေတနာနဲ့ ဟောကြ၊ ပြောကြ၊ ရေးကြခြင်းဖြစ်ပါလိမ့်မယ် ဆရာကြီးရယ်''

နုပ်။ ။''ကျွန်တော်က လူတွေမမိုက်အောင်ဆိုတဲ့ စေတနာမျိုးထက်၊ သဒ္ဒါတရားရှေ့ထားပြီး စဉ်းစားတတ်ဖို့၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာမျိုးဟာ လိုချင်စကောင်းတဲ့ သဘာဝတခုဖြစ်ကြောင်း နားလယ်ကြစေဘို့ ရည်ရွယ်ချက်နဲ့ စာရေးခြင်းဖြစ်ပါတယ်။ ဒါမျိုးတွေအကြောင်း တော်လောက်ပါပြီဗျာ။ ခင်ဗျားတို့ ကျွန်တော့်ကို စစ်ဆေးချင်ကြရင် ကျွန်တော် အားထုတ်တဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တ နည်းအကြောင်းနဲ့ ပတ်သက်လို့ စစ်ဆေးကြဗျာ။ ကျွန်တော်ကြားနာပါ့မယ်''

---

**ပုဂံစာအုပ်တိုက်**

ဂိ။	။"ကြေနပ်ပါတယ်။ ကျွန်တော်လဲ တနည်းတဖုံ အားထုတ်ထားတဲ့ ယောဂီတဦးဖြစ်လေတော့၊ ဟိုအကြောင်းဒီအကြောင်းများထက် အားထုတ်ပုံနဲ့ ပတ်သက်လို့ ဆရာကြီးကို စစ်ဆေးချင်တာပါဘဲ"

နုပ်။	။"စစ်ဆေးကြပါ။ကျွန်တော် ဖြေပါ့မယ်။ သို့သော် တခုတော့ ရှိတယ်ဗျနော်။ ကြိုက်ရင်လဲ ယူသွားကြ။ မကြိုက်ရင်လဲ ဆင်ခြေကန်မနေကြနဲ့။အလကားဟာဘဲလို့ ထားပစ်ခဲ့ကြပေတော့။ကျွန်တော်က သက်ရှင်းမနေချင်ဘူး။ဘယ်လိုထင်ထင် ခံနိုင်တဲ့ လူတယောက်ဘဲ"

ဂိ။	။"ဗုဒ္ဓကတော့ သစ္စကတို့ ဘာတို့ကို ချွတ်တော် မူတယ်မဟုတ်လား ဆရာကြီးရယ်"

နုပ်။	။"ဗုဒ္ဓကတော့ စကားတတ်တယ်ဗျ။ကျွန်တော်ကတော့ စာရေးရုံ ရေးတတ်တာ။ စကားမပြောတတ်ဖူးဗျ။ ဒီအထဲမှာ ဒေါသ မပယ်ရသေးလေတော့ စိတ်က တိုချင်သေးတယ်"

ပျံ။	။"ဒေါသကို ပယ်မှ ကောင်းတယ်မဟုတ်လားဆရာကြီး"

နုပ်။	။"ကျွန်တော့်ကို တရား မဟောနဲ့ဗျာ။ ခင်ဗျားတို့က ဒေါသကို စာနဲ့ပယ်တတ်တယ်။ကျွန်တော်ကတော့ မဂ်နဲ့ပယ်မှ ပြတ်တယ်လို့ ယုံကြည်ထားတဲ့ လူတယောက်ဘဲ"

ပျံ။	။"ဒေါသနဲ့ဘို့ မကြိုးစားထိုက်ဖူးလား ဆရာကြီး"

နုပ်။	။"ခင်ဗျားတို့ ကြိုးစားကြလေ။ ကျွန်တော့်အဖို့ကတော့ မဂ်နဲ့ မဖြတ်နိုင်သေးမီ အတွင်းတော့ ရာဇဝတ်မှု မကျူးလွန်မိအောင် ချုပ်တည်းထိန်းသိမ်းနိုင်ရင် တော်လောက်ပြီလို့ ကျွန်တော် ယူဆတယ်"

ပျံ။	။"ဓမ္မကထိက လုပ်မယ်ကြံရင်"

နုပ်။	။"ကျွန်တော် ဘယ်တော့မှ မကြံရွယ်ဘူး"

ဤနေရာတွင် တရားအားထုတ်ဖူးသည့် ယောဂီကဝင်၍ စကားဖြတ်လိုက်သည်။

ဂိ။	။"ကိုင်း၊ ဆရာကြီးကို ကျွန်တော် စစ်ဆေးတော့မယ်နော်"

နုပ်။	။"မေးပါဗျာ။ ဖြေတတ်သမျှကိုတော့ မှန်မှန် ဖြေပါမယ်"

ဂိ။	။"ဆရာကြီးရဲ့ စာတွေကို ကျွန်တော် ဖတ်ရတယ်။ တရားပေါက် မပေါက်ကို လောကဓံနဲ့ စစ်ကြည့်ရမယ်ဆို မဟုတ်ဖူးလား"

နုပ်။ ။"ရေးဘူးတယ် ထင်ပါဗျာ။ သို့သော် ရဟန္တာ ပုဂ္ဂိုလ်များဟာ လောကဓံရှစ်ပါးကို အောင်တယ်။ အောက်တန်း အရိယာများကတော့ သူ့အဆင့်ကလေးနဲ့ သူ ခံနိုင်ရည်ရှိတို့ သင့်တယ်လို့ ရေးဘူးတယ် ထင်ပါတယ်"

ဂီ။ ။"ဆရာကြီးမှာ မနာလို ဝန်တိုခြင်း(ဣဿာမစ္ဆရိယ)ဆိုတဲ့ ဂုဏ်တုဂုဏ်ပြိုင် သဘောမျိုး ရှိသေးလားဗျာ"

ပျံ။ ။"ခင်ဗျားဟာတွေက ရောနေပြီကောဗျာ။ဣဿာနဲ့ မစ္ဆရိယက တခြားစီဘဲဗျ"

နုပ်။ ။"မှန်ပါတယ်။ အဘိဓမ္မာကို အတိအကျစစ်လိုက်တော့ တခြားစီ တမျိုးစီပါဘဲ။သို့သော် လက်တွေ့ လူမှုဆက်ဆံရေးမှာတော့ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်းဆိုတဲ့ သဘောမျိုး ပေါ်ထွက်လာတာပါဘဲ"

ဂီ။ ။"ဟုတ်သွားဘဲဗျာ။ဆရာကြီးမှာ ဒါမျိုး ကင်းပြီလားခင်ဗျာ"

နုပ်။ ။"ဂုဏ်တုဂုဏ်ပြိုင် သဘောဆိုတာ နဲနဲကျယ်ဝန်းလေတော့၊ ကျွန်တော် ထပ်ပြီး ရှင်းပြပါရစေ။ ဒီသဘောဟာ မကောင်းတဲ့ သဘောတခု ဖြစ်တယ်။ လူတိုင်းမှာ အနဲနဲ့ အများရှိတတ်တယ်လို့ ဆိုတယ်။ ရှိတန်သလောက်လဲ ရှိသင့်တယ်လို့ ကျွန်တော်က ဆိုချင်တယ်"

ဂီ။ ။"မကောင်းတဲ့ သဘောမှန်ရင် ဘာကြောင့် ရှိသင့်ရအုံးမှာလဲ ခင်ဗျာ"

နုပ်။ ။"လူ့ဘောင်မှာ နေတဲ့အခိုက်မှာလို့ ဆိုလိုပါတယ်"

ဂီ။ ။"ရှင်းပါဦး ဆရာကြီး"

နုပ်။ ။"ကျွန်တော်တို့ကျောင်းမှာ နေတုန်းက ကျောင်းသားကလေးတွေဟာ သူ့ထက်ငါ သာအောင် ပထမ ဒုတိယ စသည်ဖြင့် ရအောင်ကြိုးစားကြတယ်မဟုတ်လား။ တချို့လဲ ဘာမှုဂရုမစိုက်ကြဘူး၊ မကြိုးစားဘူးမဟုတ်လား"

ဂီ။ ။"ဟုတ်ပါတယ်ခင်ဗျာ"

နုပ်။ ။"ဒီနှစ်မျိုးမှာ ဘယ်သူက တော်သလဲဗျာ"

ဂီ။ ။"ပြိုင်ချင်စိတ်တဲ့ ကျောင်းသားက တော်တာများပါတယ်"

နုပ်။ ။"ဒါကြောင့် ဒီလောက်အထိတော့ ဂုဏ်ပြိုင်ချင်စိတ် ရှိသင့်တယ်လို့ ကျွန်တော်ဆိုလိုတယ်။ သို့သော် တချို့ကျောင်းသားကတော့ ဒီလောက်မကဘူးဗျ။ သူ့ထက် သာသွားရမလားလို့ မခံမရပ်နိုင်ဖြစ်ပြီး အံသွားတကြိတ်ကြိတ်နဲ့ စိတ်မချမ်းမသာ ဖြစ်တာမျိုးကိုလဲ ကျွန်တော်မြင်ဘူးတယ်။ ဒါလောက်ဆိုရင်ဘဲ တော်တော်ဆိုးလာပြီ။ ဒီထက်ဆိုးတာကတော့ သူ့ထက်သာတဲ့ ကျောင်းသားရဲ့စာအုပ်များကို ဖွက်ထားပြီး စာမကျက်နိုင်အောင် အနှောင့်အယှက်ပေးတာမျိုးကို ကျွန်တော်ကိုယ်တိုင် ခံခဲ့ရဘူးတယ်။ ဒါကြောင့် ဂုဏ်တုဂုဏ်ပြိုင် သဘောမျိုးရှိသင့်သလောက် ရှိရမယ်။ များလွန်းရင်တော့မကောင်းဘူးလို့ ကျွန်တော်ပြောခြင်းဖြစ်တယ်၊ ခင်ဗျားတို့မြင်လွယ်အောင် ကျောင်းသားနဲ့ဥပမာပြခြင်းဘဲ။ လောကမှာ စီးပွားရှာကြတဲ့လူတွေမှာလဲ ဒီအတိုင်းပါဘဲ။ ဂုဏ်ပြိုင်မှု အဆင့်ဆင့်ရှိပါတယ်။ 'တန်ဆေး လွန်ဘေး' ဆိုတဲ့စကားအတိုင်းပါဘဲ"

ဂီ။ ။"ဆရာကြီးမှာတော့ အကောင်းစားထဲက ဂုဏ်ပြိုင်မှုမျိုး ရှိတယ်ပေါ့လေ"

နုပ်။ ။"ကောင်းလှတယ်လို့တော့ မဆိုလိုပါဘူးဗျာ။ လောကီရေးနဲ့ ပတ်သက်လို့တော့ အထိုက်အလျောက်ရှိတယ်လို့ ဝန်ခံရမှာပါဘဲ။ သို့သော် လောကုတ္တရာရေးနဲ့ ပတ်သက်လို့တော့ ကိုယ့်ဟာကိုယ် တော်တော် ကင်းတယ်လို့ ထင်မိပါတယ်"

ဂီ။ ။"ဘယ်ပုံကင်းတာလဲ ဆရာကြီး"

နုပ်။ ။"တရားအားထုတ်ရာမှာတော့ ဘယ်သူ ဘယ်ဝါထက် ငါက သာအောင်ရယ်လို့ သဘောမထားပါဘူးဗျာ။ မိမိစိတ်ချမ်းသာဘို့အတွက် အားထုတ်ခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်ကိုယ်နှိုက်က တော်လှလို့ မဟုတ်ပါဘူး။ စစ်မှန်တဲ့တရားသဘောဆိုရင် ဒီလိုဘဲဖြစ်ရမယ်လို့ ကျွန်တော် နားလယ်ပါတယ်"

ဂီ။ ။"ထပ်ပြီးရှင်းပါဦး ဆရာကြီး"

နုပ်။ ။"ဥပမာ၊ ကျွန်တော်ဟာ တိုင်းပြည်မှာ အကျော်ကြားဆုံး စာရေးဆရာတယောက် ဖြစ်ချင်တဲ့စိတ်ရှိချင်ရှိမယ်။ ကမ္ဘာ့အထိ ကျော်ကြားစေချင်တဲ့စိတ်မျိုးရှိချင်ရှိမယ်။ သို့သော် ဘယ်သူဟာ သောတာပန်ဖြစ်သွားပြီး

ငါက သကဒါဂါမိဖြစ်အောင်၊အနာဂါမိဖြစ်အောင် အားထုတ်ယူလိုက်မယ်။ ရဟန္တာပုဂ္ဂိုလ်အဖြစ်နဲ့ တိုင်းပြည်တင်မက ကမ္ဘာထိအောင် ကျော်ကြားဘို့ ငါလုပ်ယူလိုက်မယ်ဆိုတဲ့ စိတ်ထားမျိုးတော့ မရှိပါဘူးခင်ဗျာ"

ဂိ။ ။"လူတိုင်းဘဲ ဒီလိုရှိမလား ဆရာကြီး"

နုပ်။ ။"ဒါကိုတော့မပြောတတ်ဖူးဗျာ။ အရိယာဆိုတာမျိုးဟာ ဘယ်လိုဟာလဲလို့နားလယ်ထားတဲ့ လူဖြစ်ရင်တော့ ဒီလိုဘဲရှိလိမ့်မယ်ထင်တာဘဲ"

ဂိ။ ။"ထပ်ပြီးရှင်းနိုင်သေးလား ဆရာကြီးခင်ဗျာ"

နုပ်။ ။"ကြိုးစားကြည့်ဦးမယ်ဗျာ။ မျက်လှည့်ဆရာကြီးတယောက်ဟာ ရွှံ့ကိုအရုပ်ကလေးတွေလုပ်ပြီး အသက်သွင်းပေးတတ်တယ်ဆိုပါတော့။အရုပ်ကလေးတွေက သူတို့ကိုယ်သူတို့ တကယ့်အကောင်ကလေးတွေမှတ်ပြီး လက်မကလေးတထောင်ထောင်လုပ်နေကြတယ်ဆိုပါတော့။ အရုပ်ကလေးတရုပ်က တော့သူဟာရွှံ့ကိုအသက်သွင်းထားတဲ့ အရုပ်ကလေးမျှသာ ဖြစ်ကြောင်းကို တနည်းနည်းနဲ့ သိသွားတယ်ဆိုပါတော့။ ဒီအရုပ်ကလေးက ၎င်းအသိဉာဏ် များအတွက် အခြားအရုပ်ကလေးများအပေါ်မှာ ကြွားဝါချင်တဲ့စိတ်၊ ဂုဏ်ယူချင်တဲ့စိတ် ဖြစ်ပေါ်မလာတတ်ပေဘူးလို့ ကျွန်တော်ထင်တာဘဲ။ သူတို့ရဲ့အမှားကို ရယ်ချင်ရယ်မိမယ်၊ သနားချင် သနားမိမယ်။ သို့သော် သူ့ကိုယ်သူရွှံ့အဖြစ်ကို သိထားတဲ့အတွက်ကြောင့် ပလွှားစရာကြီးတခုအနေနဲ့ ယူဆလိမ့်မယ်လို့ ကျွန်တော်မထင်ဘူးဗျ။ ကိုင်း ဒါကောဘယ့်နှယ်လဲ"

ဂိ။ ။"တော်တော် ရှင်းလောက်တဲ့ ဥပမာတခုပါပေဘဲ ဆရာကြီး။ သို့သော် အိမ်ရောက်တော့မှ ကျွန်တော်ထပ်ပြီး သုံးသပ်ဆင်ခြင်ပါဦးမယ်"

ပုံ။ ။"ဆရာကြီးရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံအကျိုးကို တဆိတ်လောက်ကြားပါရစေခင်ဗျာ"

နုပ်။ ။"ကျွန်တော်ရဲ့ စာအုပ်ကိုတော့ ဖတ်ဖူးရဲ့ မဟုတ်လားဗျ"

ပုံ။ ။"ဖတ်ဖူးပါတယ်။ သို့သော် ကျွန်တော်က ကမ္မဋ္ဌာန်းထိုင်သလို လုပ်ရတဲ့ အလုပ်မျိုးကို သိပ်ဝါသနာပါဘူးဗျ။ စဉ်းစားရတဲ့ အလုပ်မျိုးကို သာပြီးကြိုက်တတ်ပါတယ်။ ဆရာကြီးရေးထားတဲ့ အထဲမှာလဲ သမ္မာသက်ပ္ပ တို့ ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့က အရေးကြီးတယ်ဆို မဟုတ်လားခင်ဗျာ"

နုပ်။ ။“ဟုတ်ပါတယ်။ သို့သော် စဉ်းစားတယ် စုံစမ်းတယ်ဆိုပေမယ့် စာကိုကြည့်ပြီး အလွတ်သက်သက် ရှောက်စဉ်းစားလို့ သိပ်ပြီးအကျိုးမရှိလှဘူးဗျ။ သတိယှဉ်တဲ့စိတ်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာကို လက်တွေ့သိအောင် လုပ်စမ်းကြည့်ဖို့အရေးကြီးတယ်။ စာဖတ်သူတွေ တော်တော်များများကပြောကြတယ်။ သတိယှဉ်တဲ့စိတ်ဆိုတာဘယ်လိုဟာမျိုးလဲလို့ သူတို့နားမလည်ဘူးတဲ့ဗျ”

ပျံ။ ။“ဟုတ်တော့ဟုတ်တယ် ဆရာကြီး။ သတိယှဉ်တဲ့စိတ်ဆိုတာ စကားအလိုတော့ ရှင်းသားဘဲ။ လက်တွေ့ လုပ်ကြည့်တော့ခက်ပေမှာဘဲ ဆရာကြီးရဲ့”

နုပ်။ ။“ကိုင်း လုပ်ဘတ်အောင် ကျွန်တော်နဲနဲရှင်းပြပါရစေဦးဗျာ”

ဂီ။ ။“ပြောပြပါဆရာကြီး။ ကျွန်တော်တို့လုပ်ခဲ့တဲ့နည်းကလဲ သမာဓိအကြောင်းကိုသာ ခဏ ခဏပြောပါတယ်။ ‘သတိ’ ဆိုတဲ့ စကားကိုတော့ ကျွန်တော်တို့ ဆရာကိုယ်တိုင်က အင်မတန်အသုံးနဲပါတယ်”

နုပ်။ ။“ဒီလိုဗျာ။ လူရိုးရိုးဘယောက်ဟာ သမ္မာသတိဆိုတဲ့ စကားနဲ့လျော်ညီအောင် ဘယ်တော့မှ နေမကြည့်ဘူးဘူးဗျ။ ရိုးရိုးသတိမျိုးလောက်သာသူနားလယ်တတ်ဘယ်”

ဂီ။ ။“ဆရာကြီးရဲ့စာအုပ်ထဲမှာ ဖတ်ရတဲ့အဘိုင်း ရွှံ့တွေနဲ့ ချောနေတဲ့ လမ်းပေါ်မှာ ချော်မလဲအောင် လမ်းရှောက်တဲ့ သတိမျိုး၊ လူစည်ကားတဲ့ နေရာမှာ ခါးပိုက်နှိုက်မခံရအောင် ထားတတ်တဲ့ သတိမျိုးလောက်ကိုသာ နားလယ်တတ်တာပေါ့ဆရာကြီး”

နုပ်။ ။“ဟုတ်ပြီ။ ဒီတော့ကာ စိတ်ကိုပေါက်လွှတ်ပဲစား သူသွားချင်ရာ သွားဆိုပြီးပစ်ထားတဲ့အနေအထားမျိုးနဲ့ စိတ်ကိုစောင့်ကြည့်နေတဲ့ အနေအထားမျိုးဟာ ခြားနားခြင်းရှိတယ်နော်”

ပျံ။ ။“ဟုတ်ပါတယ်ဆရာကြီး”

နုပ်။ ။“သို့သော်ခြားနားခြင်းရှိတယ်လို့ ခင်ဗျားအခု ပြောလိုက်ခြင်းဟာ စကားအရသိပုံကိုပြောခြင်းဖြစ်တယ်။ လက်တွေ့မဟုတ်သေးဘူးနော်”

ပျံ။ ။“လက်တွေ့တော့မဟုတ်သေးပါဘူးဆရာကြီး”

နုပ်။ ။“ဒီတော့ကာ လက်တွေ့ဖြစ်အောင် အိမ်ရောက်တော့ ခဏလောက် လုပ်ကြည့်စမ်းဗျာ။ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ‘သတိ’လို့ ကိုယ့်ကိုယ်ကို နှိုး

ဆော်လိုက်ပြီး ခဏနေကြည့်လိုက်စမ်း။ ခုနက ပေါက်လွှတ်ပဲစား သွားချင်ရာ သွားနေတဲ့ အနေအထားမျိုးနဲ့ ဘယ်လိုခြားနားသလဲ။ ယှဉ်ကြည့်လိုက်စမ်း။ သတိယှဉ်တဲ့စိတ်နဲ့၊ သတိမယှဉ်တဲ့စိတ် ခြားနားပုံကို လက်တွေ့ ကိုယ့်ဟာကိုယ် ရှာကြည့်ဗျာ။ တခါနှစ်ခါ၊ ငါးခါဆယ်ခါနဲ့ ခြားနားပုံကို မရှင်းသေးရင် အခါပေါင်း ၅၀၊ အခါပေါင်း ၁၀၀ စမ်းကြည့်ဗျာ။ ကျွန်တော် လိုချင်တာက သတိယှဉ်တဲ့စိတ်နဲ့ သတိမယှဉ်တဲ့ စိတ်တို့၏ ခြားနားပုံကို အတွေးနဲ့မဟုတ်ဘဲ လက်တွေ့အားဖြင့် ပိုင်းပိုင်းခြားခြား ထင်ထင်ရှားရှားကြီး သိစေချင်လို့ပါဘဲ"

ပျံ ။ ။"တော်တော်သေချာတယ်နော်ဆရာကြီး။ ဉာဏ်ထဲမှာရှင်းလာအောင် မှန်းဆသူရုံနဲ့မပြီးသေးဘူး။ လက်တွေ့သိအောင် လုပ်ယူရမှာကိုး"

နုပ်။ ။"တွေးယူလို့သိခြင်းက စိန္တာမယဘဲဗျ။ ဝိပဿနာအလုပ်ဟာက ဘာဝနာမယဉာဏ်။အထပ်ထပ် လုပ်ကြည့်လို့ သိလာတဲ့ဉာဏ်ကို လိုချင်တယ်"

ပျံ ။ ။"သိပုံချင်းက နောင်ကို ဘယ်လိုခြားနားသွားလို့လဲဆရာကြီး"

နုပ်။ ။"ကျွန်တော် ပြောပါမယ်။သတိယှဉ်တဲ့စိတ်နဲ့ ပေါက်လွှတ် ပဲစား ထားတဲ့ စိတ်တို့ခြားနားပုံကို အထပ်ထပ်လုပ်ကြည့်လို့ ရှင်းရှင်းကြီးသိလာတဲ့ အခါကျတော့ သမ္မာသတိဆိုတာ ဘယ်လိုဟာမျိုးကလေး၊ ဘယ်လိုသဘာဝမျိုးကလေးတခုဖြစ်တယ်ဆိုတာကို ဉာဏ်ထဲမှာရှင်းရှင်းကြီးသိမြင်လာတယ်ခင်ဗျ။စာလို ပြောရရင် သတိစေတသိက်ကလေးသက်သက်ကို ပိုင်းခြားပြီး သိစေချင်လို့ဘဲ"

ပျံ ။ ။"ဘယ်လိုအကျိုးရှိလို့လဲ ဆရာကြီး"

နုပ်။ ။"သတိပဋ္ဌာန်အလုပ်ဆိုတာမျိုးဟာ 'သမ္မာသတိ' ဦးစီးပြီး လုပ်ရတဲ့ အလုပ်မျိုးဖြစ်လို့မို့ အရေးအကြောင်း ရှိရင် သတိကို ချက်ချင်းခေါ်ယူဘို့ လွယ်ကူစေခြင်း အလို့ငှာပါဘဲခင်ဗျာ။ သတိ၏အဓိပ္ပာယ်ကို နားလည်ရုံနဲ့ မပြီးဘူးဗျ။ သတိသဘောကို ကိုယ်တိုင်သိလို့ ကိုယ်နဲ့ မိတ်ဆွေလုပ်ထားတဲ့အခါကျတော့ ရုတ်တရက် ခေါ်ယူလို့ ရနိုင်ပါတယ်။ နို့မဟုတ်ရင် သတိထားပါဟဲ့လို့ ကိုယ့်ကိုယ်ကို ပြောပေမယ့် ဘယ်လိုလုပ်ပြီး သတိထားရမှန်း မသိဘဲ ချာတီးချာလည် ဖြစ်နေတတ်ပါတယ်"

ပျို။ ။"စမ်းတော့ စမ်းထိုက်တယ် ဆရာကြီးရေ့။ကျွန်တော် သဘောကျပြီ"

နုပ်။ ။"ဒီတော့ကာ သတိနဲ့ အကျွမ်းတဝင် ဖြစ်အောင်ဟာ တနေ့ကို အခါပေါင်း သုံးလေးငါးဆယ် ခေါ်ခေါ်ကြည့်ရမယ်ခင်ဗျ"

ပျို။ ။"ဘယ်လိုလဲ ဆရာကြီးရယ်"

နုပ်။ ။"တနေ့လုံး ဟိုရောက်ဒီရောက် ရှောက်ပြေးနေတဲ့အထဲက နာရီဝက်တခါ၊ ၁၅ မိနစ်တခါ၊ ၁၀ မိနစ်တခါဆိုသလို ကိုယ့်ကိုယ်ကို 'သတိ'လို့ တချက်တချက် အမိန့်ပေးကြည့်ရမယ်ဗျ။ ဒီဟာက ဘာမှ မဟုတ်သေးဘူး။ သတိနဲ့ကိုယ်နဲ့ အကျွမ်းတဝင်ဖြစ်အောင် လုပ်ယူနေတဲ့သဘောဘဲ ရှိပါသေးတယ်"

ပျို။ ။"ကိုယ်ရယ်လို့ ရှိသလား ဆရာကြီး။ ဘယ်ဒင်းလဲ"

နုပ်။ ။"ကျွန်တော်နဲ့ဆွေးနွေးရင်၊ ခုန်ကျော်ပြီးတွေးတဲ့အကျင့်၊ပြောတဲ့အကျင့်မျိုးတော့ သည်းခံပါ။ ကိုယ်ဆိုတာ ခင်ဗျားနားလယ်ပါတယ်။ သူ့အဆင့်နဲ့ သူ့အကန့်နဲ့ပြောကြမှ ဖြစ်ပါမယ်။ စခါရှိသေး အနတ္တကိုယ်မဟုတ်ဆိုတဲ့အမိပ္ပာယ်မျိုးနဲ့ တည်ခင်းလိုက်ရင်တော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ စကားပြောလို့ဖြစ်တော့မှာမဟုတ်တော့ဘူး"

ပျို။ ။"သည်းခံပါ ဆရာကြီး။ ကျွန်တော်က စမ်းမိခြင်းဖြစ်ပါတယ်"

နုပ်။ ။"ခင်ဗျားတို့ စာတတ် ပေတတ်ဆိုတဲ့ လူတွေဟာစာနဲ့သိတာကို အဟုတ်ကြီးမှတ်ပြီး ထိပ်ကနေနေ ပြောချင်တတ်တာဘဲ"

ဂီ။ ။"မှတ်ကရောဗျား၊ ခင်ဗျားတို့"

ပျို။ ။"သတိအကြောင်းကို ကိုယ်တွေ့သိလို့ ဖောက်သည် ဖြစ်လာတဲ့အခါကျတော့ကောဆရာကြီး"

နုပ်။ ။"မြင်ကာမတ္တ၊ ကြားကာမတ္တ ဆိုတဲ့သဘောနဲ့ ပစ္စုပ္ပာန်တဲ့တဲ့အပေါ်မှချည်း အာရုံပြုတတ်ဖို့ လေ့ကျင့်ရပါတယ်"

ဂီ။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းဟာ ဒီလိုလုပ်မှ ဖြစ်သလား ဆရာကြီး"

နုပ်။ ။"ဗုဒ္ဓကမာလုကျပုတ္တနဲ့ ဘာဟိယတို့ကိုဟောတော်မူစဉ်ကတော့ တိုက်ရိုက် ဟောတော်မူလိုက်တာဘဲဗျ။ သတိကို တခြားသတ်သတ်လေ့ကျင့်ယူရမယ်လို့ မပါဘူး။ သို့သော် မြင်ကာမတ္တ၊ ကြားကာ မတ္တ၊ နံကာမတ္တ

အစရှိသည်ဖြင့် အ လုပ် လုပ်ကြည့်တဲ့အခါကျတော့ စမ်း ကြည့် သူ တိုင်း ဟာ အလွန်ခဲယဉ်းတာကို တွေ့ရလို့ မို့တော်တော်စဉ်းစားဥာဏ်နဲ့ ပြည့်စုံဘဲ့အပိုင်း က လူတွေကတောင် (Herculean Task) အ လွန် အ မင်း ခဲယဉ်းတဲ့ အလုပ် တခုရယ်လို့ ကျွန် တော့် ဆီ ကို စာရေးကြတယ်။ လူကိုယ်တိုင်လဲ တိုင်တမ်း ကြတယ်။ အချို့ကလဲဒီနည်းဟာ မာလုကျပုတ္တနဲ့၊ ဘာဟိယတို့အတွက် သက် သက်ဖြစ်တယ်၊ အခြားလူများအတွက် မဟုတ်ဖူးလို့တောင် ပြောကြတယ်။ ဒီနည်းကိုအားထုတ်ရာမှာ တွေ့ရတဲ့အခက်အခဲကတခြားမဟုတ်ဖူး။ သတိလွတ် လွတ်သွားတတ်တဲ့အခက်အခဲဘဲ။ ဒါကြောင့် ကျွန်တော်က ကိုယ်တိုင်စမ်းသပ် ပြီး ဒီအခက်အခဲကလွန်မြောက်အောင်သတိမွေးမြူတဲ့အလုပ်ကိုရှေ့ဆုံးကထား ပြီး ဦးတည်စမ်းကြည့်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ သတိကောင်းလာလေ တော့၊ မြင်ကာမတ္တ၊ ကြားကာမတ္တဆိုတဲ့ အလုပ်ဟာ လုပ်လို့ဖြစ်နိုင်တဲ့အခြေ မျိုးရောက်လာပါတယ်”

ပျံ ။ ။“ဗုဒ္ဓက ဟောတော်မမူဘဲနဲ့ ဆရာကြီးက သတိကိုခုတုံးအဖြစ်နဲ့ ထည့်သွင်းပြီး စမ်းသပ်ကောင်းပါရဲ့လား ဆရာကြီး”

နုပ်။ ။“ဗုဒ္ဓဟောတော်မူခဲ့ခြင်းဟာက၊ ဘာဟိယနဲ့ မာလုကျပုတ္တတို့ကို ဟောတော်မူခြင်းဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်နှစ်ပါးက ပါရမီအလွန်ရင့်နေတဲ့ ပုဂ္ဂိုလ်များဖြစ်တယ်လို့ သိရပါတယ်။ သူတို့အဖို့တော့မြင်ကာမတ္တအစရှိတဲ့အ လုပ်ဟာချက်ချင်းကောက်လုပ်လို့ဖြစ်နိုင်ကြောင်းကို ဗုဒ္ဓကမြင်တော်မူပါလိမ့် မယ်။ သူတို့အဖို့ဖြစ်နိုင်ပေမယ့်၊ ကျွန်တော်တို့အဖို့မှာ နည်းပင်မှန်သော်လဲလက် တွေ့စမ်းကြည့်တော့ အခက်အခဲကြုံနေကြရတယ်မဟုတ်ဖူးလား”

ဂိ။ ။“သတိကို ရှေးဦးစွာလေ့ကျင့်ဘို့ဆရာကြီး ဘယ်ကအကြံရပါသလဲ”

နုပ်။ ။“ကျွန်တော်ဟာ၊ ဒီကမိတ်ဆွေကြီးလို ကျမ်းတတ်တယောက် မဟုတ်သော်လဲ မဂ်တရားဖိုလ်တရားနဲ့ ပတ်သက်တဲ့ ခက်ဆစ်ခက်ရာစာပေများ ကို ရှာဖွေလေ့လာလေ့ရှိပါတယ်။ အချို့စာတတ်ပုဂ္ဂိုလ်များလို အဘိဓမ္မာ မသင်ဘူးသော်လဲ၊ နိကာယ်ကျမ်းကြီးများကို မွှေနှောက်ဖတ်ရှုဘူးပါတယ်။ ဒီအထဲမှာဘာကိုတွေ့ရသလဲဆိုတော့ သတိတရား(အပ္ပမာဒ)အကြောင်းကိုနေ ရာတကာတိုင်းမှာအလေးပေးပြီး ဟောတော်မူခြင်းကိုတွေ့ရပါတယ်။ သတိတ ရားသည်သဒ္ဓါ၊ သီလ၊ ပညာတည်းဟူသောတရားသုံးပါးကိုထိန်းနိုင်ကြောင်း။

သီလဟူသည်မှာ ကာယကံမှု ဝစီကံမှုလောက်သာ လုံခြုံခြင်းဖြစ်၍ သတိသည် မနောကံမှုပါလုံခြုံစေနိုင်ကြောင်း။ မကောင်းသောစိတ်ကိုပယ်နိုင်၍ ကောင်းသောစိတ်ကို ပွားများစေနိုင်ကြောင်း ဟောတော်မူပါတယ်။ ဤမျှမက ဝိပဿနာအလုပ်ဟူသည်မှာ သတိကို မူတည်ပြီးလုပ်ရ၍ သတိပဋ္ဌာန်ဟု ဟောတော်မူခဲ့ကြောင်း။ ဒါကြောင့် သတိမွေးမြူဘို့ အလေ့အကျင့် ပြုလုပ်ခြင်းသည် ယခုချက်ချင်း မဂ်ဖိုလ်နိဗ္ဗာန်ကိုရမရ အပထား၍ ယုတ်စွအဆုံး အလွန်အဘိုးတန်သောပါရမီဖြည့်နည်းတခုဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘယ်သူကဘာပြောပြော သတိရှိဘို့(သမ္မာသတိကိုဆိုလိုသည်။)အလေ့အကျင့်ပြုလုပ်ခြင်းဟာ လမ်းချော်သွားနိုင်တဲ့ အလုပ်မျိုးမဟုတ်။ ရှုံးသွပ်သွားနိုင်တဲ့အလုပ်မျိုးမဟုတ်။လူတိုင်းအဘို့သင့်တော်တဲ့ အလေ့အကျင့်တခုဖြစ်တယ်လို့ ကျွန်တော်နားလယ်ပါတယ်”

ပျံ။ ။“ကောင်းတယ်ဆရာကြီး။ ကျွန်တော်ကိုယ်တိုင်တော့ဘယ်ဂိုဏ်းက နည်းကိုမှအားမထုတ်ဖူးသေးပါဘူး။ သို့သော် သမာဓိကို အလေးပေးပြီး ပြောဆိုအားထုတ်နေကြတဲ့ခေတ်ကြီးမှာ ဆရာကြီးက သတိကိုအလေးပေးပြီး အလုပ်လုပ်ရတဲ့နည်းဆိုတော့ ကျွန်တော်ကျေနပ်ပါတယ်”

ဂီ။ ။“ခင်ဗျားကဆရာကြီးဘက် တော်တော်ပါသွားပါကလား”

ပျံ။ ။“ကျွန်တော်ကိုယ်တိုင်ကတော့ ဘာမှအားမထုတ်သေးပါဘူး။ သို့သော် သမ္မာသတိကို အလေးပေးခြင်းကတော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ခြင်းအတွက် သဘာဝကျတယ်လို့ ကျွန်တော်လက်ခံပါတယ်”

ဂီ။ ။“အာနာပါနအလုပ်ဟာလဲ သတိပါရတယ်မဟုတ်ဘူးလားဆရာကြီး။ သတိပါမှ လုပ်လို့ဖြစ်တယ်မဟုတ်ဖူးလားခင်ဗျာ”

နုပ်။ ။“သတိတော့ဟုတ်ပါတယ်။သမ္မာသတိလို့တော့ မခေါ်နိုင်ပေဘူးထင်တယ်”

ဂီ။ ။“ဘာကြောင့်လဲခင်ဗျာ”

နုပ်။ ။“အိန္ဒိယပြည်က ဆာဒူးတွေ ဖကီရ်တွေ ပရိဗိုဇ်တွေ ရှင်တထောင်တို့ အာဠာယ၊ ဥဒကတို့တွေဟာ အာနာပါန လုပ်ကြတာဘဲဗျ။ ဒီအလုပ်ဟာ သမ္မာသတိပါလို့ရှိရင် သူသို့လဲ မဂ်ဖိုလ်ရကုန်ကြမှာပေါ့”

ဂီ။ ။"သမ္မာသတိဆိုတာ ဘယ်လိုသတိမျိုးလဲ ဆရာကြီး"

နုပ်။ ။"နာမ်ရုပ်ကို စောင့်ကြည့်တဲ့သတိပါဘဲ"

ဂီ။ ။"အာနာပါနဟာ ရုပ်တရားကို စောင့်ကြည့်တဲ့ အလုပ်မဟုတ်ဖူး လား ဆရာကြီးရယ်"

နုပ်။ ။"ဒါက ဘာသာပြန်ယူတဲ့အလုပ်ကိုးဗျ"

ဂီ။ ။"ဘယ့်နှယ် ဘာသာပြန်ယူပုံလဲဆရာကြီးရယ်"

နုပ်။ "လူတယောက်ဟာ လက်ကိုကြည့်နေတယ်ဆိုပါတော့။ လက် ဟာ ရုပ်တရားဖြစ်တယ်။ ထို့ကြောင့် ဒီလူဟာရုပ်တရားကို ရှုနေခြင်းဖြစ်တယ်လို့ ဆိုနိုင်သလားဗျာ"

ပျံ။ ။"ရှင်းတယ်ဗျာ၊ ကျွန်တော် သဘောကျတယ်"

နုပ်။ ။"တချို့ကပြောကြတယ်။ အာနာပါနဆိုတဲ့ ထွက်လေ ဝင်လေ ဟာ ဝါယောဓာတ်ဘဲတဲ့။ အာနာပါနကို ရှုနေတဲ့လူဟာ ဝါယောဓာတ်ကို ရှုနေခြင်းဖြစ်တယ်တဲ့။ ဒါကြောင့် ဓာတ်ပေါက်သွားနိုင်တယ်တဲ့။ ဝိပဿနာ အလုပ်ဆိုတာ ဒီလိုဘာသာပြန်ယူလို့ရတဲ့ အလုပ်မျိုးမဟုတ်ဖူးဗျ၊ ဒီလိုသာ နံဘေးက လူကဘာသာပြန်ပေးတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကိုရတယ်ဆိုရင် လူတွေတင် မက၊ တိရစ္ဆာန်တွေတောင် မဂ်ဖိုလ်ရဦးမလို ဖြစ်နေပြီ"

ဂီ။ ။"ကြမ်းလှချေကလား ဆရာကြီးရယ်"

နုပ်။ ။"နားထောင်ပါလေ၊ ကျွန်တော် ရှင်းပြပါ့မယ်။ လောကကြီး မှာ နာမ်နဲ့ရုပ်အပြင် ဘာမှမရှိဘူးမဟုတ်လား။ နာမ်နဲ့ရုပ်မှ လွဲပြီး ဘာကိုမှ အာရုံ မပြုတတ်ဘူး မဟုတ်လား။ ကျားကောင်က သမင်ကိုဖမ်းစားမယ်လို့ စိုက်ကြည့်လိုက်ရာမှာ၊ သမင်ဟာ ရုပ်နာမ်နှစ်ပါးမျှသာဖြစ်လို့မို့ ကျားသည် ရုပ်နာမ်နှစ်ပါးကို အာရုံပြုနေတယ်လို့ ဆိုနိုင်သလားဗျာ၊ မြက်ကိုစားနေတဲ့ သမင်ဟာကလဲ မြက်သည် ရုပ်တရားဖြစ်သောကြောင့် သမင်သည် ရုပ်တရားကို ရှုတယ်လို့ ဆိုရတော့မှာလားဗျာ။ ဒီလိုဘဲ၊ ဆရာလုပ်တဲ့လူက နံဘေးက ဘာသာပြန်ပေးပြီး တပည့်ယောဂီမှာ၊ နာမ်ရုပ်ပေါက်နေတဲ့ ဂိုဏ်းတွေ တော် တော် ကြားရဘူးတယ်"

ဂီ။ ။"ထွက်လေ ဝင်လေကို အာရုံပြုတဲ့ ယောဂီဟာ ဝါယောဓာတ်၏ ထောက်ကန်သော သဘော ဖိန္နိပ်သောသဘောကို မြင်လာတယ်ဆိုတာ ဆရာကြီးက မယုံနိုင်ဘူးလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်လုပ်စမ်းကြည့်ပါတယ်၊ မမြင်ပါဘူး။ ဒီ့အတွက်အဝင် ပေါ်မှာ အာရုံစူးစိုက်ပြီး ငြိမ်သက်တဲ့စိတ် ဖြစ်လာရုံရှိတာပါပဲ"

ဂီ။ ။"ဆရာကြီး မဖြစ်ရင် သူများကော မဖြစ်ရတော့ဘူးလားခင်ဗျာ"

နုပ်။ ။"ကောင်းပါပြီ၊ မြင်တယ်ပဲ ထားလိုက်ပါဦး။ ဖိန္နိပ်တဲ့သဘော၊ ထောက်ကန်တဲ့သဘောကို မြင်တော့ကော ဘာဖြစ်သလဲ။ အနောက်တိုင်း လောကဓာတ်ဆရာကြီးတွေဟာ၊ ဝါယောဓာတ်အကြောင်းကို လက်တွေ့စမ်းသပ်ကြည့်ထားလို့ ခင်ဗျားတို့ထက် နားလည်ထားသေးတယ်"

ဂီ။ ။"ဒါဖြင့် ဆရာကြီးက ဓာတ်လေးပါးပေါက်ပြီး အရိယာဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်များ ရှိတယ်လို့ စာထဲက ဆိုတာကို မယုံဘူးလား"

နုပ်။ ။"စာကဆိုတာကို ကျွန်တော် မယုံမရှိပါဘူး။ သို့သော် မာသော သဘော၊ ပျော့သောသဘော၊ ဖိန္နိပ်တဲ့သဘော၊ ထောက်ကန်သော သဘောဆိုတဲ့ဟာမျိုးကို မြင်ရုံနဲ့တော့ အရိယာဖြစ်တယ်လို့ ကျွန်တော်ကမယုံဘူးဗျာ"

ဂီ။ ။"ဒါဖြင့် ဘယ်လိုမြင်သွားကြတယ်လို့ ထင်ပါသလဲခင်ဗျာ"

နုပ်။ ။"ဓာတ်ပေါက်ပြီး အရိယာဖြစ်သွားဘူးတဲ့ ပုဂ္ဂိုလ်များ ဟာ ဘယ်နည်းဘယ်ပုံဖြစ်ကြတယ်လို့တော့ ကျွန်တော် မစမ်းဘူးလို့ မပြောတတ်ဖူးဗျာ။ သို့သော် ခင်ဗျားတို့တတွေ ပြောတတ်ကြတဲ့ မာသသဘော၊ ပျော့သဘောဆိုတာမျိုးနဲ့လောက်တော့ အရိယာဖြစ်နိုင်တယ်လို့ ကျွန်တော်မယုံတတ်ဘူးဗျာ"

ဂီ။ ။"အရိယာ ဖြစ်တဲ့ ပုဂ္ဂိုလ် ကျတော့ ဒီလောက်မက မြင်မှာပေါ့ ဆရာကြီးရယ်"

နုပ်။ ။"ဘယ်လိုများမြင်သတဲ့လဲဗျာ။ ဘယ်သူများ မြင်ကြဘူးသလဲ"

ဂီ။ ။"မြင်ဘူးတဲ့လူက ဆရာကြီးဆီလာပြီး အစီရင်ခံမနေနိုင်ဘူး။ ရှိမှာပေါ့ခင်ဗျာ"

နုပ်။ ။"မိတ်ဆွေကစကားနိုင်လုပြောနေတာကိုးဗျ။ ဟိုလေထဲမှာ အမည်မသိ၊ လူမျိုးမသိ နေရပ်မသိ၊ ပုဂ္ဂိုလ်တဦးဟာ ဓာတ်လေးပါးနဲ့ ပတ်

သက်လို့ သူမြင်ချင်သလိုမြင်ပြီး ရဟန္တာဖြစ်သွားလေရဲ့လို့ ပြောခြင်းမျိုး ဖြစ်နေပြီကောဗျာ။ ကျွန်တော်တို့က လက်ဆုပ်လက်ကိုင် ထောက်ပြမှ လက်ခံစဉ်းစားချင်တဲ့လူထဲကဘဲ”

ဂီ။ ။“ဆရာကြီးကကော ဘယ်လိုများထင်ရှားအောင် ထောက်ပြနိုင်သလဲခင်ဗျာ”

နုပ်။ ။“ကျွန်တော်ရဲ့ ဒိဋ္ဌိဒိဋ္ဌမတ္တံနည်းဟာ အစမှာဘယ်လို အလယ်မှာဘယ်လို အဆုံးမှာဘယ်လိုဆိုတာကို နားပါးသူ ဉာဏ်မျက်စိဖွင့်ကြည့်တတ်သူများ မြင်နိုင်သိနိုင်လောက်အောင် ရှင်းပြနိုင်ပါတယ်”

ပျံ။ ။“ နားလဲပါးဦးမှ၊ ဉာဏ်မျက်စိကိုလဲ ဖွင့်ကြည့်ဦးမှတဲ့လား ဆရာကြီး”

နုပ်။ ။“ဟုတ်တာပေါ့ဗျာ။ ငါ့ဆရာက ဒီလိုမဟောဘူးဆိုပြီး နားပိတ်ထား မျက်စိစုံမှိတ်ထားတဲ့ပုဂ္ဂိုလ်မျိုးကိုတော့ ကျွန်တော်မတတ်နိုင်ဘူးပေါ့။ ကိုင်း ဒီတခေါက်တော့ အချိန်တော်တော်နှောင်းလို့ ကျွန်တော်လဲ ညောင်းသွားပြီ။ နောက်တခေါက်လာကြသေးတာပေါ့ဗျာ”

ပျံ။ ။“ဆရာကြီးက ဒိဋ္ဌိဒိဋ္ဌမတ္တံ အလုပ်ရဲ့ အရေးပါ အရာရောက်ပုံအကြောင်းကိုပြောပြမယ်ပေါ့။ ကျွန်တော့်မိတ်ဆွေများကိုကော မခေါ်ခဲ့ရဘူးလားဆရာကြီး”

နုပ်။ ။“ခုနင်က ကျွန်တော်ပြောတဲ့အတိုင်း နားမျက်စိဖွင့်ထားတဲ့ပုဂ္ဂိုလ်မျိုးတော့ခေါ်ခဲ့နိုင်ပါတယ်”

## (၇)

# ဒိဋ္ဌေဒိဋ္ဌမတ္တံ အားထုတ်ပုံအကြောင်း
## (ဆက်လက်ဆွေးနွေးခြင်း)

လွန်ခဲ့သော တော်သလင်းလပြည့်နေ့၌ ယခင်တပတ်က ဆွေးနွေးခဲ့ကြဘူးသည့် ယောဂီနှင့် စာတတ်ပေတတ် 'လူပျံတော်' သည် အခြား မိတ်ဆွေနှစ်ယောက်ကိုခေါ်ခဲ့၍ ကျွန်ုပ်၏နေအိမ်သို့ ရောက်လာကြပြန်သည်။ မိတ်ဆွေနှစ်ယောက်မှာမူ ယောဂီလည်းမဟုတ်။ စာတတ်ပေတတ်လည်းမဟုတ်။ တရားဆွေးနွေးခြင်းကို ကြားနာလိုသည့်ပုဂ္ဂိုလ်များသက်သက်ဖြစ်လေသည်။ ကျွန်ုပ်နှင့်မိတ်ဆက်ပေးပြီးနောက်

နုပ်။ ။"မိတ်ဆွေနှစ်ယောက် တိုးလာသကိုးဗျ"

ဂီ။ ။"ဆရာကြီးက ခေါ်ခဲ့နိုင်ပါတယ်ဆိုတဲ့ ခွင့်ပြုချက်အရ ခေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာကြီးပြောသလို နားပါးသူ ဥာဏ်မျက်စိဖွင့်ကြည့်တတ်သူတွေဘဲလို့ မြော်လင့်ပါတယ်ဆရာကြီး။ သို့သော် ပါးစပ်တော့ပါတဲ့လူတွေမဟုတ်ဖူးနဲ့တူတယ်ခင်ဗျ"

(သူတို့အချင်းချင်းရယ်ကြသည်။)

နုပ်။ ။"မရှင်းလင်းတာရှိလို့ မေးတာရင် တော်ပါပြီဗျာ။ ငြင်းချင်ဘတ်တဲ့လူကို အလိုမရှိပါဘူး"

ပျံ॥ ॥"ဆရာကြီးက ဟိုနေ့ကပြောလိုက်တယ်။ ဆရာကြီးရဲ့ တရားကို အားထုတ်တော့ အစမှာဘယ်လို အလယ်မှာဘယ်လို အဆုံးမှာဘယ်လို ဆိုတာကို ရှင်းပြချင်တယ်ဆိုလို့ ကြားနာကြဘို့လာကြတာပါခင်ဗျာ"

နုပ်॥ ॥"ကျင့်စဉ်ကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ပါဘဲ။ သို့သော် မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တဆိုတဲ့နည်းဟာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်လို့ ညည်းတဲ့လူတွေ တော်တော် များပေတယ်။ ကျွန်တော့်စာအုပ်ကိုဖတ်ပြီး လုပ်တဲ့လူထဲက ရာခိုင်နှုန်း ၂-၃ လောက်သာ စရင်စချင်းလုပ်တတ်ပါတယ်လို့ ဝန်ခံတဲ့လူ တွေ့ရဘူးပါတယ်"

ပျံ॥ ॥"လုပ်တတ်တော့ သူတို့ ဘယ်လိုများ အကျိုး ထူးသတဲ့လဲ ဆရာကြီး"

နုပ်॥ ॥"နေအုံးလေဗျ။ စ၊ လယ်၊ ဆုံး ရှင်းပြရမယ်ဆို။ အလယ်က ကျော်ပြီးမမေးပါနဲ့။ ကနဦးမူတည်ပုံကစပြီး ပြောပြရမယ်ဆို"

ပျံ॥ ॥"သည်းခံပါ ဆရာကြီး။ ကျွန်တော်က ရှေ့လောကြီးသွားမိပါတယ်"

ဂိ॥ ॥"ခင်ဗျားကိုသတိပေးလာခဲ့ရက်သားနဲ့ဗျာ"

နုပ်॥ ॥"စ လုပ်လုပ်ချင်း ကြားကာမတ္တ၊ မြင်ကာမတ္တ၊ နံကာမတ္တ စသည်ဖြင့် အလုပ်လုပ်တတ်သူ ရာခိုင်နှုန်းက အင်မတန် နဲလေတော့ အဲဒီလို စမလုပ်တတ်တဲ့လူ၊ စလို့မဖြစ်နိုင်တဲ့လူများအနေနဲ့ ရှေးဦးစွာ ပြောပြချင်ပါတယ်"

ပျံ॥ ॥"ကြိုက်ပြီဆရာကြီး။ပြောပါ"

နုပ်॥ ॥"အဆင်းကိုမြင်လိုက်ရင်၊ အသံကိုကြားလိုက်ရင် ကြားကာမတ္တ၊ မြင်ကာမတ္တတွင်မနေဘဲ၊ ၎င်းအဆင်း အသံနဲ့ပတ်သက်တဲ့ အခြင်းအရာများကို အရှည်ကြီးလိုက်ပြီး စဉ်းစားစိတ်ကူးခြင်းတွေဖြစ်ပေါ် လာတတ်ကြတယ်ဗျ။ တချို့လူတွေဟာ ဒါနဲ့ဘဲ စိတ်ပျက်ပြီး ဖြစ်နိုင်ပါဘူးလို့ လက်လျှော့လိုက်ကြတယ်ဆိုကဘဲ"

ပျံ॥ ॥"ဟုတ်မှာပ ဆရာကြီး။ကျွန်တော်တောင် တခါနှစ်ခါစမ်းကြည့်ဘူးသေး။ ဒီလိုဘဲတွေ့ရတယ်"

နုပ်။ ။"ကြားကာမတ္တတွင်မနေဘဲ အရှေ့ကြီး ရှောက်စဉ်းစားမိခြင်း ဟာ ဘာကြောင့်ထင်သလဲဗျာ"

ပျံ။ ။"သတိလစ်လို့ပေါ့ဆရာကြီး"

နုပ်။ ။"ဟုတ်တယ်ဗျ။ အဲဒါအရေးကြီးတယ်။ သတိလစ်ရင် သတိ ကောင်းအောင် သတိမြဲအောင် ဘယ့်နှယ်လုပ်မလဲဗျ"

ဂီ။ ။"သမာဓိထူထောင်ပေါ့ဆရာကြီးရယ်"

နုပ်။ ။"ဒီအချက်မှာ တရားဂိုဏ်းတွေ အမျိုးအပြားနဲ့ ကျွန်တော် နဲ့အယူအဆကွဲလွဲနေတယ်"

ဂီ။ ။"ဆရာကြီးကတော့ ကိုယ့်ဟာကိုယ် မှန်တယ် ဆိုချင်မှာပေါ့ ခင်ဗျာ"

နုပ်။ ။"ကျွန်တော်က ဆိုချင်တိုင်း ပြီးတာမဟုတ်ဖူးဗျ။ ကျမ်းဂန် အကိုးအကားရှိရမယ်။ သဘာဝအထောက်အထားရှိရမယ်"

ဂီ။ ။"ပြောပါဆရာကြီး"

နုပ်။ ။ကျွန်တော်ရဲ့ ကိုယ်တွေ့ကတော့ သတိနဲ့ သမာဓိမှာ သတိက ရှေ့ကသွားရတယ်ခင်ဗျ။ သမာဓိကနောက်လိုက်ဖြစ်တယ်"

ဂီ။ ။"ကျမ်းဂန်အထောက်အထားပြပါဆရာကြီး"

နုပ်။ ။"ဗောဇ္ဈင် ၇-ပါးရှိတဲ့အနက် သတိ၊ ဝီရိယ၊ ဓမ္မဝိစယဆိုတဲ့ ဗောဇ္ဈင်သုံးပါးကိုရှေ့ကမူတည်ပြီး အလုပ်အဖြစ်နဲ့ လေ့ကျင့်တဲ့ အခါမှာ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဆိုတဲ့ ဗောဇ္ဈင်လေးပါးက အကျိုးတရား အဖြစ်နဲ့ နောက်ကလိုက်လာတယ်လို့ ဗုဒ္ဓဟောတော်မူတယ်။ အားထုတ် ကြည့်တဲ့အခါမှာလဲ လက်တွေ့အားဖြင့် ဒီအစီအစဉ်အတိုင်းဘဲ တွေ့ရပါ တယ်။ သမာဓိကိုမူတည်ပြီး သတိက အလိုအလျောက် နောက်ကလိုက်လာ တယ်လို့ဟောတော်မူတဲ့ကျမ်းဂန်မျိုးကို တွေ့ဘူးသလားဗျာ"

ပျံ။ ။"ဒီလိုတော့မတွေ့ဘူးဘူးဆရာကြီး။ သို့သော် သမထကိုရှေးဦး စွာအားထုတ်ပြီးမှ ဝိပဿနာတက်ကြတဲ့ပုဂ္ဂိုလ်များ ရှိခဲ့ဘူးတယ်လို့တော့ စာထဲမှာတွေ့ဘူးပါတယ်"

နုပ်။ ။"ဒီဟာ နဲနဲရှေထွေးစရာ ဖြစ်နေပါတယ်။ ကျွန်တော်တဆိတ် ရှင်းပြပါရစေဦးဗျာ"

---

ဂီ။ ။"လုပ်စမ်းပါဦး ဆရာကြီးရယ်"

နုပ်။ ။"သမထအလုပ်နဲ့ သမာဓိ ထူထောင်ပြီး ဝိပဿနာ အလုပ်ကို တက်လှမ်းကြတဲ့ ပုဂ္ဂိုလ်များ (ဘုရားလက်ထက်ကထဲက) ရှိခဲ့ကြဘူးခြင်း ကတော့ဟုတ်ပါလိမ့်မယ်။ သို့သော် အကြင်ပုဂ္ဂိုလ်များသည် သမထအလုပ် ဖြင့်ရျာန်ရပြီးသည့်နောက်၊ ဝိပဿနာ(သတိပဋ္ဌာန်)အလုပ်ကို တဆင့်တက်ပြီး လုပ်ယူရခြင်းဖြစ်ပါတယ်။ သမထအလုပ်မျိုးဖြင့် သမာဓိ ထူထောင်ပြီးနောက် သတိအလုပ်မျိုးကိုတဆင့်တက်ပြီး လေ့ကျင့်ယူကြရပါတယ်။ သမာဓိကောင်း ရုံနှင့် သတိက အလိုအလျောက်လိုက်လာပြီး သတိပဋ္ဌာန်အလုပ်ထဲ ဝင်သွား တယ်လို့ မဆိုလိုပါဘူး။ ဝိပဿနာအလုပ်ရဲ့ စိတ်အစဉ်ကလဲ ဒီလိုမဟုတ်ပါ ဘူး။သတိတရားဆိုတာကတော့ (ဗောဇ္ဈင် ၇ပါးအရ)သတိသမ္ဗောဇ္ဈင်ကအစ တည်ပြီး လုပ်လိုက်ပြီဆိုမှဖြင့် သတိရင့်ကျက်လာတဲ့ အခါမှာ သမာဓိဟာ အကျိုးတရားအဖြစ်နဲ့နောက်က လိုက်လာတယ်လို့ ဟောတော်မူပါတယ်။ လိုရင်း အချုပ်ကတော့ သတိကို အလေ့အကျင့်လုပ်လို့ မြဲလာရင်၊ သမာဓိ က အလိုအလျောက် ဖြစ်လာတယ်။ သမာဓိ ဘယ်လောက် ကောင်းကောင်း သတိတရားဟာ အလိုအလျောက် ပါလာတယ်လို့ မဖြစ်စကောင်းပါဘူး"

ဂီ။ ။"ဘာကြောင့် မဖြစ်စကောင်းဘူးလို့ ဆိုနိုင်ပါသလဲ ဆရာကြီး"

နုပ်။ ။"ဝိပဿနာ စိတ်အစဉ်ကိုယ်နှိုက်က ဒီလိုမဟုတ် လို့ပါဘဲ။ သာဓက တင်ပြရရင် အိန္ဒိယပြည်မှာ အာနာပါန အလုပ်မျိုးနဲ့ သမာဓိ ထူ ထောင်ပြီး တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ ဗုဒ္ဓမပွင့်မီကရော၊ ဗုဒ္ဓ လက်ထက်ကရော၊ယခုလက်ထက်မှာရော ရှိကြပါတယ်။အကယ်၍သမထအလုပ် မျိုးနဲ့ သမာဓိထူထောင်ခြင်းအားဖြင့် သတိတရားဟာ အလိုအလျောက် ဖြစ် ပေါ်လာတတ်တဲ့ သဘာဝ ရှိတယ်ဆိုရင်၊ ၎င်းဖကီရ်များ၊ ပုရဗိုဇ်များ၊ ဆာ ဒူးများဟာ မဂ်ဆိုက်ပြီးအရိယာဖြစ်ကုန်ကြဘို့ရှိပါတယ်။ အခုတော့ဒီလိုမဖြစ် ကြပါဘူး။ သမထကို တသက်လုံး အားထုတ်ကြပေမယ့် သမာဓိကောင်းပြီး မိုးပျံရင် ပျံမယ်။အရိယာဖြစ်ကြတယ်လို့ တွေ့မရှိကြပါဘူး"

ပျ ံ။ ။"ဒါဖြင့် သမာဓိက သတိကို အထောက်အပံ့ မပေးဘူးပေါ့ ဆရာကြီး"

နုပ်။ ။"ဒီလိုဆိုချင်ပါတယ်။သတိကစပြီးအလုပ်လုပ်လို့ သမာဓိ လိုက်လာသလို၊ သမာဓိကစပြီး အလုပ်လုပ်ယုံ့ သတိလိုက်မလာတာတ်ပါဘူး"

ဂီ။ ။"ဟုတ်ပါ့မလား ဆရာကြီးရယ်"

နုပ်။ ။"ကျွန်တော်က လက်တွေ့ရော စာတွေ့ရော ပြောခြင်းဖြစ်ပါတယ်။ သတိနဲ့ သမာဓိမှာ သတိက အရင်းကျတယ်ဗျ။သမာဓိက လက်ရင်းမဟုတ်ဖူး၊ လက်ဖျားဘဲ"

ဂီ။ ။"ဒီလိုဆို ဘာကြောင့် သမထကို အရင်အားထုတ်သလဲခင်ဗျာ"

နုပ်။ ။"ကျွန်တော် လက်တွေ့ ရှာကြည့်ရာမှာ အကြောင်းနှစ်ရပ်တွေ့ရပါတယ်။ပဌမအကြောင်းကရှင်မောဂ္ဂလန်ဂိုဏ်းသားများလိုဈာန်အဘိဉာဏ်ကို ရှေးဦးစွာ ရအောင်သမထနည်းနဲ့ အားထုတ်ပြီးမှ ဝိပဿနာ အလုပ်ကိုတက်ချင်ကြလို့ဘဲခင်ဗျ။ ဒုတိယအကြောင်းကတော့ သမထအလုပ်ဟာက ဝိပဿနာအလုပ်ထက် လွယ်ကူလို့ဘဲခင်ဗျ"

ပျံ့။ ။"ပထမအကြောင်းတော့ ကျွန်တော် သဘောကျနိုင်လောက်ပါတယ်။ သို့သော် သမထအလုပ်က ဝိပဿနာအလုပ်ထက် လွယ်ကူတယ်ဆိုတာကတော့ ဟုတ်ပါ့မလား ဆရာကြီးရယ်။ သမထအလုပ်မျိုးက တနေရာမှာ ကမ္မဋ္ဌာန်းထိုင်ပြီး လုပ်ယူရတယ်။ ဝိပဿနာဆိုတာမျိုးကတော့ သွားရင်းလာရင်း၊ ထိုင်ရင်းစားရင်း လုပ်နိုင်တယ်ဆိုမဟုတ်လားခင်ဗျ။ တမင်တကာ တနေရာမှာ ထိုင်လုပ်ရတဲ့ အလုပ်မျိုးက ပိုပြီး မခဲယဉ်းပေဘူးလား ဆရာကြီး"

နုပ်။ ။"အပြောတော့ဟုတ်ပါတယ်။တကယ်လုပ်စမ်းကြည့်တဲ့အခါကျတော့ ဒီလိုမဟုတ်ပါဘူး။ဒီအကြောင်းကို ကျွန်တော် ရှင်းပြပါဦးမယ်။သမထဆိုတာက သမာဓိအလုပ်။ ဝိပဿနာဆိုတာမျိုးက သတိဦးစီးလုပ်ရတဲ့ ပညာအလုပ်မျိုးဖြစ်ပါတယ်။ တချို့ဂိုဏ်းမှာ ကျွန်တော် ကြားဘူးတယ်၊ ဘုန်းတော်ကြီး တပည့်ကျောင်းသားကလေးတွေကို (သမထ)အလုပ်သင်ပေးထားတာ၊သုံးလေးရက်လောက် လေ့ကျင့်ပေးလိုက်တဲ့အခါ၊ ကျောင်းသားကလေးတွေက တင်ပြင်ခွေ ထိုင်နေကြဆဲမှာ သူတို့ကို တယောက်စီ မချီပြီး ရွှေ့ပေးလိုက်တော့၊ အခွေလိုက်ကလေးတွေ ပါလာကြသတဲ့ခင်ဗျ။ဆရာလုပ်တဲ့ပုဂ္ဂိုလ်က သူ့တပည့်တွေ ဖလ သမာပါတ် ဝင်စားကြတယ်လို့ ဆိုချင်တာပေါ့လေ။ သို့သော် စင်စစ်ကတော့ ဒီဟာ ပညာအလုပ် မဟုတ်ပါဘူး။ သမာဓိအလုပ်

သာ ဖြစ်ရမယ်။ ဒါပေမယ့် သူတို့ရဲ့ သမာဓိက တယ်မသေးလှပေဘူးခင်ဗျ။ အတော်အတန်လှုပြိန်းတော့ အံ့သြလောက်စရာပေဘဲ။ ကျွန်တော်ဆိုချင်တာက ကျောင်းသားကလေးတွေကိုတောင် သုံးလေးငါးရက် လေ့ကျင့်ပေးရုံနဲ့ သတိလစ်ပြီး 'အခွေလိုက်' မချိလို့ရနိုင်တဲ့သမာဓိမျိုးဖြစ်လာနိုင်တယ်ဆိုခြင်းကို ထောက်ခြင်းအားဖြင့် သမာဓိအလုပ်မျိုးဟာ သိပ်ပြီးခဲယဉ်းတဲ့အလုပ်မျိုးမဟုတ်ကြောင်း ထင်ရှားတယ်လို့ ဆိုချင်ပါတယ်"

တယောက်။ ။"သူတို့ဟာကော မဂ်ဆိုက်တာ မဖြစ်နိုင်ဘူးလားဆရာကြီးခင်ဗျာ"

နုပ်။ ။"သူတို့ကို စစ်ဆေးကြည့်တော့ ဒီလိုဖြစ်သွားတဲ့ အတွက် ထူးထူးခြားခြားသိလာတဲ့အခြင်းအရာ ဘာမျှမရှိပါဘူးလို့ ပြောကြတယ်။ မိတ်ဆွေက ဒီဟာကိုမဂ်ဆိုက်တယ်ထင်ရင်တော့ သွားပြီးအားထုတ်ချေပါဗျာ။တော်တော်လွယ်ပုံရတဲ့နည်းပါဘဲ"

ပျံ ။ ။"ဝိပဿနာအလုပ်ခဲယဉ်းပုံကို ပြောပါဦးဆရာကြီးရယ်"

နုပ်။ ။"ကျွန်တော် သိသလောက်ပြောရရင် ဝိပဿနာ အလုပ်ဆိုတာမျိုးဟာခဲယဉ်းတယ်လို့ တသမတ်တည်းထားလို့မရဘူးဗျ။ ခက်ချင်တဲ့လူအဖို့အလွန်ခက်ပြီး၊ လွယ်ချင်တဲ့လူအဖို့မှာလွယ်နိုင်တာဘဲ။ ဘဝပါရမီအပေါ်မှာတည်တယ်လို့ ဆိုရမယ်ထင်တယ်။ သို့သော် တခု သေချာတာကတော့ ဝိပဿနာ (သတိပဋ္ဌာန်) အလုပ်သည် (သမာဓိ) အလုပ်ထက် ခဲယဉ်းတာကတော့အမှန်ဘဲ။ သမာဓိအလုပ်မျိုးကတော့ ခုနကပြောတဲ့ ကျောင်းသားကလေးတွေကိုကြည့်ပါ။ သုံးလေးငါးရက်လောက်နဲ့ ဘယ်လောက် တက်သွားသလဲ။ ဝိပဿနာအလုပ်ဖြစ်တဲ့ သတိမွေးရတဲ့ အလုပ်မျိုးကတော့ ဒီလောက်မတက်လွယ်ဘူးဗျ။ ခင်ဗျားတို့စမ်းကြည့်ကြလေ။ သုံးရက်လောက် အာနာပါနလုပ်လိုက်ရင် တော်တော်ကလေး စိတ်တည်ငြိမ်လာတာကိုတွေ့နိုင်တယ်။ သတိမွေးရတဲ့အလုပ်မျိုးကတော့ သုံးပတ်လောက် လေ့ကျင့်ဦးတော့ သိသိသာသာကြီး မတိုးတက်ချင်ဘူးဗျ"

တယောက်။ ။"ဒါဖြင့် လွယ်တဲ့နည်းလုပ်ရောပေါ့ ဆရာကြီးရယ်"

နုပ်။ ။"လိုချင်တာကမဂ်ကိုးဗျ။ ခုနကပြောသလိုအခွေလိုက်ကလေးပါလာတာမျိုးဆိုရင်တော့ လုပ်ချေပေါ့ဗျ"

---

ပုဂံစာအုပ်တိုက်

တယောက်။ ။"သမာဓိနဲ့ သတိကိုထပ်ပြီးရှင်းပါဦး ဆရာကြီးရယ်"

နုပ်။ ။"သမာဓိဆိုတာက မပြန့်လွင့်တာ။ သတိဆိုတာက (အပ္ပမာဒ) မမေ့တာကိုဆိုလိုတယ်။ လုပ်ကြည့်တော့မှ ခြားနားခြင်းကို တွေ့ရမယ်နော်"

တယောက်။ ။"မပြန့်လွင့်ခြင်းကိုတော့ နားလယ်ပါပြီ။ မမေ့ခြင်း ဆိုတာက ဘာကိုမမေ့ရမှာလဲ ဆရာကြီး"

နုပ်။ ။"တချို့ဆရာတွေကတော့ဒါန၊သီလအစရှိတဲ့ကောင်းမှုကုသိုလ် တရားများပြုဘို့မမေ့ကြနဲ့လို့ ဘာသာပြန်ကြတယ်။ ဒါကလူရိုးရိုးတွေအဖို့ ဟုတ်ပါလိမ့်မယ်။ သို့သော် မဂ်တရားဖိုလ်တရားအတွက် အားထုတ်တဲ့ယောဂီ များအဖို့မှာတော့ ဒီအဓိပ္ပာယ်လောက်နဲ့ မပြည့်စုံဘူးဗျ။ သတိရှိစေရမယ်၊ သတိယှဉ်တဲ့စိတ်မျိုးဖြစ်အောင် အလေ့အကျင့်ပြုလုပ်ရမယ်လို့ဆိုလိုဘယ်"

တယောက်။ ။"ဘယ်လိုပြုလုပ်ရမှာလဲဆရာကြီး"

နုပ်။ ။"သတ္တဝါများရဲ့ စိတ်တွေဟာ သူ့ဖာသာသစ်ထားပြီး မျော ချင်ရာမျောနေတတ်တဲ့ထုံးစံရှိတယ်မဟုတ်လား"

တယောက်။ ။"ဟုတ်ပါတယ်ခင်ဗျာ"

နုပ်။ ။"ကျွန်တော်အားထုတ်တဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ၊ အားထုတ် တော့မယ်ဆိုရင် သဘိကိုရှေးဦးစွာမွေးယူရမယ်လို့ ဆိုလိုဘယ်။မွေးပုံမွေးနည်း ကတော့ တနေရာမှာထိုင်ပြီး ကိုယ့်ကိုယ်ကို သတိ လို့အမိန့်ပေးလိုက်ဗျာ။ ဒီအခါမှာ စိတ်ဟာ တမျိုးဖြစ်လာလိမ့်မယ်။ ခုနင်တုန်းက အနေကတမျိုး၊ အမိန့်ပေးလိုက်တဲ့နောက်မှာ အနေကတမျိုးဖြစ်လာလိမ့်မယ်"

တယောက်။ ။"ဘာကို သတိထားရမှာလဲဆရာကြီး"

နုပ်။ ။"ဘာကိုရယ်လို့မဟုတ်ဖူး။ သတိယှဉ်နေတဲ့ စိတ်ကလေးဖြစ် တာကိုသိနေရမှာဘဲ။ အစတော့ ယောင်လယ်လယ်ဖြစ်ပြီး ခက်သလိုလိုထင် ရတတ်တယ်။ သို့သော် ထပ်ခါထပ်ခါ လုပ်ကြည့်တော့ တဖြေးဖြေးသဘော ပေါက်ပြီးနေတတ်လာလိမ့်မယ်"

တယောက်။ ။"ဘယ်လိုရည်ရွယ်ချက်နဲ့ လေ့ကျင့်ရဟာလဲ ဆရာကြီး ရယ်"

နုပ်။ ။"သတ္တဝါများအနေနဲ့က 'သတိ' ဆိုတဲ့ သဘောတရားနဲ့ အင် မတန် ကင်းဝေးနေလေတော့ သတိယှဉ်တဲ့ အနေမျိုး နေတတ်အောင်၊ သတိ

ဆိုတာဘယ်လိုဟာလဲလို့ တဖြေးဖြေး နားလယ်လာအောင် လေ့ကျင့်ယူခြင်းပါဘဲ။ ဘာ့ကြောင့် လေ့ကျင့်ရသတုန်းဆိုတော့ ဝိပဿနာအလုပ်ဆိုတာတခုလုံးက သတိဦးစီးပြီး လုပ်ရခြင်းဖြစ်လေတော့ သတိအကြောင်းကို နားမလယ်သဘောမပေါက်ရင် ယောင်ချာချာဖြစ်ပြီး သမထ အလုပ်ကို ဝိပဿနာအလုပ်မှတ်နေတတ်တယ်။ သမာဓိကို သတိမှတ်နေတတ်တယ်"

ပျံ့။ ။"ဆရာကြီး ဆိုလိုတဲ့သတိက နာမ်ရုပ်ကို စောင့်ကြည့်တဲ့ သမ္မာသတိဘဲမဟုတ်ဖူးလားခင်ဗျာ"

နှုပ်။ ။"ဟုတ်တော့ ဟုတ်ပါတယ်။ သမ္မာသတိပါဘဲ။ သို့သော် နာမ်ရုပ်ကို စောင့်ကြည့်တဲ့ သမ္မာသတိလို့ ဖွင့်မပြောသေးတာကတော့ တခုခုကို စိုက်သွားပြီး သမထ ဖြစ်သွားမှာ စိုးလို့ပါဘဲ။ ဥပမာ ရုပ်ကိုစိုက်ကြည့်တယ်ဆိုရင် အသက်ရှူနေတာတွေလေတော့ အာနာပါန အလုပ်မျိုးဘက်ရောက်သွားမှာ စိုးလို့ပါဘဲ"

တယောက်။ ။"အာနပါနဘက် ရောက်သွားရင်ကော ဘာဖြစ်သလဲ ဆရာကြီး"

နှုပ်။ ။"ကြိုက်ရင်တော့ လုပ်ပေါ့လေဗျာ။ သို့သော် ကျွန်တော်က ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်ဘို့ မြောင်းသွယ် ပေးနေခြင်း ဖြစ်ပါတယ်"

ပျံ့။ ။"ဆက်ပါဦး ဆရာကြီး"

နှုပ်။ ။"ခုပြောသလို သတိသက်သက်နဲ့ နေတတ်တဲ့အဖြစ်မျိုးကို ရှာတွေ့ပြီး၊ ခဏတဖြုတ်ဖြစ်စေ နေတတ်ပြီဆိုတော့၊ တနေ့လုံး ဟိုဟာ ဒီဟာလုပ်နေခိုက်၊ ဟိုစိတ်ကူး ဒီစိတ်ကူးကလေးတွေ ဖြစ်နေခိုက်မှာ ကိုယ့်ကိုယ်ကို 'သတိ' လို့ အမိန့်ပေးကြည့်ဗျာ။ ဒီအခါမှာ သတိယှဉ်တဲ့စိတ်ကလေးမျိုး ခဏ ဖြစ်စေ ပေါ်လာလိမ့်မယ်။ လုပ်ရင်း၊ ကိုင်ရင်း၊ ပြောရင်း၊ ဆိုရင်းတော့ ကြာကြာကြီးနေဘို့ မရည်ရွယ်ပါနဲ့ဦး၊ 'သတိ' လို့ အမိန့်ပေးဘို့ သတိရရင်ဘဲ တော်လှပါပြီ။ အဲသလို တဖြေးဖြေးနဲ့ တနေ့အတွင်းမှာ ၁၀ ကြိမ်၊ ၁၅ ကြိမ်၊ အကြိမ်သုံးလေး ငါးဆယ် စသည်ဖြင့် အမိန့်ပေးဘို့ သတိရလာတဲ့အခါကျတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အလုပ်လုပ်ဖို့ တဆင့်တက်ရလိမ့်မယ်"

---

ပျံ။	။"ခက်တော့ တော်တော်ခက်တဲ့ အလုပ်ဘဲနော် ဆရာကြီး"

နုပ်။	။"မှန်ပါတယ်။ ခက်တော့ ခက်ပါတယ်။ သို့သော် သဒ္ဓါနဲ့ ဝီရိယရှိရင်တော့ မဖြစ်နိုင်တဲ့အလုပ်မျိုး မဟုတ်ပါဘူးခင်ဗျာ။ အချော တိုင် တက်ရသလိုမဟုတ်ပါဘူး။ မတ်စောက်မြင့်မားတဲ့ တောင်ကြီးလို ကုတ်စရာ၊ ကပ်စရာ၊ တွယ်စရာ၊ ကိုင်စရာ အမှီသဟဲတွေနဲ့ တက်ရသလို ဖြစ်ပါတယ်"

ပျံ။	။"ဆရာကြီးပြောတဲ့ ဥပမာကလေးကတော့ အားရှိတယ်ဗျာ။ ကျွန်တော်တို့အရွယ်ကျမှ အချောတိုင်တက်ရတာမျိုးဆိုရင်တော့ လက်မြှောက် ရုံရှိတော့တာဘဲ။ ရှေ့ဆက်ပါဦးဆရာကြီး"

နုပ်။	။"တနေ့အတွင်းမှာ ကိုယ့် ကိုယ် ကို 'သတိ' လို့ အ မိန့် ပေးဘို့ အကြိမ် ၅၀-၁၀၀ လောက် သတိရပြီး သတိ ယှဉ်တဲ့ စိတ်မျိုးနဲ့ တ မိ နစ် လောက်ဖြစ်စေနေတတ်တဲ့အခါကျတော့ မြင်ကာမတ္တ၊ကြားကာမတ္တအလုပ်ကို စမ်းကြည့်ရမယ်။ စမ်းတာကတော့ ချောင်ကောင်းကောင်းတနေရာမှာ ထိုင်၊ 'သတိ' လို့ ကိုယ့်ကိုယ်ကို အမိန့်ပေးပြီး ၅-မိနစ် သို့မဟုတ် ၁၀-မိနစ်လောက် အဓိဋ္ဌာန်နဲ့ ငြိမ်ငြိမ် နေရမယ်။ ရှေ့အကြောင်း၊ နောက်အကြောင်းတွေကို မစဉ်းစားဘဲ သတိယှဉ်တဲ့စိတ်နဲ့ နေလိုက်တဲ့အခါကျတော့ အမျိုးအားဖြင့် ကြားမှုကလေးတွေ ဖြစ်ပေါ်လာတတ်တယ်။ သတိနဲ့ နေတဲ့ အလေ့အကျင့် လုပ်ထားလို့ တော်တော် ရင့်ကျက်လာတဲ့ ယောဂီတယောက်အဖို့မှာ တော့ အသံတခုကြားတဲ့အခါမှာ ဟိုတုန်းကတော့အသံနောက်ကိုချက်ချင်းလိုက်ပြေး ပြီးအရှည်ကြီးစဉ်းစားတတ်သော်လဲခုကျတော့အသံကနားထဲဝင်လာပြီးကြား စိတ်ကလေး ဖြစ်နေပါတကားလို့ သိလာလိမ့်မယ်။ ထူးခြားချက် တခုက ရိုး ရိုးမှာတော့၊ အသံကြားရင် အပြင်ထွက်လိုက်တတ်တယ်။ သတိယှဉ်စိတ် ဖြစ် အောင် လေ့ကျင့်ထားတဲ့ ယောဂီအဖို့မှာတော့ စိတ်က အပြင်ထွက်မလိုက်ဘဲ အတွင်းကနေပြီးစောင့်နေတဲ့သဘောမျိုးဖြစ်လာတယ်။ထိန်းဘို့ခက်တယ် ခက် တယ်နဲ့ပြောကြခြင်းဟာ တခြားကြောင့် မဟုတ်ဖူး။ သတိယှဉ်တဲ့စိတ်ဖြစ်ဖို့ အလေ့အကျင့်လုပ်မထားလို့ပါဘဲ။ကြားကာမတ္တ၊မြင်ကာမတ္တဆိုတဲ့ အလုပ် ဟာ ချက်ချင်းထလုပ်ဖို့ ခဲယဉ်းတာကတော့ အမှန်ဘဲ။အာနာပါန အလုပ်မျိုး လောက်တော့မလွယ်ပေဘူး"

တယောက်။ ။"ဒါ ဘာ့ကြောင့်လဲဆရာကြီး"

နုပ်။ ။"သာဘာဝအားဖြင့်သမာဓိအလုပ်ကလွယ်တယ်။ သတိအလုပ်က ခဲယဉ်းလို့ ပေါ့ဗျာ။ ဘယ်သူမဆို (ခလေးဖြစ်ဖြစ်) သုံးလေးရက်လောက် အာနာပါနလုပ်လိုက်ရင် စိတ်တောင် ငြိမ်လာတယ်။ သတိအလုပ်ကတော့ ရက်သတ္တပတ်လောက်နဲ့မျှားတော့ ယောင်ချာချာဖြစ်နေသေးတဲ့ယောဂီတွေ အများကြီးတွေ့ရဘူးတယ်။ တချို့မှာ ဝီရိယနဲ့လေတော့ တလလောက်နဲ့ တောင်ဘာမှမဟုတ်သေးဘူး"

ပျ ။ ။"တချို့ဂိုဏ်းတွေမှာ ၇ ရက်လောက်နဲ့တောင် ပေါက်ရောက် တယ်လို့ပြောကြတယ်။ ဆရာကြီးနည်းက ဒီလိုဆိုရင် လူတွေစိတ်ပျက်ကုန်ကြ မှာပေါ့ခင်ဗျာ"

နုပ်။ ။"သတိဦးစီးပြီးလုပ်ရတဲ့အလုပ်မျိုးမဟုတ်ရင်သူတို့ပေါက်ရောက် ကြတယ်ဆိုတာကျွန်တော်တော့ သံသယမကင်းဘူးဗျာ။ သတိပဋ္ဌာန်အလုပ် မှန်ရင် သတိကိုအရေးတကြီးမွေးယူရမှာချည်းဘဲ။သမာဓိနဲ့ချည်းစခန်းသွား လို့ဈာန်လမ်းကိုသာရောက်နိုင်တယ်။ ပညာဘက်ကိုမရောက်တတ်ဘူးဗျ"

ပျ ။ ။"ကိုင်းဆရာကြီးရယ်၊ လမ်းချော်တယ်ဆိုတဲ့လူတွေကို ထားပါ တော့၊ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းကိုသာ ပြောပါတော့။ ဆရာကြီးက စ လယ်ဆုံး ပြောပြမယ်လို့ဆိုတယ်ဟုတ်လား။ ရှေးဦးစွာ သတိသက်သက် မွေးယူတာက အစပေါ့။ဒါကိုတော့နားလယ်ပါပြီ။ အလယ်ရောက်တော့ဘယ်လိုလဲခင်ဗျာ"

နုပ်။ ။"ခုနင်ကပြောခဲ့ပါပြီ။ သို့သော် ထပ်ပြီးရှင်းပါဦးမယ်။ သတိ ယှဉ်တဲ့စိတ်မျိုးနဲ့အတန်ကြာအောင်နေတတ်လို့ တနေရာမှာ နေစမ်းလိုက်တဲ့ အခါကျတော့ ပင့်ကူအိမ်ဗဟိုချက်မှာ ထိုင်စောင့်နေတဲ့ပင့်ကူဆီကို ပင့်ကူမျှင် လှုပ်ရှားမှုကလေးတွေဟာ ပြေးပြေးလာကြသလို၊ နား၊ မျက်စိ၊ နှာခေါင်း အစရှိတဲ့ ဒွါရပေါက်များက အာရုံများဟာ ယောဂီရဲ့ မနောကို လာလာ တိုက်ကြလိမ့်မယ်။ ဒီအခါမှာ သတိယှဉ်ဘို့ အလေ့အကျင့် လုပ်ထားတဲ့ ယောဂီဖြစ်လေတော့ အာရုံနောက်ကို(အပြင်ထွက်ပြီး) မလိုက်ဘဲ၊ ကြားကာ မတ္တ၊ မြင်ကာမတ္တ၊ နံကာမတ္တဆိုတဲ့အတိုင်း နေတတ်ပါလိမ့်မယ်"

ပျ ။ ။"ဒီတော့ကောဆရာကြီးရယ်"

နှုပ်။ ။"လက်တွေ့အလုပ်လုပ်တဲ့ အခါကျတော့ မြင်မှု၊ ကြားမှု၊ မှန်း အစရှိတဲ့ အာရုံအသစ်များနောက်သို့လိုက်ခြင်းထက် ဓမ္မာရုံခေါ်တဲ့ အတွေ့ အကြုံ အဟောင်းကလေးတွေ ပေါ်ပေါက်လာခြင်းက သာပြီး အနှောင့် အယှက်ပေးခြင်းကို တွေ့ရတတ်တယ်"

တယောက်။ ။"ဥဒါဟရဏ်ဆောင်ပြပါဦး ဆရာကြီး"

နှုပ်။ ။"ပင့်ကူအိမ်ထဲမှာ ပင့်ကူကောင် ထိုင်စောင့်သလို ငြိမ်နေတဲ့ အခါမှာ၊ အသံတွေ အနံ့တွေ ဖြစ်ပေါ်လာတဲ့နောက်ကို မလိုက်တော့ဘဲ မနေ့ကတုန်းက ခင်ဗျားလိုလူနဲ့ တရားနဲ့ဝေးသပေါ့ဗျာ။ မျက်မျက်ကလေး မစားရရင် နေနိုင်တဲ့ လူတယောက်မှ မဟုတ်ဘဲလို့ လူတယောက်ကပြော လိုက်ဘူးတဲ့ စကားလုံးပေါ်လာပြီး မခံချင်တဲ့စိတ်ကလေးဖြစ်လာတယ် ဆို ပါတော့။ ဒီတော့ သူက 'တရားအားထုတ်ရင် အငတ်နေရမှာတဲ့လားဗျ။ ခင်ဗျားတို့လူစုက သက်သတ်လွတ်စားမှ တရားအားထုတ်လို့ရတယ် ထင်နေ သလား' ဘာလား ညာလားနဲ့ စိတ်ထဲကပြန်ပြောရင်း မခံချင်တဲ့ ဒေါသ စိတ်ကလေး ဝင်လာတယ်ဆိုပါတော့။ဒီအခြင်းအရာတွေဟာ သတိလွတ်နေတဲ့ လက္ခဏာဘဲမဟုတ်လားဗျာ"

တယောက်။ ။"မှန်ပါတယ်ဆရာကြီး"

နှုပ်။ ။"အားထုတ်ခါစ ယောဂီဆိုရင်တော့၊ဒီလောက်မက တော်တော် ရှည်ရှည်ကြီး မျှောချင် မျှောလိုက်နေမိမယ်။ သတိယှဉ်ဘို့ တော်တော်ကြီး အလေ့အကျင့် ရထားတဲ့ယောဂီတယောက်ဆိုရင်တော့ ဗြုံးဆို သတိဝင်လာ ပြီး ဟယ် ငါဘာတွေ စဉ်းစားနေပါလိမ့်ရယ်လို့ သတိပြန်ယှဉ်လိုက်ရောဆို ပါတော့။ ဒါမျိုးကလေးတွေကတော့ ကြိမ်ဖန်များစွာတွေ့ရမှာဘဲ။ ကြား မှု၊ မြင်မှု၊ နံမှုနောက်မလိုက်ဘဲ ကြားကာမတ္တစသည်ဖြင့် နေနိုင်စေကာမူ၊ တော်တော်ကလေးကြာတိုင်း အဟောင်း အာရုံ ကလေးတွေက ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်လာတတ်တယ်"

ပျံ။ ။"ဒီတော့ကော ဘယ့်နှယ်လုပ်ရမလဲ ဆရာကြီး"

နှုပ်။ ။"အလုပ်ကတော့ တခြားမရှိပါဘူး။ အဟောင်းအာရုံကလေး တွေပေါ်လာတိုင်း၊ ရှည်ရှည်ကြီး ကြာကြာကြီး မလိုက်မိစေရအောင် သတိ ဝီရိယနဲ့ နေမယ်လို့ အားခဲထားရုံ ရှိတာဘဲ"

---

ပျံ။ ။"နောက်တော့ကော ဆရာကြီး"

နုပ်။ ။"အပေါင်းအသင်းရိုကလေးတွေ စိတ်ကူးကလေးတွေ ပေါ်ပေါ် လာတိုင်း၊ သတိနဲ့ ဖြတ်လိုက်လို့ ပြတ်ပြတ် သွားဖန် များလာတော့ ယောဂီ စိတ်ထဲမှာ တခု သဘောပေါက်လာလိမ့်မယ်"

ပျံ။ ။"ဘယ်လိုလဲ ဆရာကြီး"

နုပ်။ ။"ဆိုပါတော့၊ ခုနင်က ဥဒါဟရဏ် တင်ပြခဲ့တဲ့ အတိုင်း၊ ခင်ဗျားနဲ့ တရားနဲ့ ဘာဆိုင်သလဲလို့ ဂူပြောတဲ့ လူအကြောင်း ပြန်ပေါ်ပြီး မခံချင်စိတ် ဖြစ်နေတုန်း၊ ဖြုံးဆို သတိရလိုက်လို့ ဟိုလူရော၊ စကားရော၊ ပျောက်သွားတယ် ဆိုပါတော့။ ဒီအခါမှာ ကျွန်တော်တို့ စာအုပ်မှာ ရှင်းပြ ဘူးတဲ့ ဒိဋ္ဌလောကနဲ့ အိပ်မက်လောက အကြောင်းကို ထပ်ပြီး သဘောကျ လိမ့်မယ်။ ဟုတ်သားဘဲ သူ့အကြောင်းကို သွားစဉ်းစားမိလို့ သူ့အပေါ် မှာ ဒေါသစိတ် ဖြစ်ပေါ်လာတာဘဲ။ အခုသတိယှဉ်တဲ့ စိတ်ဖြစ်လာတာနဲ့ တပြိုင်နက်၊ ဟိုလူလဲ မရှိတော့ဘူး။ သူ့စကားလဲ မရှိတော့ဘူး။ ဒါကမှ ဒိဋ္ဌလောကဘဲ။ ငါ ဒေါသ ဖြစ်ရခြင်းဟာ ဒိဋ္ဌလောကထဲမှာ မနေဘဲနဲ့၊ အိပ်မက်လောကထဲ ရောက်သွားမိတဲ့ အတွက် ဖြစ်ရခြင်းဘဲ။ အိပ်မက်လော ကထဲမှာ ရောက်နေရင် ငါ့စိတ်ဆင်းရဲတယ်။ ဒိဋ္ဌလောကမှာထားရင် ငါ့ စိတ်ချမ်းသာမှုရတယ်။ တကယ်ရှိတာလဲ မဟုတ်ဘဲနဲ့ ငါက ခေါ်ယူပြီး ငါ့ စိတ်ကို ဆင်းရဲအောင် ငါဘာ့ကြောင့် ပြုထိုက်သလဲ အစရှိတဲ့ အမှန်သဘော တရားတွေကို သူမြင်လာတတ်တယ်"

တယောက်။ ။"ဒီလိုဆို ကျွန်တော်တို့လဲ သိသားဘဲ ဆရာကြီး"

နုပ်။ ။"ဟုတ်ပါတယ်။ သို့သော် ခင်ဗျားတို့ သိတာက၊ သုတမယ ဉာဏ်၊ အလွန်ဆုံး စိန္တာမယဉာဏ်ဘဲရှိမယ်။ လက်တွေ့သဘောမျိုး မဟုတ် ဖူး။ ကျွန်တော်ပြောသလို လက်တွေ့ကျင့်သုံး အားထုတ်တဲ့ ယောဂီအဖို့ ကတော့ အိပ်မက်လောကထဲမှာနေခြင်းထက် ဒိဋ္ဌလောကထဲမှာ နေရခြင်းက အကျိုးများတယ်လို့ ကိုယ့်ဟာကိုယ် လက်တွေ့ သိလာတဲ့ အချိန်ကစပြီး ဒိဋ္ဌလောကထဲမှာ ကြာကြာနေလို့ ဖြစ်နိုင်လာတယ်။ သူက သတိယှဉ်တဲ့ စိတ်မျိုးဖြစ်ဖို့ အလေ့အကျင့်ကလဲ လုပ်ထားလေတော့ ဒိဋ္ဌလောကထဲမှာ

စိတ်ကို ခဏခဏ ထားဘို့ သတိရပြီး၊ ဝိပဿနာဉာဏ် ရင့်ကျက်လာနိုင်တယ်"

ပျံ။ ။"ဘယ်လိုရင့်ကျက်လာခြင်းလဲ ဆရာကြီး"

နုပ်။ ။"ဒီနည်းနဲ့ အားမထုတ်ခင်တုန်းကတော့ ခုနင်က လူ့အကြောင်းကို သူကစဉ်းစားလိုက်ရင် ယခုချက်ချင်း လက်ငင်း ဟိုလူက ပြောနေသလို အဟုတ်တကယ်ကြီး ထင်ပြီး ဒေါသတွေ ဘာတွေ ဖြစ်ခဲ့မိတယ်။ အခုတော့ ပြီးပြီးသားဟာ ပြီးခဲ့ပြီ၊ အခု ပြောနေတာ မဟုတ်လို့ ဒေါသဖြစ်စရာအကြောင်း မရှိတော့ဘူး ဆိုဘာလောက်တော့၊ သူသဘောပေါက်လာတတ်တယ်"

တယောက်။ ။"ပြီးပြီးသားဟာ၊ ပြီးခဲ့ပြီ ဆိုတာမျိုးကတော့ လူတိုင်း ပြောတတ်ကြတာဘဲ ဆရာကြီး"

နုပ်။ ။"မှန်တယ်။ လူတိုင်း ပြောတတ်ကြတယ်။ သို့သော် လူတိုင်းက ပြောသာ ပြောတယ်။ သူ့စိတ်ထဲမှာ ပြီးမသွားဘူး။ ခုပြန်စဉ်းစားလိုက်ရင် ခုဖြစ်နေသလိုဘဲ ရှိတတ်တယ်။ ကျွန်တော့် ယောဂီကတော့ ကိစ္စတခုပြီးဆုံးသွားရင် တကယ့်ကို ပြီးဆုံးသွားတယ်လို့ သူ့စိတ်ထဲမှာ ကောင်းကောင်းကြီး ရှင်းနေတာဘဲ။ ဒီအမြင်ဟာဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကြောင့် ဖြစ်ပေါ်လာတဲ့ အမြင်ဘဲဗျ။ ဒိဋ္ဌလောကနဲ့ အိပ်မက်လောက အကြောင်းကို သဘောပေါက်သွားတဲ့ ဉာဏ်အမြင်ဘဲ"

ပျံ။ ။"ဒီတော့ ဘယ်လို အကျိုး တရားမျိုး ဖြစ်ပေါ် လာသလဲ ဆရာကြီး"

နုပ်။ ။"ဒီဉာဏ်လောက်ကိုဘဲ ခဏခဏ အသုံးချရင်၊ လောကဓံ၏ ထိုးကြိတ်ခြင်းကို အတော်ကြီး ခံတတ်လာတယ်ဗျ။ ကျွန်တော့် ဒိဋ္ဌလောကနဲ့ အိပ်မက်လောက ယှဉ်တဲ့နည်းက အခြားအခြားသော နည်းတွေနဲ့ ခြားနားတဲ့ အချက်ကြီး တခုရှိတယ်"

ပျံ။ ။"ဘာလဲ ဆရာကြီး"

နုပ်။ ။"တချို့နည်းတွေကတော့ သူ့နေရာမှာ ထိုင်ပြီး လုပ်နေတဲ့ အခိုက်မှာ သမာဓိရပြီး စိတ်ငြိမ်သက်နေခြင်း မှန်ပါတယ်။ နေရာက ထလာပြီး လူတွေနဲ့ ရောလိုက်လို့ လောကဓံနဲ့ တိုက်လိုက်တဲ့ အခါကျတော့

ကမ္ဘာ့ဒဿနိကဗေဒ ကျောင်းထဲ ဝင်ပြေးရ အုံးမလို ဖြစ်နေတတ်တယ်။ ကျွန်တော်ရဲ့ ကျင့်စဉ်ကတော့ နေ့စဉ်နဲ့ အမျှ ကြုံတွေ့နေရတဲ့ အခြင်းအရာတွေ (Every Day Life) ပေါ်က အလုပ်လုပ်ထားခြင်း ဖြစ်လေတော့၊ ကမ္ဘာ့ဒဿနိကဗေဒ ကျောင်း ထဲ ဝင်ပြေးဘို့ မလိုဘူး။ အဖြေချက်ချင်း တွေ့နိုင်တယ်"

ပျံ။ ။"ထပ်ရှင်းပါဦး ဆရာကြီးရယ်။ နေ့စဉ် ဘယ်လို တွေ့နေတာ မျိုးလဲ"

နုပ်။ ။"နေ့စဉ် တွေ့တတ်တဲ့ အခြင်းအရာမျိုး ဆိုတာက တခြားကို ဆိုခြင်း မဟုတ်ဘူးဗျ။ အိပ်မက်လောကကို ပြောခြင်းဖြစ်တယ်။ ခုနင်က ဥဒါဟရဏ် တင်ပြခဲ့တဲ့ လူအကြောင်းကို ပြန်ကောက်ကြဦးစို့ဗျာ။ တရား နဲ့ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲလို့ ဂွပြောတဲ့ လူအကြောင်းကို သတိရလာတဲ့ အခါမှာ ခင်ဗျားတို့ ကမ္ဘာ့ဒဿနိကကျောင်းသမားက ဘယ်လို ဖြေဖျောက်မလဲ။ အလွန်ဆုံး ဒီအကြောင်းကို မစဉ်းစားနဲ့လို့ ဆိုပြီး သမာဓိနဲ့ ထိန်းနိုင်ရုံဘဲရှိ မယ်။ကျွန်တော်ရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ယောဂီကတော့ ဒီဟာ တကယ်မှ မဟုတ် ဘဲ။အိပ်မက်လောကထဲက လူကဘဲလို့ နှလုံးသွင်းနိုင်လေတော့ အပုံကြီးသက် သာခွင့် ရသွားနိုင်တယ်ဗျ။ သူတို့ရဲ့ သမာဓိအလုပ်နဲ့ ကျွန်တော်ရဲ့ ပညာ အလုပ်ဟာ လောကဓံနဲ့ အတိုက်ခံရတဲ့ အခါကျတော့ ဘယ်သူက သက် သာရာ ရတယ်ဆိုတာကို ခင်ဗျားတို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချေပေ တော့ဗျာ"

ပျံ။ ။"စဉ်းစားပါမယ် ဆရာကြီး"

နုပ်။ ။"ကိုင်း အစနဲ့ အလယ်တော့ ပြီးပါပြီ။ အဆုံးအကြောင်းကို တော့ နောက်များမှ ဆွေးနွေးကြအုံးစို့လေဗျာ"

# (၈)

# ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ဖြင့် မဂ်ဆိုက်ပုံကိုဖော်ပြခြင်း
## (လောကဓံကို ခံနိုင်ပုံအမျိုးမျိုး)

ဤစာအုပ် ဆွေးနွေးခန်း (၇)၌ ဖော်ပြသည့် လူပျံတော်နှင့် ယောဂီတို့သည် ဝါခေါင်လပြည့်နေ့ကမှ ကျွန်ုပ်ထံသို့ လာရောက်ကြရာ အဖော် နှစ်ယောက်တို့ကား ပါမလာကြပေ။

နုပ်။ ။"ခင်ဗျားတို့နဲ့ မတွေ့ရတာ အ တော်ကြာ သွားပြီဗျို့။ တနှစ် လောက်တောင် ရှိသွားပြီထင်တယ်။ ဟိုမိတ်ဆွေနှစ်ယောက်ကော ပါမလာ ကြဘူးလား"

ပုံ။ ။"သူတို့က တောင်ပြုံးပွဲ သွားကြထင်ပါရဲ့ ဆရာကြီး။ တရား ဆွေးနွေးတာကို နားထောင်ဘို့ ဝါသနာ ပါကြတယ် ဆိုပေမင့် တောင်ပြုံး သွားရတာလောက်တော့ ပျော်ကြဟန် မတူပါဘူးဆရာကြီးရာ။ ကျွန်တော် တို့ မရောက်ကြတာကတော့ ဆရာကြီးက ရှမ်းပြည်သွားလိုက်၊ ရန်ကုန်သွား လိုက်၊ မိုးကုတ်သွားလိုက်၊ ဝက်လက်သွားလိုက်နဲ့ သ တင်း ကြားရလေတော့ ကျွန်တော်တို့လဲ မလာကြဘူး ဆရာကြီးရေ့။ ကျွန်တော်တို့က ရှမ်းပြည်ကို ဆရာကြီးသွားလေတော့ ကွန်မြူနစ်များ ဖြစ်လာမလားလို့ အောက်မေ့နေ ကြတာ"

နုပ်။ ။"ကျွန်တော် ကွန်မြူနစ်ဖြစ်သွားရင် ရှရှားမသွားခင် ကတည်းက ဖြစ်နေမှာပေါ့။ ကျွန်တော်က သူတို့ရဲ့ စီးပွားရေး စံနစ်ကို သဘောကျတဲ့အတွက် ခင်ဗျားတို့က ကွန်မြူနစ် ခေါ်ချင်လဲ ခေါ်ကြပေါ့ဗျာ။ ကျွန်တော့် အဖို့ မနစ်နာပါဘူး။ ခင်ဗျားတို့လူစုသာ ဗဟုသုတ ခေါင်းပါးရာကို ကျမှာပေါ့ဗျာ"

ပုံ။ ။"အလကား ကျီစားတာပါဆရာကြီး။ ကျွန်တော်တို့လဲ လူထုသတင်းစာဖတ်တဲ့လူတွေပါ။ ဆရာကြီးအကြောင်းကို ရိပ်မိပါတယ်"

ဂီ။ ။"ဆရာကြီးဟာ တရားရှင်ဆိုပြီး ခင်ဗျားက သွားမကျီစားနဲ့ဗျ။ ဆရာကြီးက ကျွဲမြီး တိုတတ်တယ်"

နုပ်။ ။"ဟုတ်ပေ့ဗျာ။ ခင်ဗျားတို့က ကျွန်တော့် အကြောင်း တော်တော်သိနေကြသကိုး။ ကျွဲမြီးတိုတတ်တယ်ဆိုပေမင့် ကွန်မြူနစ် ထင်ရုံနဲ့တော့ ဘယ်နှယ်မှ မရှိပါဘူးဗျာ။ ထင်သူများရဲ့ ဗဟုသုတ နည်းပါးခြင်းကို သနားရုံလောက် ရှိတာပါဘဲ"

ပုံ။ ။"ကွန်မြူနစ်ထင်လို့တော့ ကိစ္စမရှိဘူး။ လူကိုဖမ်းပြီးထောင်ချမှ ကိစ္စရှိတယ်မဟုတ်လား ဆရာကြီး"

နုပ်။ ။"ထောင်ချလို့တောင် သိပ်ပြီး ကိစ္စမရှိပါဘူး" တိုက် ပိတ်ပြီး လှောင်ထားမှ ကိစ္စရှိတဲ့လူပါ။ ကိုင်း ဒါတွေတော်ကြပါစို့ဗျာ။ ဆွေးနွေးစရာ ဘာများ စဉ်းစားခဲ့ကြသလဲ"

ဂီ။ ။"ကျွန်တော်တို့က စဉ်းစားဘို့မလိုဘူးလေ။ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်နဲ့ပတ်သက်လို့ စ လယ် အဆုံးပြောပြမယ်လို့ ဆရာကြီးပြောတယ်ဟုတ်လား။ အစနဲ့အလယ်အကြောင်းကိုတော့ ဆရာကြီးပြောပြီးပါပြီ။အဆုံးအကြောင်း ကြားနာပါရစေခင်ဗျာ"

နုပ်။ ။"ကျွန်တော်လဲ မမေ့ပါဘူး။ သတိရပါတယ်၊ သို့သော် ဒီအကြောင်းကိုဆက်မပြောခင် ရှမ်းပြည်ဖက်က ဦးပဥ္စင်းကလေး တပါးဆီမှ ရတဲ့စာတစောင်အကြောင်းကို ပြောပြချင်သေးတယ်ဗျာ"

ဂီ။ ။"အဲဒါကိုနောက်မှပြောပြီး ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အကြောင်းကို လက်ဦးဇပြောရင် မကောင်းပေဘူးလားဆရာကြီး"

နုပ်။ ။"ဒီလိုပါဗျာ၊ အချိပ်အဆက်ရှိနေလို့ပါ။ သူ့အကြောင်းကို ရှေးဦးစွာပြောပြရင် ခင်ဗျားတို့သိလိုတဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တ ကျင့်စဉ်ရဲ့ ဆုံးပုံကို သာပြီးသဘောပေါက်လွယ်လိမ့်မယ်လို့ ကျွန်တော်မြင်ထားလို့ပါ"

ဂီ။ ။"ဒီလိုဆိုလဲပြောပါဆရာကြီး"

နုပ်။ ။"ဦးပဉ္ဇင်းကလေးရဲ့စာထဲမှာ ရေးလိုက်ပုံက ကျွန်တော်ရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တစာအုပ်ကို သူဖတ်ကြည့်ပါတယ်တဲ့။ ကောင်းလဲကောင်းပါတယ်တဲ့။ သို့သော် ဒီနည်းဟာက ပါရမီရင့်ကျက်ပြီးတဲ့လူများအဖို့သာ ဖြစ်နိုင်လိမ့်မယ် ထင်ပါတယ်တဲ့။ သူ့မှာလဲ တခြားနည်းတခုနဲ့ အားထုတ်ထားလို့ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေဟာ လေးပုံသုံးပုံလောက်သာ ကျန်တော့လို့မို့ လောကမံရဲ့ တိုက်ခတ်ခြင်း ဒဏ်ကို အများကြီး ခံနိုင်ရည် ရှိနေပါတယ်တဲ့။ ဒါကြောင့် သူ့ဆီလာပြီး သူတို့နည်းကို စမ်းသပ်သည်ဖြစ်စေ။ ကျွန်တော့်နည်းနဲ့ကျွန်တော်အားထုတ်သည်ဖြစ်စေ။ ရှမ်းပြည်ကို တခေါက်လောက်လာစေချင်တယ်တဲ့။ ဖိတ်ခေါ်လိုက်တယ်"

ဂီ။ ။"တယ်လာတဲ့ဦးပဉ္ဇင်းပါလား"

နုပ်။ ။"ခေတ်ပညာတတ်၊ ဝါက လေးဝါတဲ့ခင်ဗျ"

ပျံ။ ။"လူငယ်ဆိုတော့ ရဲတာပေါ့လေ။ ဆရာကြီးကို ဒီလိုရေးဝံ့တဲ့ ပုဂ္ဂိုလ် တော်တော်ရှားပါလိမ့်မယ်ထင်တယ်"

နုပ်။ ။"သုံ့လျင်က ပထမကျော်ဦးတိလောကဉာဏဆိုတဲ့ပုဂ္ဂိုလ်တပါးကတော့ ကျွန်တော်ရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တကျင့်စဉ်ဟာ အမှားအမှန်တော့ပြောစရာမရှိဘူး။ဗုဒ္ဓရဲ့နည်းဘဲ။ သို့သော် ခဲယဉ်းလှတယ်လို့တော့ သူ့စာအုပ်ကြီးထဲမှာရေးဘူးတယ်။ သူကိုယ်တိုင်အားထုတ်ထားတဲ့နည်းရှိပါတယ်လို့တော့မရေးဘူး။ သူ့ဆီလာပြီး သူ့နည်းစမ်းလှည့်ပါလို့လဲ မခေါ်ဘူးပေဘူး"

ဂီ။ ။"ဦးပဉ္ဇင်းလေးအကြောင်းဆက်ပါဦးဆရာကြီး"

နုပ်။ ။"သူ့နည်းနဲ့သူ တော်အောင် ပြင်ထားလို့ လောဘ၊ ဒေါသ စသည်တို့ ရာခိုင်နှုန်း ၇၅-လျော့ပါးပြီး လောကဓံကို ခံနိုင်ရည်ရှိနေတယ်လို့ သူကဆိုတယ်မဟုတ်လား"

ဂီ။ ။"ဟုတ်ပါတယ်ဆရာကြီး"

---

**ပုဂံစာအုပ်တိုက်**

နုပ်။ ။"လော၊ ဒေါ၊ မော၊ မာတို့ လျှော့ကုန်တယ်ဆိုတာတော့ ထား ပါတော့။ ဒါမျိုးဟာက အတော်ကြာကြာ အတူနေပြီး 'တို့' ကြည့်မှ သိနိုင် စကောင်းတယ်လို့ ကျွန်တော်ရေးဘူးပါတယ်။ သို့သော် လောကဓံကိုခံနိုင် ရည်ရှိတယ်ဆိုတဲ့ အကြောင်းကိုတော့ ကျွန်တော် နဲနဲရှင်းပြချင်ပါတယ်"

ဂီ။ ။"ဆိုပါဦးဆရာကြီး"

နုပ်။ ။"ခံနိုင်ပုံ ခံနိုင်နည်းက အမျိုးမျိုးရှိတယ်ခင်ဗျ"

ဂီ။ ။"ဟုတ်ကဲ့ဆရာကြီး"

နုပ်။ ။"နံပတ်(၁)က၊လူတယောက်ဟာ အစစအရာရာမှာအကြောင်း ညီညွတ်ပြီး အဆင်ပြေနေတဲ့အလှည့်အပတ်မှာ သည်းခံခြင်းတရားနဲ့ အတော် အတန် လောကဓံလောက်ကို ခံနိုင်ရည်ရှိသလို ဖြစ်နေတတ်တယ်ခင်ဗျ"

ဂီနှင့် ပျံတို့သည် သူတို့လည်း ကြုံဘူးကြောင်းနှင့် တညီတညာတည်း သဘောတူဝန်ခံကြသည်။

နုပ်။ ။"နံပတ် (၂) ကတော့ ကျွန်တော် ငယ်တုန်းက ရှေ့နေကြီး တယောက် တွေ့ဘူးတယ်။ ရုံးကပြန်ရောက်လာရင် ဘီဟိုက်ဘရန်ဒီ ဟတ်ပိုင့် ကလေးတလုံးနဲ့ ဆိုဒါတလုံးသောက်လေ့ရှိတယ်။ ဒါသောက်ပြီးရင် သား မယား သားသမီးတွေနဲ့ တဟဲဟဲ တဟားဟားနဲ့ တညနေလုံး အလွန်ကျေနပ် နေတတ်တယ်။ဒါကြောင့် သူ့သားမယားများက နှလုံးမသာယာစရာသတင်း စကားမျိုးကို သူရောက်ရောက်ချင်း ဘယ်တော့မှမပြောဘူး။ ဘရန်ဒီပုလင်း ကလေးကုန်တော့မှ ပြောကြတယ်။ဟိုခေတ်က ဒေါက်ကတ်စီးတဲ့ ခေတ်ဖြစ် လို့မို့ ဘရန်ဒီသောက်ပြီး ဒေါက်ကတ်နဲ့မြို့ကိုပတ်ဘို့ ဒေါက်ကတ်ပြင်ခိုင်းရာမှ သူ့မယားက မြင်းကြီးဟာ ဇောင်းတိုင်ကိုကန်မိလို့ ခြေနာသွားကြောင်းပြော လေတော့ ရှေ့နေကြီးက 'ဒါဖြင့်လဲ အေးတာပါဘဲကွယ်။ ဒေါက်ကတ် မောင်းရတာ ပင်ပန်းသွားဘဲ'တဲ့ ပြောတယ်။ရုံးက ရောက်ရောက်ချင်းပြောရင် တော့ တအိမ်လုံး သေဖို့ပြင်ပေတော့ တဲ့။ ရှေ့နေကတော်က ကျွန်တော့်ကို ပြောသေးတယ်"

ပျံ။ ။"ဒါမျိုးတော့ ဆရာကြီးကပိုသိမှာပေါ့လေ"

နုပ်။ ။"ဟုတ်ပါတယ်ထားပါတော့။ ခင်ဗျားက သက်နိုးဝတ်နေမိလို့ အသိနောက်ကျတယ်ဆိုပြီး ပိုကြိတ်မနေပါနဲ့"

ဂိ။　　။"နံပတ်(၃)ကကောခင်ဗျာ"

နုပ်။　　။"နံပတ် (၃) ကတော့၊ တချို့လူတွေဟာ ကမ္ဘာ့ဥဒ္ဒါန်းအလုပ်ကလေး ဘာလေးလုပ်လို့ သုံးလေးပတ်လောက်ရရင်ဘဲ၊ စိတ်ကလေးက တော်တော် သမာဓိကောင်းနေလေတော့၊ လောကဓံကိုတောင်ခံနိုင်ပြီထင်လာတတ်တယ်၊ ကမ္ဘာ့ဥဒ္ဒါန်းထိုင်နေတဲ့ယောဂီကယောက်ကပြောဘူးတယ်၊ ခုနေအခါမှာ သူ့အိမ်ကိုမီးလောင်နေတယ်လို့ကြားရရင် သူ့စိတ်မှာ ဘယ်လိုမှမရှိဘူးတဲ့"

ပျံ။　　။"တကယ်တဲ့လားဆရာကြီး"

နုပ်။　　။"ဘယ်က ဟုတ်လိမ့်မှာလဲခင်ဗျာ၊ နောက်ကြာတော့ သူ့သမီး လင်နောက်လိုက်ပြေးလို့ ပွက်ပွက်ရိုက်လို့ဆိုဘဲ"

ဂိ။　　။"ဒါကတော့ သားရေးသမီးရေးကိုးဆရာကြီး"

နုပ်။　　။"တော်စမ်းပါဗျာ၊သမီး လင့်နောက်လိုက်ပြေးခြင်းဟာ အိမ်ကို မီးလောင်တာလောက်မဆိုးပါဘူး"

ပျံ။　　။"ဒီပြင်ကော ဆရာကြီး"

နုပ်။　　။"ခုနင်က ယောဂီလောက်မကဘဲ ကမ္ဘာ့ဥဒ္ဒါန်းအလုပ်နဲ့ တော်တော် ကြာကြာကြီးနေလာလို့မို့ လောကဓံကို တော်တော်ခံနိုင်ရည်ရှိတဲ့ လူမျိုးလဲ တွေ့ဘူးပါတယ်၊ သူကတော့ ဘယ်လိုကြောင့်ခံနိုင်ရည်ရှိသလဲလို့ တီးခေါက် စုံစမ်းကြည့်တော့ အလိုမကျမှု ဖြစ်ပေါ်လာတဲ့အခါမှာ သူက ထွက်သက် ဝင်သက်ကိုအာရုံပြုပြီး နေလိုက်တယ်တဲ့ခင်ဗျ၊ဒါ့ကြောင့်သူကခံနိုင်ရည်ရှိတယ် လို့ပြောပါတယ်"

ဂိ။　　။"သူ့ဟာလဲကောင်းပေသားဘဲ ဆရာကြီး"

နုပ်။　　။"ကောင်းတော့ ကောင်းပါတယ်။သို့သော် အကောင်းဆုံးနည်း တော့မဟုတ်သေးပါဘူး။ နံပတ် (၄)လဲ ထားလိုက်ပါအုံး။ သူ့ထက်ကောင်း တဲ့နည်းတောင်တခုရှိသေးတယ်"

ပျံ။　　။"ဘယ်လိုလဲဆရာကြီး"

နုပ်။　　။"သူ့ထက်သာတဲ့ နံပတ် (၅)နည်းအကြောင်း ပြောအုံးမယ်။ ဟိုရှေးတုန်းက ဂေါတမဗုဒ္ဓနဲ့ စင်ပြိုင်လောက်ကျမလား မဆိုနိုင်ဘူး။ ဂရိတ် ပြည်မှာဆိုလား (Stoicism) ဥပေက္ခာဝါဒဂိုဏ်းတခုပေါ်ပေါက်ခဲ့ဘူးတယ်။ သူတို့နည်းကတော့ လောကဓံနဲ့ ကြုံတွေ့တဲ့အခါမှာ လိမ်ပိန်ပြီး ခံတတ်ဖို့ကြိုး

စားရမယ်တဲ့။ ပူစရာလဲမပူနဲ့။ ပျော်စရာရှိလဲမပျော်နဲ့။ စိတ်ကိုတည်ငြိမ်စွာထားဖို့ အလေ့အကျင့်လုပ်ရမယ်တဲ့။ ကျင့်ပါများတော့ ကြာလေကြာလေ အကျင့်ရပြီး ပျော်ခြင်း ပူခြင်းမရှိဘဲ ဖြစ်လာတယ်တဲ့ခင်ဗျ"

ပျံ။ ။"ဒါဖြစ်နိုင်သလားခင်ဗျာ"

နုပ်။ ။"လေ့ကျင့်ရင် ဖြစ်နိုင်တယ်လို့ဆိုတယ်။ ကျွန်တော်လဲယုံကြည်တယ်ဗျ"

ပျံ။ ။"ဒီလိုဆို သူတို့နည်းကလဲ ဟန်ပေသားဘဲ ဆရာကြီး။ ဟုတ်ခဲ့လို့ရှိရင် ထောက်ခံထိုက်တာပေါ့"

နုပ်။ ။"ခင်ဗျားကျေနပ်သလား"

ပျံ။ ။"ကျေနပ်ရမှာပေါ့ဆရာကြီးရယ်။ ကျွန်တော်တို့လဲ လောကဓံကို ခံနိုင်တဲ့နည်းမျိုး ရှာနေကြတာဘဲမဟုတ်လား"

နုပ်။ ။"လက်တွေ့လုပ်မကြည့်ဘဲ၊ ဒါလောက်ကိုသာ လေ့လာခဲ့တဲ့ ခင်ဗျားတို့လူစုဟာ ဒီလိုဟာမျိုးကျတော့ ချော်ကုန်ဘတ်တာဘဲဗျ"

ပျံ။ ။"ဘာ့ကြောင့်လဲဆရာကြီးရယ်"

ဂီ။ ။"ကျွန်တော်လဲသဘောကျတာဘဲဆရာကြီး။ လောကဓံကို အောင်တယ်ဆိုရင် ဟုတ်ပေတာပေါ့"

နုပ်။ ။"ခင်ဗျားတို့လက်တွေ့ အားထုတ်တယ်ဆိုတဲ့ ယောဂီ မျိုး လဲ မိသွားပြီဟုတ်စ"

ဂီ။ ။"ကျွန်တော်တော့ သဘောကျတယ်ဆရာကြီး"

နုပ်။ ။"ဟုတ်မှာပေါ့လေ ခံနိုင်ရည်ရှိတာ တခုတည်းကြည့်ရင်တော့ ကြိုက်စရာပေါ့။ သို့သော်၊ ဘာ့ကြောင့် ခံနိုင်ရည်ရှိတယ်ဆိုတာကိုလဲ စစ်ဆေးကြည့်ဘို့လိုသေးတာခင်ဗျ"

ပျံ။ ။"ဘယ်လိုစစ်ဆေးရမှာလဲ ဆရာကြီး"

နုပ်။ ။"သမာဓိ ကောင်းခိုက်မို့ ခံနိုင်ရည်ရှိခြင်းလား။ ဥပေက္ခာ ဝါဒ သမားတွေလို အလေ့အကျင့် လုပ်ထားလို့ ခံနိုင်ခြင်းလား။ ဉာဏ် အ မြင် ကြောင့် ခံနိုင်ခြင်းလားဆိုတာကို စစ်ဆေးရပေလိမ့်အုံးမယ်"

ဂီ။ ။"ထပ်ပြီး ရှင်းပြပါအုံးဆရာကြီး"

နုပ်။　။"ကျွန်တော့်ဆီကို စာရေးလိုက်တဲ့ ဦးပဥ္စင်းကလေးဟာလဲ ခုနင်ကပြောခဲ့တဲ့ဟာတွေထဲမှာ နံပတ် ဘယ်လောက်က ဖြစ်နေသလဲ မဆိုနိုင်ဘူး"

ဂီ။　။"ကျွန်တော်တော့ နားမလည်သေးဘူး ဆရာကြီး"

နုပ်။　။"သူဟာ ပြောင်းပြန်သဘောတရားကို မြင်ဘူးသေးတယ်လို့ ကျွန်တော် မထင်ဘူး"

ဂီ။　။"ဘယ်လိုပြောင်းပြန်သဘောမျိုးလဲ ဆရာကြီး"

နုပ်။　။"ဝိပဿနာ ဉာဏ်ဆယ်ပါးထဲက နံပတ် (၁၀) ဖြစ်တဲ့ အနုလောမဉာဏ်ဆိုတာ ပြောင်းပြန်အမြင်လို့ အဓိပ္ပာယ်ရှိတယ်"

ဂီ။　။"မရှင်းသေးပါဘူးဆရာကြီး"

နုပ်။　။"ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်နဲ့ ပတ်သက်လို့ စ၊ လယ်၊ အဆုံး ပြောပြမယ်ဆိုပြီး အစနဲ့အလယ်ကို ကျွန်တော် ပြောပြီးခဲ့ပြီ။ ဒီကနေ့ အဆုံး အကြောင်းကို ကျွန်တော် ပြောပြပါမယ်လို့ ကတိပေးခဲ့တယ် ဟုတ်လား"

ဂီ။　။"ဟုတ်ပါတယ်ဆရာကြီး"

နုပ်။　။"ကျွန်တော်က ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ဟာ အဆုံးမှာ ပြောင်းပြန်သဘောသက်ရောက်တဲ့ ဉာဏ်အမြင်မျိုးပါရှိခြင်းကို ပြောပြချင်လို့ ပလ္လင်ခံတဲ့အနေနဲ့ ဒီစကားတွေပြောလာခဲ့ခြင်း ဖြစ်ပါတယ်"

ဂီ။　။"အမိန့်ရှိပါအုံးဆရာကြီး။ ပြောင်းပြန်အကြောင်း သိပါရစေ"

နုပ်။　။"စေ့စေ့ပါအောင် စဉ်းစားပြီး နားထောင်ကြနော်။ ကျွန်တော်ပြောမှာက ယပ်လှဲတရားဟောတာမျိုးလို ဇိမ်ကလေးနဲ့ နားထောင်လို့ရတဲ့တရားမျိုးမဟုတ်ဘူး။ ခင်ဗျားတို့မှာ ပါရှိတဲ့ ပညာပါရမီကို အစွမ်းကုန် ညှစ်ထုတ်ပြီး စဉ်းစဉ်းစားစား နားထောင်ပါမှ ရေးရေးလောက်ဘဲ နားလယ်နိုင်မယ်ထင်တယ်။ ဒီလက်ထက်မှာ ဘယ်သူမှ မဟောပြောဘူးသေးတဲ့ 'ပြောင်းပြန်ဉာဏ်' အမြင်ကို စဉ်းစားဉာဏ်ရှိသူများ ရိပ်မိနိုင်လောက်အောင် ကျွန်တော် ကြိုးစားပြီး ရှင်းပြပါမယ်"

ပျံ။　။"တယ်လဲ ကြိုးဝါးလိုက်ပါကလား ဆရာကြီးရယ်"

နုပ်။　။"လူတွေက ဉာဏ်တော်တော်ဝေးကြတယ်ဗျ။ လူပုဂ္ဂိုလ်အနေနဲ့ ပညာပါရမီ ရင့်သန်တဲ့လူစားမျိုး ရှိနိုင်တယ်လို့ လက်မခံချင်တတ်ဘူး။

ထေရ်ကြီးဝါကြီးထဲက ပြောဟောမှု ကြားနာထိုက်တယ်လို့ ယူဆ တတ်ကြတယ်။ အနောက်နိုင်ငံများမှာတော့ တယောက်ယောက်က 'ထူး' တဲ့ စကားတလုံး ထွက်လာတဲ့အခါမှာ သဘာဝ မကျဘူးဆိုပါက ဝိုင်း ပြီး တွယ်ရင်လဲ တွယ်ကြတယ်။ သဘာဝကျတယ်ဆိုရင်လဲ ထောက်ခံကြတယ်။ ကျွန်တော်တို့ ဆီကတော့ မြုံနေတဲ့ လူတွေက များတာဘဲ"

ပျံ။ ။"ဆရာကြီးက အတွယ်ခံချင်လို့ လားခင်ဗျာ"

နုပ်။ ။"စေတနာမှန်မှန်နဲ့ တွယ်တဲ့ လူ ရှိရင် ကြား ချင် ပါတယ်။ ဣဿာသဘောနဲ့ အရမ်း ကလော်တုတ်ချင်တဲ့ လူမျိုးတော့ အရေး မလုပ်ပါဘူး"

ဂီ။ ။"ပြောင်းပြန်သဘောအကြောင်း ကြားပါရစေတော့ ဆရာကြီး"

နုပ်။ ။"ကောင်းပါပြီ။ သို့သော် အဖျားဆွတ်ပြီးပြောလို့ ခင်ဗျားတို့ နားမလယ်ဘဲ ရှိနေမယ်။အလယ်ပိုင်းကအကြောင်းကိုနဲနဲလောက် ပြန်ကောက် အုံးမှ ရှင်းမယ်ထင်တယ်"

ဂီ။ ။"အမိန့်ရှိပါခင်ဗျာ"

နုပ်။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ ယုံယုံ ကြည်ကြည် ကိုးကိုးစားစား အားထုတ်တဲ့ ယောဂီတယောက်ဟာ တဖြေးဖြေးသတိမြဲမြဲလာပြီး တချိတချိမှာ မိနစ် ၂၀၊ ၃၀ စသည်ဖြင့် သူ့စိတ်ကလေးကို သတိနဲ့ စောင့်ကြည့်နေနိုင်တဲ့ အခါမှာ သူ့စိတ်ကတခြား၊သူကတခြားလိုလို ထင်မြင်လာတတ်ပါတယ်။ ဒီအခါမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံဆိုတဲ့ အတိုင်း ပစ္စုပ္ပန် တဲ့တဲ့အပေါ်မှာ အာရုံပြုလျက်ရှိတတ်ပါတယ်။ ကြားခြင်း၊ မြင်ခြင်း၊ နံခြင်းအစရှိတဲ့ အာရုံများဟာ သူ့ကို ပြင်းပြင်းထန်ထန် မထိခိုက်ဘဲ၊ မည်ကာမတ္တလောက်သာ သူသိလိုက်ပါတယ်။ သို့သော် စိတ်ကူးကလေးတွေကတော့ တ ချက် ချက် ပေါ် တတ် ပါတယ်။ ကြာကြာကြီးတော့ သူလက်မခံဘူး။ သတိရလို့ စိတ် ကူး က လေး ပျောက်သွားသည်နဲ့ တပြိုင်နက် ခုနင်ကဟာ စိတ်ကူးဘဲ။ စိတ်ကူးဆိုတာဟာ စိတ်ဘဲ။ ခုနင်က ပေါ်သွားတဲ့ အခြင်းအရာတွေဟာလဲ စိတ်ဘဲ။ စိတ်ဆိုတာ ပေါ်ချည် ပျောက်ချည်နေတာဘဲ။ ကြည်နူးစရာ အာရုံတခုနဲ့ တွေ့လို့ ဝမ်းသာသလိုလို ဖြစ်မိတာရယ်၊မှတ်မိလိုက်တာရယ်၊ကြိုက်လိုက်မိတာရယ်၊ သိလိုက်တာရယ်၊ သူတို့ဖာသာ သူတို့ ပေါ်လိုက် ပျောက်လိုက် လုပ်နေကြတာဘဲ။

ငါက ခေါ်ယူတာလဲမဟုတ်။ သူတို့ဖာသာသူတို့ ပေါ်လာကြပြီး သူတို့ဖာသာသူတို့ အချိန်တန်တော့ ပျောက်သွားကြတာဘဲ။ ဒီအသဲ၂၁ 'ငါ' က ဘယ်နေရာမှာပါလို့လဲ။ ငါဆိုတာ ဘယ်မှာရှိလို့လဲ၊ အခုရှိတဲ့ ဉာဏ်အမြင်ကလေးတွေ ပေါ်လာတတ်ပါတယ်"

ဂီ။　။"ကောင်းပေဘယ်ဆရာကြီး၊ ကျွန်တော်တို့ အာနာပါန အလုပ်မျိုးက ဒီလိုဉာဏ်အမြင်မျိုးတွေ ပေါ်လာဘာကို မကြုံဘူးပေဘူးဆရာကြီး"

ပျံ။　။"ဟုတ်ပေတယ်ခင်ဗျာ၊စာနဲ့လဲ ကိုက်ညီပေတယ်။ ဒီလိုဆိုတော့ အတ္တပြုတ်ရောလား ဆရာကြီး"

နုပ်။　။"ဒီလောက်နဲ့တော့ အတ္တပြုတ်တယ်လို့ မဆိုနိုင်သေးဘူးဗျ။ သို့သော် အတ္တပြုတ်ဘို့လမ်းကြောင်းပေးသလို ဉာဏ်အမြင်များ ပေါ်လာခြင်းမျှသာ ရှိပါသေးတယ်"

ဂီ။　။"ရှေ့ဆက်ပါဦး ဆရာကြီးခင်ဗျာ"

နုပ်။　။"အတ္တပြုတ်တဲ့အဖြစ်မျိုးဟာကတော့ တချိန်တခါမှ ဘွားကနဲ ပေါ်ပေါက်လာတတ်တဲ့ အဖြစ်မျိုးဖြစ်တယ်။ သို့သော် ခုနင်က ဉာဏ်အမြင်မျိုးဟာက ရှေ့တော်ပြေးအနေနဲ့ တရေးရေး ပေါ်လာခြင်း မျှသာ ရှိပါသေးတယ်"

ဂီ။　။"ဆိုပါဦး ဆရာကြီး"

နုပ်။　။"ခုနင်ကလို တချီတချီထိုင်ပြီး စိတ်ကိုစောင့်ကြည့်တဲ့အခါမှာ ဘယ်လိုမြင်တတ်သေးသလဲဆိုတော့ စိတ်ကူးကလေးတခု ဖြစ်ပေါ်တဲ့အခိုက်မှာ တကယ်ထင်လိုက်ရတဲ့ အခြင်းအရာများဟာ မိမိကို ဝမ်းသာခြင်း၊ ပျော်ခြင်း၊ ပူပန်ခြင်း၊ စိုးရိမ်ခြင်း အစရှိသည်ဖြင့် ဖြစ်စေတတ်တယ်။ သို့သော် တော်တော်ကြာတော့ ပျောက်ကုန်ကြတာပါဘဲတကား။ တခဏတော့ တကယ်ဆင်မိလို့ ပျော်ခြင်း၊ ပူပန်ခြင်းဆိုတာမျိုးတွေ ဖြစ်ရအောင်လဲ ဒီအာရုံ ပျောက်သွားဘဲ့ အချိန်ကျတော့ ပျော်ခြင်း၊ ပူပန်ခြင်းဆိုတာ တွေလဲ ပျောက်ကုန်ကြတော့ဘာပါဘဲသား။ ပျော်စရာတွေပေါ်လာဘာလဲ စိတ်ဘဲ။ ပျော်ဘာသဲစိတ်ဘဲ။ ဒါတွေကို သိလိုက်ဘာလဲစိတ်ဘဲ။ လက်စသတ်တော့ စိတ်ဆိုတာဟာ တခဏချင်း၊ တခဏချင်း အမျိုးမျိုးပြောင်းလဲနေတာပါဘဲ လား။ သူ့မှာ ရေရာတဲ့သဘော၊ အနှစ်သာရ ရှိတဲ့သဘော ဘာမှ မရှိပါဘဲ

တကား အစရှိတဲ့ ဥာဏ်အမြင်တွေ ပေါ်ပေါက်လာတတ်ပါတယ်။ အခု ကျွန်တော်ပြောပြတဲ့ အခြင်းအရာကို ခင်ဗျားတို့ ငြင်းနိုင်သလားဗျာ”

ပျံ့နှင့်ဂီ။ ။“မငြင်းနိုင်ပါဘူးဆရာကြီး”

နုပ်။ ။“ခင်ဗျားတို့လဲ သဘောကျတတ်တယ်မဟုတ်လားဗျာ”

ပျံ့နှင့်ဂီ။ ။“ဟုတ်ကဲ့၊ သဘောကျတတ်ပါတယ်”

နုပ်။ ။“သို့သော် ကျွန်တော်က ပြောပြလို့ ခင်ဗျားတို့သဘောကျတတ်ခြင်းဖြစ်တယ်။ ဒီဥာဏ်အမြင်ဟာ ခင်ဗျားတို့ပိုင်တာ မဟုတ်သေးဘူးဗျ။ စိတ်ကို ကိုယ်တိုင် စောင့်ကြည့်ပြီး ဒီဥာဏ်အမြင်မျိုးကိုယ်တိုင် မြင်လာတော့မှ ခင်ဗျားတို့ ရင့်ကျက်လာတယ်”

ဂီ။ ။“စမ်းသပ်ကြည့်ချင်တဲ့ဆန္ဒတော့ ပေါ်လာပြီ ဆရာကြီးရေ့”

ပျံ့။ ။“ပြောင်းပြန်သဘော ဖြစ်ပေါ်ပုံကို အမိန့်ရှိပါအုံး ဆရာကြီး”

နုပ်။ ။“ပြောပါ့မယ်၊ ခင်ဗျားတို့ အသိဥာဏ် ခိုင်မြဲပါစေတော့လို့ ချည်တုပ်နေရခြင်း ဖြစ်ပါတယ်”

ဂီ။ ။“ကျွန်တော်တော့ ခိုင်မြဲပါတယ်ဆရာကြီး”

ပျံ့။ ။“ခင်ဗျားက ဆရာကြီးပြောနေလို့သိနေတာဘဲ။ ဘာခိုင်မြဲတာလဲဗျ”

ဂီ။ ။“ဆရာကြီး ပြောပြတဲ့ဟာတွေ သဘာဝကျတယ်လို့ ယုံကြည်မှု ခိုင်မြဲခြင်းကိုဆိုလိုပါတယ်။ ကိုယ်တိုင်မြင်လို့ ပြောလိုခြင်း မဟုတ်ပါဘူးဗျ”

ပျံ့။ ။“ကိုင်း ဆရာကြီး၊ ပြောင်းပြန် အကြောင်း ပြောပြပါတော့ ခင်ဗျာ”

နုပ်။ ။“ခင်ဗျားက ကြားချင်လှပြီလား။ ကျွန်တော် သတိပေးခဲ့တဲ့ အတိုင်းစဉ်းစားပြီးနားထောင်ဗျနော်”

ပျံ့။ ။“ဆရာကြီးက တယ်ဆွဲတာကိုး”

နုပ်။ ။“လေးနက်တဲ့ကိစ္စဆိုတာမျိုးဟာ မြင်းပြေးသလို ဒိုင်းဒိုင်း ဒိုင်း ဒိုင်းနဲ့ ပြေးသွားလို့ မကောင်းဘူးခင်ဗျ”

ဂီ။ ။“ဒီခေတ်က မော်တော်ကားခေတ်၊ လေယာဉ်ပျံခေတ်၊ ဒုံးပျံခေတ် ဆရာကြီးရဲ့။ မြင်းပြေးတာလောက်နဲ့ နှိုင်းပြောလို့ မကိုက်တော့ဘူးခင်ဗျ”

---

ပျံ။ ။“နေစမ်းပါဗျာ။ ဆရာကြီးက ဆွဲချင်နေရတဲ့အထဲမှာ ခင်ဗျား ကရှည်အောင်ဝင်ရှုပ်နေပြန်ပါပြီ။ ပြောပါဆရာကြီး။ စဉ်းစားပြီး နားထောင် နေပါတယ်ခင်ဗျ”

နုပ်။ ။“ကိုင်း နားထောင်၊ ခုနကပြောခဲ့သလို စိတ်ကလေးကိုသတိနဲ့ စောင့်ကြည့်လို့ တဖြေးဖြေးရင့်ကျက်ပြီး ဉာဏ်အမြင်တွေ ပေါ်ဖန်များတဲ့ အခါကျတော့ စိတ်ဆိုတာ အခိုင်အမာ တကယ့်ဟာကြီးမဟုတ်ပါဘဲ တကား လို့ အကြိမ်ကြိမ် အထပ်ထပ် သဘောကျ နေရာကနေပြီး၊ဒါဖြင့် အဟုတ်ရှိ၊ တကယ်ရှိ၊ တကယ့်ဟာဆိုတာက ဘယ်မှာလဲလို့ မိမိကိုယ်မိမိ မေးလိုက်တဲ့ အခါမှာ ဘွားကနဲဆို ဉာဏ်အမြင်တခုပေါ်လာတယ်ခင်ဗျ”

ပျံ။ ။“ပြောင်းပြန်သဘောဆိုတာက ဘယ်မှာလဲဆရာကြီး”

နုပ်။ ။“နေပါအုံးလေ၊ ကျွန်တော်ပြောပါ့မယ်။ ‘ကျွန်ုပ်နားလည်သည့် နိဗ္ဗာန်’ဆိုတဲ့ ဆောင်းပါးကို ကျွန်တော်ရေးခဲ့တုန်းက ‘ပန်းချီဆရာက ကြံဖန်ပြီး ရေးထားတဲ့ပန်းချီကားတခုမှာ အဖြူကိုနောက်ခံထားပြီး ကြည့်လိုက်တဲ့အခါ မှာ တောကား တောင်ကားကြီးအနေနဲ့မြင်ရတယ်။ အနက်ကိုနောက်ခံပြုပြီး ကြည့်လိုက်တဲ့အခါမှာ အဆောက်အဦကြီးတခုကို မြင်ရတယ်’လို့ ရေးခဲ့တယ် မဟုတ်လား”

ဂီ။ ။“ဟုတ်ပါတယ်။ကျွန်တော်ဖတ်ဘူးပါတယ်”

နုပ်။ ။“အဖြူပေါ်မှာ အနက်နဲ့ရေးထားတဲ့ ပန်းချီကားဆိုရင် လူ အများကအဖြူကိုနောက်ခံထားပြီး ကြည့်တတ်တဲ့ ထုံးစံရှိလေတော့ ခုနင်က အရုပ်ကားကို တောကား တောင်ကားအနေနဲ့သာမြင်ရလို့ တောကားတောင် ကားကြီးဘဲလို့သာ မှတ်ထင်နေကြတယ်။ အဆောက်အဦကြီးရဲ့ သဏ္ဌာန်ကို ဘယ်သူမှမမြင်မိကြဘူး။ ဒီကားအကြောင်းကို သိတဲ့လူတယောက်ကအနက်ကို နောက်ခံထားပြီး ကြည့်လိုက်တော့မှ ဘွားကနဲဆို အဆောက်အဦ ပုံသဏ္ဌာန်က ပေါ်လာတယ်။ ဒီလူကအရုပ်ကားကြီးထဲမှာ အဆောက်အဦ ပုံသဏ္ဌာန်မြင်ကြ ရဲ့လားလို့မေးတော့၊ လူတွေက ဒီလူဟာရူးပြီထင်တယ်လို့ ပြောကြလိမ့်မယ်။ ဒီတော့သူက အနက်ကိုနောက်ခံထားပြီးကြည့်လိုက်ကြစမ်းလို့ ပြောလိုက်တော့ မှလူတွေက ကြည့်လိုက်ရာမှာ အဆောက်အဦကြီးကိုမြင်ကြရလို့ ဟုတ်ပေတယ် လို့ဆိုကြရတယ်။အဖြူကိုနောက်ခံထားပြီးကြည့်လိုက်တော့ တမျိုးမြင်ရတယ်။

အနက်ကိုနောက်ခံထားပြီးကြည့်တော့ တမျိုးမြင်ရတယ်။ နားလယ်ကြတယ် မဟုတ်လား။ အရိယာများကတော့ နှစ်မျိုးလုံးကြည့်တတ်တယ်။ ပုထုဇဉ်များ ကတော့ တမျိုးတည်းသာ ကြည့်တတ်ကြတယ်။ အရိယာပေမယ်လို့ နှစ်မျိုး လုံးကို တပြိုင်နက်တည်းကြည့်လို့မရဘူး။ နိဗ္ဗာန်ကိုမြင်နေရခိုက်မှာ လောက ကိုမမြင်ဘူး။လောကကိုကြည့်နေခိုက်မှာ နိဗ္ဗာန်ကိုမမြင်ဘူး။ သို့သော် အလိုရှိ သလိုပြောင်းလဲပြီးကြည့်နိုင်ကြတယ်။ ပုထုဇဉ်များအဖို့တော့ လောကကိုသာ မြင်နိုင်ကြတယ်။ နိဗ္ဗာန်ကိုမမြင်နိုင်ကြဘူး။ အရုပ်ကားကို လူတွေကကြည့် တော့ အဆောက်အဦကိုမမြင်ရ၊ တောတောင်များကိုသာ မြင်ကြရသလို ပေါ့ဗျာ”

ပျံ။ ။“တခုကိုအာရုံပြုတုန်းအခိုက်မှာ အခြားတခုကို မမြင်နိုင်ဘူးဆို တဲ့ သဘောကိုတော့ နားလယ်ပါပြီ ဆရာကြီး။ ပြောင်းပြန် သဘောတော့ ကောင်းကောင်းကြီးမရှင်းသေးပါဆရာကြီး”

နုပ်။ ။“ကောင်းပြီ။ ဒါဖြင့် ကျုပ်တော်ကိုယ်တိုင် ပြောပြပါမယ်”

ဂီ။ ။“လုပ်ပါဦးဆရာကြီးရယ်”

နုပ်။ ။“နိဗ္ဗာန်အကြောင်းကို စာထဲမှာ ရှာကြည့်ပြီး ပုထုဇဉ်အဖြစ်နဲ့ စဉ်းစားလိုက်ကြတဲ့အခါကျတော့ နိဗ္ဗာန်ဟာ ဘာမှမရှိဘူးလို့ ဆိုတတ်ကြ တယ်မဟုတ်ဘူးလား”

ပျံ။ ။“ဟုတ်ပါတယ်ဆရာကြီး”

နုပ်။ ။“တချို့ကလဲ ဘာမှမရှိဘူးဆိုရင် လိုချင်စရာမဟုတ်ဘဲဖြစ်နေမှာ စိုးတဲ့အတွက် သူတို့ဉာဏ်နဲ့ကြံဆပြီး ရုပ်နုနာမ်နု တမျိုးမျိုးရှိရမယ်လို့ ပြော ကြတယ် ဟုတ်လား”

ပျံ။ ။“မှန်ပါတယ်။ပြောကြပါတယ် ဆရာကြီး။ဘယ်သူ မှန်ပါသလဲ ခင်ဗျာ”

နုပ်။ ။“ဘယ်သူမှ မမှန်ဘူးဗျ”

ဂီ။ ။“ရှင်းပါဦးဆရာကြီးရယ်။ တယောက်ယောက်ကတော့ မှန်ရမယ် ပေါ့။ ၂-ယောက်စလုံးတော့ မမှားနိုင်စကောင်းပါဘူးခင်ဗျာ”

နုပ်။ ။“မှန်းဆပြီးပြောခြင်းဖြစ်လို့ ဘယ်သူမှမမှန်ဘူးဗျ”

ပျံ့။ ။"မှန်းဆပြီးပြောခြင်းဖြစ်ပေမင့် တယောက်ယောက်ရဲ့ အတွေး အဆကတော့ မှန်ရမှာပေါ့ဆရာကြီးရယ်"

နုပ်။ ။"နိဗ္ဗာန်ကိုဘယ်သူမှ မှန်ကန်အောင် မတွေးနိုင်ဘူးဗျ။ ကိုယ်တိုင် မြင်မှသိနိုင်တယ်"

ပျံ့။ ။"ဒါကတော့ ဟုတ်ပါပြီထားပါတော့။ ပြောင်းပြန်သဘောက ဘယ်မှာလဲဆရာကြီးရယ်"

နုပ်။ ။"စေ့စေ့နားထောင်ကြနော်"

ဂီ။ ။"စိတ်ချပါ ဆရာကြီး။ကျွန်တော်တို့ အင်မတန် သိချင်နေကြပါ တယ်"

နုပ်။ ။"အမှန်ကဒီလိုဗျ၊ ပုထုဇဉ်အနေနဲ့ နိဗ္ဗာန်အကြောင်းကို စာထဲ ကအတိုင်းမှန်းဆလိုက်တဲ့အခါမှာ နိဗ္ဗာန်ဆိုတာဟာ ဘာမှမရှိတဲ့ သဘော တရားမျိုးဘဲလို့ ယူဆတတ်ကြတယ်မဟုတ်ဘူးလား"

ပျံ့။ ။"မှန်ပါတယ်ဆရာကြီး"

နုပ်။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်တဲ့ ကျွန်တော်ပြောခဲ့ တဲ့ယောဂီဟာ ဉာဏ်ရင့်ကျက်သထက် ရင့်ကျက်လာတဲ့ နောက်ဆုံးအချိန် ကျတော့ သူသိသမျှ သူအာရုံပြုခဲ့သမျှ ပြုတတ်သမျှသော ရုပ်သဘာဝ နာမ် သဘာဝတရားများမှတပါး သည့်ပြင်ဘာမှမရှိပါတကားလို့ ထင်မြင်လာခဲ့ရာ ကနေပြီး၊ သူရှိတယ်လို့မှတ်ထင်နေခဲ့တဲ့ ရုပ်တို့ နာမ်တို့(လောကကြီးတခုလုံး) ဖြုန်းကနဲ ပျောက်ပြယ်သွားပြီး၊ ဘာမှမရှိဘူးလို့ယူဆလာခဲ့တဲ့ သဘာဝကြီး ကမှ အဟုတ်တကယ် ရှိတာပါကလားလို့ ဘွားကနဲ ထင်မြင်လာတယ်"

ဂီ။ ။"ပြောင်းပြန်က ဘယ်လိုလဲ ဆရာကြီး"

နုပ်။ ။"ရှိတယ်လို့ ထင်မှတ်ခဲ့တဲ့ ဟာတွေက ချုပ်ပျောက်သွားပြီး၊ မရှိဘူးလို့ ထင်ခဲ့တဲ့ သဘာဝကြီးဟာက အဟုတ်တကယ်ရှိတယ်လို့ ထင်မြင် လာခြင်းဟာ ပြောင်းပြန် သဘော မဟုတ်ဘူးလားခင်ဗျာ"

ပျံ့။ ။"တောကား တောင်ကားလို့ မြင်နေရာကနေပြီး အဆောက် အဦကြီးကို မြင်လာတဲ့ သဘောပေါ့လေ၊ ဟုတ်ပေ့ခင်ဗျာ။ ကျွန်တော်တို့ နိဗ္ဗာန်ကို မမြင်သေးပေမင့် နိဗ္ဗာန်သဘောကိုတော့ ကျွန်တော်ရိပ်မိပြီ ဆရာ

ကြီးရေ။ ဒီလိုရှင်းအောင် ပြတာမျိုးကို တခါမှ ကျွန်တော် မကြားဘူး၊ မဖတ်ဘူးပါဘူး ဆရာကြီးခင်ဗျာ၊ ကျွန်တော်ဝန်ခံပါတယ်”

နုပ်။ ။“ဒီတော့ အရိယာများဟာ လောကဓံကို ခံနိုင်ရည်ရှိတယ် ဆိုတာက ကျွန်တော်ပြောခဲ့တဲ့ သဘာဝကြီးကို အာရုံပြုတတ်လို့ဖြစ်ပါတယ်။ ဂရိတ်ပြည်က ဥပေက္ခာဝါဒ သမားများလို အကျင့်လုပ်ထားခြင်းကြောင့် မဟုတ်ပါဘူး။ဖလ သမာပတ်ဝင်စားတယ်ဆိုပြီး ‘လစ်’သွားလို့လဲ မဟုတ်ပါဘူး။ ကျွန်တော်ပြောခဲ့တဲ့ ပြောင်းပြန်အဖြစ်မျိုးကို တကြိမ်တခါမှ မမြင်ဘူးဘဲနဲ့ ဖလ သမာပတ် ဝင်စားနိုင်တယ် ဆိုတာကိုလဲ ကျွန်တော် မယုံနိုင်ဘူး ခင်ဗျ”

ဂီ။ ။“အရိယာ အဆင့်ဆင့် ရှိနေတဲ့အနက်၊ လောကဓံကို ခံနိုင်ရည်ရှိပုံ အတူတူဘဲလား ဆရာကြီး”

နုပ်။ ။“မတူပေဘူးဗျ။အောက်တန်း အရိယာမျိုးအဖို့ကတော့ မခံချင်စရာ၊ မခံနိုင်စရာ အမှုကိစ္စကလေးတွေ ကြုံတွေ့တဲ့အခါမှာ ချက်ချင်းတော့ ထိခိုက်သေးတာဘဲ။ သို့သော် သူမြင်ထားဘူးတဲ့ အမြင်ကို ပြန်လည်သုံးသပ်ဘို့ သတိရပြီး၊ဆင်ခြင်သုံးသပ်လိုက်တာနဲ့ တပြိုင်နက် အလိုမကျမှုဟာ ပျောက်ပျက်သွားတာဘဲ”

ဂီ။ ။“အာသဝေါကင်းပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်မျိုးကတော့ကောခင်ဗျ”

နုပ်။ ။“သူတို့ကတော့ သဒ္ဓါတရားကို သန့်သန့်ကြီး မြင်ထားသူများ ဖြစ်လေတော့၊ လောကဓံတရားတွေဟာ သူတို့ကို လုံးဝမထိခိုက်နိုင်တော့ဘူး ဗျ။ လောကနဲ့ သူတို့နဲ့ တခြားစီ ဖြစ်နေသလိုပေါ့ ဗျာ။ ပြန်ပြီး ဆင်ခြင် သုံးသပ်ဖို့ မလိုတော့ဘူး ဖြစ်မှာပေါ့”

ဂီ။ ။“ဆင်ခြင် သုံးသပ်တယ် ဆိုတာ ဘာကို ဆင်ခြင် သုံးသပ်တာလဲ ဆရာကြီး”

နုပ်။ ။“ခုနင်က ပြောခဲ့တဲ့ ပြောင်းပြန်ကို ပြန်ပြီး ဆင်ခြင်တာပေါ့ ခင်ဗျာ့”

ဂီ။ ။“ဘယ်လိုလဲ ဆရာကြီး။ တဆိတ်ဖွင့်ပြောပါ ခင်ဗျာ”

နုပ်။ ။“နာမ်တို့ ရုပ်တို့ဆိုတဲ့ သဘာဝတွေဟာက အဟုတ်ရှိတကယ်ရှိ မဟုတ်ဘူး။အကြောင်းတိုက်ဆိုင်တဲ့ အခိုက်အတန့်ကလေးမှာသာ ရှိတယ်လို့

ထင်ရခြင်းဖြစ်တယ်။အဟုတ်ရှိ တကယ်ရှိ သဘာဝကြီးက တသီးတခြားဘဲလို့ သူမြင်ထားဘူးတာကို ပြန်ပြီး သုံးသပ်ခြင်းပါဘဲ"

ဂိ။ ။"ဆရာကြီးကတော့ သုံးသပ်ဖို့ မလိုတော့ဘူးလား ခင်ဗျာ"

နုပ်။ ။"ဟာမလုပ်ပါနဲ့။ ဒေါသတောင် အမြစ်ပြတ်အောင် ပယ်နိုင်သေးတဲ့လူမဟုတ်လို့ ကြိုးစားရတုန်းပါခင်ဗျာ"

ပျံ။ ။"တနေ့တော့ အောင်မြင်မယ်ပေါ့လေ"

နုပ်။ ။"တနေ့တော့ သေရဦးမှာဘဲဆိုတာကို စိတ်ချထားသလောက်၊ ဒါကိုတော့လဲ စိတ်ချထားတယ်ဗျို"

ပျံ။ ။"ဆရာကြီးဆီ စာရေးတဲ့ ဦးပဥ္စင်းကလေးဟာ လောကဓံကို ဘယ်လိုခံနိုင်တယ်ထင်ပါသလဲ ဆရာကြီး"

နုပ်။ ။"ဦးပဥ္စင်းကလေးရော၊ ဟိုဂိုဏ်း ဒီဂိုဏ်းက တရားပေါက်ထားတယ်ဆိုတဲ့ ပုဂ္ဂိုလ်များရော ကျွန်တော် ရှင်းပြတဲ့ ပြောင်းပြန် အဖြစ်မျိုးကြုံဘူးကြရဲ့လားလို့ ကိုယ့်ဟာကိုယ် စစ်ဆေးကြည့်ကြပေတော့ဗျား"

ဂိ။ ။"ဆရာကြီးရဲ့ ပြောင်းပြန်အမြင်က ဘယ်ကရတာလဲ ခင်ဗျာ"

နုပ်။ ။"ဟာ ကျွန်တော်က ထွင်ပြောနေတယ်မှတ်လို့လား။ဝိပဿနာဉာဏ်(၁၀)ပါးမှာ အမြင့်ဆုံးဖြစ်နေတဲ့ အနုလောမဉာဏ်တဲ့ဗျ။ ဒီအမြင်မျိုး မရောက်ဘဲ မဂ်မဆိုက်နိုင်ဘူးလို့ တထစ်ချမှတ်လိုက်ဗျား"

## (၉)

## မေတ္တာနှင့်ပညာ၊ သမထနှင့်ဝိပဿနာတို့၏ ခြားနားချက်ကို ရှင်းပြခြင်း

ကျွန်ုပ်၏လောကုတ္တရာရေးဆိုင်ရာ (ဒိဋ္ဌေဒိဋ္ဌမတ္တံ)ဆောင်းပါးများကို ဖတ်ရှုကြသော ပရိသတ်သည် မြန်မာပြည် အနှံ့အပြားတွင် ရှိကြသည်ဟု သိရ၏။ ၎င်းတို့အနက် ရပ်ဝေးပရိသတ်သည် ရပ်နီးပရိသတ်ထက် ပိုမို လေးစားခြင်း ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ် မမြော်လင့်သည့် မြို့သိမ် မြို့ငယ်ကလေးများမှ ပရိသတ်သည် သာ၍ လေးစားခြင်း ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ် အတော် အထင်ကြီးခဲ့မိသည့် ခေတ်ပညာတတ် အထက်တန်းစား ပင်စင်စား အရာရှိ ဆိုသူများမှာလည်း ထင်သလောက် မဟုတ်ခြင်းကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်ကြီး မျိုးသည် စဉ်းစားဉာဏ်ရှိသော အစိတ်အပိုင်းမှ ဖြစ်ကြသောကြောင့် ကျွန်ုပ် အထင်ကြီးခဲ့မိခြင်းဖြစ်ရာ၊ သူတို့၏ စဉ်းစားဉာဏ်မှာ လောကီမှုရေးရာဘက် လောက်သာ ကျက်စားခြင်းများ၍ ဝဋ္ဋဆင်းရဲမှ ကျွတ်လွတ်ခြင်းဆိုင်ရာ ကိစ္စ မျိုး၌မူ သုတပါးနည်းတူ ယောင်ချာချာ ရှိကြခြင်းကို တွေ့ရ၏။ စာရေး၊ စာချီ၊ ကုန်သည်၊ ကျောင်းဆရာ အတန်းအစား လူသတ်အရွယ်များအနက်မှ ထိုးထွင်းဉာဏ် ရှိသူများကို အမြောက်အမြား တွေ့ရ၏။ ခေတ်ပညာတတ် အထက်တန်း အရာရှိ ပင်စင်စားများ အနက်မှမူ ဒီပနီကျမ်းစာအုပ်များ

လောက်မျှ ဖတ်ဖူးသည်ဆိုလျှင်'လူတကိုယ် ထင်တလုံး'ဆိုသော စကားအတိုင်း ကိုယ့်အထင်ကလေးနှင့်ကိုယ် စိတ်ကူးယဉ်လျက်ရှိကြသူ အမြောက်အမြား ကြုံတွေ့ခဲ့ရဘူးလေသည်။ထိုပုဂ္ဂိုလ်မျိုးတို့သည် သာမန်အားဖြင့် ရဟန်းကို အထင်ကြီးပုံရသော်လည်း တရားဆိုလျှင် ထိုပုဂ္ဂိုလ်များ၏အရာမဟုတ်သကဲ့သို့ ထင်တတ်ကြလေသည်။ ဖော်ပြခဲ့ပြီးသည့် ရပ်ဝေးနေ အလယ်အလတ် အတန်းအစား စာရေးတယောက်နှင့် ကျောင်းဆရာကလေးတယောက်သည် ကျွန်ုပ်၏ဆောင်းပါးများကို အမြဲဖတ်ကြ၍ မန္တလေးသို့ရောက်တိုင်း ကျွန်ုပ်၏နေအိမ်သို့ ဝင်လေ့ရှိကြရာ၊ လွန်ခဲ့သော ရက်အနည်းငယ်က ကျွန်ုပ်ထံသို့ ရောက်လာကြသည်။

ရေး။ ။"ဆရာကြီးဆီ မရောက်ရတာ တော်တော်ကြာသွားပြီ။ ကျွန်တော့် မြို့မှာတော့ ကျွန်တော်က'ဝိုင်းထိုင်'ဆရာပါဘဲ။တပည့်ကလေးများက ဆရာကြီးဆီ ဝင်ဖြစ်အောင် ဝင်ခဲ့ပါလို့ မှာလိုက်ကြပါတယ်"

ရာ။ ။"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့ မရှင်းလင်းတာကလေးတွေကိုလဲ မေးခဲ့ပါလို့ မှာလိုက်ကြပါတယ်"

နုပ်။ ။"ဆရာ့ ဆောင်းပါးများလဲ မဖတ်ရတာ အတော် ကြာသွားပြီပေါ့နော်"

ရေး။ ။"မှန်ပါတယ် ခင်ဗျာ။ ဆောင်းပါး မဖတ်ရလေတော့ တသက်တာ မှတ်တမ်းနဲ့ဘဲ ကျွန်တော်တို့နေရပါတော့တယ်။ ခုတလောမှ ဆရာကြီးရဲ့ ဆောင်းပါးနှစ်ပုဒ်ကို ရှုမဝထဲမှာ ဖတ်ရပါတယ်"

နုပ်။ ။"ဆရာ့မှာ တော်တော်ကြီးတဲ့ အကြံအစည်နဲ့ အလုပ်ကြီးတခု လုပ်ဖို့ အစီအစဉ်ရှိလေတော့ နောက်ကို တပတ်လောက် ဆောင်းပါး ရေးပြီးရင် ရပ်ထားရအုံးမယ်ထင်တယ်"

ရာ။ ။"လောကုတ္တရာ ရေးထက် ကြီးကျယ်တဲ့ အလုပ် ရှိသေးလား ဆရာကြီးရယ်"

နုပ်။ ။"လောကုတ္တရာရေးကို လူတိုင်းမလိုက်နိုင်ဘူး။ လူတိုင်းနဲ့သက်ဆိုင်တဲ့ အလုပ်တခုလုပ်ဖို့ စိတ်ကူးနေတယ်"

ရေး။ ။"ဘာအလုပ်လဲ ဆရာကြီးရယ်"

နုပ်။ ။"ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်ပါဘဲ။ ကမ္ဘာစစ်ဟာ မဖြစ်နိုင်တော့ဘူးလို့ ယူဆနေခဲ့ရာက အရှေ့အုပ်စု အနောက်အုပ်စုတို့ လုပ်ကြပုံတွေကို လေ့လာကြည့်တော့ ကေန္တစစ်ဖြစ်လိမ့်မယ်လို့ မပြောနိုင်သော်လဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဖြစ်တတ်တယ်၊ ဖြစ်ဘို့တော်တော်လမ်းများတယ်လို့ မြင်လာပြန်တယ်။ ဒါကြောင့်ဗုဒ္ဓဝါဒကို အထောက်အထားပြုပြီး စာတအုပ်ရေးစမ်းမယ်အောက်မေ့တယ်"

ရာ။ ။"ဒီလူတွေကို တရားဟောလို့ ရနိုင်ပါ့မလားဆရာကြီးရယ်"

နုပ်။ ။"ဆရာနားလယ်ပါတယ်။ တရားဟောလို့မရပါဘူး။ သို့သော်အကျိုးသင့်အကြောင်းသင့်တင်ပြရင်တော့ စဉ်းစားတတ်တဲ့ လူတွေဘဲလို့ယုံကြည်နေတယ်။ 'မကြောရ ပြန်ရှု' ဆိုတဲ့စကားလို စမ်းကြည့်ဘို့တော့ ဆုံးဖြတ်ပြီးပြီ"

ရေး။ ။"လုပ်ပေါ့ဆရာကြီး။ ကျွန်တော်တို့ကတော့ စစ်ကြီးဖြစ်လို့ သေရတောင်ဆရာကြီးရဲ့ နှလုံးသွင်းတရား လက်ကိုင်ထားပြီး သေလိုက်ရရင် ယုတ်ညံ့တဲ့ဘဝတော့မရောက်နိုင်ဘူးလို့ အားကိုးထားပါတယ် ခင်ဗျာ"

နုပ်။ ။"ဒီတခါ ကမ္ဘာစစ်ဖြစ်လို့ သေရရင် လူသေလို့ လူပြန်ဖြစ်ဘို့တောင်ဘုံမရှိတော့ပေဘူးထင်တယ်"

ရာ။ ။"ဒီတော့လဲ ရောက်ယားပ ဆရာကြီးရယ်။ ကျွန်တော်တို့ကတော့ကြောက်အားတကြီးနဲ့ မျက်လုံးပြူးပြီး မသေရရင် တော်ပါပြီဆရာကြီး"

နုပ်။ ။"ကိုင်း ဒီအကြောင်းတော်ကြစို့။ မေးမြန်းစရာ ဘာများပါကြသလဲ"

ရေး။ ။"ရှမဝထဲမှာ တရားထူးမြင်တဲ့ ဦးဘဂျမ်းအကြောင်းကို ဖတ်ရလို့ သတောကျပါတယ် ဆရာကြီး။ သို့သော် ကျွန်တော်တခုတော့ မေးပါရစေ"

နုပ်။ ။"မေးပါမောင်"

ရေး။ ။"ဆရာကြီးဆီ တရားတောင်းဘို့ လာကြတဲ့ပုဂ္ဂိုလ်များကို ဆရာကြီးက ဦးဘဂျမ်းဆီပို့တယ်လို့ ဖတ်ရပါတယ်။ ဘာကြောင့် ဆရာကြီးက မပြသလဲခင်ဗျာ။ ဆရာကြီးလဲ ပြတတ်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။

ဆရာကြီးရဲ့ဆောင်းပါးတွေဖတ်ပြီး ကျွန်တော်တို့က ဆရာကြီးကို အထင်ကြီး နေကြတဲ့အထဲမှာ ဆရာကြီးက ကိုယ်တိုင်မပြဘဲ ဦးဘဂျမ်းဆီ ပို့တယ်ဆိုတော့ ကျွန်တော်တို့မှာ သံသယဝင်လာပါတယ်"

နုပ်။ ။"ဟုတ်ပေမှာပေါ့။ သို့သော် ဒီလိုရှိတယ်မောင်ရဲ့။ ဆရာက ကိုယ့်ဆီမှာ တိုက်ရိုက် တရားမတောင်းလို့ရှိရင်-နည်းလမ်းညွှန်ပြဖို့ ဝါသနာ မရှိကြောင်းကို မိုးကြိုး ဦးအုန်းခင်နဲ့ ဆရာ့အကြောင်း သွေးသောက် မဂ္ဂဇင်းထဲမှာ ရေးခဲ့ဘူးပါတယ်။ တရားအားထုတ်ပြီးစကတော့ ဆရာလဲ 'ဖိုးဟောချင်'တယောက်ပါဘဲ။ နောက်ပိုင်းကျတော့ တရားတော်၏အလွန် နက်နဲခြင်း (အတိဂမ္ဘီရ) အကြောင်းကို ကောင်းကောင်းသိလေလေ၊ နှုတ် ဆိတ်ချင် လာလေလေဘဲ။ လူအများဖတ်ဖို့ စာနဲ့ရေးရင်သာ ရေးမယ်။ ပါးစပ်နဲ့တော့ မဟောချင်တော့ဘူး။ ကိုယ့်ကိုတိုက်ရိုက်တောင်းမှဘဲ ပြော ပြချင်တော့တယ်"

ရာ။ ။"ဆရာကြီးဆီလာတဲ့ လူတွေကို ဦးဘဂျမ်းဆီပို့တယ်ဆို"

နုပ်။ ။"မှန်ပါတယ်။ သို့သော် အကြောင်းက နှစ်ချက်ရှိပါတယ်။ ပထမအချက်က ဆရာ့ဆီလာတဲ့ လူများက တရားရှာတဲ့သဘောနဲ့ ဆွေးနွေး ကြခြင်းသာဖြစ်ပါတယ်။ ဆရာ့ကိုယုံကြည်ပြီး တိုက်ရိုက် တရား တောင်းကြ ခြင်းမဟုတ်ပါဘူး။ ဆရာကလဲ ကိုယ့်ကို တိုက်ရိုက်မတောင်းရင် မဟော တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ကိုယ့်အပေါ်မှာ ယုံကြည်မှု (သဒ္ဓါ) ရှိပါ တယ်ဆိုတဲ့ မောင်တို့လိုလူများကိုတောင် တော်တော်အဟောရခက်တဲ့တရား ဘဲ။ ယုံကြည်မှု(သဒ္ဓါ)မရှိသေးတဲ့ ပုဂ္ဂိုလ်မျိုးဆိုတော့ ပါးစပ်ညောင်းခံပြီး ဟောမပြချင်တော့ဘူး။ ဆရာက ယုံကြည်အောင် ပြောဟောမနေတတ်ဘူး။ ယုံကြည်ပြီးလူကိုမှ ပြောပြချင်တော့တယ်။ ပြောတော့သဲ ရေးရသလောက် အားမရပါဘူး။ ဒါကြောင့် ဦးဘဂျမ်းဆီကို ပို့လိုက်ခြင်းဖြစ်ပါတယ်"

ရေး။ ။"ဒုတိယ အကြောင်းကကော ဆရာကြီး"

နုပ်။ ။"ဒုတိယအကြောင်းကတော့ ဦးဘဂျမ်းဟာ တရားပေါက်ရောက် ထားတယ်လို့ ဆရာကိုယ်တိုင် ကောင်းကောင်း သိသော်လဲ၊ (တကယ် တော့ ဘယ်ဂိုဏ်းက ယောဂီနဲ့မှမတူဘူး။ ဆရာကျေနပ်တယ်။) သူ့ခမြာမှာ တပည့်တယောက်မှ မရဘူးရှာဘူး။ ဘယ်သူကမှလဲ ကောင်းကောင်းမသိဘူး။

ဒါကြောင့် ဆရာက ကြော်ငြာပေးချင်တဲ့သဘောနဲ့ သူ့ဆီ ပို့လိုက်ခြင်းဖြစ်တယ်”

ရာ။ ။“သူက လုပ်နည်းမှမပေးတတ်ဘဲ ဆရာကြီးရယ်။ သူလုပ်သလိုက လိုက်လုပ်ဖို့ဝေ ဖြစ်မှာတဲ့လား ခင်ဗျာ”

နုပ်။ ။“ဒါတော့ မှန်တယ်။ သို့သော် သူရဲ့နည်းကို မပြနိုင်သော်လဲ တရားပေါက်ပုံထူးဆန်းလှန်းလို့(ဗုဒ္ဓာရမဏ)ဘုရားအာရုံပြုခြင်း၏အာနိသင်ကြီးမားပုံကို လူများသိစေချင်လို့ လိုက်ပို့ခြင်းဖြစ်ပါတယ်”

ရေး။ ။“ဒါကတော့ ဆရာကြီးရယ်၊ သူကလူထူးတယောက်မို့ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ သူလိုလုပ်လို့ ရပါမလားခင်ဗျာ”

နုပ်။ ။“ဒါလဲမှန်တာဘဲ။ ဆရာ့ အဖို့ကတော့ လုပ်လို့ရမရကိုမစဉ်းစားဘဲ ဦးဘဂျမ်းကို မြင်ရတွေ့ရရင် ဗုဒ္ဓကိုကြည်ညိုဘဲ့ စိတ်ဓာတ် တိုးတက်သွားပါစေတော့ဆိုတဲ့ သဘောပါဘဲ”

ရာ။ ။“ဒီလိုဆို ဆရာကြီးကိုယ်တိုင်နည်းပေးလိုက် ကရောပေါ့ခင်ဗျာ”

နုပ်။ ။“ကိုယ့်ဆီတိုက်ရိုက်မတောင်းဘဲ ကျုပ် ဟောတတ် ပါတယ်ဆိုပြီး မဟောချင်တတ်ဘူးလို့ ပြောခဲ့ပြီ မဟုတ်လား”

ရေး။ ။“သင်္ခါရ အဓိပ္ပာယ်က ဘာတုန်း ဆရာကြီး။ နာမ်ရုပ်ကို ခေါ်တာလား ခင်ဗျာ”

နုပ်။ ။“သဗ္ဗေသင်္ခါရာ အနိစ္စာဆိုဘဲ့ သင်္ခါရလား။ဒီနေရာမှာ နာမ်ရုပ်တို့ပြုပြင်မှုတို့ဆိုတဲ့စကားတွေဟာ တရားအားထုတ်တဲ့ ယောဂီအဖို့ တိုက်ရိုက် မထိခိုက်ဘူး၊ နားမလယ်ဘူး”

ရေး။ ။“ဘယ်လိုမှရှင်းသလဲဆရာကြီးရယ်”

နုပ်။ ။“အကြောင်း တိုက်ဆိုင်လို့ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လျက်ရှိသောအရာအပေါင်းတို့သည်လို့ ဆိုသင့်တယ်”

ရာ။ ။“ရုပ်တို့နာမ်တို့လဲ ပါတာပေါ့နော်ဆရာကြီး”

နုပ်။ ။“သင်္ခါရဆိုရင် နိဗ္ဗာန်မှတပါး အားလုံးပါတယ်လို့ နားလယ်ရမယ်”

ရေး။ ။“ရှင်းပါပြီဆရာကြီး။ သို့သော် တခုတော့ ကျွန်တော်မေးပါရစေအုံး ခင်ဗျာ”

နုပ်။ ။"မေးပါလေ၊ အဝေးကြီးကလာပြီး မရှင်းလင်းလို့မေးချင်တဲ့ မောင်ရင်တို့ကိုတော့ ဖြေပါ့မယ်"

ရေး။ ။"ကပ်ချင်လို့မေးရင်တော့ မဖြေဘူးလားဆရာကြီး"

နုပ်။ ။"အမေးပုစ္ဆာ အမျိုးမျိုးအကြောင်းကို ဗုဒ္ဓဟောတော်မူခဲ့တာ ကြားဘူးတယ်မဟုတ်လား။ ဆရာ့ကို ကပ်ချင်လို့မေးမေး ချွတ်ချင်လို့မေးမေး မဖြေပါဘူး"

ရေး။ ။"သည်းခံပါဆရာကြီး။ ကျွန်တော်မေးချင်တာက ဆရာကြီး ရုရှားပြည်သွားတုန်းက မေတ္တာအလုပ်ကို ဖိလုပ်တယ်ဆိုတာ ဘာ့ကြောင့်လဲ ခင်ဗျာ၊ သိပါရစေ"

နုပ်။ ။"တပြည်တနိုင်ငံကို သွားတဲ့အခါမှာ မေတ္တာအလုပ်ဟာအထူး သဖြင့် အရေးပါအရာရောက်တယ်မောင်ရဲ့။ ဝိပဿနာဆိုတဲ့ ပညာအလုပ်နဲ့ တောင်မတူပေဘူး"

ရေး။ ။"ဆရာကြီးလဲ ပညာသမားလို့ ကျွန်တော်တို့ နားလယ်ထားပါတယ်။ မေတ္တာအလုပ်ကပညာအလုပ်ထက် မြတ်သေးသလားခင်ဗျာ"

နုပ်။ ။"ဒီလိုမောင်ရဲ့ သူ့နေရာနဲ့သူ ရှိတယ်။ ဆရာကြီးသွားက ထဲက သူတို့အကြောင်းကိုသိရအောင် သွားခြင်းဖြစ်လေတော့ မေတ္တာနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ပါမှ အကျွမ်းတဝင် ဖြစ်ကြပြီး တယောက်နဲ့တယောက်သိကျွမ်းနိုင်ခွင့်ရှိတယ်မဟုတ်လား"

ရေး။ ။"မေတ္တာက ပညာထက် အရာရောက်တာက ဘာ့ကြောင့်လဲ ဆရာကြီး"

နုပ်။ ။"မေတ္တာတရားမှာ ဓာတ်တမျိုးရှိတယ်။ ဒီဓာတ်က သတ္တဝါကို ဆွဲငင်တတ်တဲ့ သတ္တိရှိတယ်။ တဦးကမေတ္တာထားတော့ တဦးက တုံ့ပြန်ရတယ်မဟုတ်လား။ ပညာကိုရည်ရွယ်ဘဲ့ သမ္မာသတိ အလုပ်မျိုးကတော့ လူကြည်ညိုချင် ကြည်ညိုမယ်။ မေတ္တာလို ဆွဲဆောင်တတ်တဲ့သတ္တိ မရှိလှဘူး။ ဆရာကြီးကပညာဘက်မှာ တိုးတက်ဘို့ သွားခဲ့ခြင်းမဟုတ်။ ခင်မင်ရင်းနှီးမှု ရှိစေလိုလို့သွားခဲ့ခြင်းဖြစ်တယ်"

ရေး။ ။"ခင်မင်တော့ဘာလုပ်မှာလဲဆရာကြီး"

နုပ်။ ။"ခင်ခင်မင်မင်နဲ့ ရောနှောလိုက်ရတော့ နီးနီးရင်းရင်းဖြစ်လာပြီး တယောက်အကြောင်းကို တယောက် သိလာနိုင်တယ်လို့ ပြောခဲ့ပြီမဟုတ်ဖူးလား"

ရေး။ ။"သိရတော့ ဘာလုပ်ဖို့လဲဆရာကြီး"

နုပ်။ ။"ဆရာစိတ်ကူးထားတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းအစီအစဉ်မှာ ရုရှားလူမျိုးရဲ့အကြောင်းကို သိဘို့လိုတယ်ထင်လို့ပါဘဲ"

ရေး။ ။"ဘာများသိခဲ့ရသလဲခင်ဗျာ"

နုပ်။ ။"ရုရှားလူမျိုးတွေဟာ ဂျာမန်လူမျိုးတွေလို စစ်ကို လိုလားတဲ့ လူတွေမဟုတ်ဖူးလို့သိခဲ့ရတယ်။ သူတို့မှာ ဂျာမန်လူမျိုးတွေလို မကျေမချမ်းဖြစ်နေတဲ့အချက်ရယ်လို့ မတွေ့ခဲ့ရဘူး။ ကိုင်း တော်လောက်ပါပြီ။ နိုင်ငံရေးနယ်ထဲ ရောက်သွားပြန်တော့မယ်"

ရေး။ ။"ဆရာကြီးကြံရွယ်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ဆိုတာဟာလဲ နိုင်ငံရေးဘဲမဟုတ်ဘူးလားခင်ဗျာ"

နုပ်။ ။"ကမ္ဘာစစ်ကြီး မဖြစ်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးထက် ကမ္ဘာရေးလို့ဆိုရင် သာပြီးမှန်မယ်ထင်တယ်။ သို့သော် ဆရာ့ဆီကို ဆွေးနွေးမေးမြန်းဘို့ ဟာဝေးကြီးက လာကြခြင်းဟာ လောကုတ္တရာရေးရာအတွက်ဆိုမဟုတ်လား"

ရေး။ ။"ဟုတ်တော့ ဟုတ်ပါတယ်။နို့ပေမင့် ဆရာကြီးလိုပုဂ္ဂိုလ်ဆီက ကမ္ဘာ့ရေးရာအကြောင်းလဲ သိချင်ပါတယ် ဆရာကြီး"

ရာ။ ။"သိချင်ပေမင့် ဆရာကြီးက ကျွန်တော်တို့ဆီက ဒါမျိုးတွေ မပြောလင့်ပေဘူး ထင်တယ်။ ကျွန်တော် တလှည့်မေးပါရစေဦး ဆရာကြီးခင်ဗျာ"

နုပ်။ ။"မေးပါမောင် မေးပါ"

ရာ။ ။"ကျွန်တော်တို့ဆီက တရားသမားတွေဟာ သမထနဲ့ ဝိပဿနာ အလုပ်ကို ကောင်းကောင်း မရှင်းကြပါဘူး ဆရာကြီး။ အင်မတန် ရောထွေးနေကြပါတယ်"

နုပ်။ ။"သူများမရှင်းတာက ကိစ္စမရှိဘူး။မောင်တို့ကော ဆရာကြီးရဲ့ စာတွေကို ဖတ်ထားကြပြီး ကောင်းကောင်းရှင်းကြပြီလား"

ရာ။　　။"ကိုယ့်ဟာကိုယ်တော့ ရှင်းတယ်ထင်တာဘဲဆရာကြီးရဲ့။ သို့သော် သူတို့ကို ရှင်းအောင် ပြောမပြတတ်သေးဘဲ ဖြစ်နေပါတယ်။ ကျွန်တော်တို့ တသက်လုံး မှတ်သားသွားရအောင် အကျဉ်းချုပ် ရှင်းပြပါဦး ဆရာကြီး ခင်ဗျာ"

နုပ်။　　။"အထင်ရှားဆုံးအချက်တခုကတော့ သမထအလုပ်ဟူသမျှဟာ က တခုခုကို စိုက်ပြီး ရှုရတယ်။ စဉ်းစားဆင်ခြင်မှု အလျင်းမပါဘူး။ စဉ်းစား ဆင်ခြင်ခြင်းသည် အနှောင့်အယှက် ဖြစ်တယ်ဆိုပြီး ရှုရတယ်။ အဲဒါဟာ သမထအလုပ်လို့ မှတ်ထားလိုက်"

ရာ။　　။"ဝေဒနာကိုစိုက်ရှင်ကော ခင်ဗျာ"

နုပ်။　　။"ဘာကို ဘဲ စိုက် စိုက်၊ စိုက်လေ သမျှ ဟာ သမထ နည်းဘဲ မှတ်လိုက်"

ရာ။　　။"ဝေဒနာကိုရှုတော့၊ဝေဒနာပျောက်သွားတယ်ဆိုဘဲဆရာကြီး"

နုပ်။　　။"ပျောက်တာ ဘာဖြစ်သလဲ။ ပညာအစွမ်းမဟုတ်ဘူး။ သမာဓိ အစွမ်းဘဲ။ ဝေဒနာတင်မကဘူး။ လူပါတောင် ပျောက်သွားရတယ် ထင်ရ တတ်သေးတယ်။ ဒါလဲဘဲ ပညာမဟုတ်ဖူး။ သမာဓိအစွမ်းဘဲ"

ရာ။　　။"နာမ်ရုပ် ချုပ်သွားတယ် ဆိုပါကလား ဆရာကြီး"

နုပ်။　　။"နာမ်ရုပ် ချုပ်တယ် ဆိုတာဟာ ဉာဏ်အမြင်အားဖြင့် ချုပ်ရ တာမျိုးဖြစ်တယ်။ သူ့ရုပ်ကြီး ပျောက်သွားတယ်လို့ ထင်ရခြင်းမျိုးဟာ ဉာဏ်အမြင် မဟုတ်သေးဘူး။ သမာဓိသတ္တိဘဲဖြစ်ရမယ်"

ရာ။　　။"သူ့ကိုယ်မှာ ပေါ်လာတဲ့ ဝေဒနာကို စိုက်ပြီး ရှုခြင်းဟာ ဝေဒနာနုပဿနာ မဟုတ်ဖူးလား ဆရာကြီး"

နုပ်။　　။"စိုက် ရှုခြင်းရော၊ စိုက်ရှုလို့ ဝေဒနာ ပျောက်သွားခြင်းရော ဝိပဿနာအလုပ်မဟုတ်ဖူး။ စိုက်ရှုတာက သမထအလုပ်၊ ပျောက်သွားတာက သမာဓိသတ္တိဘဲဖြစ်တယ်"

ရာ။　　။"စိုက်ရှုလို့ အကျိုးမရှိဘူးလား ခင်ဗျာ"

နုပ်။　　။"အကျိုးကတော့ သူ့ဟာနဲ့သူရှိတာပေါ့။ အမြင်အကြားတွေ ဘာတွေ ရတယ်လို့ပြောကြတာဘဲ။ သို့သော် အဲဒီ အမြင် အကြား ဆိုတာ တွေဟာ သမာဓိသတ္တိဘဲဖြစ်တယ်။ ဉာဏ်အမြင် မဟုတ်နိုင်ဘူး"

ရာ။ ။"ဝိပဿနာဉာဏ် ဆယ်ပါးထဲက ဘယ်ဉာဏ်လို့ ခေါ်မလဲ ဆရာကြီး"

နုပ်။ ။"ဘာဉာဏ်မှမဟုတ်ဖူး။ သမာဓိသာဖြစ်တယ်"

ရာ။ ။"နို့ ဆရာကြီးရယ်၊ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဝေဒနာ နုပဿနာဆိုတာက ဘယ်လိုဟာမျိုးလဲ ခင်ဗျာ"

နုပ်။ ။"သတ္တဝါမှာ ဝေဒနာသုံးမျိုး(အကျယ် ငါးမျိုး)ဟာ တခုပြီး တခု ပြောင်းလဲပြီး တခုခုတော့ အမြဲဖြစ်ပေါ်နေတာဘဲ။ အဲဒီအပြောင်းအလဲ တွေကို စောင့်ကြည့်ပြီး သိနေစေရမယ်။ အရိယာပုထ် မပြောင်းဘဲ ညောင်း အောင် ထိုင်ပြီး ပူလာခြင်း၊ ကိုက်ခဲလာခြင်းတို့ကို စိုက်ပြီး ရှုနေခြင်းဟာ ဝိပဿနာအလုပ်မဟုတ်ဖူး။ သမထအလုပ်ဖြစ်သွားတယ်"

ရာ။ ။"ပျောက်သွားတာကကော ဆရာကြီး"

နုပ်။ ။"ပျောက်သွားတာက သမာဓိအစွမ်းဘဲ။ သဘောက ဒီလိုလေ၊ သမထအလုပ်က သမာဓိတိုးတက်စေတယ်။ တန်ခိုးကလေး၊ သတ္တိထူးကလေး များ ရလာတတ်တယ်။ ဝိပဿနာအလုပ်က ဉာဏ်ပေါ်စေတယ်။ နာမ်ရုပ်နဲ့ ပတ်သက်လို့ သဘောပေါက်စေတယ်။ ညောင်းတဲ့ ကိုက်တဲ့ဝေဒနာ ပျောက် သွားခြင်းဟာ ဉာဏ်မဟုတ်ပါဘူး။ သတ္တိထူးတခုသာ ဖြစ်နိုင်ပါတယ်"

ရာ။ ။"ဝေဒနာ ပျောက်သွားပြီလို့ သိခြင်းဟာ အနိစ္စသဘောကို သိခြင်းမဟုတ်ဖူးလားဆရာကြီး"

နုပ်။ ။"ဒီလို မဟုတ်ပါဘူး။ ပျော်ရာကနေပြီး ဒေါသဖြစ်တဲ့အခါမှာ ပြောင်းလဲခြင်းကိုသိလိုက်ခြင်း၊ အခံခက်ရာကနေပြီး နေသာတဲ့ အဖြစ်ရောက် သွားတဲ့အခါမှာ ပြောင်းလဲခြင်းကို သိလိုက်ခြင်းတို့သည်သာလျှင် အနိစ္စသ ဘောကို ရိပ်မိနိုင်စေတတ်ပါတယ်"

ရာ။ ။"ဝေဒနာပျောက်သွားခြင်းဟာ နိရောဓသဘောကို သိခြင်း ဆိုပါကလားခင်ဗျာ"

နုပ်။ ။"တောက်တီးတောက်တဲ့ မောင်ရယ်။ ဘယ်သူတွေက ပြော လို့တုန်း"

ရာ။ ။"ကျွန်တော်တို့ဆီက ကမ္မဋ္ဌာန်းသမားတွေဟာ ဒီလိုဘဲယူဆကြ တယ်ဆရာကြီး"

---

နုပ်။　။"တချို့ ကမ္မဋ္ဌာန်းသမားတွေ လွဲနေကြတာကို ပြောပြရတာ အားနာစရာဖြစ်နေပြီကော။ သို့သော် သာသနာတော်ရဲ့ တည်တန့်မှုကို ထောက်ရှုတကြောင်း၊ လိုရာမရောက်ဘဲ လမ်းချော်နေကြတာတွေကို ကြားရတွေ့ရလို့ မေတ္တာ ကရုဏာကြောင့် တကြောင်း၊ ရေးလဲရေးခဲ့လှပါပြီ။ တချို့က ဆရာ့ကို အလွဲထင်ကြသလား မဆိုနိုင်ဘူး။ ဆရာက တဂိုဏ်းတဖွဲ့ ထူထောင်ပြီး လူစုချင်တဲ့ကြံရွယ်ချက်မရှိပါဘူး။နှစ်ပေါင်းများစွာ ကိုယ်တိုင် လေ့လာစုံစမ်းခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် ဉာဏ်ဝင်စားခြင်းပြုပြီးတဲ့နောက်မှ လူအများ စဉ်းစားစရာဖြစ်အောင် ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဆရာရေးတိုင်းပြောတိုင်းယုံဘို့ မဟုတ်ပါဘူး။ ကျန်းဂန်နဲ့ ကိုက်မကိုက် သဘာဝနဲ့ညီမညီ စဉ်းစားကြစေချင်လို့တင်ပြခြင်းဖြစ်ပါတယ်"

ရာ။　။"ဝိပဿနာအလုပ်အားထုတ်ခြင်းနဲ့ ပတ်သက်လို့ အထောက်အထား အကိုးအကားနဲ့တကွ ခိုင်လုံတဲ့ နည်းဥပဒေသအဖြစ်နဲ့ မှတ်သားထားဘို့စံချိန်ထိုးကြည့်ဘို့ ပြောပြစမ်းပါဦးဆရာကြီးခင်ဗျာ"

နုပ်။　။"ဒီအကြောင်းကို ရေးဘူးခဲ့ပါပြီ။ လူငယ်ကဏ္ဍတခုအဖြစ်နဲ့ တသီးတခြားမှတ်သားဘို့ ရှင်းပြရဦးမှာပေါ့မောင်ရယ်"

ရာ။　။"အမိန့်ရှိပါဦးဆရာကြီး"

နုပ်။　။"ဗမာပြည်မှာ ခုတလောခေတ်စားနေတဲ့ ဝိပဿနာ လုပ်နည်းအမျိုးမျိုးအနက် အဖောင်း အပိန်လုပ်လုပ်၊ယယ်ထိပ်ခိုက်ရှုတဲ့နည်းလုပ်လုပ်၊ အာနာပါနရှိုးရှိုး လုပ်လုပ်၊ နှာသီးဖျားကို ခိုက်တဲ့နည်းဘဲ လုပ်လုပ်၊ ကာယကိုရှုခြင်း၊ ဝေဒနာကိုရှုခြင်း၊ စိတ်ကိုရှုခြင်း၊ ဓမ္မသဘာဝကိုရှုခြင်းဘဲ လုပ်လုပ်၊ ရှူးရှဲကိုဘဲ လုပ်လုပ်၊အရေကလပ် အဖတ်ကလပ် ဆိုတာကိုဘဲလုပ်လုပ်၊ သိရင် ပြီးတာဘဲဆိုတဲ့ နည်းကိုဘဲလုပ်လုပ်၊ မြင်သိပျက်၊ ကြားသိပျက် ဆိုတဲ့ နည်းကိုဘဲလုပ်လုပ်၊ လုပ်ချင်တဲ့နည်းနဲ့ လုပ်ကြစေ။ လုပ်ပုံလုပ်နည်း ဟုတ်မဟုတ် မှန်မမှန် 'မှတ်တင်'ကြည့်နိုင်တဲ့ မူသေကိန်း တခုရှိတယ်"

ရာ။　။"တယ်ပြီး ဉာဏ်ကျက်စားတဲ့ ဆရာကြီးပါတကား"

နုပ်။　။"ဘယ်ကလာ ကျုပ်ဉာဏ် ဟုတ်လိမ့်မှာလဲ။ဗုဒ္ဓရဲ့နည်းမောင်ရဲ့။ သို့သော်လဲ တရားသမား၊ ကမ္မဋ္ဌာန်းသမားဆိုတဲ့ ပုဂ္ဂိုလ်တွေဟာက ဗုဒ္ဓ ချမှတ်ခဲ့တဲ့ စည်းမျဉ်းကို သတိမပြုကြဘဲ၊ မေ့ပျောက်သလို ဖြစ်နေကြတယ်။

ကမ္မဋ္ဌာန်းသမားတိုင်း တွင်တွင်ကြီး ပြောတတ်ကြတာက သမာဓိကိုချည်း ပြောနေကြတယ်”

ရေး။ ။“ဟုတ်ပါတယ် ဆရာကြီး။ ပြောတတ်ကြပါတယ်။ တဆိတ်ရှိ သမာဓိမကောင်းဘူး သမာဓိကောင်းတယ်၊ ဒါလောက်ဘဲ သူတို့ပြောကြတယ်”

နုပ်။ ။“ပြောမှာပေါ့။သူတို့တတွေ လုပ်နေကြတဲ့အလုပ်ကိုက သမာဓိအလုပ်ဖြစ်နေတာကိုး။ ဗမာပြည်မှာ တရားအားထုတ်တယ်ဆိုရင် သမာဓိအကြောင်းကိုချည်း ပြောကြခြင်းဟာ ဟိုရှေးကစပြီး ခုလက်ထက်တိုင်ရောဘဲ။ သီလနဲ့ သမာဓိကကို မတက်ကြတော့ဘူး”

ရေး။ ။“သီလ၊ သမာဓိပြီးတော့မှ ပညာဆိုကိုး ဆရာကြီးရဲ့”

နုပ်။ ။“ဒီစကားမျိုးက စာသမားရဲ့စကားပါ။ အလုပ်သမားရဲ့စကားမဟုတ်ပါဘူး။ စာသမားသက်သက်က သီလ၊သမာဓိ၊ ပညာလို့ ပြောတတ်ကြတယ်။ ကမ္မဋ္ဌာန်းသမားက သမာဓိ၊သမာဓိ၊သမာဓိလို့ ပြောတတ်တယ်”

ရာ။ ။“ဘယ်ဒင်းက မှန်သလဲဆရာကြီး”

နုပ်။ ။“ဘယ်ဒင်းမှ အလိုတော်ကျမဟုတ်ဘူး”

ရာ။ ။“မှားသလားဆရာကြီးရယ်”

နုပ်။ ။“မှားတယ်လို့ဆရာမဆိုဘူး။ မဂ်ဖိုလ် နိဗ္ဗာန်အလို့ငှာ အားထုတ်ပါတော့မယ်ဆိုတဲ့ ယောဂီတယောက်အဖို့မှာတော့ ယထာဘူတ မကျဘူး။ ဒီစကားမျိုးက အားထုတ်ဖို့သဘောမထားတဲ့ သူလိုငါလို သာမန်ဗုဒ္ဓဘာသာသူတော်စင်များအတွက်ဖြစ်တယ်”

ရေး။ ။“ဆရာကြီးပြောခဲ့တဲ့ ဗုဒ္ဓချထားတော်မူခဲ့သည့် တရားအားထုတ်ယောဂီများအဖို့ ချိန်ထိုးစရာ စည်းမျဉ်းဆိုတာကို အမိန့်ရှိပါခင်ဗျာ”

နုပ်။ ။“မဂ်ဖိုလ်အတွက် အားထုတ်တယ်ဆိုတဲ့ ယောဂီများအဖို့ အရေးတကြီး သဘောထားပြီး စစ်ဆေးချိန်ထိုးစရာ မှတ်ကျောက်ကြီးကတော့ ဗောဇ္ဈင်၇-ပါးတဲ့မောင်တို့ရဲ့”

ရာ။ ။“အမိန့်ရှိပါဆရာကြီး”

နုပ်။ ။“ခုနင်ကဆရာပြောခဲ့တဲ့ နည်းတွေကကြိုက်တဲ့နည်းကိုရွေး။ ရှုုးရှဲကြိုက်ကြိုက်၊ ပိန်ဖောင်း ကြိုက်ကြိုက်၊ ငယ်ထိပ်ရှုတဲ့နည်း ကြိုက်ကြိုက်၊ မှဒါ

မဟုတ်ရင် ဆရာရေးခဲ့တဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်း ကြိုက်ကြိုက်၊ တခုခုကိုရွေးပြီး အားထုတ်တော့မယ်ဆိုပါတော့"

ရာ။ ။"ရွေးပြီးပြီဆိုပါတော့ဆရာကြီး"

နုပ်။ ။"ဘယ်နည်းကိုရွေးသလဲ"

ရာ။ ။"စိတ်ကိုစောင့်ကြည့်တဲ့နည်းရွေးပါတယ်ခင်ဗျာ"

နုပ်။ ။"တယောက်ကကောမောင်"

ရေး။ ။"ကျွန်တော်က အာနာပါနဆိုတဲ့ ထွက်သက်ဝင်သက်ကိုရှုမှတ်တဲ့နည်းကိုရွေးပြီဆရာကြီး"

နုပ်။ ။"ဗောဇ္ဈင် (၇) ပါးမှာ နံပတ် (၁)က သတိသံဗောဇ္ဈင်ဆို မဟုတ်လား"

ရေး။ ။"ဟုတ်ပါတယ်ဆရာကြီး"

နုပ်။ ။"သတိဆိုတဲ့ စကားအဓိပ္ပာယ်က စောင့်ခြင်းမဟုတ်လား"

နှစ်ယောက်လုံး။ ။"ဟုတ်ပါတယ်ခင်ဗျာ"

နုပ်။ ။"စိတ်ကိုစောင့်ကြည့်တော့ဘယ်လိုကြည့်သလဲ။ အာရုံအပြောင်းအလွဲလေးတွေကို စောင့်ကြည့်ရတယ်မဟုတ်လား"

ရာ။ ။"ဟုတ်ပါတယ်ဆရာကြီး"

နုပ်။ ။"စောင့်ကြည့်ရသလား။ စိုက်ကြည့်ရသလား"

ရာ။ ။"စောင့်ကြည့်ရပါတယ် ခင်ဗျာ"

နုပ်။ ။"စိုက်တာနဲ့ စောင့်တာနဲ့ ဘယ်လိုခြားနားတယ်လို့ ပြောခဲ့ပြီ မဟုတ်လား"

ရာ။ ။"ပြောခဲ့ပါပြီခင်ဗျာ"

နုပ်။ ။"လက်တွေ့လုပ်ကြည့်တဲ့အခါမှာ စိုက်တာနဲ့ စောင့်တာဟာ ခြားနားခြင်းရှိတယ်ဆိုတာကို ရိပ်မိရဲ့လား။ မရိပ်မိရင်၊ မထင်ရှားသေးရင် ထင်ထင်ရှားရှား သိလာအောင် နှိုင်းယှဉ်ပြီး တလှည့်စီ လုပ်စမ်းကြည့်လိုက်အုံး"

ရာ။ ။"ကောင်းပါပြီဆရာကြီး"

နုပ်။ ။"ကိုင်း ဟိုတယောက်က ထွက်သက်ဝင်သက်ကိုရှုတော့ ဘယ်လိုရှုသလဲ"

ရေး။ ။"စိုက်ပြီးရှုရံပါဘဲခင်ဗျာ"

နုပ်။ ။"စိုက်ကြည့်တော့ ဝင်လေနဲ့ ထွက်လေဘဲ တွေ့ရတယ်ဟုတ်လား"

ရေး။ ။"ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။"ဒီပြင်အပြောင်းအလဲရှိသေးသလား"

ရေး။ ။"အတိုအရှည် အပျော့အပြင်းရှိပါတယ်ခင်ဗျာ"

နုပ်။ ။"ဟုတ်ပြီ။အထွက်အဝင် အတိုအရှည် အပျော့အပြင်း စသည်တို့ကိုသိရတဲ့အခါမှာ စိတ်သဘာဝကို သဘောပေါက်နိုင်စရာ ဘာများရှိသလဲ"

ရေး။ ။"ကျွန်တော်ဖြင့် မတွေ့ပါဘူးခင်ဗျာ"

နုပ်။ ။"ဟုတ်တာပေါ့။ အာနာပါနအလုပ်မျိုးက တစိုက်တည်း စိုက်ရှုပြီး စိတ်မပြန့်လွင့်အောင် (ဝါ)သမာဓိရအောင်၊ ဒါလောက်ဘဲ ရည်ရွယ်ချက်ရှိတာကိုး။ သူ့အလုပ်ကိုယ်နှိုက်ကစိုက်ကြည့်ရတဲ့အလုပ်ဘဲ။ စောင့်တဲ့သဘောမပါဘူး။ ဒါကြောင့် သတိအလုပ်မဟုတ်ဖူးလို့ ဆရာဆိုတယ်"

ရာ။ ။"ကျွန်တော့်အလုပ်ကကောဆရာကြီး"

နုပ်။ ။"စိတ်ဆိုတဲ့ သဘာဝက (ထွက်လေ ဝင်လေ) အသက်ရှူရတာမျိုးကို ခြောက်မျိုးထဲ မကဘူး။ မြင်စိတ်၊ ကြားစိတ်၊နံစိတ် စသည်တို့အပြင် ဟိုရောက်သည်ရောက် ဟိုစိတ်ကူး၊ ဒီစိတ်ကူး စသည်ဖြင့် ပြောင်းလဲမှုပေါင်း သောင်းခြောက်ထောင်လဲမက၊ သိန်းခြောက်သောင်းလဲမက၊ အမျိုးမျိုး ပြောင်းလဲခြင်း ရှိနေနိုင်တယ်"

ရာ။ ။"လက်ဖျစ် တတွက်အတွင်း ကုဋေတသိန်း ချုပ်တယ်ဆို မဟုတ်လား ဆရာကြီး"

နုပ်။ ။"ဆရာတို့ ဗမာပြည်မှာ စိတ်အကြောင်းပြောကြတဲ့အခါ အဲဒါတခု ခက်နေတာဘဲ။ ယောဂီရဲ့အလုပ်က ကုဋေတသိန်း၊ ကုဋေဟသောင်း အရေအတွက်နဲ့ ဖြစ်ပျက်တာကို ရှုကြည့်နေဘို့ မဟုတ်ဘူး။ တမိနစ်လောက်အတွင်းမှာ စက္ကူသောတ အစရှိတဲ့ အတွင်းခြောက်ပါးနဲ့၊ အဆင်းအသံ အစရှိတဲ့ အပြင် ၆-ပါးကို ပြောင်းသဲပြောင်းလဲပြီး တိုက်ခတ်နေခြင်းကလေးတွေကို စောင့်ပြီးကြည့်နေဘို့၊ ပြောင်းလဲတာကလေးတွေကို မလွတ်တမ်းသိစေဘို့၊ သတိထားပြီး ကြည့်နေဘို့ဘဲ အလုပ်ရှိတယ်"

ရာ။　။"ဒီလိုပြောင်းလဲမှုမျိုးက လက်ဖျစ်တတွက်မှာ ကုဋေတသိန်း မဟုတ်ဖူးလား ဆရာကြီး"

နုပ်။　။"ဘယ်ကလာ ဟုတ်ရမှာလဲ။ စောင့်ကြည့်စမ်းပါ။ လက်ဖျစ်ဘတွက်မဆိုထားနဲ့ တမိနစ်မှာမှ ဆယ့်လေးငါးမျိုး ရှိတော့မပေါ့ဗျာ"

ရာ။　။"ကုဋေတသိန်းဆိုတာက ဘာလဲ ဆရာကြီးရယ်"

နုပ်။　။"မော်တော်ကား ဟွန်းသံတချက် ပေါ်ကနဲကြားလိုက်ရတယ် ဆိုပါတော့။ ကြားစိတ်ကတော့ တခုထဲပါဘဲ။ ဒါပေမယ့် အဲဒီကြားစိတ်က လေးတစိတ်ထဲမှာ ဖြစ်ပျက်ပေါင်းကုဋေတသိန်းကျော်သွားပြီဆိုတဲ့သဘောကို ဟောတော်မူခြင်းဖြစ်တယ်။ ယောဂီရဲ့ အလုပ်ကအဲဒီဖြစ်ပျက်ကို သိဘို့မဟုတ်ဖူး။ မြင်အောင် ရှုဘို့လဲမဟုတ်ဖူး။ ဖြစ်လဲမဖြစ်နိုင်ဘူး။ သမ္မာ သံဗုဒ္ဓများသာ ဖြစ်နိုင်တယ်။ ယောဂီရဲ့ အလုပ်ကမော်တော်ကားသံကို သိလိုက်တဲ့ ကြားစိတ်ကနေပြီးမော်တော်ကားကို လှမ်းကြည့်လိုက်တော့ မြင်စိတ်ဖြစ်သွားတဲ့ပြောင်းလဲမှုကို သိအောင် သတိထားနေဘို့သာ အလုပ်ရှိတယ်"

ရာ။　။"ဒီလိုဆိုတော့ သိပ်မခက်လှပါဘူး ဆရာကြီး"

နုပ်။　။"မခက်လှပါဘူး။ သတိသာလိုပါတယ်။ ဆရာတို့ ဗမာပြည်မှာ သာသနာတလျှောက်သုံး လွဲမှားလာခဲ့ကြတာက စိတ်ဆိုတာ လက်ဖျစ်တတွက် အတွင်း ကုဋေတသိန်းဖြစ်ပျက်မှုရှိတယ်ဆိုလေတော့၊ စိတ်ကို ရှုရတာ အလွန် ခက်ပါတယ်လို့ လူရော၊ ရဟန်းရော ပြောနေကြတယ်။အဲဒါ ယောဂီလောင်းတွေဘို့ အနစ်နာဆုံးဘဲ မောင်တို့"

ရာ။　။"ရုပ်အနိစ္စကို မြင်ဘို့ထက် စိတ်အနိစ္စကို မြင်ဘို့က ခဲယဉ်းတယ် ဆိုတာ ဘယ်လိုလဲ ဆရာကြီး"

နုပ်။　။"နားထောင်၊ ဆရာရှင်းပြမယ်။ခြေတလှမ်း လှမ်းလိုက်တဲ့အခါ မှာ ကြွလိုက်တုန်းက ခြေထောက်ဟာ ချလိုက်တဲ့အခါမှာ မပါလာတော့ဘူး တဲ့။ ဒါဟာ ရုပ်တရားပြောင်းလဲခြင်းဘဲတဲ့။　ဒါကို မြင်အောင် ရှုရမယ်လို့ ပြောတတ်ကြတယ်။ကောင်းပြီ၊မှတ်ထားလိုက်။ ခုနင်က မော်တော်ကားသံကို သိလိုက်လို့ ကြားစိတ်ဖြစ်လာပြီး၊ မော်တော်ကားကိုလှမ်းကြည့်လိုက်လို့ မြင်စိတ်ဖြစ်သွားတယ်ဆိုမဟုတ်လား။ ကြားစိတ်ကနေပြီး မြင်စိတ်ကို ပြောင်းလဲ သွားတယ် မဟုတ်လား။ ကောင်းပြီ။ ခုနင်က ကြွလိုက်တဲ့ ခြေထောက်သည်

ချလိုက်တဲ့အခါကျတော့ မပါလာတော့ဘူး ဆိုခြင်းကို သိမြင်ဘို့နဲ့၊ ကြွား စိတ်မှ မြင်စိတ်သို့ ပြောင်းလဲသွားလေပြီ ဆိုခြင်းကို သိဘို့ဟာ ဘယ်ဒင်းက ခဲယဉ်းသလဲမောင်"

ရာ။ ။"ခြေထောက်မပါတော့ဘူး ဆိုခြင်းကို သိဘို့က သိပ်ပြီး ခဲယဉ်း မှာပေါ့ ဆရာကြီး"

ရေး။ ။"တချို့ကပြောကြတယ် ဆရာကြီး။ကြွားရာကနေပြီး၊မြင်စိတ် ဖြစ်သွားခြင်းကို သိရုံနဲ့ မပြီးသေးဘူး ဆိုပါကလား ခင်ဗျာ"

နုပ်။ ။"ပြီးတယ်လို့ ဆရာက ပြောနေသလား။ ကြွားလိုက်၊ မြင်လိုက်၊ နံလိုက်၊ ထိလိုက်၊ ယားလိုက်၊ နာလိုက် အစရှိတဲ့ ပြောင်းလဲမှုကလေးတွေကို အမှတ်မဲ့ မထားဘဲ သတိနဲ့လိုက်ပြီး သိအောင် လုပ်ခြင်းသည် ယောဂီရဲ့ အလုပ်ဖြစ်တယ်။ ဒီအလုပ်ဟာ ဝိပဿနာဘာဝနာအလုပ်ဖြစ်တယ်။ နောက် ခြေထောက် ရှေ့သို့ မပါခဲ့တော့ဘူး ဆိုတဲ့ ခက်ခဲသော သိမှုမျိုး လေ့ကျင့် ရခြင်းထက် မြင်စိတ်မှ ကြွားစိတ်သို့ ကူးပြောင်းသွားလေပြီဆိုတဲ့အထိ အသိ လွယ်ကူသော အလုပ်မျိုးဖြင့် လေ့ကျင့်ရခြင်းသည် အနိစ္စသဘောကို မြင်ဘို့ ပို၍ မခက်ပါဘူးလို့ ပြောလိုခြင်းဖြစ်ပါတယ်"

ရေး။ ။"ဆရာကြီး ပြောတော့လဲ ရှင်းသွားဘဲ။ လူတွေကတော့ ရုပ် အနိစ္စကို မြင်ဘို့က သာပြီး လွယ်တယ်လို့ ဇွတ်ပြောနေကြတယ် ခင်ဗျာ့"

နုပ်။ ။"အနိစ္စကိုမြင်ဘို့ လွယ်ကူတယ်လို့သာ ပြောနေကြတယ်။ သူတို့ လုပ်နေကြတာတွေကတော့ အမြင့်အကြွား ပေါက်တယ် ဆိုတဲ့ သမထ လမ်း သမားတွေက များနေကြတာဘဲ"

ရာ။ ။"ဝိပဿနာအလုပ်မျိုးက အမြင့်အကြွား မပေါက်နိုင်ဘူးလား ခင်ဗျာ"

နုပ်။ ။"ပြဒါးတလမ်း၊ ခဲတလမ်းက ပေါတယ်။ ဝိပဿနာအလုပ်မျိုး ဟာက သူတို့ရဲ့ သမာဓိ(စျာန်သမာဓိ)မျိုး မဟုတ်လေတော့ အမြင့်အကြွား ဆိုတာမျိုး ရနိုင်တယ် မထင်ပါဘူး။ စကားပြောကြတာ တော်တော်ကြာ သွားပြီ၊ ဘယ်တော့ပြန်ကြမလဲ"

ရေး။ ။"၂-ရက် ၃-ရက်တော့ နေအုံးမှာပါ ဆရာကြီး။သို့သော် ဆရာ ကြီးရဲ့ဗောဇ္ဈင် ၇-ပါးမှာ သတိသံဗောဇ္ဈင်တခုဘဲရှိပါသေးတယ်။ ၆-ခု ကျန်

သေးတယ်။ ဆရာကတော်ကြီးကလဲ ထမင်းခူးပြီးလို့ ထင်ပါရဲ့။ ခဏခဏ ပြူပြူကြည့်နေပါတယ်။ နက်ဖြန်မှ ကျွန်တော်တို့ လာခဲ့အုံးမယ် ဆရာကြီး ခင်ဗျာ"

နုပ်။ ။"သတိသံဗောဇ္ဈင် အကြောင်း ပြောပြီးလို့ ဗောဇ္ဈင်၆-ပါး ကျန်တဲ့အနက်က ဓမ္မဝိစယသံဗောဇ္ဈင်ဟာ အရေးကြီးဆုံးပါဘဲ။ ဒီဗောဇ္ဈင်ကို ကောင်းကောင်း ရှင်းရှင်း သဘောပေါက် နားလယ်တဲ့လူ တော်တော်နဲ တယ်။ နက်ဖြန်တော့မှ တခေါက်လာခဲ့ကြအုံးပေါ့။ ရှင်းပြချင်ပါသေးတယ်။ နက်ဖြန်ခါတော့ မနက်စာ ဒီမှာ စားကြတာပေါ့"

ရာ။ ။"နေပါစေ ဆရာကြီး။ဆရာကတော်ကြီးကို ကျွန်တော်တို့ ဒုက္ခ မပေးပါရစေနဲ့။မြို့ကြီးဆိုတော့ ထမင်းဆိုင်တွေ ပေါပါတယ်။ ထမင်းစား ပြီးမှ လာပါရစေတော့ ခင်ဗျာ"

# (၁၀)

## ဓမ္မဝိစရ သံဗောဇ္ဈင် အရေးကြီးပုံ

တဖက်ပါ ဆွေးနွေးခန်းတွင် ဖော်ပြခဲ့သည့် ကျောင်းဆရာနှင့် စာရေးဆရာတို့သည် နက်ဖြန်မှလာမည်ဟု ပြောသွားကြသော်လည်း အရေးကြီးသောကိစ္စတခုပေါ်လာသောကြောင့် နက်ဖြန်နံနက်စောစောပင် နေရပ်သို့ ပြန်ကြရတော့မည်ဆိုကာ ထိုနေ့ညနေခင်း၌ပင် ကျွန်ုပ်၏ နေအိမ်သို့ ရောက်လာကြလေသည်။

နုပ်။ ။"မနက်တုန်းက ဆရာတို့ ဘယ်နေရာမှာ စကားဆုံးသွားသလဲ မောင်တို့"

ရေး။ ။"စာသမားများက သီလ၊ သမာဓိ၊ ပညာလို့ ပြောကြတဲ့ အကြောင်း။ ကမ္မဋ္ဌာန်းသမားများကတော့ သမာဓိအကြောင်းကို အားကြီး ပြောတတ်ကြကြောင်း ဆရာကြီး ပြောလိုက်ပါတယ်ခင်ဗျာ"

နုပ်။ ။"ဟုတ်ပြီ။ ဆရာကြီးကတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံ အလုပ်သမား ဖြစ်လို့မို့ သတိကို အလေးပေးပြီး အားထုတ်တယ်။ ရေးတယ်။ ပြောဟောတတ်ပါတယ်။ ၁၉၅၇-ခုနှစ်ကစပြီး ရှုမဝမဂ္ဂဇင်းထဲမှာ စိတ်သဘာဝအကြောင်းကို ရေးသောခဲ့တယ်။ ဆရာရေးခဲ့တာတွေဟာ အချည်းနှီးတော့ ဖြစ်ဟန်မရှိ

ဘူး။ ကမ္မဋ္ဌာန်းသမားတွေ တော်တော် လေသံ ပြောင်းလဲလာကြခြင်းကို ကြားရတယ်”

ရာ။ ။“ဘယ်လိုပါလဲ ဆရာကြီး”

နုပ်။ ။“ဆရာဟာ ကိုယ့်နည်းနဲ့ကိုယ် အားထုတ်လေ့ရှိသူ တယောက် ဖြစ်သော်လဲ တခြားနည်းများကိုလဲ တော်တော်စေ့စုံအောင် စမ်းသပ်ကြည့်ခဲ့ဘူးတယ်။ နည်းလမ်းညွှန်ပြတဲ့ ဆရာတိုင်းကလိုလိုဘဲ သမာဓိ၊ သမာဓိ၊ သမာဓိနဲ့ ပြောကြတာချည်းဘဲ။ ခုတလောမှာတော့ ဟိုဂိုဏ်း သည်ဂိုဏ်းက နည်းပြဆရာတွေဟာ သတိဆိုတဲ့အလုံးကို တော်တော်ကလေး ထည့်သုံးလာကြခြင်းကို တွေ့ရတယ်။ သတိပဋ္ဌာန်လို့ ဟောခဲ့တာမှုတဲ့အကြောင်း၊ သမာဓိပဋ္ဌာန်လို့ မဟောခဲ့ကြောင်း ဆရာက တော်တော် ဖိရေးလိုက်ရာမှာ တော်တော် ထိသွားလေသလား မပြောတတ်ဘူး။ လေသံပြောင်းလာကြခြင်းကို တွေ့ရတဲ့အတွက် ဆရာ့မှာ ရေးရကျိုးနပ်တယ်လို့ အောက်မေ့ပါတယ်”

ရေး။ ။“ဆရာတွေကတော့ဆရာကြီးရေးပြီးသတိပေးလို့ရယ်လို့တော့ ဝန်ခံချင်ကြမှာ မဟုတ်ပါဘူးထင်တယ်”

နုပ်။ ။“ကိစ္စမရှိပါဘူး။ ဆရာက တဂိုဏ်းတဖွဲ့ ထူထောင်ပြီး နာမည်ကြီးစေလိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး။ ဆရာ့ကို ရဟန်းများလို ကြည်ညိုခြင်းမျိုးကိုလဲ အလိုမရှိပါဘူး။ အနေရအထိုင်ရ ခက်ပါတယ်လို့ တသက်တာ မှတ်တမ်းထဲမှာတောင် ထဲ့ပြီး ရေးခဲ့ပါသေးတယ်”

ရာ။ ။“လူတွေက ကြည်ညိုတော့ကော ဘာဖြစ်သလဲ ဆရာကြီးရယ်”

နုပ်။ ။“ဆရာ့သဘော အရကတော့ အိမ်ထောင် သားမွေးတဲ့ လူပုဂ္ဂိုလ်အနေနဲ့ ဂိုဏ်းဆရာလုပ်ခြင်းဟာ မလျော်ကန်ဘူးလို့ ယူဆတယ်။ ခုတလောမှာ လူပုဂ္ဂိုလ်တဦး တဂိုဏ်းတဖွဲ့တည်ထောင်ပြီး လူပြိန်းကြိုက်ဟောတတ်လို့ ဘုရားတဆူ ဂူတလုံးအမှတ်နဲ့ ကိုးကွယ်ခံပြီး ဒုက္ခရောက်နေတဲ့အကြောင်း ကြားကြတယ်မဟုတ်လား”

ရေး။ ။“ရှေးတုန်းက စိတ္တသူကြွယ်တို့ဆိုတာ လူပုဂ္ဂိုလ်အဖြစ်နဲ့ တရားဟောကောင်းလှတယ်ဆို မဟုတ်လား ဆရာကြီး”

နှုပ်။ ။"သူက အနာဂံပေမောင်ရဲ့။ ကာမရာဂကို ပယ်နိုင်တဲ့ အဆင့်ပေကိုး။ လူတွေက ဝိုင်းပြီး ကြည်ညိုကြပြီဆိုမှဖြင့် စိတ်ဖောက်ပြန်တတ်တယ်။ ရဟန်းတောင်မှ အတော့်ပုဂ္ဂိုလ်မခံနိုင်ဘူး မဟုတ်ဘူးလား"

ရာ။ ။'အနာဂံတည်ပြီးမှ တရားဟောစကောင်းတယ်လား ခင်ဗျာ"

နှုပ်။ ။"တဂိုဏ်းတဖွဲ့တည်ထောင်ခြင်းကိုပြောတာပါ။ လူအနာဂံသော်၎င်း၊ ရဟန်းသော်၎င်း ဖြစ်သင့်တယ်လို့ ဆရာယူဆပါတယ်"

ရေး။ ။"ရဟန်းများ အဖို့တော့ အနာဂံမဟုတ်လဲ ကိစ္စမရှိဘူးလား ဆရာကြီး"

နှုပ်။ ။"သူတို့အဖို့ကတော့ အရဟတ္တ ဇေဂုဏ်နဲ့ ပြည့်စုံပြီး ဖြစ်လေတော့ တမဂ်တဖိုလ်ဆိုရင်ဘဲ ဂိုဏ်းထောင်ဆရာ ဖြစ်ထိုက်ပြီ ထင်ပါတယ်"

ရာ။ ။"တမဂ်တဖိုလ် မရသေးတဲ့ ရဟန်းများကော ဆရာကြီးရယ်"

နှုပ်။ ။"ဆရာပြောနေခြင်းက မဂ်ပေါက် ဖိုလ်ပေါက်ပြနိုင်တယ်ဆိုပြီး တဂိုဏ်းတဖွဲ့ တည်ထောင်ကြတဲ့ နည်းပြဆရာလုပ်သူများကို ဆိုလိုပါတယ်။ သီလ၊ သမာဓိ၊ ပညာ အကြောင်းစာထဲမှာပါတဲ့အတိုင်း ဟောပြောခြင်းမျိုးကတော့ ရဟန်းတိုင်း ဟောပြောတတ်တာပေါ့ မောင်ရယ်"

ရေး။ ။"ကိုယ်တိုင် အရိယာ အဆင့်အတန်းမရောက်သေးရင် တရားအားထုတ်နည်း မပြတတ်ဘူးလားခင်ဗျာ"

နှုပ်။ ။"စာထဲကအတိုင်းတော့ ပြတတ်တာပေါ့။ ဆရာကိုယ်တိုင်က သဒ္ဓါအပြည့်အဝနဲ့ လက်တွေ့ စမ်းသပ်အားထုတ်ခြင်းမရှိသေးဘဲ နည်းပေးလမ်းပြလုပ်ရင်တော့ ဗဟုသုတတော့ ဖြစ်နိုင်ပါတယ်။ ပေါက်ရောက်ဖို့တော့ မလွယ်လှဘူး။တရားအားထုတ်တယ်ဆိုတာ လက်တွေ့ လုပ်ကြည့်လိုက်တဲ့အခါမှာ အခက်အခဲကလေးတွေ တွေ့ရမြဲဖြစ်ပါတယ်။တပည့်ရဲ့ အခက်အခဲကိုဆရာလုပ်သူက စာထဲကလောက်နဲ့ မဖြေရှင်းနိုင်ပါဘူး။ ကိုယ်တိုင် ကြုံတွေ့ခဲ့ရဘူးတဲ့ ဆရာမျိုးကမှ ဖြေရှင်းနိုင်တတ်ပါတယ်။ဒါတောင်မှ အရိယာတိုင်း မဟုတ်သေးပါဘူး။ ဆရာလုပ်ဖို့ ပါရမီပါတဲ့ ပုဂ္ဂိုလ်မျိုးမှဖြစ်နိုင်ပါတယ်"

ရာ။ ။"ဆရာကြီးမှာကော ဒီလိုပါရမီမျိုးမပါဘူးထင်သလားခင်ဗျာ"

နှုပ်။ ။"မပြောတတ်ဖူး။ ဆရာက တဂိုဏ်းတဖွဲ့ တည်ထောင်ချင်ရင်

မိမိကိုယ်ကို ကာမရာဂနဲ့ ဒေါသကို အမြစ်ဖြတ်တဲ့ အဆင့်အတန်း ရောက်အောင်အားထုတ်ရဦးမယ်"

ရေး။ ။"မဂ္ဂဇင်းတွေထဲမှာ လောကုတ္တရာရေးအကြောင်းတွေဆရာကြီးရေးထဲ့နေခြင်းဟာ ဘယ်လိုရည်ရွယ်ချက်လဲ ဆရာကြီးရယ်"

နုပ်။ ။"ဆရာပြောခဲ့ပြီမဟုတ်လား။ တရားဂိုဏ်းတဂိုဏ်း တည်ထောင်ချင်တဲ့ ရည်ရွယ်ချက်မရှိပါဘူး။ မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ အားထုတ်ကြပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သမထအလုပ်နဲ့ ဝိပဿနာအလုပ်ကိုတောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားနားလည်တဲ့လူ ရှားပါးနေတဲ့ခေတ်ကြီး ဖြစ်လို့မို့ သူတို့ရဲ့ လမ်းချော်မှုတွေကို ထောက်ပြနိုင်တဲ့ ရည်ရွယ်ချက်ပါဘဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ ခေတ်ပညာတတ် မိတ်ဆွေတဦးက ဆရာ့ဆီ စာရေးလိုက်ဖူးတယ်"

ရာ။ ။"ဘယ်လိုရေးလိုက်သလဲ ဆရာကြီး"

နုပ်။ ။"ဆရာရေးခဲ့တဲ့ တရားဆောင်းပါးတွေဟာ စာဖတ်ပရိသတ်အဖို့ (သူ့စကားအတိုင်း) Brain Washing ဦးနှောက်မှ အညစ်အကြေးများကို ဆေးကြောပေးလိုက်သလိုရှိပါပေတယ်တဲ့။ သူဆိုလိုတာက ဆရာ့စာတွေကို ဖတ်လိုက်ရရင် အားမထုတ်ချင်လဲနေစေ။ လွဲချော်နေတဲ့ အယူအဆတွေတော့ ပြုပြင်ပေးလိုက်သလို ရှိပါပေတယ် ပြောလိုခြင်းဖြစ်တယ်"

ရေး။ ။"ဒါကတော့ ဟုတ်တယ်ဆရာကြီး။ စဉ်းစားဘို့ပျင်းတဲ့လူတွေမှအပ၊ ကိုယ်ပိုင်ဉာဏ်ထုတ်ပြီး ဆင်ခြင်သုံးသပ်ချင်တဲ့ လူစုအဖို့တော့အလွန်နေရာကျပါတယ်ဆရာကြီး"

နုပ်။ ။"ကိုင်း ကိုင်း ဒါတွေတော်လောက်ပါပြီ။ မနက်က စကားကို ပြန်ကောက်ကြပါဦးစို့"

ရာ။ ။"ဗောဇ္ဈင် ၇-ပါးအကြောင်းဆက်ပါအုံး ဆရာကြီး"

နုပ်။ ။"ဘယ်ဂိုဏ်းကနည်းနဲ့ အားထုတ် အားထုတ်၊ ဗောဇ္ဈင် ၇-ပါးအတိုင်း ကိုက်မကိုက် ညီမညီ စတင်ကြည့်ရမယ်လို့ ပြောခဲ့ဘယ်ဟုတ်လား"

ရေး။ ။"မှန်ပါတယ်ဆရာကြီး"

နုပ်။ ။"ထွက်သက် ဝင်သက် (အာနာပါနကမ္မဋ္ဌာန်း)အလုပ်ဟာစိုက်ပြီးရှုတဲ့အလုပ်ဖြစ်တယ်။ စောင့်ပြီးကြည့်ရတဲ့ သတိအလုပ်မျိုး မပါဘူး။ ဒါ

ကြောင့် ဝိပဿနာအလုပ်မဟုတ်၊ သမထ အလုပ်မျှသာ ဖြစ်တယ်လို့ ပြောခဲ့တယ်မဟုတ်လား"

ရာ။ ။"ပြောခဲ့ပါတယ်ဆရာကြီး"

နုပ်။ ။"ဒီတော့ကာ ဒီခေတ်မှာ အားထုတ်နေကြတဲ့ ဘယ်နည်းကိုဘဲဖြစ်ဖြစ်၊ စိုက်ပြီးရှုရတဲ့အလုပ်မျိုးလား၊ စောင့်ပြီးကြည့်ရတဲ့အလုပ်မျိုးလား စစ်ကြည့်လိုက်ရင် သမထအလုပ်လား ဝိပဿနာအလုပ်လား ဆိုတာ အဖြေပေါ်ထွက်လာမယ် မဟုတ်လား"

ရေး။ ။"စောင့်တာနဲ့ စိုက်တာတော့ မမှားတန်ကောင်းပါဘူးနော် ဆရာကြီး"

နုပ်။ ။"ပါးစပ်နဲ့ ပြောပြီး အလွတ်စဉ်းစားနေခြင်းထက် လက်တွေ့ထိုင်ပြီးလုပ်ကြည့်လိုက်ရင် စဉ်းစားဉာဏ်အသင့်အတင့်ရှိတဲ့ လူဆို၊ ရှင်းလောက်ပါတယ်မောင်ရယ်"

ရာ။ ။"ဆရာကြီး ပြောပုံအရဆိုတော့ အလုပ်ထက် လုပ်ပုံလုပ်နည်းကပိုပြီးအရေးကြီးတယ်ပေါ့နော် ဆရာကြီး"

နုပ်။ ။"အလုပ်ကလဲ နာမ်ရုပ်ကိုရှုတဲ့အလုပ်ဖြစ်ရမယ်ပေါ့လေ။ ဥပမာ ဝေဒနာကိုရှုတယ်ဆိုပါတော့"

ရေး။ ။"ဝေဒနာဟာ ရုပ်လား နာမ်လားခင်ဗျာ"

နုပ်။ ။"ဝေဒနာဆိုတာဟာ နာမ်ခန္ဓာလေးပါးအနက်က တပါးပေါ့။ သို့သော် ရုပ်ကိုအစွဲပြုပြီး ဖြစ်ပေါ်တဲ့ ဝေဒနာမျိုးလဲ ရှိတာပေါ့"

ရာ။ ။"ဝေဒနာဟူသမျှဟာ ရုပ်ကိုအစွဲပြုပြီးဖြစ်ထာချည်းဘဲ မဟုတ်လား ဆရာကြီး"

နုပ်။ ။"လူတယောက်က မောင့်ကို လူလိမ် လူညာ တယောက်ဘဲလို့ စွပ်စွဲလိုက်တယ်ဆိုရင် နားထဲက နာသွားသလား"

ရာ။ ။"နားကတော့ မနာပါဘူးဆရာကြီး။ သို့သော် နားကကြားရလို့ စိတ်ထဲမှာ ဒေါသဖြစ်သွားပါတယ်"

နုပ်။ ။"ဟုတ်ပါတယ်။ ဒါမျိုးကိုစေတသိက ဒုက္ခလို့ ခေါ်ရပေလိမ့်မယ်။ အာသဝေါကင်းပြီးတဲ့ ရဟန္တာမျိုးမှ ဒီလို ဒုက္ခမျိုး မရှိဘူးလို့ ဟောတော်မူတယ်"

ရေး။ ။"ဝေဒနာရှုပုံ ခြားနားကြောင်း ဆက်ပြောပါအုံး ခင်ဗျာ"

နုပ်။ ။"မနက်ပိုင်းကလဲ ပြောခဲ့ပါပြီ။ ကြာကြာထိုင်နေလို့ ညောင်းကိုက်လာတဲ့ ဝေဒနာကိုစိုက်ပြီးရှုခြင်းသည် သမထအလုပ်ဖြစ်တယ်။ ဝေဒနာသုံးမျိုး၊ ဝေဒနာငါးမျိုးတို့ ပြောင်းလဲပုံကို စောင့်ကြည့်ခြင်းသည်သာလျှင် ဝေဒနာနုပဿနာဖြစ်တယ်လို့ ဗုဒ္ဓဟောတော်မူတယ်"

ရာ။ ။"ဘယ်ကျမ်းဂန်မှာ ဟောတော်မူပါသလဲဆရာကြီး"

နုပ်။ ။"သတိပဋ္ဌာန်လေးပါးထဲက ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ကြည့်လေ။ ဝေဒနာကို စိုက်ပြီး ရှုရမယ်လို့ ဟောတော်မူသလား။ စောင့်ပြီး ကြည့်နေရမယ်လို့ ဟောတော်မူတယ် မဟုတ်ဖူးလား"

ရေး။ ။"ကမ္မဋ္ဌာန်းသမားတွေဟာ သိသိကလေးနဲ့ ကပ်ပြီးလွဲနေကြတာကိုးနော် ဆရာကြီး။ဒါထက် စိုက်တော့ ဘာဖြစ်သလဲ။ စောင့်တော့ ဘာဖြစ်သလဲ ခင်ဗျာ"

နုပ်။ ။"ပြောခဲ့ပြီ မဟုတ်ဖူးလား။ စိုက်တော့စိတ်မပျံ့လွင့်ဘူး။သမာဓိဖြစ်တယ်။ စောင့်ကြည့်တော့မှ ဉာဏ်ပေါ်နိုင်တယ်"

ရာ။ ။"ဉာဏ်ဆိုတာ သမာဓိကင်းပြီးပေါ်နိုင်သလား ဆရာကြီးရယ်"

နုပ်။ ။"ဝိပဿနာဉာဏ်မျိုး ခေါ်ဆိုရာမှာ သမာဓိမရှိဘဲ မခေါ်နိုင်ဘူးမှန်ပါတယ်။ သို့သော် သတိလမ်းက သွားတဲ့ အလုပ်မျိုးကမှ ဉာဏ်ပေါ်နိုင်ပါတယ်။ ဝေဒနာကိုစိုက်ရှုတဲ့နည်းကတော့ သတိအလုပ်မပါလို့ သမာဓိဘဲဖြစ်နိုင်ပါတယ်။ ဉာဏ်ပေါ်ဘို့ခဲယဉ်းပါတယ်။ သို့သော် ဒီအကြောင်းကို ဗောဇ္ဈင် (၇)ပါး ရှင်းပြလို့ သမာဓိ သံဗောဇ္ဈင်အကြောင်းရောက်တဲ့အခါကျတော့ ရှင်းပါလိမ့်မယ်"

ရေး။ ။"ရှေ့ဆက်ပါတော့ ဆရာကြီးခင်ဗျာ"

နုပ်။ ။"သတိသံဗောဇ္ဈင်အကြောင်း တော်တော်နားလယ်ကြပြီ ဆိုပါတော့။ ဟုတ်စ"

ရာ။ ။"သဘောပေါက်ပါပြီဆရာကြီး"

နုပ်။ ။"နံပတ်(၂)က ဓိရိယသံဗောဇ္ဈင်တဲ့။ တချို့စာကလဲ ဓမ္မဝိစယ သံဗောဇ္ဈင်ကို နံပတ်(၂)မှာထားတယ်။ ဆရာကလက်တွေ့ အားထုတ်ကြည့်တဲ့ အခါမှာ ဝီရိယကိုနံပတ်(၂)မှာ ထားခြင်းကပိုပြီးသဘာဝကျတယ်လို့ ဆိုချင်

တယ်။သို့သော် ရှေ့နောက် အစဉ်ကိုထားလိုက်ပါတော့။ အနက် အဓိပ္ပာယ်ကိုဘဲ ရှင်းပြပါစို့နော်”

ရေး။ ။“ပြောပြပါဆရာကြီး”

နုပ်။ ။“သတိထားပြီး စိတ်ကလေးကို စောင့်ကြည့်ရတဲ့ အလုပ်ဟာက တော်တော်ပျင်းစရာ ကောင်းတယ်မဟုတ်လား”

ရာ။ ။“ပျင်းစရာကောင်းပါတယ်ဆရာကြီး။ နှာသီးဖျားတို့ ငယ်ထိပ်တို့ ဝမ်းဗိုက်တို့ကို စိုက်ပြီးရှုရတာလောက် မလွယ်ပါဘူးခင်ဗျာ”

နုပ်။ ။“ဟုတ်တယ်လေ။ဒါကြောင့်လဲ လူတွေက ခက်တယ်ခက်တယ်နဲ့ ပြောရှာကြတာဘဲ။ စိုက်ရတာထက် စောင့်ကြည့်ရတာက ခက်တာအမှန်ဘဲ။ သို့သော် လိုရာခရီးရောက်ချင်တယ်ဆိုရင် ခက်တယ်ဆိုပြီးရှောင်လို့မရပေဘူး။ လမ်းမှန်အတိုင်းလိုက်ကြရပေလိမ့်မယ်”

ရေး။ ။“စောင့်ကြည့်ရတာက စိုက်ရှုရတာထက်၊ ဘာ့ကြောင့် ပိုပြီး ခက်ခဲရတာလဲ ဆရာကြီးရယ်”

နုပ်။ ။“ဒါကတော့ စိတ်ရဲ့ဓမ္မတာသဘာဝလို့ ဆိုရမှာဘဲ။ သို့သော် တခုတော့မှတ်ထားလိုက်ကြ။ စိုက်ရှုတဲ့နည်းမျိုးက အိန္ဒိယပြည်မှ ဖကီရ်များ၊ ဆာဒူများ၊ ပရဗိုဇ်များ လုပ်ကြတဲ့ နည်းဘဲ။ စောင့်ပြီး ရှုတယ်ဆိုတာက ဂေါတမဗုဒ္ဓတီထွင်ခဲ့တဲ့ဝိပဿနာရှုနည်းဖြစ်တယ်။ စကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ တိဘက်ပြည်တို့၊ ဂျပန်ပြည်တို့မှ (Zen Buddhism) ဈာန်ဗုဒ္ဓဘာသာခေါ်တဲ့ မဟာယနဂိုဏ်းသားတွေအားထုတ်ကြတဲ့နည်းတခုရှိတယ်။သူတို့နည်းက စိတ်ကို အတွင်းဘက်လှည့်ပြီး စိုက်ရှုရတဲ့နည်းဘဲ။ ဆရာကိုယ်တိုင် စုံစမ်းတဲ့သဘောနဲ့ သူတို့စာတွေဖတ်ပြီး သူတို့နည်းအတိုင်း စမ်းကြည့်ဘူးတယ်။ သူတို့အလုပ်က စိတ်ကိုစောင့်ကြည့်ခြင်းမဟုတ်။ အတွင်းဘက်လှည့်ပြီး စိုက်ကြည့်ရတဲ့အလုပ်ဘဲ။ ပွတ်ကာ သီကာလောက်ကလေး လွဲတဲ့အလုပ်ဘဲ မောင်တို့ရေ့”

ရာ။ ။“ဆရာကြီးစမ်းကြည့်တော့၊ ဘာများတွေ့ရသလဲခင်ဗျာ”

နုပ်။ ။“သမာဓိ ခိုင်မြဲဘို့ အတွက်တော့၊ တော်တော် ကောင်းတဲ့ အလုပ်တခုဘဲ။သမာဓိသက်သက်မြန်မြန်ကြီးရစေဘို့အတွက်တော့တော်တော်

ကြီးအရာရောက်ခြင်းကိုတွေ့ရတယ်။ သူတို့ဂိုဏ်းသားထဲက တရားပေါက်တယ်ဆိုတာ ဈာန်ဖက်ကပေါက်ခြင်းဖြစ်ရမှာဘဲ။ ဉာဏ်မဟုတ်နိုင်ပါဘူး”

ရေး။ ။“ဆရာကြီးက ဘယ်အထိစမ်းကြည့်ခဲ့သလဲခင်ဗျာ။ တော်တော်ပေါက်ခဲ့ပါသလား”

နုပ်။ ။“ဒီလမ်း အတိုင်း လိုက်ရင် ဘယ်ရောက်တယ် ဆိုတာလောက်သိချင်လို့ စမ်း ကြည့်ခြင်းဖြစ်ပါတယ်၊ တကယ် ပေါက်ရောက် အောင်တော့မလိုက်ခဲ့ပါဘူး။ ပညာစခန်းအတိုင်း အဆုံးတိုင် ပေါက်တဲ့ အခါကျတော့မှစမ်းချင်လဲစမ်းကြည့်မယ်ပေါ့လေ။ ဒီ့ပြင်လူတော့မပြောတတ်ဘူး။ ဆရာ့အဖို့ကတော့သမာဓိသက်သက်အတွက်ဆိုရင်တော့ တော်တော်မြန်တဲ့နည်းဘဲမောင်ရဲ့”

ရာ။ ။“ရှုမဝထဲမှာ တခါတုန်းက ဆရာကြီးရေးဘူးတယ် မှတ်ပါတယ်။ အတွင်းဘက်လှည့်ကြည့်တဲ့နည်းဟာလေ”

နုပ်။ ။“ဒီ့နောက်မှ မဟာယန ဂိုဏ်းစာတွေ ဖတ်ကြည့်ပြီး၊ တမင်တကာစမ်းသပ်ကြည့်ခြင်းဖြစ်ပါတယ်”

ရေး။ ။“ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်းထက် သာချင် သာမယ် ထင်လို့လားခင်ဗျာ”

နုပ်။ ။“ဟာ ဒီလိုတော့ မဟုတ်ပါဘူး။ စုံအောင် စမ်းကြည့်ချင်တဲ့ဝါသနာအလျောက် ရံဖန်ရံခါစမ်းကြည့်ခြင်းဖြစ်ပါတယ်”

ရာ။ ။“ဘယ်လို ဗဟုသုတမျိုးရခဲ့ပါသလဲ ဆရာကြီး”

နုပ်။ ။“ဆရာပြောခဲ့ပြီကော။ သမာဓိသက်သက် လိုချင်ရင်တော့ ဝင်လေ ထွက်လေကိုစိုက်ရှုတာထက်၊ ခရီးပေါက်ရောက်လွယ်မယ်လို့ယူဆတယ်”

ရေး။ ။“ဟုတ်နိုင် မထင်ပေါင် ဆရာကြီးရယ်။ သမာဓိအတွက်ဆိုရင်တော့အိန္ဒိယပြည်ကဖကီရ်များရဲ့နည်းထက်သာနိုင်တယ်မထင်ပါဘူးခင်ဗျာ”

နုပ်။ ။“အမှန်တော့ ရဲရဲကြီး မပြောဝံ့ဘူးလေ။ ဆရာ့အဖို့ကတော့အတွင်းဘက်လှည့်ပြီးရှုရတဲ့ အလုပ်မျိုးမှာ အလေ့အကျင့်ရနေလို့ထင်ပါရဲ့”

ရာ။ ။“ဒါဖြင့်သူတို့အလုပ်က ဗုဒ္ဓရဲ့စိတ္တာနုပဿနာအလုပ်နဲ့ ဘယ်လိုခြားပါသလဲခင်ဗျာ”

နုပ်။ ။"ပြောခဲ့လျှပြီ မဟုတ်လား။ အတွင်းဘက် လှည့်ပြီးစိုက်တာနဲ့၊ ဒေါင့်ကြည့်တာနဲ့ခြားနားခြင်းပါဘဲ"

ရေး။ ။"ဝီရိယသံဗောဇ္ဈင်အကြောင်း ဆက်ပါဦးဆရာကြီး"

နုပ်။ ။"သတိ သံဗောဇ္ဈင်အရ သတိမလွှတ်အောင် လုပ်သော်လဲ ခဏ ခဏ လွှတ်လွှတ်သွားတတ်တယ်။ လွှတ်ဖန်များလေတော့ စိတ်ပျက်တတ်တယ်၊ စိတ်မပျက်အောင်ကိုယ့်စိတ်ကိုအားပေးပြီးကြိုးစားခြင်းဟာ ဝီရိယသံဗောဇ္ဈင် ခေါ်တယ်"

ရာ။။ "သတိလွှတ်ခြင်းကိုသမာဓိနဲ့ ထိန်းရတယ်မဟုတ်လားဆရာကြီး"

နုပ်။ ။"သတိလွှတ်ခြင်းကတခြား၊စိတ်ပျံ့လွင့်ခြင်းကတခြားဘဲ။လက်တွေ့လုပ်ကြည့်တော့ နားလယ်လိမ့်မယ်။ သတိလွှတ်ခြင်းကို ဝီရိယနဲ့ထိန်းရတယ်။ သမာဓိဆီကို မရောက်သေးပါဘူး။ နောက်ပိုင်းကျတော့မှ သမာဓိ သံဗောဇ္ဈင်ဆီရောက်ပါလိမ့်မယ်။ ကမ္မဋ္ဌာန်းသမားတွေ ခက်နေတာက သတိ လွှတ်ခြင်းနဲ့ စိတ်ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ) ကို ပိုင်းခြားပြီး နားမလယ်ကြဘူး၊ ကမ္မဋ္ဌာန်းထိုင်တယ်ဆိုပေမင့် သတိအလုပ်ကိုမလုပ်ကြဘဲ သမာဓိအလုပ်ချည်း လုပ်နေကြလို့ ဝေးနေကြရှာတာဘဲ"

ရေး။ ။"နေပါဦးဆရာကြီး။ ဥဒ္ဓစ္စကို သမာဓိနဲ့ ထိန်းတယ်ဆိုတယ်၊ သတိလွှတ်တော့ကော ဘာနဲ့ထိန်းမလဲခင်ဗျာ"

နုပ်။ ။"သတိလွှတ်တယ်ဆိုတာ ပမာဒသဘောဘဲ။ပမာဒကို အပမာဒ သဘောနဲ့ထိန်းရတယ်၊ စိတ်အလုပ်နဲ့ပတ်သက်လို့ ဟောတော်မူခဲ့ပုံတွေက အင်မတန်တိကျတယ်။ သူ့အနာနဲ့ သူ့ဆေးနဲ့ရှိနေတာဘဲ။ စိတ်သဘာဝကို လက်တွေ့ မလေ့လာဘူးတဲ့လူတွေကသာ ဘာဘဲဖြစ်ဖြစ်၊ သမာဓိကိုချည်း အားကိုးကြတယ်။ သမာဓိအကြောင်းကိုချည်းပြောကြဟောကြတယ်"

ရာ။ ။"ဆရာကြီးကတော့ သမာဓိကို အားမကိုးဘူးလားခင်ဗျာ"

နုပ်။ ။"ဗောဇ္ဈင် (၇)ပါးအရ အားထုတ်သူဖြစ်လေတော့ ရှေးဦးစွာ သတိကိုဘဲကြိုးစားတယ်။နောက်တော့မှ သမာဓိရောက်လာတယ်"

ရေး။ ။"ဒီလိုဆို သမာဓိက အဆင့်အတန်းမြင့်လို့လားဆရာကြီးရယ်"

နုပ်။ ။"နိမ့်တယ်မြင့်တယ်ပြောဘို့ မလိုပါဘူး။ဝိပဿနာအလုပ်မှန်ရင် တော့၊ သတိကခံပြီးမှတည်မှ ယထာဘူတကျတယ်"

---

ရာ။　　။"သမထကစပြီး ဝိပဿနာတက်တော့၊ သမာဓိက စရမယ်မဟုတ်ဘူးလားဆရာကြီး"

နုပ်။　　။"ဒါက တနည်းဘဲ။ သျှင်မောဂ္ဂလန် ဂိုဏ်းသားများတော့ ဒီလိုဘဲ လုပ်ကြတယ်ဆို ထင်ပါရဲ့။ သို့သော် တခုခက်နေတာက သမထကစပြီး ဝိပဿနာကူးတယ်လို့ ပြောကြပေမင့်၊ ဝိပဿနာတက်တယ် ဆိုတော့လဲ သမာဓိအကြောင်းကိုဘဲဖိပြောနေကြတယ်။ သတိဆိုတဲ့ အသုံးအနှုန်းကိုလွှတ်ထားတဲ့လူတွေက တော်တော်များနေတယ်"

ရေး။　　။"ရှေ့တဆင့်တက်ကြပါစို့ဆရာကြီး"

နုပ်။　　။"နံပတ်(၃)က ဓမ္မဝိစယ သံဗောဇ္ဈင်တဲ့။ ဗောဇ္ဈင် (၇)ပါးမှာ နံပတ် ၃-ဟာ အရေးအကြီးဆုံး ဖြစ်ပါရက်နဲ့ ဝိပဿနာအမည်ခံဂိုဏ်းတွေဟာ ဓမ္မဝိစယ သံဗောဇ္ဈင်အကြောင်းကို ထည့်ပြောတဲ့လူ ခပ်ရှားရှားဖြစ်နေတယ်။ ပြောကြပြန်တော့လဲ တရားသဘာဝနဲ့ ပတ်သက်လို့ နှလုံးသွင်းခြင်းဆိုသလိုလိုပြောတတ်ကြတယ်"

ရာ။　　။"အဓိပ္ပာယ်က ဘယ်လိုလဲဆရာကြီးရယ်"

နုပ်။　　။"နှလုံးသွင်းရုံမဟုတ်ဘူး မောင်တို့ရဲ့။ စူးစမ်းခြင်း သုတေသနပြုလုပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်မျိုးကိုဆိုလိုတယ်"

ရေး။　　။"ဘယ်လိုစူးစမ်းရမှာလဲဆရာကြီးရယ်"

နုပ်။　　။"ဥပမာ၊ စိတ္တာနုပဿနာအလုပ်ကို လုပ်သည်ဖြစ်စေ။ ဝေဒနာနုပဿနာအလုပ်ကို လုပ်သည်ဖြစ်စေ။သတိ ဝီရိယနဲ့ စောင့်ပြီး ကြည့်နေတဲ့အခါမှာ စိတ်အကြောင်း၊ သို့မဟုတ် ဝေဒနာအကြောင်းနဲ့ ပတ်သက်လို့ အတွေ့အကြုံကလေးတွေပေါ်လာလိမ့်မယ်"

ရာ။　　။"ဝေဒနာအကြောင်း ကြားပါရစေဆရာကြီး"

နုပ်။　　။"ဆရာကစိတ်အကြောင်းကို လေ့လာထားတဲ့လူ ဖြစ်လေတော့ စိတ်နဲ့ပတ်သက်တဲ့ စူးစမ်းပြီး သုတေသနအလုပ်ကို ပိုပြီးကျင်လယ်ပါတယ်။ သို့သော် အားထုတ်နည်းတခုကို လက်တွေ့လေ့ကျင့်ထားတဲ့လူဟာ အခြားနည်းတခုနဲ့ ပတ်သက်လို့ လုပ်ပုံ လုပ်နည်း ကိုလဲ သဘော ပေါက်နိုင်ပါတယ်။ မောင်သိချင်တဲ့ ဝေဒနာနုပဿနာနဲ့ ပတ်သက်ပြီး စူးစမ်းပုံ

သုတေသနလုပ်ပုံကိုပြောရရင် ဝေဒနာ ကို စောင့်ရှု တဲ့ ယောဂီ သည် ထိ ပေါက်တယ်လို့ သတင်းကြားလိုက်တဲ့ အခါမှာ အင်မတန် ပျော်သွားလို့ သောမနဿဝေဒနာ ဖြစ်ပေါ်လာတယ်ဆိုပါစို့။ သူ့မှာပျော်နေတဲ့ သောမနဿဝေဒနာ ဖြစ်နေပါတကားလို့ သိလာရမယ်။ ချက်ချင်း မသိနိုင်ရင်လဲ တခဏလောက်ကြာတော့ သိရမယ်။ တော်တော် ကြာတော့ သူ့ခလေး တယောက် လှေကားပေါ်မှ ဂွမ်း ထိုး ကျ သွား တယ် ဆို ပါ တော့။ ခလေး အတွက် ဝမ်းနည်းတယ်။ ခလေးထိန်းရဲ့ ပေါ့လျော့မှုကိုပြောဆိုပြီး၊ ဒေါသ ဖြစ်တယ်။ ဒီအခြင်းအရာနှစ်ခုကိုလဲ ယောဂီဟာ သိတယ်ဆိုပါစို့။ ဒီအခါ မှာ ဓမ္မဝိစယသံဗောဇ္ဈင်အရ စူးစမ်းတဲ့သဘော၊ သုတေသနပြုတဲ့သဘော ဖြစ် ပေါ်၍ လာခဲ့လို့ ရှိရင် ငါဟာ ထိပေါက်တယ်ဆိုလို့ ဝမ်းသာမိတယ်။ အခု တော့ ဝမ်းသာစိတ်ပျောက်သွားပြီး ခလေးအတွက် ဝမ်းနည်းခြင်းနဲ့ ခလေး ထိန်းအပေါ် ဒေါသဖြစ်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ် ပေါ် လာ တယ်။ ခုနက ဝမ်းမသာဘဲနေခဲ့တဲ့ သောမနဿဝေဒနာဟာ ဘယ်ဆီရောက်သွားသလဲ။ ဝမ်း မသာမီကော ဘယ်ကနေပြီး စောင့်နေသလဲ။ ဝမ်းသာခိုက်မှာ ဝမ်းသာပြီး၊ ဒေါသဖြစ်စရာ ကြုံလာတော့၊ တခုပျောက်ပြီး တခုဝင်လာတာပါဘဲလား။ ဝမ်းသာခြင်းဝမ်းနည်းခြင်းဆိုတာဟာအမြဲတည်နေတာမဟုတ်ပါဘဲတကား။ အခိုက်အတန့်အရ ဖြစ်ပေါ်လာပြီး တခဏနေတော့ ပျောက်သွားကြတာပါ ဘဲတကား။ ဝေဒနာ တခုပြီးတခု ပေါ်ချည်ပျောက်ချည် ဖြစ်နေခြင်းမျိုးဟာ ဘယ်လောက်များ နှစ်သက်တွယ်တာစရာ ရှိပါသလဲ။ ဝေဒနာတခုဟာ ဘယ် လောက်တည်မြဲပြီး နေနိုင်ပါသလဲ။ ပျော်စရာကလေးတွေတွေ့တော့ နှစ်သက် တယ်။ သဘောကျတယ်။ ခံရခက်တာကလေးတွေတွေ့တော့ မကြေမနပ် ဖြစ် ရတယ်။ ဝေဒနာဆိုတာ ငါပိုင်တာလဲ မဟုတ်ဘဲနဲ့ ကောင်းတာကလေး ရွေး ပြီး ခံစားချင်လို့ ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်တဲ့ သဘာဝ ရှိပါ့မလား။ မဖြစ် နိုင်တာကို တောင့်တခြင်းဟာ အဓိပ္ပာယ်မရှိ၊ ဆင်းရဲရခြင်းဘဲ မဟုတ်လား အစရှိတဲ့ စူးစမ်း ဆင်ခြင်ဉာဏ် မျိုးကလေးတွေ ဖြစ်ပေါ်ခြင်းကို ဓမ္မဝိစယ သံဗောဇ္ဈင်လို့ ခေါ် တယ်။ ဒီ လို စဉ်း စား ဉာဏ် မျိုး မ ဖြစ် ပေါ် တဲ့ အလုပ်မျိုးဟာ သမထ အလုပ်မျိုးသာ ဖြစ်နိုင်တယ်”

ရေး။ • ။“ဥဒါဟရဏ်တခုလောက် ပြပါ ဆရာကြီး”

---

ပုဂ္ဂိုလ်စာအုပ်တိုက်

နုပ်။ "ယောဂီတယောက်ဟာ ပထဝီကသိုဏ်းအလုပ်ကို လုပ်တယ်ဆို ပါတော့။ သူ့ရှေ့မှာ ကသိုဏ်းဝန်းတည်ပြီး တစိုက်တည်း စိုက်ကြည့်နေရ တာဘဲ။ ဘာဉာဏ်မှလဲ မပေါ်နိုင်ဘူး။ စူးစမ်းဆင်ခြင်နိုင်စရာ အချက်အလက် လဲ ဘာမှမရှိဘူး။ မပြန့်လွင့်တဲ့ သမာဓိအစွမ်းကြောင့် တန်ခိုးသတ္တိအထူး အဆန်းတွေ ရချင်ရမယ်။ ဉာဏ်အမြင် အနေနဲ့ကတော့ တိုးတက်နိုင်စရာ လမ်းကို မရှိဘူး။ တခါတုန်းက ရိပ်သာတခုမှာ ပြတ်နည်းကို သဘောမကျ လို့ ထွက်လာတဲ့ နိုင်ငံခြားသား ရဟန်းတပါးနဲ့ တွေ့ရဘူးတယ်။ ဘာလုပ် သလဲလို့ မေးလျှောက်ကြည့်တော့ ပထဝီကသိုဏ်းအလုပ်ကိုလဲ လုပ်တယ်တဲ့၊ သူ့စိတ်ကို အတွင်းဘက်လှည့်ကြည့်တဲ့ အလုပ်ကိုလဲလုပ်တယ်တဲ့၊ ပြောတယ်။ ဒီတော့ ဆရာက စိတ်ဝင်စားပြီး အတွင်းဘက်ကြည့်ပုံအမျိုးမျိုးရှိကြောင်း လျှောက်ထားပြီး ဘယ်ပုံကြည့်နည်းမျိုးနဲ့ အားထုတ်ပါသလဲလို့ မေး လျှောက်ကြည့်တော့၊ အဖြေမပေးဘဲ ဦးခေါင်းငိုက်စိုက်နဲ့ ထိုင်နေခြင်းကို ကြုံရဘူးတယ်။ ဗုဒ္ဓဘာသာကို အထင်ကြီးပြီး လာရောက် စမ်းသပ် ကြည့်ကြ တဲ့ နိုင်ငံခြားသားများကို နည်းနားပြသတဲ့ ပုဂ္ဂိုလ်များက စောင့်ကြည့်ရ တဲ့ (ဝိပဿနာ) အလုပ်မျိုးကို မပြသကြဘဲ စိုက်ရှုရတဲ့ (သမထ) အလုပ်မျိုး လောက်နဲ့ ပြန်သွားကြရတာတွေ ကြားရဘူးတော့ နှမြောမိတယ် မောင်တို့ ရယ်"

ရာ။ ။"ကျွန်တော် တခုမေးပါရစေဆရာကြီး"

နုပ်။ ။"မေးပါမောင်"

ရာ။ ။"ဆရာကြီးပြောခဲ့တဲ့ စူးစမ်းဆင်ခြင်သော ဓမ္မဝိစယသံမ္ဗောဇ္ဈင် အလုပ်ကို သူ့ချည်းသက်သက် လုပ်လို့ကော မရဘူးလားဆရာကြီး"

နုပ်။ ။"ဘယ်လိုမေးတာလဲ၊ စာအုပ်တွေ ဒီပနီတွေ ဖတ်ရှုပြီး စာထဲက အကြောင်းအရာတွေကို စဉ်းစား ဆင်ခြင်ခြင်းမျိုးလား"

ရာ။ ။"ဟုတ်ကဲ့ ဆရာကြီး"

နုပ်။ "သတိပဋ္ဌာန်လေးပါးအနက်မှ တပါးပါးကို မူတည်ပြီး သတိ ဝီရိယနဲ့ စောင့်ကြည့်တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခြင်းအရာ ကလေးတွေနဲ့ ပတ်သက်လို့ စူးစမ်းဆင်ခြင်ခြင်းမျိုးက သံဗောဇ္ဈင် (၇)ပါး၏ ဓမ္မဝိစယ သံ

ဗောဇ္ဈင်ဖြစ်နိုင်ပါတယ်။ စာကိုဖတ်ပြီး စဉ်းစားခြင်းမျိုးကတော့ လက္ခဏာဆိုက်အောင် ဉာဏ်အမြင်မျိုးဖြစ်ပေါ်လာဘို့ ခဲယဉ်းပါလိမ့်မယ်”

ရာ။ ။“လက္ခဏာဆိုက်တဲ့ ဉာဏ်အမြင်မျိုး ဆိုတာက ဘယ်လိုဉာဏ်အမြင်မျိုးလဲ ဆရာကြီး”

နုပ်။ ။“ဆရာ ခဏခဏ ရေးခဲ့ဘူးလှပါပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးထဲမှ တပါးပါးနဲ့ အဓိပ္ပာယ်အကြုံးဝင်တဲ့ ဉာဏ်အမြင်မျိုးကို ဆိုလိုပါတယ်”

ရာ။ ။“ဖြစ်ပျက်လို့မြင်ရင် လက္ခဏာဆိုက်တယ်မဟုတ်လားဆရာကြီး”

နုပ်။ ။“ဖြစ်ပျက်အစစ်အမှန်ကို တကြိမ်တခါ မြင်ရရင် ဥဒယဗ္ဗယဉာဏ်ဖြစ်နိုင်ပါတယ်။ ‘တဖွားဖွား’ ဆိုတဲ့ အထင်မျိုးကတော့ ဥဒယဗ္ဗယဉာဏ်မဟုတ်။ သမထနိမိတ်မျှသာ ဖြစ်ကြောင်း ရေးခဲ့ဘူးလှပါပြီ”

ရေး။ ။“နံပတ်(၄)ကို ဆက်ပါတော့ဆရာကြီး”

နုပ်။ ။“နံပတ်(၄)ဖြစ်တဲ့ ပီတိသံဗောဇ္ဈင်ကတော့ အကျိုး တရားဖြစ်ပါတယ်၊ ဒီဟာကလဲ တော်တော် ကြီးကျယ်တယ်”

ရေး။ ။“ပြောပြပါအုံး ဆရာကြီး”

နုပ်။ ။“သတိဝီရိယနဲ့ ဓမ္မဝိစရ သံဗောဇ္ဈင်အတိုင်း အားထုတ်ရတဲ့ အခါမှာ တော်တော် ပင်ပန်းပါတယ်။ သတိမြဲအောင် အင်မတန် ကြိုးစားရပါတယ်။ ကြပ်ကြပ်ကြိုးစားလို့ စိတ်အရည်အချင်း တက်လာတဲ့ အခါကျတော့ အားထုတ်ရခြင်းအလုပ်မှာ ပျော်လာတတ်ပါတယ်”

ရာ။ ။“ဘယ်ပုံပျော်နိုင်သလဲ ဆရာကြီးရယ်”

နုပ်။ ။“စိတ္တာနုပဿနာအလုပ် ဆိုပါတော့။ အစ ပထမမှာ ကိုယ့် စိတ်ကို စောင့်ကြည့်ရခြင်းဟာ တော်တော်ကြီး ပင်ပန်းပါတယ်။ နောက်တော့ ဘယ်လိုသဘောပေါက်လာသလဲဆိုတော့ နှလုံးမသာယာစရာမျိုးတွေ အလိုမကျမှုမျိုးတွေ။ ဟိုအကြောင်းဒီအကြောင်းတွေကို ပေါက်လွှတ် ပဲစား စဉ်းစားနေရခြင်းထက် မိမိစိတ်ကလေးကို စောင့်ကြည့်နေရခြင်း အလုပ်ဟာက သက်သာပါသေးကလား၊ ဒါကမှ နေရာကျတာကိုးဆိုတဲ့ သဘောကျမှုမျိုးတွေ ဖြစ်ပေါ်လာတယ်။ ဒီအချိန်ကစပြီး စိတ်ကို စောင့်ကြည့်ရခြင်း အလုပ်ဟာ အသာကလေးလုပ်နေတာဘဲ။ ဘယ်မှာ ပင်ပန်းစရာရှိလို့လဲ ဆိုတဲ့ သဘော

ထားမျိုး ဖြစ်လာတယ်။ ဒီတော့မှ သူ့အလုပ်မှာ သူပျော်လာပြီး စိတ်ကြည်လင်ခြင်းဆိုတဲ့ ပဿဒ္ဓိခေါ်တဲ့ သံဗောဇ္ဈင်နဲ့ ပြည့်စုံလာတယ်”

ရေး။　။“ဒီစိတ်မျိုး ဖြစ်လာတဲ့ အခြေကျတော့ အားထုတ်ရခြင်းဟာ တော်တော်ကြီး ဝန်ပေါ့သွားမှာပေါ့နော် ဆရာကြီး”

နုပ်။　။“ဟုတ်တာပေါ့။ ရှေ့ရောက်တော့ ယောဂီရဲ့ စိတ်ဟာ သူ့အလုပ်ထဲမှာ တည်ငြိမ်လာပြီး သမာဓိ သံဗောဇ္ဈင်ဆိုတာနဲ့ ပြည့်စုံလာတော့တာပေါ့”

ရာ။　။“ရှေ့အဆင့်ကတော့ ဥပက္ခော သံဗောဇ္ဈင်ဘဲ ရှိတော့တာပေါ့နော် ဆရာကြီး။ ဘယ်လို ဥပေက္ခာမျိုးလဲခင်ဗျ”

နုပ်။　။“ဥပေက္ခာကတော့ အမျိုးမျိုးဘဲ။ သင်္ခါရ ဥပေက္ခာတို့၊ တတြမဇ္ဈတ္တုပေက္ခာတို့ပေါ့လေ။ ဒါတွေက အကျိုးတရားတွေဘဲ။ အားထုတ်လို့ ကိုယ်ရောက်တော့ သိလိမ့်မပေါ့၊ အရေးကြီးတာက အကြောင်းဗောဇ္ဈင်ဖြစ်တဲ့ သတိဝီရိယနဲ့ ဓမ္မဝိစရ အကြောင်းကို နားလည်ဘို့က အရေးကြီးပါတယ်။ အကြောင်းအတိုင်းမှန်ကန်အောင် အလုပ်လုပ်၍ မှန်ကန်တဲ့ အလျောက် အကျိုးထူးတရား ဖြစ်ပေါ်လာရမှာပေါ့”

ရေး။　။“ကျေးဇူးများပါတယ်ဆရာကြီး။ ဗောဇ္ဈင်ဆိုတာမျိုးဟာရွတ်ရတယ်လို့သာ ကျွန်တော်တို့ နားလည်ခဲ့ပါတယ်။ တရားအားထုတ်တဲ့ယောဂီများအဖို့ ‘မှတ်ကျောက်’ အနေမျိုးဆိုတာကတော့ ဆရာကြီး ပြောဟောမှ ကျွန်တော်တို့ ကြားရဘူးပါတယ်”

ရာ။　။“ဟိုတပတ်က ရှုမဝမဂ္ဂဇင်းထဲမှာ နိဗ္ဗာန်အကြောင်းကို ဆရာကြီး ရှင်းပြလို့ တခုတော့ ကျွန်တော် သဘောပေါက်သွားပါတယ်ဆရာကြီး”

နုပ်။　။“ဘယ်လို ပေါက်တာလဲ မောင်ရယ်”

ရာ။　။“နိဗ္ဗာန်ဆိုတာ ပုထုဇဉ်များ နားလယ်ဘို့ အလွန် ခဲယဉ်းတယ်လို့တော့ ကြားဘူးပါတယ်။ ဆရာကြီးရေးပြတဲ့ အနုလောမ ဉာဏ် ဆိုတဲ့ ‘ပြောင်းပြန်’ ဉာဏ်အမြင် အကြောင်းကို ဖတ်လိုက်ရတဲ့ အခါကျတော့မှ နိဗ္ဗာန်ကို ကိုယ်တိုင်မမြင်ရသော်လည်း ပုထုဇဉ်အနေနဲ့ မြင်နိုင်ဘို့ ခဲယဉ်းတယ်ဆိုတာဟာ ဘာ့ကြောင့် ခဲယဉ်းတယ်ဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက် ကြေနပ်သွားပါတယ် ဆရာကြီးခင်ဗျာ”

---

# (၁၁)

# ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်၏အကျိုးတရား

လွန်ခဲ့သော ၆-လခန့်မှစ၍ ကျွန်ုပ် သည် မိုးကုတ်မြို့သို့သွား၍ ကမ္ဘာ့ငြိမ်းချမ်းရေးကျမ်းတစောင်ကိုအင်္ဂလိပ်လိုစီရင်ရေးသားလျက်ရှိသည်နှင့် ဆောင်းပါးများမရေးနိုင်ဘဲ ကျွန်ုပ်၏စာဖတ်ပရိသတ်နှင့်အဆက်ပြတ်လျက်ရှိခဲ့သည်။ ထိုကျမ်းစာအုပ်မှာ ကျွန်ုပ်ခန့်မှန်းသည့်အချိန်အပိုင်းအခြားအတွင်း၌ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခြင်းမရှိရာတွင် ခေတ္တမျှရပ်နားပြီးလက်ငင်းပရိယေသနအတွက် ကျွန်ုပ်ရေးနေကျဖြစ်သည့် ရှုမဝ၊ ငွေတာရီ၊ သွေးသောက် တည်းဟူသော မဂ္ဂဇင်းများအတွက် သက်ဆိုင်ရာ ဆောင်းပါးများကို တတိုက်လျှင် တမျိုးစီ၊ သူ့အခန်းနှင့်သူ ဆက်လက်ရေးသား ပေးပို့ရပါဦးတော့မည်။

ဇွန်လ ၂-ရက်နေ့က မိုးကုတ်မြို့မှ မန္တလေးသို့ ဆိုက်ရောက်လာခြင်းကို ကြားသိကြသည်နှင့်တပြိုင်နက်၊ ကျွန်ုပ်၏ခမ္မမိတ်ဆွေများနှင့် ဗဟုသုတရှာမှီးသည့်လူကြီးလူငယ်များသည် ကျွန်ုပ်၏နေအိမ်သို့အလျှိုလျှိုပေါက်လာကြလေရာ၊ အောက်ပါဆွေးနွေးခန်းမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ကို နှစ်သက်သဘောကျသဖြင့် ဝမ်းသာအားထုတ်ဘူးသည့်ကျောင်းဆရာတယောက်နှင့်အမေးအဖြေပြုလုပ်ကြသည့် အကြောင်းအရာများဖြစ်ပါသည်။

ရာ။ ။"ဆရာကြီးကို ကျွန်တော် မျှော်လိုက်ရတာခင်ဗျာ။ ပြောချင်လွန်းလို့ အူကိုယားနေတာဘဲ"

နုပ်။ ။"ဘာတွေများပြောချင်လို့လဲ ဆရာလေးရဲ့"

---

ပုဂံစာအုပ်တိုက်

ရာ။ ။"မိုးကြိုးသတင်းစာမှာ ဦးစိန်ခိုဆိုတဲ့ ဓမ္မာစရိယပုဂ္ဂိုလ်တဦးက ဆရာကြီးအကြောင်း ရေးလိုက်တာကို၊ ဆရာကြီး ဖတ်လိုက်မိသလား မဆိုနိုင်ဘူး"

နုပ်။ ။"ဖတ်လိုက်ရပါတယ်။ဆရာ့ကိုလှူကြတဲ့ သတင်းစာ လေးငါးစောင်အနက်မှာ မိတ်ဆွေ ဦးအုန်းခင်ရဲ့ မိုးကြိုးသတင်းစာလဲ ပါလေတော့ ဖတ်လိုက်မိပါတယ်။ ကိုယ့်မလှူတဲ့ သတင်းစာ မဂ္ဂဇင်းများတော့ ဆရာ မဖတ်မိပါဘူး။ ဓမ္မာစရိယ ဦးစိန်ခိုဆိုခြင်း အားဖြင့် ဓမ္မာစရိယ စာမေးပွဲ အောင်တဲ့ပုဂ္ဂိုလ်ဘဲလား။ သို့မဟုတ် တရားဟောဆရာလို့ဘဲ ဆိုလိုသလား မပြောတတ်ဘူး"

ရာ။ ။"စာမေးပွဲအောင်တဲ့ပုဂ္ဂိုလ်တဦး ထင်ပါရဲ့ဆရာကြီး"

နုပ်။ ။"ဘယ်အချက်ကြောင့်ဆရာကလေးကအူယားနေရတာလဲဗျာ"

ရာ။ ။"ပထမတော့ သူက ဆရာကြီး ကျေးဇူးကြောင့် ဒိဋ္ဌေဒိဋ္ဌမတ္တ ကျင့်စဉ်ဟာ မြန်မာပြည်မှာ လူသိများပေတယ်လို့ ဝန်ခံတော်ရပါတယ်"

နုပ်။ ။"ဒါကတော့ ဟုတ်ပါပေတယ်လေ။ ဒိဋ္ဌေဒိဋ္ဌမတ္တ ကျင့်စဉ်ဟာ ဗမာပြည်မှာ ခပ်မြုပ်မြုပ်ဖြစ်ခဲ့ရာက ခုတလောမှာတော့ ဘယ်တရားပွဲမှာဘဲ ဖြစ်ဖြစ် ဒိဋ္ဌေဒိဋ္ဌမတ္တ အကြောင်း မပါရင်မပြီးသလောက် ဖြစ်နေတယ်လို့ လူတွေပြောသံကြားရတယ်"

ရာ။ ။"ချီးမွမ်းတာကတော့ ဟုတ်ပါပြီ။ ဆရာကြီးကို 'နှက်' ထားတဲ့ အချက်ကလေးတွေလဲပါနေတယ်ခင်ဗျ"

နုပ်။ ။"နှက်ပါစေလေ။ ကျုပ်ရေးတိုင်း နာယူသင့်တယ်လို့ မဆိုလိုပါဘူး။ ကျုပ်တို့ဗမာပြည်မှာ ဓမ္မဒိဋ္ဌာန်ကျကျ ဝေဖန်တတ်တဲ့ အလေ့အကျင့် တော်တော်နဲပါးတယ်။ အတွေးအခေါ် အယူအဆကို ဝေဖန်ရာကနေပြီး လူကို ကလော်တုတ်တဲ့ဆီ ရောက်ရောက်သွားတတ်တယ်။ စာကြီးပေကြီးအနေနဲ့ လူတွေပါးစပ်ဖျားမှာ ရွတ်ဆိုနေကြတဲ့ ဗန်းမော်ဆရာတော်နဲ့ သီလရှင်တို့ အပြန်အလှန် ရေးကြခြင်းများ ဟာလဲ ပုဂ္ဂိုလ် အရ ကလော်တုတ်ပြီး တယောက်ကိုတယောက် နိုင်အောင်ရေးကြတဲ့ စာမျိုးတွေဘဲဗျ။ ဆွေးနွေးတဲ့ ကိစ္စ ဘာမှ မပါဘူး။ အသားလွတ် ရေးခြင်းမျိုးတွေဘဲ။ ဟိုတုန်းကတော့ တယောက်နဲ့ တယောက် စာပြိုင်ကြရင် ဒါမျိုးတွေချည်း တွေ့ရတာဘဲ။

ကျုပ်လဲဖတ်မိပါတယ်။ သို့သော် မေ့ကုန်ပြီ။ နက်ပုံနက်နည်း ဆိုစမ်းပါအုံး ဆရာလေး"

ရာ။ ။"ဆရာကြီးဟာ ပရိယတ်ဉာဏ် မရင့်သန်တဲ့ အတွက်ကြောင့် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ကို စိတ်အလုပ်နဲ့ သက်ဆိုင်တယ်၊ စိတ္တာနုပဿနာအလုပ် ဖြစ်တယ်လို့ ရေးခဲ့တယ်တဲ့ခင်ဗျ"

နုပ်။ ။"စိတ္တာနုပဿနာအလုပ် ဟုတ်မဟုတ်ကို ထားပါအုံး။ ပရိယတ္တိ ဉာဏ်မရင့်သန်ဘူးဆိုတဲ့ အချက်ကလေးကို ဖြေပါအုံးမယ်။ ပထမအချက်က ပရိယတ်ဉာဏ်ဆိုတာ ကျုပ်ကောင်းကောင်း သဘောမပေါက်ဘူး။ ပရိယတ် ဆိုတာမျိုးဟာ သင်နိုင်ရင်တတ်ကြတာပါဘဲ။ မှတ်နိုင်ရင် အာဂုံဆောင်နိုင် ကြတာပါဘဲ။ထက်မြက်တဲ့ဉာဏ်၊ နက်နဲတဲ့ အတွေးအခေါ်မျိုးမဟုတ်ဖူးလို့ ကျုပ်နားလယ်တယ်။တနည်းအားဖြင့်တော့ သညာအလုပ်ပါဘဲ။ဉာဏ်အလုပ် မဟုတ်ပါဘူး။ တန်ဘိုးရှိတာက ထက်ထက်မျက်မျက်နဲ့ ထိုးထွင်းပြီး သိသော ဉာဏ်၊ ယုတ္တိတန်မတန် သဘာဝကျမကျကို နှိုင်းချိန်နိုင်တဲ့ဉာဏ် စသည်များ က အရေးကြီးပါတယ်။ ဒီဉာဏ်မျိုးတော့ ပါရမီအလျောက် ပဋိသန္ဓေက ပါလာတဲ့ အရည်အချင်းမျိုးဖြစ်တယ်။ စာပေပရိယတ်တို့ကို ကျက်မှတ်လို့ရ တာမဟုတ်ဘူး"

ရာ။ ။"ဆရာကြီးကို ဉာဏ်မရင့်သန်ဘူး ဆိုတာတော့ ကျွန်တော်လဲ မကြိုက်ဖူး။ သို့သော် ရှင်းလို့တော့ မပြောတတ်ဖူး။ အခုတော့ ရှင်းပါပြီ။ ဒါဖြင့်ဘယ်လိုဆိုသင့်သလဲဆရာကြီး"

နုပ်။ ။"စာပေပရိယတ်ဖက်မှာ သူတို့လိုမနှံ့စပ်ဘူးလို့တော့ ဆိုနိုင်ပါ တယ်။ သို့သော် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ဟာ စိတ္တာနုပဿနာအလုပ်မဟုတ်ဖူး။ ဝေဒနာနုပဿနာ အလုပ်ဖြစ်တယ်လို့ သူပြောခြင်းဟာ ပရိယတ်ဉာဏ်လဲ မဟုတ်ပါဘူး။ ဘာဉာဏ်မှလဲ မဟုတ်ပါဘူး။ ရမ်းချတဲ့သဘောပါ။ ကျုပ်က လက်တွေ့စမ်းသပ်ပြီးမှ ရေးခြင်းဖြစ်ပါတယ်။ ကျုပ်ရေးခဲ့တာတွေလဲ သူက နှံ့အောင်စုံအောင်ဖတ်မကြည့်ဘဲ အရမ်းစွပ်စွဲခြင်းသာဖြစ်တယ်"

ရာ။ ။"ဆရာကြီးက ဘယ်လိုရေးခဲ့ဘူးသလဲခင်ဗျာ"

နုပ်။ ။"ကျုပ်အဖို့မှာတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်သည် စိတ္တာနုပဿနာ အလုပ်နဲ့ နီးစပ်ပြီး စိတ်အပေါ်မှာ အာရုံစိုက်ကာ စောင့်ကြည့်ရသော အလုပ်

ဖြစ်သွားသော်လဲ ယောဂီပုဂ္ဂိုလ်တို့၏ ဝါသနာ အားလျော်စွာ အချို့မှာ ဝေဒနာနုပဿနာအလုပ်ဖြစ်သွားတယ်။အချို့မှာ ဓမ္မာနုပဿနာဖြစ်သွားနိုင်တယ်လို့ ရှင်းပြခဲ့ဘူးပါတယ်။ စာတတ်တယ်ဆိုပြီး လက်တွေ့မစမ်းဘဲနဲ့ ရမ်းချတဲ့လူတွေတော်တော်များတယ်ဗျ။ ဓမ္မာစရိယ တံယောက်ဆိုသာနဲ့။အဌကထာဆရာကြီးအရှင်ဗုဒ္ဓဃောသ ကိုယ်တော်မြတ်ဒေါင် လက်တွေ့မစမ်းသပ်ဘဲ စိတ်ကူးဉာဏ် သက်သက်နဲ့ ရေးခဲ့လို့ ချွတ်ချော်တဲ့ အချက်ကလေးတွေ တွေ့ရဘူးတယ်”

ရာ။ ။“ဘယ်ဒင်းတုန်း၊ ကြားပါရစေဆရာကြီးရယ်”

နုပ်။ ။“နေပါအုံးလေ။နောက်ပီးတော့ ပြောတာပေါ့။ဦးစိန်ခိုကိစ္စကို လက်ဦးရှင်းစမ်းပါရစေအုံး”

ရာ။ ။“ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ဟာ ဝေဒနာသက်သက် ဖြစ်ဘယ်လို့ သူကံဆိုထားတယ်ဆရာကြီးရဲ့”

နုပ်။ ။“ဒီကိစ္စကိုရှင်းရာမှာ သူကိုယ်တိုင်က ဆရာတဆူအနေနဲ့ ဆည်းကပ်နေတဲ့ မိုးကြိုးဦးအုန်းခင်ကို တိုင်တည်ရမှာဘဲ။ ၁၉၆၂-ခုနှစ် ဇူလိုင်လထဲမှာ ဦးအုန်းခင်နဲ့ ကျုပ်နဲ့ တနေရာသွားပြီး တရားအားထုတ်ကြရင်း ဝေဒနာသဘောနဲ့ အသိစိတ်သဘော ခြားနားပုံကို ဆွေးနွေးကြဘူးတယ်။ မိမိခန္ဓာကို စိုက်ပြီးရှုလိုက်တဲ့အခါတိုင်း အသိစိတ်ကလေးကို အာရုံပြုမိရက်သား ဖြစ်နေတယ်။တချို့ကတော့ ဝေဒနာကို အာရုံပြုမိတတ်တယ်လို့ ပြောကြကြောင်း ကျုပ်ကပြောပြတော့ဦးအုန်းခင်က ‘ဟုတ်တယ်ဆရာကြီး။ ကျွန်တော်လဲဒီလိုဘဲ အခါခပ်သိမ်း ဖြစ်တတ်တယ်’တဲ့ ပြန်ပြောတယ်။ အမှန်ကတော့ ဝေဒနာအနေနဲ့ အာရုံပေါ်တတ်တဲ့လူက များကြောင်း၊ အသိစိတ်ကို အာရုံပြုမိတဲ့လူက အလွန်နဲကြောင်း ကျုပ်က ပြောလိုက်ပါသေးတယ်”

ရာ။ ။“သူ့ဆရာ ပြောရင်တော့ ဦးစိန်ခို ယုံကောင်းပါလား ဆရာကြီး”

နုပ်။ ။“ဦးစိန်ခိုတို့လို စာသမားတွေကတော့ ခန္ဓာငါးပါးကို လက်ချိုးပြီး ရေရွတ်တတ်ပေမင့်၊ ကိုယ့်နာမ်တရားကို ကိုယ်စောင့်ကြည့်ပြီး၊ ဤကား ဝေဒနာစေတသိက်၊ ဤကား သညာ စေတသိက်၊ ဤကား စေတနာခေါ်တဲ့ သင်္ခါရက္ခန္ဓာ၊ ဤကား ဝိဉာဏက္ခန္ဓာဆိုတဲ့ အသိစိတ်ကလေးစသဖြင့်

တကွဲတခြားစီ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ထင်မြင်လာအောင် ရှုကြည့်ဘူးတဲ့ အလေ့အကျင့် ရှိချင်မှရှိတဲ့လူစုဘဲ”

ရာ။ ။“စိတ်နဲ့ စေတသိက်တွေဟာ၊ တပြိုင်နက်တည်း ဖြစ်ပြီး၊ တပြိုင်နက်တည်း ချုပ်တယ်ဆို ဆရာကြီး”

နုပ်။ ။“မှန်ပါတယ်။ သို့သော် စိတ်အကြောင်းကို စေ့စေ့ စပ်စပ် လေ့လာပြီး၊ ပိုင်းပိုင်း ခြားခြား နှိုက်နှိုက် ချွတ်ချွတ် ဆင်ခြင် သုံးသပ်တတ်တဲ့ ဉာဏ်မျိုး ရှိသူများအဖို့တော့ တပြိုင်ထည်း ဖြစ်ချုပ်နေကြတဲ့ စိတ်စေတသိက်တွေကို တခုစီ တလှည့်စီ အာရုံစိုက်ပြီး ရှုလို့ရစကောင်းပါတယ်ဗျာ”

ရာ။ ။“ဆရာကြီးတော့ ရတယ်ပေါ့”

နုပ်။ ။“ကျုပ်အဖို့တော့ နာမ်တရားကို ရှုကြည့်ရတာလောက် စိတ်ဝင်စားစရာကောင်းတဲ့ အလုပ်ဟာ ဘယ်မှမရှိဘူး။ ရုပ်တရားဆိုတဲ့ သူတို့အန္နုမြူ ဓာတ်တွေ၊ ဟိုက်ဒရိုဂျင်ဗုံးတွေ ဆန်းကြယ်တယ်ဆိုတာ အပျော့ပေါ့ဗျာ၊ စိတ်လောက်ဆန်းကျယ်တဲ့ သဘာဝဟာ လောကကြီးတခုလုံး ဘယ်မှာမှ မရှိဘူး”

ရာ။ ။“ဆရာကြီးရဲ့မိတ်ဆွေဦးအုန်းခင်ကတော့ ဓာတ်သဘောကိုရှုနေတယ်ဆိုပါကလားဆရာကြီး”

နုပ်။ ။“ရှုပါစေလေဗျာ။ ဓာတ်နဲ့ ပေါက်တဲ့ ပုဂ္ဂိုလ်များလဲ ရှိကြဘူးတယ်လို့စာကဆိုပါတယ်။သူပေါက်ရောက်တဲ့ အခါကျတော့မှသူရေးပြတာတွေကိုဖတ်ရအုံးမှာပေါ့”

ရာ။ ။“ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ဟာ မာလုကျပုတ္တနဲ့ ဘာဟိယတည်းဟူသော ပုဂ္ဂိုလ်နှစ်ပါးမှတပါး အခြားပုဂ္ဂိုလ်များ ပေါက်ရောက်ဖူးတယ်လို့ စာထဲမှာ မတွေ့ရတဲ့အတွက် ဒီနည်းဟာ ခုခေတ် လူများအဖို့ ပေါက်ရောက်ဖို့မဖြစ်နိုင်တော့သယောင် ရေးနေကြပါကလားခင်ဗျာ”

နုပ်။ ။“ဟုတ်တယ်။ ရေးကြတာတွေ့ဘူးပါတယ်။ ဉာဏ်လှေ့ခါး ကျမ်းပြုတဲ့ ဦးတိလောကဉာဏ ကလဲရေးတယ်။ ဓမ္မာစရိယ ဦးစိန်ခိုကလဲ ရေးပြန်ဟာယ်”

---

ပုဂ္ဂိုလ်စာအုပ်တိုက်

ရာ။   ။"ဆရာက ဘယ်လိုပြောမလဲခင်ဗျာ"

နုပ်။   ။"ပုဂ္ဂိုလ်တဦး အကျွတ်တရားရတိုင်း ဘယ်နည်းနဲ့ ကျွတ်သွားတယ်ဆိုတာကို စာထဲမှာ စေ့စုံအောင် ဖော်ပြထားတယ် မထင်ပါဘူး။ တနည်းအားဖြင့် ထင်ရှားတဲ့ ပုဂ္ဂိုလ်နှစ်ပါးဖြစ်ခြင်းကြောင့် သူတို့နှစ်ပါးအကြောင်းကို အထူးတလည် ဖော်ပြခဲ့ခြင်းဖြစ်နိုင်ပါတယ်။ အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်များအကြောင်း ဆိုတာကလဲ အလျဉ်းသင့်သလို ဖော်ပြခဲ့တဲ့ လက္ခဏာရှိပါတယ်။ အချို့မှာ ဘဝဘဝက ထင်ပေါ်ကျော်ဇောဘို့ အတိတ်ကံပါတဲ့ အတွက် ကျွန်မဖြစ်ရက်နဲ့ လက်ကောက်နှစ်ဖက် ထိခိုက်မိတဲ့အတွက် ထွက်ပေါ်တဲ့အသံကို သဘောပေါက်ပြီး တမဂ်တဖိုလ်ရသွားတဲ့ အကြောင်းကို စာထဲမှာ ဖော်ပြခြင်း ခံရတယ်မဟုတ်လား။ အကယ်၍ ဗုဒ္ဓကိုယ်တော်တိုင်က ဖြစ်စေ၊ ရှင်သာရိပုတ္တရာအစရှိတဲ့ ရဟန္တာ အရှင်သူမြတ် တပါးပါးကဖြစ်စေ။ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်သည် ဘာဟိယနဲ့ မာလုကျ ပုတ္တနှစ်ပါးအတွက်သာဖြစ်သည်။ အခြားအခြား ပုဂ္ဂိုလ်များအတွက် အကျွတ်တရား ရစေနိုင်သော ကျင့်စဉ်မဟုတ်ဖူးလို့ တနေရာရာမှာ အတည့်အလင်း ဖော်ထုတ်မိန့်မြွက်ခြင်း ရှိခဲ့ရင်တော့ ဟုတ်ပါပေလိမ့်မယ်။ သို့မဟုတ်ရင်တော့ ဂေါတမဗုဒ္ဓဟောပြတော်မူခဲ့သည့် ကျင့်စဉ်များသည် ဤလူ ထိုလူမျိုးများအနက်မှ (တကယ် ယုံယုံကြည်ကြည် အားထုတ်မယ်။ ကိုယ်တိုင် အားထုတ်ပြီးဖြစ်တဲ့ လက်ထပ်ဆရာ ကိုယ်တိုင်ကလဲ နည်းနာကျကျ ပြသမယ်ဆိုရင်) ပေါက်ရောက်နိုင်တဲ့ ကျင့်စဉ်ချည်းဘဲလို့ ဆရာ ယုံကြည်လျက်ရှိတယ်။ ဒီယုံကြည်ချက်ကိုတော့ ဘယ်သူဖျက်လို့မှ ဆရာမပျက်ဘူး"

ရာ။   ။"နို့ဆရာကြီးရယ်၊ ဆရာကြီးတပည့်ထဲက ပေါက်ရောက်တဲ့ လူများရှိကြပါသလား။ ဆရာကြီးကိုယ်တိုင်ကော ပေါက်ရောက်ပြီးပါပြီလား"

နုပ်။   ။"တရားပေါက်ရောက်ခြင်းနဲ့ ပတ်သက်လို့ ဟိုဂိုဏ်းသည်ဂိုဏ်းမှာ အယူအဆအမျိုးမျိုး ရှိကြတယ်။ ဆရာ့ကိုယ်တိုင်လဲ အယူအဆတမျိုးရှိတာဘဲ။ တချို့ဂိုဏ်းက တကိုယ်လုံးပျောက်သွားပြီး ဘာမှရှာမရတဲ့အဖြစ်မျိုးကို တရားပေါက်ရောက်တယ်လို့ ယူဆကြတယ်။ တချို့ကလဲ သတိလစ်သွားပြီး ဘာမှမသိဘဲ မေ့သွားတဲ့အဖြစ်မျိုးကို တရားပေါက်တယ်၊ တရားကောင်းတယ်လို့ ယူဆကြတယ်။ ဆရာ့အယူကတော့ အနုလောမဉာဏ် ဆိုက်

ရာ။ ။"ဒီလိုတော့ မသုံးသပ်ပါဘူး ဆရာကြီး။ အသံကြားကာမတ္တနဲ့ မရပ်ဘဲ၊ အရှည်ကြီးလိုက်စဉ်းစားမိတဲ့ အတွက် နှလုံးမသာယာမှု ဖြစ်ရတာဘဲ ဆိုတဲ့ ဒုက္ခ၏အကြောင်းရင်းကိုလှမ်းပြီးသဘောပေါက်လာတယ် ဆရာကြီးရဲ့"

နှုပ်။ ။"အသံကိုကြားရုံကြားလို့ ကိစ္စမရှိသေးဘူး။ ကိုဘရဲ့ အသံဘဲ ဆိုပြီး ငွေ ၅၀-အကြောင်းကိုပါ စဉ်းစားမိတဲ့အတွက် နှလုံးမသာယာမှုဖြစ်ရ တယ်လို့ နားလယ်မိတယ်ဆိုပါတော့။အဲဒီနားလယ်မှုဟာဉာဏ်ပေါ်လာခြင်း ဘဲဗျ။ ဒုက္ခဝေဒနာအကြောင်းကို အဖန်တလဲလဲ သုံးသပ်ဆင်ခြင်နေတို့ လို သေးလားဗျ"

ရာ။ ။"မလိုပါဘူးဆရာကြီး။ မီးကိုင်ပြီး ပူတယ်ပူတယ်လို့ ဆင်ခြင်နေ စရာမလိုပါဘူး။ အကြာကြီးထိုင်နေပြီး သွောင်းလှချည့်၊ ကိုက်လှချည့်လို့ ဆင်ခြင်နေတို့လဲ မလိုပါဘူး"

နှုပ်။ ။"ဗုဒ္ဓရဲ့ ကျင့်စဉ်တရားတွေဟာက အကြောင်းနဲ့ အကျိုးကို ရှင်းရှင်းကြီး ဉာဏ်ထဲမှာပေါ်လာအောင် လုပ်ယူရခြင်းဘဲဗျ။ ဒါကို ဉာဏ် ခေါ်တယ်။ ဉာဏ်ပေါ်စေနိုင်တဲ့အလုပ်မျိုးမှ ဝိပဿနာအလုပ် စစ်မှန်တယ်။ ပေါ်လာတဲ့ဉာဏ်ကို ဝိပဿနာဉာဏ်ခေါ်တယ်"

ရာ။ ။"သဘောပေါက်ပါတယ် ဆရာကြီး"

နှုပ်။ ။"တအာရုံတည်းစိုက်ပြီး ရှုနေလို့ စိတ်မပြန့်လွင့်ဘဲ တည်ငြိမ်နေ ခြင်းကို သမာဓိ၊ ၎င်းအလုပ်မျိုးကို သမထလို့ခေါ်တယ်"

ရာ။ ။"ခုနင်က အကြောင်းတရား အကျိုးတရားဆိုတဲ့ ဉာဏ်မျိုးပေါ် မလာရင် သမာဓိဘဲလား။ ဉာဏ်မဟုတ်ဘူးလား ဆရာကြီး"

နှုပ်။ ။"စာသမားတွေ စာနဲ့တိုက်ကြည့်ကြစမ်းပါစေ။ပေါက်ပေါက် လျှော်သလို သဲပွိသလို ဆိုတဲ့ အထင်မျိုးတွေဟာ ဝိပဿနာဉာဏ်ဟုတ်ကဲ့လား လို့၊ အကြောင်းတရား အကျိုးတရား ဘယ်မှာအဆက်ရှိသလဲလို့"

ရာ။ ။"ကျွန်တော့်မှာ ဖြစ်ဘူးတဲ့ ခုနင်က မောင်ဘ ကိစ္စကတော့ အကြောင်း အကျိုး ဘယ်လို ဆက်သွယ်မှုရှိတယ် ဆိုတာ ထပ်ရှင်းပါအုံး ဆရာကြီး"

နှုပ်။ ။"ကြားလိုက်တဲ့ အသံပေါ်မှာသာ စိတ်ကို ထားနိုင် ခဲ့ရင် မောင်ဘနဲ့ ပတ်သက်တဲ့ နှလုံးမသာယာမှုဒုက္ခ မဖြစ်ပေါ်ရဘူး။ အရှည်ကြီး

လိုက်ပြီး စဉ်းစားမိတဲ့အတွက် ဇာတ်ကွက် ဇာတ်လမ်းပေါ်လာပြီး စိတ်နှလုံး မသာယာမှု ဖြစ်ရတယ်။ အရှည်ကြီးလိုက်ပြီး စဉ်းစားမိခြင်းသည် အကြောင်း တရား။ နှလုံးမသာယာမှု ဒုက္ခသည် အကျိုးတရားဘဲလို့ သိမြင်တယ် မဟုတ် လား။ အဲဒီဉာဏ်ဟာ တန်ဘိုးရှိတယ်။ သူတပါးပြောပြလို့ သိတဲ့အသိမျိုး ထက် ကိုယ်တိုင်လုပ်ကြည့်လို့ သိရတဲ့အသိဉာဏ်ကမှ တန်ဘိုးရှိတယ်”

ရာ။ ။“ဟုတ်ပေတယ် ဆရာကြီး။ သို့သော် ဒီလိုသိရုံနဲ့တော့ အရှည် ကြီး မစဉ်းစားဘဲ မနေနိုင်ဘူး ခင်ဗျ။ ခက်သေးတယ်”

နုပ်။ ။“တလျှောက်ထဲ အကြာကြီးမနေနိုင်သေးရင် ကိစ္စမရှိပါဘူး။ သတိကွာသွားပြီး အရှည်ကြီး စဉ်းစားမိတဲ့အခိုက်အတန့်နဲ့ သတိကောင်းပြီး မြင်ကာမတ္တ ကြားကာမတ္တ ဆိုသလို ပစ္စုပ္ပန် တည့်တည့်အပေါ်မှာ စိတ်ကို ထားနိုင်တဲ့အခိုက်အတန့်တို့ရဲ့ ခြားနားပုံကိုတော့ ဉာဏ်ထဲမှာပေါ်လာတယ် မဟုတ်ဖူးလား”

ရာ။ ။“ဒီနှစ်ခု ခြားနားပုံကတော့ ရှင်းပါတယ် ဆရာကြီး”

နုပ်။ ။“ဘယ်ပုံရှင်းတာလဲ ဆရာလေး”

ရာ။ ။“ဆရာကြီး စာအုပ်ထဲမှာရေးပြထားတဲ့ ဒိဋ္ဌလောကနဲ့ အိပ်မက် လောကအကြောင်းကို ဘွားကနဲ သတိရလာမိပါတယ်”

နုပ်။ ။“ပြောပြစမ်းပါအုံးဗျာ”

ရာ။ ။“သတိလွတ်ပြီး ဟိုအကြံကလေး ဒီအကြံကလေး၊ ဟိုစိတ်ကူး ကလေး ဒီစိတ်ကူးကလေးတွေ ဖြစ်ပေါ်နေတဲ့ အခိုက်မှာတော့ ပူစရာ ကလေးတွေတွေးပြီး ပူမိတယ်။ ပျော်စရာကလေးတွေ တွေးတွေးပြီး ပျော် မိပါတယ်။ ခဏကြာလို့ သတိရပြီး ဒိဋ္ဌေဒိဋ္ဌမတ္တံအတိုင်း ထလုပ်လိုက်ပြန်တဲ့ အခါကျတော့”

နုပ်။ ။“ခုနင်က ပူပန်စရာကလေးတွေ ပျော်စရာ ကလေးတွေဟာ ပျောက်ကုန်ကြတယ် မဟုတ်လား”

ရာ။ ။“ပျောက်ကုန်တာပေါ့ ဆရာကြီး”

နုပ်။ ။“ဒီတော့ ဘယ်လိုအသိဉာဏ်မျိုး ပေါ်လာသလဲ”

ရာ။ ။“တကယ့်တကယ်ဆိုတော့ စိတ်ညစ်စရာကလေးတွေ၊ ပျော်စရာ ကလေးတွေဟာ စိတ်ကူးယဉ်မှုသက်သက်ဘဲ။ အဟုတ်ရှိတာ မဟုတ်ပါတကား။

ဒါကြောင့်မို့ ဆရာကြီးက အိပ်မက်လော့ကလို့ ခေါ်ထားတာကို သဘောကျမိပါတယ်”

နိုပ်။ ။“သတိရလို့ အလုပ်ကိုပြန်ကောက်လိုက်ပြန်တော့ ဘယ်ရောက်လာသလဲ”

ရာ။ ။“ဒိဋ္ဌလောကထဲ ပြန်ရောက်လာတာပေါ့ ဆရာကြီး”

နိုပ်။ ။“ပူပန်တဲ့စိတ်၊ ပျောက်တဲ့စိတ်ကလေးတွေ ဘယ်ရောက်ကုန်ကြသလဲ”

ရာ။ ။“ချုပ်ပျောက် ကုန်တာပေါ့ဆရာကြီး”

နိုပ်။ ။“သတိလွတ်သွားတဲ့အခိုက်မှာတော့ ပူပန်တယ်ဆိုတဲ့ဒေါမနဿစိတ်။ပျောက်တယ်ဆိုတဲ့ သောမနဿစိတ်(လောဘစိတ်)ကလေးတွေဖြစ်ပေါ်ကြတယ်။ သတိရလို့ အလုပ်ကို ပြန်ကောက်ပြီး ပစ္စုပ္ပန် တဲ့တဲ့အပေါ်မှာ အာရုံပြုလိုက်တာနှင့်တပြိုင်နက် လောဘစိတ်၊ ဒေါသစိတ်တွေ ချုပ်ပျောက်ကုန်ကြပါတကားဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတာပေါ့နော်။ အလုပ်မလုပ်ဖူးခင်က ဒီဉာဏ်မျိုး ဖြစ်ဖူးပါသလား”

ရာ။ ။“ဘယ်တုန်းကမှ မဖြစ်ဖူးပါဘူးဆရာကြီး။ပြီးတော့ ကျွန်တော်သဘောပေါ်လာတာတခု ရှိသေးတယ်ခင်ဗျ”

နိုပ်။ ။“ဆိုစမ်း ဆရာလေး”

ရာ။ ။“ဆရာကြီး စာအုပ်ထဲမှာ ရေးထားတယ် ဟုတ်လား။ ပန်းချီဆရာ တယောက်ဟာ ကြောက်စရာအရုပ်ကြီးကို ကိုယ့်ဟာကို ရေးကြည့်ပြီး လန့်အော်တယ်ဆိုရင် ရူးနေပြီလို့ လူတွေက ဆိုကြမှာဘဲတဲ့။စင်စစ်မှာတော့ လူတွေဟာလဲ ပန်းချီဆရာလိုပါဘဲတဲ့။ အဖြစ်အပျက်က ပြီးဆုံးသွားလို့ ပျောက်ကွယ်သွားပြီ ဖြစ်ပါရက်နဲ့ ကိုယ့်ဟာကိုယ် ပြန်တွေးပြီး စိတ်ဆိုးလိုက်၊ ဝမ်းသာလိုက် ဖြစ်နေကြတာဘဲ မဟုတ်လားတဲ့။ ဆရာကြီးရေးထားတဲ့စာက တယ်ပြီး လှိုက်လှိုက်လှဲလှဲ သဘောကျမိပြန်တယ် ဆရာကြီးရေ့”

နိုပ်။ ။“ဟုတ်လှပြီ။ ဒီတော့ ဘယ်လိုများ တိုးတက်မှု ရှိလာပါသလဲဗျာ”

ရာ။　။"အဟောင်းကိုပြန်တွေးပြီး နှလုံးမသာယာမှု ဖြစ်မိတဲ့ အခါ တိုင်း ပန်းချီဆရာ ဥပမာကို သတိရပြီး ချက်ချင်း သက်သာရာရသွားတာပေါ့ ဆရာကြီး"

နုပ်။　။"လက်တွေ့ ပြယုဂ်ကလေး ဆောင်ပြစမ်းပါအုံးဗျာ"

ရာ။　။"ကျွန်တော်ဟာ တော်တော်နှမြောတတ်တဲ့ လူဘယောက် ဖြစ်ပါတယ်ဆရာကြီး။ ကျွန်တော့်အိမ်တလုံး မီးထဲပါပြီး တနှစ်လောက်ကြာလို့၊အိမ်သစ်ကလေးတခုလုံး ဆောက်ပြီးတဲ့အခါကျတော့ဘောင် မီးထဲပါသွားတဲ့အိမ်ကို ခဏခဏသတိရပြီး ရင်ထဲမှာ နွေးကနဲ နွေးကနဲ ဖြစ်သွားမိပါတယ်။ ကျွန်တော့် အိမ်ခေါင်မိုးကို မီးကူးပြီး တဟုန်းဟုန်း ထတောက်ပုံကို မျက်စိထဲမှာတောင် မြင်လာလိုက်နေသေးတယ်ခင်ဗျ။ဆရာကြီး တရားနည်းအထိုင်းအားထုတ်လို့ ပန်းချီဆရာရဲ့ ဥဒါဟရုဏ်ကို သဘောကျတတ်တဲ့ အချိန်ကစပြီး အိမ်ဟောင်းကို သတိရမိလို့ မီးလောင်နေပုံကို မျက်စိထဲမှာ မြင်လာတာနှင့်တပြိုင်နက် ကိုယ့်ကိုယ်ကို 'ဟေ့ ပန်းချီဆရာ၊ ဘာလုပ်နေပြန်တာလဲ'လို့မေးပြီး ပြုံးနိုင်သေးတယ်ဆရာကြီး"

နုပ်။　။"ဒီတော့ ဆရာလေး အဖို့ သက်သာခွင့် ရတယ် မဟုတ်ဖူးလား"

ရာ။　။"သက်သာခွင့်မှ အင်မတန့် သက်သာခွင့်ကြီးပါ ဆရာကြီး။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာလဲ လောကကို စိတ်က ဖန်ဆင်းတယ်ဆိုတဲ့ ဘုရားဟောတော်မူချက်ကို ထပ်ပြီး သဘောကျမိပြန်တယ် ဆရာကြီးရဲ့"

နုပ်။　။"ပုပန်စရာကို မစဉ်းစားတဲ အာရုံပြောင်းထားနိုင်ရင် ပူပန်မှု မရှိပါဘူးလို့ လူတကာသိတဲ့အသိနဲ့ ဆရာလေးအသိနဲ့ ဘယ်လို ခြားနားသလဲဗျာ"

ရာ။　။"လူတကာသိကြတဲ့ အသိက သာမန်အသိပါဆရာကြီး။ လက်တွေ့ကျတော့ အာရုံပြောင်းနိုင်ကြမှာလဲ မဟုတ်ပါဘူး။ ကျွန်တော့် အဆိုမှာတော့ စိတ်သဘာဝအကြောင်းကို တဆင့်တက်ပြီး လက်တွေ့ သိထားခြင်းဖြစ်လေတော့ သူတကာထက် ခံနိုင်ရည်ရှိတယ်လို့ ယုံကြည်ပါတယ်။ သူတို့ အာရုံပြောင်းနိုင်တယ်ဆိုတာက မျက်နှာလွှဲထားတဲ့ သဘောမျိုးသာ ဖြစ်ပါ

တယ်။ ကျွန်တော့်ဟာက ပူစရာကို ပွတ်ချေပစ်နိုင်တဲ့ သဘောမျိုး သက်ရောက်ပါတယ်”

နုပ်။ ။“မမှာစရိယာ ဦးစိန်ခိုက ဆိုထားတယ်။ ဒိဋ္ဌေဒိဋ္ဌမတ္တံ အလုပ်ဟာ ဥပေက္ခာ ဝေဒနာအလုပ် ဖြစ်တဲ့အတွက် အလွန် ခဲယဉ်းပါတယ်တဲ့။ ဆရာလေး ဘယ်လိုပြောမလဲ”

ရာ။ ။“လက်တွေ့လုပ်ကြည့်ခြင်း မဟုတ်ဘဲနဲ့ အတွေးနဲ့ လျှောက်ပြီး စာထဲကဟာတွေ ရေးပြနေတာပါ ဆရာကြီးရယ်”

နုပ်။ ။“လက်ကောက်နှစ်ဖက် တိုက်မိလို့ အသံဖြစ်လာတာ တွေ့ရပြီး တာရှုးပေါက်သွားတဲ့ ကျွန်မဟာ ဥပေက္ခာဆိုတဲ့ စကားလုံးကို ကြားဘူးမယ်တောင် မထင်ပါဘူးနော်”

# (၁၂)

## အဝိဇ္ဇာနှင့်တဏှာရှင်းလင်းချက်

ကျွန်ုပ်ထံသို့ ရံဖန်ရံခါ လာရောက် ဆွေးနွေးလေ့ရှိသော စာတတ်ပေတတ် (လူပုံ့ျတော်)နှင့် ၎င်း၏သားသည် တညနေ၌ ကျွန်ုပ်နေအိမ်သို့ ရောက်လာကြ၍ လူပုံ့ျတော်က "ကျွန်တော့် သားတော်မောင်က ကျွန်တော့် ရှင်းပြချက်ကို ကောင်းကောင်းမရှင်းဘူးတဲ့ ဆရာကြီးရယ်။ ဒါကြောင့် ဆရာကြီးဆီ ခေါ်လာရပါတယ်"ဟု ပြောရာတွင် ကျွန်တော်က "ခင်ဗျားတို့လို ပရိယတ်ဉာဏ်ရှိသူပုဂ္ဂိုလ်တဦးက ရှင်းပြလို့မှမရှင်းလင်းတဲ့ သားတယောက်ကိုကျွန်တော့်ဆီခေါ်လာလို့ ကျွန်တော် ဘာတတ်နိုင်ပါ့မလဲ ခင်ဗျာ"ဟု ပြန်ပြော၏။

သား။ ။"ဆရာကြီးရေးတဲ့စာတွေကို ကျွန်တော်ဖတ်ရပါတယ်။အဖေတို့ဟာက ဉာဏ်မဟုတ်ပါဘူး။ စာထဲကအတိုင်းလျှောက်ပြောတတ်တာပါ။ ဥပမာတခု ဆောင်ပါဆိုလျှင်လဲ စာထဲက ဥပမာအတိုင်းဘဲဆောင်တတ်တယ်။ အဆင်ကွဲတဲ့ ဥပမာတခုကို သူတို့ဉာဏ်နဲ့ မဆောင်တတ်ပါဘူး ခင်ဗျာ။ မိလိန္ဒပညာကျမ်းထဲကလို ဖြစ်နေပါပြီ"

နုပ်။ ။"မိလိန္ဒပညာကျမ်းထဲက ဘယ်လိုပါလို့လဲမောင်ရဲ့"

သား။ ။"ရှင်နာဂသိန်ထေရ်က မိလိန္ဒမင်းကြီးရဲ့ အမေးပုစ္ဆာမျိုးကို ပြေဆိုတဲ့အခါမှာ ရှေးဦးစွာ ဥပမာတခုဆောင်တယ်။ မင်းကြီးက.ကောင်းကောင်းမရှင်းလင်းသေးပါဘူး။ 'လွန်စွာ' ဥပမာတခု ဆောင်တော်မူပါဦးလို့

လျှောက်ထားတော့ ရှင်နာဂသိန်ထေရ်ကဒုတိယဥပမာတခုဆောင်ပြန်တယ်။ ဒါကလဲ ပထမဥပမာနဲ့မထူးလှပါဘူး။ သဘောချင်း အတူတူပါဘဲ။ဒါကိုလဲ မင်းကြီးက သဘောမပေါက် သေးကြောင်း လျှောက်ရာမှာ ရှင်နာဂသိန် ထေရ်က တတိယ ဥပမာတခု ဆောင်ပြန်တယ်။ ဒီဟာကလဲ သဘောချင်း အတူတူပါဘဲ။ မထူးလှပါဘူး။ ဒါနဲ့တောင် တတိယဥပမာကျတော့ မင်းကြီး က နားလယ်ပါပြီ ဘုရားလို့ လျှောက်ထားတယ်။ ဥပမာတွေဟာက တခုနဲ့ တခု သဘောချင်း အတူတူဖြစ်လေတော့ တတိယဥပမာကို သူသဘောပေါက် တယ်ဆိုရင် ပထမဥပမာကတည်းက သဘောပေါက်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်”

နုပ်။ ။“ဒီတော့ မောင်က ဘယ်လိုဆိုချင်သလဲ”

သား။ ။“သဘောတူ အဆင်တူ ဥပမာမျိုးတွေချည်း တခုပြီးတခု ထင်ပြနေလေတော့ နောက်ဆုံးမှ မင်းကြီးက အားနာလာပြီး နားလယ်ပါပြီ ဘုရားလို့ တင်လျှောက်လေမလား မဆိုနိုင်ဘူး”

အဖေ။ ။“ကြည့်တော့ဆရာကြီး။ ခေတ်ပညာတတ်ဆိုတဲ့ လူငယ်တွေ ဟာ ဘယ်လောက် အဆာကျယ်လာကြသလဲလို့”

သား။ ။“ဒါမဟုတ်ရင်လဲ ပထမဥပမာကထဲက မင်းကြီးက နား လယ်ပြီးဖြစ်ပါရက်နဲ့ ပညာစမ်းတဲ့ သဘောမျိုးနဲ့ ထပ်လျှောက် နေသလား မဆိုနိုင်ဘူး။ ကျွန်တော့်အမြင်ကတော့ ပထမနဲ့ ဒုတိယကို တကယ် သဘော မပေါက်ဖူးဆိုရင် တတိယတင်ပြတဲ့ ဥပမာဟာလဲ သဘော ပေါက်နိုင်စရာ ဘာမှမတွေ့ဘူး။ ခုနက ဥပမာတွေ အတိုင်းဘဲ၊ အဖေဖတ်ကြည့်လေ”

အဖေ။ ။“ငါလဲ ဖတ်ခဲ့တာပေါ့ဟ”

သား။ ။“ဖတ်တော့ ဘာတွေ့သလဲ အဖေ။ဥပမာ တခုနဲ့တခုထူးခြား ချက်တွေ့ရသလား”

အဖေ။ ။“နဲနဲတော့ အဆင်ကွဲတာပေါ့ကွယ့်”

သား။ ။“ဆိုလိုတဲ့သဘောတရားက ဘာမှ မကွဲဘူး။ အားလုံးအတူတူ ဘဲ။ ပထမနဲ့ ဒုတိယ ဥပမာများကို တကယ် သဘောမပေါက်ဖူးဆိုရင် တတိယကို့ စတုတ္ထတို့ကြောင့် သဘောပေါက်လာနိုင်စရာဘာမျှမတွေ့ရဘူး”

အဖေ။ ။“မင်းမတွေ့ပေမင့် မင်းကြီးကတွေ့လို့ပေါ့ကွယ့်”

သား။ ။"မဟုတ်ပါဘူး။အဖေတို့ ရှေးလူကြီးတွေစာဖတ်ပုံကစဉ်းစား ဥာဏ်နဲ့ တပါတည်းကပ်လိုက်ပြီး ဖတ်ကြဟန်မတူပါဘူး။သမံကာလျှံကာ ဖတ်ကြတဲ့ လက္ခဏာရှိပါတယ်။ဆရာကြီးလဲ ရှေးလူကြီးဖြစ်လာပြီ။ နို့ပေမင့် ဒီအထဲမှာ ဆရာကြီးမပါဘူးလို့ ကျွန်တော်နားလယ်ပါတယ်"

နုပ်။ ။"ဟုတ်တော့ ဟုတ်ပေတယ်ဗျ။မိလိန္ဒ ပညာကျမ်းကို ကျွန်တော် ဖတ်တုန်းကလဲ ဒီအထင်မျိုးရောက်ခဲ့ဘူးပေတယ်။ သို့သော် ရှင်နာဂသိန်တင် ပြတဲ့ ဥပမာများဟာ သဘာဝနှင့် ညီညွတ်ခြင်းကိုတော့ မငြင်းနိုင်ပေဘူး။ ဥပမာတွေထပ်တာတော့ မှန်ပါတယ်"

သား။ ။"ဒီလိုဆို တခုတင်ပြလဲ ပြီးရောပေါ့ ဆရာကြီးရယ်။ ကျွန်တော့်အဖေကလဲ ဒီလိုပါဘဲ။ စာထဲက ဥပမာဟာ မရှင်းသေးပါဘူး။ ကျွန်တော် သဘောမပေါက်သေးပါဘူးလို့ပြောတိုင်း အလားတူ ဥပမာမျိုးဘဲ တင်ပြပြန်တာဘဲ ခင်ဗျ"

အဖေ။ ။"ဒီလိုဘဲ ငါတတ်နိုင်မှာပေါ့ဟဲ့"

သား။ ။"ဒီလိုဆို သဘောတရားကို အဖေနားလယ်ထားရာ မရောက်ဖူးပေါ့။ သောတာပန်အကြောင်းကို ညီအကို သုံးယောက်ထဲက အငယ်ဆုံး ညီကလေးနဲ့နှိုင်းပြီး ဆရာကြီးတင်ပြဘူးတာ ဘယ်လောက်ရှင်းသလဲ။ ဘာစာထဲမှာမှလဲ မပါဘူး။ သောတာပန် သဘာဝနဲ့ မလိုက်ဖူးလို့လဲ ဘယ်ကမ္ဘာ့ဆရာ၊ ဘယ်စာတတ်ပုဂ္ဂိုလ်ကမှလဲ ကန့်ကွက်သံ မကြားရဘူးဘူး။ ကျွန်တော်တို့က ဥပမာဆောင်ရင် ဒီလိုတိတိကျကျ တစ်တစ်ခွခွမှကြိုက်တာ ခင်ဗျ။ စမ်းတဝါးဝါး ညားဝါးဖျန်းသန်းခြင်းမျိုးကို လက်မခံချင်ဘူး"

အဖေ။ ။"ငါတို့က စာထဲမှာပါတာလောက် သင်ခဲ့ရခြင်း ကိုးကွယ့်။ ဆရာကြီးတို့လို လက်တွေ့စမ်းသပ်ဖို့ အချိန်မရဘဲကိုး"

သား။ ။"ဒီလို ဖွင့်ပြီး ဝန်ခံလိုက်စမ်းပါ အဖေရဲ့။ အခုတော့အဖေ့ မေးကြည့်ရင် စာထဲက ဥပမာတွေ ပြပြီး ဖြေတတ် တာကိုး။ ကျွန်တော်တို့ ဘယ်မှာနားရှင်းနိုင်ပါ့မလဲ"

နုပ်။ ။"ဟုတ်တော့ဟုတ်တယ်။ စာသမားတွေဟာ လက်တွေ့ စမ်းသပ်ကြည့်ဘော်မရဘဲနဲ့ လက်တွေ့အလုပ်လုပ်တဲ့လူများကို အခေါ် အဝေါ်နဲ့ ပတ်သက်လို့ ဝေဖန်ချင်တတ်တယ်။ မိုးကြိုးသတင်းစာထဲက ဦးစိန်ခိုကလဲ

ဒိဋ္ဌေဒိဋ္ဌ မတ္တံ အလုပ်ဟာ ဥပေက္ခာ ဝေဒနာ အလုပ်တဲ့ဗျ။ ကျုပ်တို့တော့ ဥပေက္ခာတွေ ဘာတွေသဘောမထားမိဘူး။ အလုပ်လုပ်ရင်းလက္ခဏာနဲ့ပတ်သက်တဲ့ ဉာဏ်ပေါ်လာအောင် သတိမွေးပြီး ဖိလုပ်ဖို့ဘဲ သဘောထားတတ်တာဘဲ”

အဖေ။ ။“မမြဲဘူး မမြဲဘူးလား။ ဖြစ်ပျက် ဖြစ်ပျက်လား။ သို့မဟုတ် ဘယ်လိုလက္ခဏာလဲ။ အနိစ္စလား။ ဒုက္ခလား။ အနတ္တလား ဆရာကြီး”

နုပ်။ ။“ခင်ဗျားတို့စာသမားတွေဟာ အလုပ်စခန်းအကြောင်း ပြောရင် ဝိသုဒ္ဓိ ၇-ပါးတို့၊ လက္ခဏာရေး သုံးပါးတို့၊ ဥပေက္ခာတရားတို့ လက်ကိုင်ပြုပြီး ပြောကြဘာဘဲ။ ဗမာပြည် သာသနာတော် တလျှောက်လုံးမှ ဒီလမ်းကို အလုပ်မှတ်ပြီး လိုက်လုပ်ခဲ့ကြတာ၊ ပေါက်ရောက်တဲ့လူ အလွန်ရှားပြီး လုံးလယ်ချုပ်ပြား ဖြစ်ခဲ့ကြရတာဘဲ”

အဖေ။ ။“လက္ခဏာရေး သုံးပါးမရှုရင် ဘာရှုမလဲ ဆရာကြီး”

နုပ်။ ။“ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အတိုင်း ပစ္စုပ္ပန် တဲ့တဲ့ အပေါ်မှာ အာရုံပြုနိုင်တဲ့လူဟာ အသိစိတ်ကလေး၏ ပြောင်းလဲခြင်း(အနိစ္စ)သဘော။ သို့မဟုတ် အနှစ်သာရ မရှိခြင်း (အနတ္တသဘော)စသည်များကို တရေးရေး တဖြေးဖြေး၊ တစတစ သဘောကျလာတတ်တယ်ဗျ”

သား။ ။“ဦးစိန်ခိုရေးတဲ့ ဥပေက္ခာ ဝေဒနာ ဆိုတာက ဘယ်မှာလဲ ဆရာကြီး”

နုပ်။ ။“ဒီပုဂ္ဂိုလ်က စာထဲက စကားလုံးကိုယူပြီး ဘာသာ ပြန်နေခြင်းဖြစ်ပါတယ်။ ယောဂီရဲ့စိတ်ထဲမှာ ဥပေက္ခာဆိုတဲ့ စကားလုံးဟာ ပေါ်မလာတတ်ပါဘူး။ သူတို့လူစုက ဥပေက္ခာစိတ်တွေဖြစ်။ ဥပေက္ခာ စိတ်တွေပွား။ နောက်ဆုံးကျတော့ ဥပေက္ခာတုံးကြီးဖြစ်လာပြီး လောကဓံကို အောင်မြင်နိုင်တယ်လို့ ယူဆကြဟန်တူတယ်။ အလုပ်က ဥပေက္ခာပွားဘို့ မဟုတ်ဖူး။ သတိမွေးပြီး စောင့်ကြည့်ခြင်း အားဖြင့် ဉာဏ်အမြင်တွေ ရင့်သန်လာဘို့ ဖြစ်တယ်”

သား။ ။“စာသမားတွေ ပြောချင်ရာ ပြောပါစေ ဆရာကြီး။ ကိုယ့်လမ်းကိုသာ ကိုယ်ပြပါ ခင်ဗျာ”

နုပ်။ ။"ဗမာပြည်ကဲ စဉ်းစားဥာဏ်ဘက်မှာ တော်တော်နုသေးတယ်။ ပါဠိသံကလေးနဲ့ ပြောလိုက်ရင် ဟုတ်တုတ်တုဘ် ထင်တတ်ကြတယ်။ ဆရာ့ တပည့်ထဲက လူငယ်တယောက်ကတောင် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ကို ဥပေက္ခာ ဝေဒနာဆိုခြင်းဟာ ဟုတ်ပုံရတယ် ထင်တယ်တဲ့ ပြောလာတယ်"

သား။ ။"ဆရာကြီးက ဘာပြောလိုက်သလဲခင်ဗျာ"

နုပ်။ ။"ဘာမှ မပြောတော့ဘူး။ ဆိတ်ဆိတ် နေလိုက်တော့ တာဘဲ။ ဆရာ့ဆီမှာ ၂နှစ်လောက်ဆည်းကပ်ပြီးမှ စာသမားက ငခွန်းပြောလိုက်ရုံနဲ့ ရှောင်လယ်လယ်ဖြစ်သွားတယ်ဆိုလျှင် ဆရာပြောလို့ မောရုံရှိမှာဘဲ။ဆရာက လက်မှာစိပ်ပုတီးလဲမကိုင်။ ပါဠိပတ်သားနဲ့လဲ မရေး။ ဥပုသ်တောင် မှန်မှန် မစောင့်တော့ ဓမ္မကထိကအနေနဲ့ စွံဘိုမပြောင်လင့်ပါဘူး"

သား။ ။"ဆရာကြီး ဥပုသ်တော့ မစောင့်ဘူးလား"

နုပ်။ ။"ဝါတွင်းရယ်။ သီတင်းနေ့ရယ်လို့ အမှတ်အသားမထားဘူး။ စိတ်ပါတဲ့အခါမှာ ဥပုသ်ရက်ရှည် စောင့်တတ်ပါတယ်။ ကိုင်းတော်လောက် ပါပြီ။ မောင်တို့သားအဖသာကြတဲ့ ကိစ္စကိုပြောစမ်းပါအုံး"

သား။ ။"အဝိဇ္ဇာနဲ့ တဏှာအဖြစ် တရားနှစ်ပါးလို့ ဟောတော်မူ တယ်။ ဒီနှစ်ခုဟာ အတူတူဘဲ အရေးကြီး သလားလို့ အဖေ့ကို မေး ပါတယ်"

နုပ်။ ။"ဒီတော့ အဖေက ဘယ့်နှယ်ဖြေသလဲ"

အဖေ။ ။"ဘုရားဟောဒေသနာမှာ အဝိဇ္ဇာကိုရှေ့ကထားပြီးဟောတဲ့ နေရာလဲရှိတယ်။ တဏှာကိုရှေ့ကထားပြီးဟောတဲ့နေရာလဲရှိတယ်။ဒါကြောင့် ဒီနှစ်ခုဟာ ဘယ်ဒင်းကပိုပြီး အရေးကြီးတယ်လို့ ရှောက်စစ် မနေပါနဲ့ တော့။အပြစ်နှစ်ပါးဆိုသောကြောင့် အတူတူဘဲထားလိုက်ပါတော့လို့ဖြေပါ တယ် ဆရာကြီး"

နုပ်။ ။"ပဋိစ္စသမုပ္ပါဒ်မှာတော့ အဝိဇ္ဇာကို ရှေ့ဆုံးကထားတယ်နော်။ တဏှာကို ဘယ်နေရာမှာ ရှေ့ကထားပြီး ဟောတော်မူသလဲဗျာ"

အဖေ။ ။"သစ္စာ လေးပါးမှာတော့ သမုဒယကြောင့် ဒုက္ခဖြစ်တယ်။ သမုဒယဆိုတာ တဏှာ လောဘဘဲ။ ဒါကြောင့် တဏှာကို အရင်း အမြစ် အနေနဲ့ ဟောတော်မူတယ်လို့ ဆိုရမယ်မဟုတ်ဖူးလား ဆရာကြီး"

နုပ်။ ။"ကျွန်တော်က ခင်ဗျားတို့လို စာမတတ်ဖူးဗျနော်။ စာသမား မဟုတ်ဖူး။ သဘာဝသမားဘဲ"

သား။ ။"ကြိုက်တယ်ဆရာကြီး ကျွန်တော်က"

နုပ်။ ။"သမုဒယသည် အကြောင်း။ ဒုက္ခသည် အကျိုးတရား။ ထို့ကြောင့် သမုဒယသည် ရေသောက်မြစ်သဖွယ် ဖြစ်တယ်လို့ ဆိုရမယ်လား"

အဖေ။ ။"ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။"သစ္စာလေးပါးရှိတယ် မဟုတ်လားဗျာ။ ဒုက္ခနဲ့ သမုဒယ နှစ်ခုထဲကို ဆင်ခြင်ရင်တော့ သမုဒယက အကြောင်းဖြစ်တယ်လို့ ဆိုနိုင်သော်လဲ သမုဒယကို ပယ်ဖျက်ဖို့အတွက် မဂ္ဂသစ္စာတို့၊ နိရောဓသစ္စာတို့ကရှိနေပြန်တယ် မဟုတ်လား။ မဂ္ဂင်(၈)ပါးအရ ကျင့်ကြံအားထုတ်လို့ နိရောဓဆိုက်မှ သမုဒယ ကုန်ခန်းမယ် မဟုတ်လား။တနည်းဆိုရရင် မဂ္ဂင် (၈)ပါးအရ အားထုတ်တော့မှဝိဇ္ဇာဥာဏ်ဖြစ်ပေါ်လာပြီးသမုဒယ(တဏှာ)ကုန်ခန်းနိုင်မယ်မဟုတ်ဖူးလား။ဒါကြောင့်မို့လို့ တဏှာထက်အဝိဇ္ဇာကပိုပြီးအရင်းအမြစ်ကျတယ်လို့ ကျွန်တော် ယူဆတယ်။ ကျွန်တော်က စာသမားမဟုတ်ပါဖူး။ အကြောင်း အကျိုးသမားပါ။ ကျွန်တော်မှားရင်လဲ ပြင်ပေါ့ဗျာ"

အဖေ။ ။"ဆရာကြီးပြောခြင်းဟာလဲ ဒါနဲ့ ကိုက်ညီတယ်လို့ ကျွန်တော်ထင်ပါတယ်။ သို့သော်လဲ ကျွန်တော်ကိုယ်တိုင် ပထမကျော်စွဲလောက်အောင် စာတတ်ခဲ့သူတယောက်တော့ မဟုတ်ပါဘူး။ ဒေသနာတော် အရမှာတော့ လောဘတို့ သမုဒယတို့ တဏှာတို့ဆိုတာတွေကို ရှေ့ကထားပြီး ဟောထားတဲ့နေရာများလဲ ရှိပါတယ်"

နုပ်။ ။"ကျွန်တော့်အဖို့ကတော့ စာမနှံ့လို့ မသိဘူးဗျ။ သို့သော် စိတ်သဘာဝကို ကိုယ်တိုင်လေ့လာအားထုတ်ခဲ့လို့ ကျွန်တော်တွေ့ရသမျှမှာတော့ ဘယ်လိုဘဲ ဟောဟော၊ တကယ့်တကယ်တော့ အဝိဇ္ဇာကို (၁)နံပတ် အဖြစ်နဲ့ နေရာပေးရမှာချည်းဘဲထင်ပါတယ်။ တဏှာကို အရင်းအမြစ်ထားလိုက်ရင် အားထုတ်ရာမှာ လမ်းချော်ကုန်နိုင်တယ်ဗျာ။ လမ်းချော်တဲ့ ပုဂ္ဂိုလ်များလဲ ကျွန်တော်တွေ့ဘူးပါတယ်"

အဖေ။ ။"ဘယ်လိုလဲ ဆရာကြီးရယ်"

နုပ်။ ။"တဏှာရဲ့အပြစ်ကိုတော့ မြင်တဲ့လူများ မြင်ကြတယ်။ ဒါ့ကြောင့် တဏှာ(Desire)ကို သတ်ရမယ်ဆိုပြီး ဟိုဟာကိုရှောင် ဒီဟာကိုစွန့်၊ ခံစားမှုဟူသမျှတွေကို အဆင်းရဲခံပြီး တော်တော် ကြိုးကြိုးစားစားစွန့်ပယ်ကြရှာတယ်။ အိန္ဒိယပြည်မှာ ဗုဒ္ဓလက်ထက်တော်ကထဲက တဏှာသတ်ဖို့ဆိုပြီး အကျင့်တွေအမျိုးမျိုးစမ်းကြတယ်။ လက်မြှောက်ထားပြီး ပြန်မချဘဲ လက်သေသွားတဲ့ဆီအထိ ကျင့်သူက ကျင့်တယ်။ထိုင်ရာကမထဘဲ တင်ပြင်ခွေထဲမှာ မြက်တွေပေါက်နေတဲ့ဆီအထိ ကျင့်သူက ကျင့်တယ်။ အဝတ်အလျှဉ်းမဝတ်ဘဲ ကိုယ်တုံးလုံးနေသူက နေတယ်။ကျင်ခြေးစားပြီး ကျင့်တဲ့သူက ကျင့်တယ်။ ဒီအကျင့်တွေရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတော့ တဏှာရာဂ ကုန်ခန်းသွားစေဘို့ အတွက်တဲ့ဗျ။ ဗုဒ္ဓကတော့ ဒီဟာတွေကို အတ္တကိလိမထ အကျင့်တဲ့ဗျ။ ဒီနည်းနဲ့ တဏှာရာဂ ကုန်ခန်း မသွားနိုင်ဘူးတဲ့ဗျ"

သား။ ။"တဏှာမကုန်ပေမင့် ရာဂစိတ်တော့ကုန်ခန်းစေတတ်သလား မဆိုနိုင်ဘူး ဆရာကြီး။ကျွန်တော် အိန္ဒိယပြည်ရောက်တုန်းက ကိုယ်တုံးလုံးနေတဲ့ အကျင့်မျိုးကျင့်တဲ့ ဖကီရ်တွေကို မိန်းမတွေက ကြည်ညိုကြလွန်းလို့ သူတို့ဦးခေါင်းနဲ့ ဝေ့တာ ဘယ်လိုမှ မရှိခြင်းကို မြင်ခဲ့ရဘူးတယ်ဆရာကြီး။ သူတို့မှာ ကိလေသာ ကုန်ခန်းနေရှော့သလားခင်ဗျာ"

နုပ်။ ။"ဆရာတို့ဗမာပြည်က စာမတတ်တဲ့ သာမန်အရပ်သူ အရပ်သားတွေဟာ ကိလေသာဆိုတဲ့စကားလုံးကို လိင်နဲ့ပတ်သက်တဲ့ကိစ္စတခုတည်း အတွက် သုံးသတ်ကြတယ်။ ခုနက ဖကီရ်ဟာ အစာကောင်း အမျိုးမျိုးတွေကိုရှောင်ထားပြီး စားပြန်တော့လဲ တလုပ်တဆုပ်ကလေးစားတဲ့ အလေ့အကျင့်လုပ်ထားလို့မို့ သူ့ကိုယ်တုံးလုံးကြီးကို မိန်းမတွေက ဦးခေါင်းနဲ့ဝေ့၊ဆံပင်နဲ့ပွတ်ကြတာတောင် ဘယ်လိုမှမရှိခြင်းကို ကိလေသာခန်းခြောက်နေပြီလို့ ထင်တတ်ကြတယ်။စင်စစ်တော့ ကိလေသာခန်းခြောက်ခြင်းမဟုတ်ပါဘူး။ ဒါကိုမဆိုထားနဲ့ အလောင်းတော် တေမိမင်းကိုကုမ္မာရီအပျိုဖျန်းများက အလိုစမ်းတော့ ဘယ့်နှယ်မှ မရှိတာတောင် ကိလေသာ ခန်းခြောက်ခြင်း မဟုတ်သေးပါဘူး မောင်ရယ်"

သား။ ။"နို့ ဘာလဲဆရာကြီးရယ်"

နုပ်။ ။"ဖကီရ်တွေကတော့ အစားအသောက်ရော၊ အနေအထိုင်ရော၊ အလေ့အကျင့်ရော သိပ်ကျင့်ထားလေတော့ ကာမရာဂစိတ် ခေါင်းပါးနေခြင်းသာဖြစ်နိုင်တယ်။ ကိလေသာ ကုန်ခန်းခြင်းမဟုတ်ပါဘူး"

သား။ ။"တေမိမင်းကကော ဆရာကြီး"

နုပ်။ ။"အလောင်းတော်အဖို့ကတော့ သံဝေဂဖြစ်ပြီး ထိတ်လန့်နေခြင်းအတွက်ကြောင့် ဒီစိတ်မျိုး မပေါ်နိုင်ခြင်းဖြစ်ရမှာဘဲ။ တကယ့် တကယ်တော့ အမြစ်ပြတ်ခြင်းမဟုတ်နိုင်ပါဘူး"

အဖေ။ ။"ဒါဖြင့် ဆရာကြီးရယ်၊ ကောင်းတဲ့ အစာတွေကို မစားဘဲ ရှောင်ကြဉ်ခြင်းဟာ အကျိုးမရှိဘူးလား ခင်ဗျာ"

နုပ်။ ။'ဒီလိုရှိတယ်လေ။ ကိုယ့်လျှာကို အလိုမလိုက်ဘူးဆိုပြီး ခြိုးခြံတဲ့ သဘောနဲ့ ရှောင်ကြဉ်ခြင်းဖြစ်ရင်တော့ ကောင်းလိမ့်မလား မဆိုနိုင်ဘူး။ အမဲသားရှောင်တယ်၊ သက်သတ်လွတ်စားတယ် ဆိုခြင်းမျိုးကတော့ ဗုဒ္ဓဝါဒ မဟုတ်ပါဘူး။ ဟိန္ဒူဝါဒ တစွန်းတစကူးစက်လာလို့ မို့ လူ့ ရောင်ဝါးတွေ သဘောကျပြီး 'ကျင့်' ကြခြင်းသာ ဖြစ်ပါတယ်။ ဆရာ့အကြိုက်ကတော့ တွေ့တာနဲ့စားမယ်။ အစားကောင်းတလုပ်အတွက် တောင်ရှာ မြောက်ရှာ ဟိုပြေး သည်ပြေး အချိန်ကုန်မခံဘူးဆိုတဲ့ သဘောထားမျိုးကို အကြိုက်ဆုံး ပါဘဲ"

သား။ ။"ဆရာကြီးဟာ အစားကောင်းကြိုက်တတ်တယ်လို့ နာမည် တလုံး ထွက်နေပါတကား ခင်ဗျာ"

နုပ်။ ။"မှန်ပါတယ်လေ။ တသက်တာ မှတ်တမ်းထဲမှာ ဝန်ခံထားပါတယ်။ ဆရာ့ ဖိုးအေက ဘုရင့်စားတော်ခဲ ဖြစ်လေတော့ သူ့လျှာကို အမွေခံထားလို့လား မဆိုနိုင်ပါဘူး"

သား။ ။"ဘယ်လိုလဲ ဆရာကြီးရယ်"

နုပ်။ ။"ဘုရင့်စားတော်ခဲဆိုတဲ့လူဟာ အစားအသောက်နဲ့ ပတ်သက်လို့ အကောင်း အဆိုး အပေါ့အငံ စတဲ့ အရသာ အမျိုးမျိုးကို သူတပါး ထက် သိတတ်တဲ့ လျှာမျိုးရှိရတယ်။ ကွမ်းတွေစားပြီး လျှာထူကြီးနဲ့ ဖြစ်နေလို့ မို့ အပေါ့အငံ အကောင်းအဆိုးကို လျင်လျင်မြန်မြန် မဆုံးဖြတ်တတ် ရင် စားတော်ခဲရာထူးပြုတ်သွားနိုင်တယ်တဲ့"

သား။　။"ဆရာကြီးဟာ ခုအထိ ဒီလိုဘဲလား ခင်ဗျာ"

နုပ်။　။"ကောင်းတဲ့အရသာကို ရှာရှာဖွေဖွေ တပင်တပမ်း လုပ်စားခြင်းဟာ အချိန်ကုန်ပါတယ်ဆိုပြီး ကြီးပြင်းလာတဲ့အခါမှာ ဒီအကျင့်ပျောက်အောင် ကြိုးစားရတာပါဘဲ။ တဏှာအကြောင်းကနေပြီး ဘယ်ချော်ထွက် ကုန်ပြီလဲ။ ခုနက ဘာပြောနေသလဲ"

သား။　။"အိန္ဒိယပြည်က ဖကီရ်တွေ တဏှာဖြတ်တဲ့နည်းပါ ဆရာကြီး"

နုပ်။　။"အဲ ဟုတ်တယ်။ ဆရာပြောလိုခြင်းက တဏှာအရေးကြီးတယ်ဆိုပြီး အောင့်ဖြတ်တဲ့နည်း၊ ချုပ်တည်းဖြတ်တဲ့နည်းမျိုးတွေဟာ အဟုတ်တကယ်အမြစ်ပြတ်တဲ့ နည်းမျိုး မဟုတ်ပါဘူးလို့ ပြောခြင်းဖြစ်ပါတယ်။ အိန္ဒိယပြည်က လူမျိုးသာမက ဗမာပြည်ကဗုဒ္ဓဘာသာ ထဲကတောင် တဏှာဖြတ်ဖို့ဆိုတဲ့ အလုပ်ကို ရှေ့ကတားထားပြီး ပြောချင် တတ်ကြတယ်"

အဖေ။　။"တဏှာက သုံးမျိုးရှိတယ် ဟုတ်လားခင်ဗျာ"

နုပ်။　။"ဒါကိုတော့ ခင်ဗျားသိတာပေါ့။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆို မဟုတ်လား။ ကာမတဏှာ ဆိုင်ရာ ကာမဂုဏ်ခံစားမှုကို အောင့်ပြီး ဖြတ်တဲ့နည်း ရှာကြတယ်။ ဘဝတဏှာကျတော့ ဘယ်လိုလုပ်ပြီး အောင့်ကြမတဲ့လဲ။ ဝိဘဝတဏှာဆိုတာမျိုးကျတော့ ဝေလာဝေးရော။ အဓိပ္ပာယ်ကိုတောင် ကောင်းကောင်း သဘောမပေါက်ကြဘူး"

သား။　။"ဝိဘဝတဏှာ အဓိပ္ပာယ်ကို လင်းပါဦး ဆရာကြီး"

နုပ်။　။"လောကုတ္တရာခက်ဆစ် ခက်ရာစာအုပ်ထဲမှာအကျယ်တဝင့်ရှင်းပြထားတယ်။ ဖတ်ကြည့်ပေတော့"

သား။　။"ဒါဖြင့် ဆရာကြီးရဲ့ အဝိဇ္ဇာတဏှာ ဝသေနဒွေမူလာနိတဲ့ စာကဆိုထားတော့ အမြစ်နှစ်ပါးဆိုတဲ့ အဓိပ္ပာယ်သဲ မပျက်အောင် တဏှာထက် အဝိဇ္ဇာက ပိုပြီးအရင်းကျတယ်ဆိုတဲ့ ဆရာကြီးရဲ့ အယူအဆလဲ ကိုက်ညီအောင် ဥဒါဟရဏ်တခု ဆောင်ပြပါ ဆရာကြီးရယ်"

နုပ်။　။"ဒီအကြောင်းကို ဆရာကြံဆထားတာ နှစ်ပေါင်း အတော်ကြာခဲ့ပါပြီ။ စေ့စေ့စပ်စပ် နားထောင်၊ ရှင်းပြမယ်"

သားနှင့်အဖေ။　။"ကြားပါရစေ ဆရာကြီး"

နုပ်။　။"တိုင်တခုကိုစိုက်။ ကြိုးတစကို တိုင်မှာချည်"

သား။ ။"ချည်ပြီးပြီ ဆရာကြီး"

နုပ်။ ။"ကျန်တဲ့ကြိုးတစကို ဒုတ်ချောင်းမှာချည်"

သား။ ။"ချည်ပြီးပြီ၊ ကြိုးနှစ်စ စလုံးချည်ထားပြီ"

နုပ်။ ။"ဒုတ်ကို လိမ်ပေးလိုက်ရင် ဘာဖြစ်မလဲ"

သား။ ။"ဒုတ်ကို လိမ်ပေးရင် ကြိုးလိမ်သွားမှာပေါ့ ဆရာကြီး"

နုပ်။ ။"ကြိုးလိမ်စေဘို့ အတွက် နှစ်စ စလုံးကို လိမ်ပေးဘို့ လိုသေး သလား"

သား။ ။"မလိုပါဘူးဆရာကြီး။ တိုင်မှာ ချည်ထားတဲ့ကြိုးစကို လိမ် ပေးဘို့ မလိုပါဘူး။ ဒုတ်ကို လိမ်ပေးလိုက်ရင် ကြိုးလိမ်တော့တာပါဘဲ ခင်ဗျာ"

နုပ်။ ။"တိုင်မှာချည်တဲ့ ကြိုးစက အဝိဇ္ဇာ။ ဒုတ်မှာချည်တဲ့ ကြိုးစက တဏှာနဲ့ တူတယ်"

သား။ ။"ရှင်းပါဦး ဆရာကြီး"

နုပ်။ ။"အဝိဇ္ဇာဆိုတာမျိုးက တိုင်မှာချည်ထားတဲ့ ကြိုးစလိုဘဲ။ အ သစ် အသစ်ထပ်ပြီးလိမ်ဘို့မလိုဘူး။ သတ္တဝါရဲ့ သန္တာန်မှာ (ပုထုဇဉ်အနေနဲ့) အမြဲတစေရှိနေတာဘဲ"

သား။ ။"တဏှာကတော့ကော ဆရာကြီးရယ်"

နုပ်။ ။"တဏှာ ကတော့ ဒုတ်ဘက်မှာ ချည်ထားတဲ့ ကြိုးစလိုဘဲ။ အသစ်အသစ် ထပ်ပြီးလိမ်တတ်တယ်။ အာရုံတခုနဲ့ တွေ့လိုက်၊ နှစ်သက်လိုက်၊ တပတ်လိမ်လိုက်။ နောက် အာရုံတခုနဲ့ တွေ့လိုက်၊ နှစ်သက်လိုက်ပြန်၊ တပတ် ထပ်ပြီးလိမ်လိုက်ပြန်။ သံသရာတရှောက်လုံး တွေ့လာခဲ့သမျှအာရုံအပေါင်း ကို နှစ်သက်လာခဲ့မိလို့ မိုးကြိုးနဲ့ တူတဲ့ မောင်တို့ ဆရာတို့ရဲ့ နာမ်ခန္ဓာဟာ အပတ်ပေါင်းများစွာ လိမ်ထားတဲ့ ကြိုးလိုဘဲဖြစ်နေတော့တာပေါ့"

သား။ ။"နားလည်ပြီ ဆရာကြီး။တိုင်ဘက်က အဝိဇ္ဇာနဲ့ တူတဲ့ကြိုးစ က အသစ်အသစ်လိမ်နေခြင်း မဟုတ်ဖူး။ ဒုတ်မှာချည်ထားတဲ့ တဏှာ (ကြိုးမ)ကသာ အသစ် အသစ် လိမ်နေခြင်း ဖြစ်တယ်နော် ဆရာကြီး"

နုပ်။ ။"ဟုတ်ပြီ။ သို့သော် တိုင်ဘက်က ကြိုးစကအသစ်မလိမ်သော်လဲ ဒုတ်ဘက်က ကြိုးစလိမ်မှုအတွက် အထောက်အခံ ပြုပေးထားတယ်"

သား။ • ။"ဘယ်လိုလဲ ဆရာကြီး"

နုပ်။ ။"တိုင်ဘက်ကအစကို ဖြေပေးလိုက်လို့ရှိရင် ဒုတ်ကိုလိမ်သော်လဲ ကြိုးမလိမ်နိုင်တော့ဘူး မဟုတ်လား"

သား။ ။"ဟုတ်ပေတယ် ဆရာကြီးရေ့။ကျွန်တော် သဘောပေါက်ပြီ"

နုပ်။ ။"လောကဓံအတိုက်ခံရခြင်းဟာ ဒုတ်ဘက်က (တဏှာဘက်က) ကြိုးစလိုပေါ့။သို့သော် တိုင်ဘက်က ကြိုးစကိုဖြုတ်ထားလိုက်ရင် ကြိုးဟာ မလိမ်နိုင်တော့ဘူး ဟုတ်လား"

သား။ ။"ဟုတ်လိုက်လေ ဆရာကြီးရယ်"

နုပ်။ ။"အာသဝေါကုန်ခန်းပြီးဖြစ်တဲ့ ဘုရားရဟန္တာများမှာလဲ တပါးနဲ့တပါး အချင်းချင်း ပုဂ္ဂလသပ္ပာယဖြစ်မှုအစရှိတဲ့ ခင်မင်မှုမျိုးကလေးတွေ ရှိကြရအုံးမှာဘဲ။ သို့သော် သူတို့မှာတော့ တိုင်မှာချည်ထားတဲ့ ကြိုးစကို ဖြေထားသလို အဝိဇ္ဇာကင်းစင်ပြီးဖြစ်ကြလို့မို့ ကြိုးဟာထပ်ပြီး မလိမ်နိုင်တော့ဘူးလို့ နားလယ်ကြရမယ်"

သား။ ။"နားလယ်ပြီ ဆရာကြီး"

နုပ်။ ။"ဒီတော့ကာ တိုင်ဘက်က ကြိုးစကို ဖြေဖို့ အလုပ်ဟာ ဒုတ်ဘက်က ကြိုးစကို မလိမ်စေဖို့ထက် အရေးကြီးတယ် မဟုတ်ဖူးလား"

သား။ ။"အရေးကြီးပါတယ်ခင်ဗျာ"

နုပ်။ ။"တဏှာကုန်ခန်းဘို့အလုပ်ထက် အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်ရဘို့အလုပ်က ပိုပြီး အရေးကြီးတယ် မဟုတ်ဖူးလား"

သား။ ။"မှန်ပါတယ်ဆရာကြီး"

နုပ်။ ။"မှတ်ထားပါ။ တဏှာသက်သက် ကုန်ခန်းအောင် လုပ်တဲ့နည်း ရယ်လို့ မရှိနိုင်ဘူး။ အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်ရမှ တဏှာကုန်ခန်းနိုင်ပါတယ်"

အဖေ။ ။"ကျွန်တော် စာဒကတခုတက်ပါရစေ ဆရာကြီး"

နုပ်။ ။"ပြောပါဗျာ"

အဖေ။ ။"အကျင့် သက်သက်ဖြင့် တဏှာ မကုန်ခန်း နိုင်ဘူးလား ခင်ဗျာ"

နုပ်။ ။"ဟုတ်ပေတာယ်ဗျို၊ ကျွန်တော် သတိရလာပြီ။ မောနေယျ အကျင့်ဆိုတာ တခုတော့ရှိပေတယ်။ ဇိနတ္ထ ပကာသနီ ကျမ်းအရ ကြည့်ရ တော့ မောနေယျပုဂ္ဂိုလ်ဟာ အကျင့်သက်သက်ဖြင့် အာသဝေါကုန်ခန်းတဲ့ ရဟန္တာအဖြစ်သို့ ရောက်သွားဟန်တူတယ်။ ကျွန်တော်လဲ မောနေယျအကျင့် အကြောင်းကို တော်တော်စဉ်းစားဘူးပါတယ်။ သို့သော် ဘုရား တဆူမှာမှ မောနေယျအကျင့်မျိုးနဲ့ အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်ရယ်လို့ တပါးသာရှိတယ် ဆိုတာကြောင့် ဒီဟာကိုတော့ ချွင်းချက်အနေနဲ့ ချန်ထားလိုက်မှ တော်လိမ့် မယ် ထင်တယ်"

သား။ ။"အဖေတော့ မပြောတတ်ဖူး။ ကျွန်တော်တော့ ကြိုးစားလိမ့်ပုံ ဥဒါဟရဏ်ကို ကြေနပ်ပါပြီ ဆရာကြီးခင်ဗျာ"

အဖေ။ ။"ငါလဲ ကြေနပ် ပါတယ်ကွယ်။ ဆရာကြီးက ပြရုပ်ဥပမာ ဆောင်တဲ့နေရာမှာ တော်တော်ထွင်ပေတာဘဲ။ ညီအကိုသုံးယောက်တို့၊ပန်းချီ ဆရာတို့၊ ဒိဋ္ဌလောက၊ အိပ်မက်လောကတို့ဆိုတဲ့ ပြရုပ်ဥပမာမျိုးကို ငါတို့ စာသမားတွေ တင်ပြတတ်ဖို့ မလွယ်ပေဘူးကွယ့်"

သား။ ။"အဖေတို့ကဆရာကြီးလို တကယ်သဘောပေါက်အောင် ကိုယ် တိုင်စုံစမ်းအားထုတ် ဆင်ခြင်စဉ်းစား ခြင်းမရှိလို့ဖြစ်မှာပေါ့။ စာမတတ်ဖူး သာဆိုတယ်။ ဆရာကြီးက စာတော်တော်နှံ့ပေသားဘဲ"

နုပ်။ ။"မောင့်အဖေလိုတော့ စာကြီး ပေကြီးတွေ မသင်ဘူးပါဘူး။ သူတို့လုစက သင်အံလေ့မရှိတဲ့ သုတ္တံထဲက နိကာယ်ကျမ်းလောက်သာ ဖတ် ရှုလေ့လာ မှတ်သားလေ့ ရှိပါတယ်"

သား။ ။"သာဓုပါဘဲ ဆရာကြီး ခင်ဗျား။ ကျွန်တော်လဲ ဖတ်ပါမယ်"

# ဂန္ထဝင်အစီအစဉ်

**အောက်ပါ'ဂန္ထဝင်'စာပေများကို**

**အောက်ပါစာရေးဆရာများက၊ အောက်ပါအမည်များဖြင့်**

**ပုဂံအတွက် မြန်မာဘာသာသို့ပြန်ဆိုနေကြပြီ။**

မာရီယာမစ်ချယ်၏ Gone with the wind **မိုးနှင့်လေနှင့် မုန်တိုင်းနှင့်**

ဟဲမင်းဝေး၏ For whom the bell tolls **ခေါင်းလောင်းသံ**

အပ်ပတန်ဆင်ကလဲယား၏ Oil **ရေနံ**

ဂေါ်ကီ၏ Mother **အမေ**

တော်စတွိုင်း၏ War and peace **စစ်နှင့်ငြိမ်းချမ်းရေး**

မစ်ခေးရှိုလိုခော့၏ Virgin soil upturned **တောရိုင်းမြေ**

" And quiet flows the Don **တငြိမ့်ငြိမ့်'ဒွန်'**

မောရေးမီးယား၏ Two women **မိန်းမနှစ်ယောက်**

ဒေါ့စတော့စကီး၏Brothers Karamazov**ကရာမာဇော့ညီအကိုများ**

အီရင်ဘတ်၏ Fall of Paris **ပဲရစ်**

ရန်မတ်၏All quiet on western front**အနောက်ဖက်စစ်မျက်နှာ**

တရုပ်ပြည်ယဉ်ကျေးမှုဝန်ကြီး မော်ထွန်း၏ Mid-night **သန်းခေါင်ယံ**

ဂျွန်စတိုင်းဘတ်၏The wrath of grapes **စပျစ်နွယ်**

အနာတိုဖရန့်၏ Thais **ထားအိ**

ဒူမောရီးယား၏ Hungry hill **တောင်ကတုံး**

ကတ်စမွန်နတ်၏ Hunger **အငတ်**

တဂိုး၏ Farewell my friend **ရောင်းရင်း**

ဟဲမီလ်တန်၏ Good bye Mr: Chip **ဆရာချစ်**

ကမူး၏ Plague **ပလိပ်**

ဂျင်းပေါ်ဆာတီး၏ Intimacy **ရင်းရင်းနှီးနှီး**

ဂျွန်စတိုင်းဘတ်၏ Viva Zapata **သူပုန်ကြီး ဇပါးတါး**

မြန်မာဘာသာသို့ ပြန်ဆိုနေကြသည့် စာရေးဆရာများ

ကိုကို၊ကျော်အောင်၊ဂုဏ်ရောင်၊မြန်မာ့အလင်းစိန်ဝင်း၊ညွန့်ကြူး၊တင်ထွေး
တက်တိုး၊ နတ်နွယ်၊ နန္ဒမိတ်၊ မိုးဝေ၊ မြသန်းတင့်၊ မင်းကျော်၊ ဝင်းဇော်။

**တလတအုပ် ဆက်ကာဆက်ကာ ထွက်လာမည်။**

## ပုဂံစာအုပ်တိုက်တွင်

# ရနိုင်သောစာအုပ်စာရင်း

၃၀-၃၁။ လှိုင်[ ၂တွဲပေါင်း ခန့်ချုပ်] (မင်းကျော်) ၈-ကျပ်
၃၂။ ပါတီနှင့်ပြည်သူ (ဦးကိုကိုကြီး-တောင်တွင်း) ၁-ကျပ်
၃၄။ စာ .... .... .... (စောဦး) ၃-ကျပ်
၄၀။ ကမ္ဘာကိုကိုင်လှုပ်သော ထို၁၀ရက် (တင်ထွေး) ၅-ကျပ်
၄၁။ ကျောက်ဘီလူး .... (နတ်နွယ်) ၃-ကျပ်
၄၄။ သိဒ္ဓတ္ထ .... (ပါရဂူ) ၃-ကျပ်
၄၅။ ရောမကမိန်းမပျက် [မြန်မာပြန်] (နတ်နွယ်) ၃-ကျပ်
၄၆။ မြန်မာပြည်နိုင်ငံရေးရာဇဝင် (ဦးဘခိုင်) ၃-ကျပ်
၄၇။ ပုဂံသား .... (မင်းကျော်) ၃-ကျပ်
၄၉။ သီးခြားစာဝက်ပါ .... (ရွှေဥဒေါင်း) ၃-ကျပ်
၅၁။ အရှေ့တောင်အာရှမှ
စစ်မီးလျှံများ (ဝင်းဇော်မြန်မာပြန်) ၃-ကျပ်
၅၂။ အုံးအုံးကျွက်ကျွက် (နတ်နွယ်) ၂-ကျပ်
၅၃။ တော်လှန်ရေးသမား .... .... (တင်ထွေး) ၃-ကျပ်
၅၄။ တယောက်တဘဝတလောက .... (မင်းကျော်) ၂-ကျပ်
၅၅။ ဘာသာရေးခံယူချက် (ရွှေဥဒေါင်း) ၃-ကျပ်
၅၆။ ကမ္ဘာကျော်ဝတ္ထုတိုများနှင့်
တက်တိုး၏ ရှင်းပြချက် ၂-ကျပ်
၅၇။ အတွေ့အကြုံနှင့်အတွေးအမြင်(ထီလာစစ်သူ) ၁၊၂၅ပြား
— ။ တေး၁၀၀၀ ၁/ဿ .... .... ၁-ကျပ်၊၅၀ပြား
— ။ ၎င်း ၂/က .... .... ၎င်း
— ။ လက်ရွေးစင် တေး၁၀၀၀(တေးပေါင်းချုပ်) ၂-ကျပ်

**အမျိုးအစားတမျိုးကို (၃) အုပ်နှင့် ၎င်းအထက် မှာယူမှသာ ၂၅ရာနိုင်နှုန်းလျှော့၍ ဗွီ-ပီ-ပီ-ဖြင့်ပို့ပေးမည်။**

# ပုဂံစာအုပ်တိုက်မှ
# ၁၉၆၅ ထုတ်ဝေမည့် စာအုပ်များ

မဟာဆန်ချင်သူ .... .... (ဇော်ဂျီ) ၂-ကျပ်
ဘုံဘဝမှာဖြင့်(၂) .... .... (သခင်တင်မြ) ၃-ကျပ်
ငရမန် .... .... (မောင်သိန်းဆိုင်) ၂-ကျပ်
ကိုဆေးရိုး(၂) .... (ဆင်ဖြူကျွန်းအောင်သိန်း) ၂-ကျပ်
ပင်းမြို့သူ .... .... (ငွေလင်း) ၂-ကျပ်
ဘယ်ပန်းချီရေးလို့မမှီ .... (သိန်းသန်းထွန်း) ၂-ကျပ်
လမ်းပျောက်တဲ့မြို့ .... .... (မင်းကျော်) ၃-ကျပ်
ခေါင်းလောင်းသံ [ဟဲမင်းဝေး၏ For whom the bell tolls] (နှတ်နွယ်) ၃-ကျပ်
တခဏ (ကြီးမောင်-ကြေးမုံ) ၂-ကျပ်
မတ်လ ၂၇ (ဟန်ဝင်းအောင်) ၂-ကျပ်
ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်စ အတွေ့အကြုံများ(ရဲဘော်ဖြိုးအောင်) ၄-ကျပ်
ဆိုရှယ်လစ်ဥပဒေရေးရာ(ဦးတင်ညွန့်နှင့် ဘီအေ-ဘီအယ်လ်) ၂-ကျပ်
အောင်သန်း၏အောင်ဆန်း .... .... ၄-ကျပ်
ယောင်းဒီပါမြေ .... (လင်းယုန်သစ်လွင်) ၃-ကျပ်
အမေ [စ-ဆုံး] (ဂေါ်ကီရေး၍ဂုဏ်ရောင်မြန်မာပြန်) ၅-ကျပ်
ဘောလုံးပွဲများ မှတ်တမ်း (မောင်ရဲဝင်း- ကြေးမုံ) ၂-ကျပ်
ဘေ့သီဟာ (ဒီးဒုတ်ဦးဘချို) ၂-ကျပ်၊ ၅၀ပြား
လူ့သမိုင်း .... (ကျော်အောင်) ၃-ကျပ်
စာရေးဆရာတယောက် .... (တင့်ဆန်း) ၃-ကျပ်
ဘာပြည်ပြည်ဆိုင်ရာတော်လှန်ရေးများ (တင်ထွေး) ၅-ကျပ်
တောရိုင်းမြေ[VIRGIN SOIL UPTURNED] (ကျော်အောင်) ၅-ကျပ်

**စစ်နှင့်ငြိမ်းချမ်းရေး[၁၂-တွဲ၊၁၂-လ] (မြသန်းတင့်) ၃-ကျပ်စီ**

* ကမ္ဘာပေါ်တွင် ဂန္တဝင်အမြောက်ဆုံး
* ကမ္ဘာပေါ်တွင် အကောင်းဆုံး
* ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး
* ကမ္ဘာပေါ်တွင် ရသအမြောက်ဆုံး
* ကမ္ဘာပေါ်တွင် အရှည်လျားဆုံး

} ဝတ္ထုကြီး

- စစ်ကို ကြောက်ခမန်းလိလိဖြစ်အောင် ရေးသားမှုတွင် သရုပ်အပေါ်ဆုံးဟူ၍၎င်း-
- ငြိမ်းချမ်းရေးကို မြတ်နိုးစရာအကောင်းဆုံးဖြစ်အောင်ရေးသားမှုတွင် အထိရောက်ဆုံးဟူ၍၎င်း-
- ဤလိုဝတ္ထုမျိုး ယခင်ကမပေါ်ဘူးခဲ့။ နောင်လည်းပေါ်ပေါက်လိမ့်မည် ဟူ၍မပြောနိုင်ဟု ကမ္ဘာကျော်စာရေးဆရာကြီး ဆမ်မားဆက်မွန်ကပင် ထုတ်ဖော်ချီးကျူးခဲ့ရသည့်-

# စစ်နှင့်ငြိမ်းချမ်းရေး

LEO TOLSTOY

# WAR AND PEACE

ထိုအကောင်းဆုံးနှင့်
အရှည်လျားဆုံး ဝတ္ထုကြီးကို
## ပုဂံစာအုပ်တိုက်က
တလလျှင် တတွဲ (၃) ကျပ်
၁၂-လ၊ ၁၂-တွဲ၊ ခွဲ၍ထုတ်မည်။

လီယိုတော်စတွိုင်း၏
ကမ္ဘာကျော်ဝတ္ထုကြီး။
## မြသန်းတင့်
မြန်မာဘာသာသို့
လုံးစေ့ပတ်စေ့ ပြန်ဆိုသည်။

- မြသန်းတင့်၏ ခန့်ထည်ညက်ညောသော မြန်မာပြန်ဆိုချက်။
- ပန်းချီဆရာပေါင်းစုံတို့၏'စစ်'သရုပ်နှင့်'ငြိမ်းချမ်းရေး' သဘောကို သူတို့မြင်သော ရှုထောင့်မှနေ၍၊ တလလျှင် တဦး-မှုမကျသော ကြည့်မြင် သုံးသပ်ချက် ပန်းချီကားချပ်များ။
- ပုဂံစာအုပ်တိုက် ၏ ထွက်ပြီး စာအုပ်များအတိုင်း သပ်ရပ်၊ ခန့်ထည် လှပမည်